YAUNG CHI THIT

Scholar Institute




# ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ကျေးလက်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးအတွက်

# လိုအပ်ချက်များ







# ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ကျေးလက်ဒေသများ၌
# ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးအတွက်
# လိုအပ်ချက်များ

ဖေဖော်ဝါရီ ၂၀၁၆

*Copyright © 2016 Scholar Institute. All Rights Reserved.*

**Scholar Institute (စကော်လာအင်စတီကျူ့)** သည် ငွေရေးကြေးရေးဆိုင်ရာ အကျိုးအမြတ်ကို ရှေးရှုခြင်း မရှိသော ပြည်တွင်းအခြေစိုက် အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ လူမှုအရင်းအနှီးများဖွံ့ဖြိုးရှင်သန်ရေး၊ အရပ်ဖက်အဖွဲ့အစည်းများ ၏အခန်းကဏ္ဍမြင့်မားလာစေရေး၊ဒီမိုကရက်တစ်ယဉ်ကျေးမှုထွန်းကားလာစေရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေး ဆိုင်ရာ ကဏ္ဍများတွင်လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အဖွဲ့အစည်းအားစတင် တည်ထောင်စဉ်ကတည်းကပင် ယခုအချိန်အထိအသိဉာဏ်ပညာဖြန့်ဝေရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်လုပ်ဆောင်ခဲ့ရာ၊ အထူး သဖြင့်လူ့အခွင့်အရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး၊ ဒီမိုကရက်တစ်စံနှုန်းများ နယ်ပယ်အသီးသီး၌ တောင့်တင်းခိုင်မာရေး တို့ကိုလုပ်ဆောင်သည့်နည်းတူ၊ လူမှုအဖွဲ့အစည်းများမှ အဓိကအရေးပါသော လူထုခေါင်းဆောင်များနှင့် ပူးပေါင်းလျက်အ ခွင့်အရေးတန်းတူရရှိရေးနှင့်လူမှုရေးဆိုင်ရာတရားမျှတရေးတို့အတွက်စည်းရုံးနှိုးဆော်ခြင်းတို့ကိုလုပ်ဆောင်လျက်ရှိသည်။ ယခုလက်ရှိအချိန်တွင် Scholar Institute ၌ အဓိကပရိုဂရမ်ကြီး (၄)ခုဖြင့် လည်ပတ်လျက်ရှိသည်။ ယင်းတို့မှာ Scholar Education Learning Center, Civic Education Program, Governance Program နှင့် Rural Education Development Program တို့ဖြစ်ကြပြီး၊ Scholar Institute ၏ mission ဖြစ်သော "လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ပေးရုံသာမက၊ ၎င်းတို့၏ အခွင့်အလန်းများ ပွင့်လန်းကာ၊ ဒီမိုကရက်တစ်ဆန်သော စည်းမျဉ်းဥပဒေများနှင့် ဓလေ စရိုက်တို့ အားကောင်းသည့် လူမှုအသိုင်းအဝိုင်းတစ်ခုတည်ဆောက်ရေးဆီသို့" ရှေးရှုလျက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိသည်။

**Yaung Chi Thit (ရောင်ခြည်သစ်)** အဖွဲ့သည် လူငယ်နှင့်အမျိုးသမီးများစွမ်းရည်မြှင့်မားလာပြီး ဆုံးဖြတ်ချက်ချ မှတ်သည့်နေရာများတွင်ပါဝင်လုပ်ဆောင်လာနိုင်စေရန်ရည်ရွယ်၍လူငယ်နှင့်အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးလု ပ်ငန်းများကို၂၀၀၉ခုနှစ်ကရခိုင်ပြည်နယ်တွင်စတင်လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၁ခုနှစ်မှစတင်၍ ရခိုင် ပြည်နယ်တွင်သာမက တစ်ခြားပြည်နယ်တိုင်းများတွင် ပါလုပ်ဆောင်လာခဲ့ရာ ယခုအခါ အမျိုးသမီးများခေါင်းဆောင်မှုစွမ်းရည်မြင့်မားပြီး လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးတို့တွင်ဦးဆောင်နိုင်သည့် သူများအဖြစ်ပိုမိုပါဝင်လာကြစေရန်အတွက်အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်ပြုလုပ်လျှက်ရှိသည်။ ထို့အပြင် ရောင်ခြည်သစ်အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသမီးများကွန်ယက်အဖွဲ့နှင့်ကျား/မရေးရာတန်းတူညီမျှမှုကွန်ယက်အဖွဲ့တို့၏ အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ကွန်ယက်အဖွဲ့ ဝင်များနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင်အမျိုးသမီးများ နိုင်ငံရေးဖြစ်စဉ်များ၌ ပိုမိုထိရောက်စွာပါဝင်လုပ်ဆောင်လာစေရန်လုပ် ဆောင်လျှက်ရှိ သည်။

# အမှာစာ

ရခိုင်ပြည်နယ်တွင် ၂၀၁၅ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်နေ့က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းကိုမန်မုန်တိုင်းကြောင့်၊ ရေကြီးကာ လူများသေကျေခဲ့ကြရပြီး၊ လယ်ယာ/ကိုင်းမြေများနှင့်အိုးအိမ်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ သမိုင်းအစဉ်အလာအရ ရခိုင်ပြည်နယ်သည်မုန်တိုင်းဒဏ်ကိုမကြာခဏခံစားရပြီးပျက်စီးဆုံးရှုံးမှုများကိုတွေ့ကြုံခံစားနေရသည့်ဒေသတစ်ခုဖြစ်သည်။ သို့သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်များကိုထိရောက်စွာလုပ်ဆောင်နိုင်မှုအားနည်းခဲ့၍ မူလကပင်ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုအဖြစ်သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာနောက်ကျကျန်ရစ်ခဲ့သည်။

**ScholarInstitute(စကော်လာအင်စတီကျု့)**သည် **YaungChiThit** (ရောင်ခြည်သစ်)အဖွဲ့နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်ရှိရေဘေးဒဏ်ခံခဲ့ရသည့်ဒေသများဖြစ်သော ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် ပုဏ္ဏားကျွန်းမြို့နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေကိုသိရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ထိရောက်စွာလုပ်ဆောင်နိုင်ရေးကို ရည်ရွယ်၍ "ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ကျေးလက်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေး အတွက် လိုအပ်ချက်များ" ဟူသောခေါင်းစဉ်ဖြင့် သုတေသနစာတမ်းငယ်တစ်စောင်ကို ပြုလုပ်ခဲ့ သည်။

ဤစာတမ်းတွင် ရေဘေးဒဏ်ခံခဲ့ရသည့်မြို့နယ်များသို့ ကွင်းဆင်း၍ ဒေသခံများနှင့်တွေ့ဆုံကာ မေးမြန်းထားသည့်အချက်များကိုဒေသဆိုင်ရာ အစိုးရဌာနများနှင့် အရပ်ဖက်ဒေသခံအဖွဲ့အစည်းတို့မှ ကောက်ယူထားသည့် အချက်အလက်များနှင့် နှိုင်းယှဉ်၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်မည်သို့လုပ်ဆောင်သင့်သည်ကိုမီးမောင်းထိုးပြထားသည်။ ထို့အပြင်၂၀၀၈ခုနှစ်တွင် ဧရာဝတီတိုင်း၌ တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၀ခုနှစ်တွင်ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သည့်ဂီရိဆိုင်ကလုန်းမုန်တိုင်းအပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြု ခဲ့ကြသော ပရောဂျက်ဒီဇိုင်းအချို့ကိုလည်း နမူနာယူနိုင်စေရန်နှင့် ဆင်ခြင်သုံးသပ်နိုင်ရန်အလို့ငှာ အကျဉ်းမျှ ထည့်သွင်းဖော်ပြထားသည်ကိုတွေ့ရှိ သည်။

ဤစာတမ်းသည် ရခိုင်ပြည်နယ်တွင် ရေဘေးဒဏ်ခံခဲ့ရသည့် မြို့နယ်၊ ကျေးရွာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်း လုပ်ဆောင်ကြမည့် အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်သည့်အခါတွင် အားနည်းချက်များကိုလျော့ပါးစေပြီးအားသာချက်များကို မြှင့်တင်ပေးရန်အထောက်အပံ့ပြုမည်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလုပ်ဆောင်ကြမည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ရပ်ရွာအခြေပြုအဖွဲ့အစည်းများအားထားရမည့်စာတမ်းတစ်စောင်ဖြစ်သည်။

Khin Hla

Executive Director

Yaung Chi Thit

# ကျေးဇူးတင်လွှာ

ဤ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို မိမိတို့ ရောင်ခြည်သစ်နှင့် စကော်လာအင်စတီကျု့မှ အထူးပင်ကျေးဇူး ဥပကာရ တင်ရှိပါသည်။

အထူးသဖြင့် ဝေးလံခေါင်ပါးသောကျေးလက်ဒေသများကို အဆင်ပြေချောမောစွာ သွားရောက်နိုင်ရေးအပြင်၊ မိမိတို့သိလိုသောအချက်အလက်များနှင့် တခြားလိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့သောဒေသခံအဖွဲ့အစည်းများဖြစ်ကြသည့် ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဦးခိုင်ကောင်းစံ၊ ဦးဇော်ဇော်ထွန်း၊ ဦးဝေဟင်အောင်၊ ဒေါက်တာအောင်နိုင်လင်းတို့အားလည်းကောင်း၊ အာရက္ခဖောင်ဒေး ရှင်းမှဦးအေးသာအောင်၊ ဦးစိုးဝင်းနှင့် ဦးကျော်ဆန်းတို့အားလည်းကောင်း၊ မဇ္ဈိမအလင်းပညာဒါနသင်တန်းကျောင်းမှ ဦးဇာဂါီထွန်းနှင့် ကျောင်းသူ၊ကျောင်းသားများအား လည်းကောင်း၊ ရေဘေးကယ်ဆယ်ရေးပရဟိတလူငယ်များအဖွဲ့မှ အဖွဲ့ဝင်များအားလည်းကောင်း၊ Public Center (မင်းပြား)မှ ဦးအောင်သန်းအားလည်းကောင်း၊ မင်းပြားမြို့ရေဘေးကယ်ဆယ်ရေးကော်မတီမှ ဆရာတော်ကြီးများအားလည်းကောင်း၊ ကျောက်တော်မြို့အရေးပေါ်ကယ်ဆယ်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ မြောက်ဦးမြို့ရေဘေးကယ်ဆယ်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ ယိုးတရုတ်ကျေးရွာမှ ရေဘေးကယ်ဆယ်ရေးလူငယ်များ အဖွဲ့အားလည်းကောင်း၊ ရခိုင့်လူမှုကူညီစောင့်ရှောက်ရေးအသင်းမှ ဦးသန်းရွှေ( မျက်မှန်) အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ထို့အပြင်မိမိတို့၏ မေးမြန်းချက်များကို မညည်းမညူဖြေကြားပေးခဲ့သော ကျေးရွာပေါင်း(၄၁)ရွာမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊အုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွာသူရွာသားများအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာ ရေးသားရေးအတွက် လိုအပ်သောအချက်အလက်များနှင့် အကြံဉာဏ်များ ပံ့ပိုးကူညီပေးခဲ့သော ဆရာဦးဦးကျော်မောင်နှင့် ဆရာဦးထွန်းအောင်စိန် အားလည်းကောင်း၊ UNOCHA မှ ဦးတင်အောင်သိန်းအားလည်းကောင်း၊ နိရိဖ္ဖူရာသတင်းဌာနမှ မာန်ယုကျော်(ရွှေဝမြေ)အားလည်းကောင်း၊ ရခိုင်ပြည်နယ်စာကြည့်တိုက်မှဝန်ထမ်းများအားလည်းကောင်း၊ သက်ဆိုင်ရာဌာနများ မှ အမှုထမ်းများ အားလည်း ကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်ချက်များနှင့် ပက်သက်သည့် အိုင်ဒီယာများကို ပြောကြားပေးခဲ့သော စီးပွားကူးသန်းဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုညွှန်မှူးဦးစိုးပိုင် အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါ သည်။

ဤအစီရင်ခံစာအတွက်ဝေးလံခေါင်ပါးသောကျေးလက်ဒေသများသို့ သွားရောက်၍ အချက်အလက်များ ကောက်ယူရာတွင် ပါဝင်ခဲ့ကြသော ကိုဟိန်းစိုး၊ ကိုစောအောင်ပိုင်၊ ကိုကျော်လင်းဦး၊ ကိုမြတ်ဖြိုးအောင်၊ ကိုရဲလင်းသူနှင့် ကိုခိုင်လင်းတို့အား လည်း ဤကျေးဇူးတင်လွှာထဲတွင် ထည့်သွင်းရမည်ဖြစ်သကဲ့သို့ အချက်အလက်အကြမ်းထည်များကို စုစည်းရာတွင် ပါဝင် အားဖြည့်ကူညီခဲ့ကြသော ကိုဝေယံမိုး၊ ကိုချမ်းမောင်အေး၊ မခင်သန်းရီ၊ မဝင်းမျိုးသန့် တို့နှင့်အတူ မြန်မာစာ စာလုံးပေါင်း သတ်ပုံများအား စီစစ်ပေးခဲ့သော ကိုမောင်မောင်လွင် (ခိုင်ရမ္မာ)၊ ကိုဇင်မောင်မောင်နှင့် မအိကလျာဖြူတို့အားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ဒေါ်ခင်လှ | ဦးအောင်ရွှေဦး | ဦးဇော်မြတ်ထူး |
| Executive Director | အစီရင်ခံစာပြုစုရေး တာဝန်ခံ | Executive Director |
| Yaung Chit Thit | Program Head (SELC) | Scholar Institute |
| | Scholar Institute | |

# စကားဦး

၂၀၁၅ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မြန်မာနိုင်ငံ၌ ကိုမန်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး၊ နိုင်ငံအဝန်းရေလွှမ်းမိုးခြင်းများနှင့် မြေပြိုမှုများစသည့် သဘာဝဘေးအန္တရာယ်များကိုတိုင်းနှင့်ပြည်နယ်(၁၂)ခုတို့၌ ပြင်းထန်စွာခံစားခဲ့ရကြရသည်။ အမျိုးသား သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၏ ထုတ်ပြန်ချက်အရလူပေါင်း(၁၀၀)ကျော်သေဆုံး၍ (၁.၁)သန်းခန့် ထိခိုက်ခံစားခဲ့ရပြီး၊ လူပေါင်း(၁၅၀၀၀)ကျော်ခန့်အိုးအိမ်များပျက်စီးခဲ့ရသည်ဟုသိရှိရသည်။ဇူလိုင် (၃၁) ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အား သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများအဖြစ် ကြေငြာချက်ထုတ် ပြန်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)တို့ကလည်း အောက်တိုဘာလ (၂၀) ရက်နေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ရေကြီးမှုကြောင့် လယ်မြေဧက ဟက်တာပေါင်း ငါးသိန်းကျော်ရေကြီးနစ်မြုပ်ခဲ့ပြီးကြက်၊ဝက်၊ကျွဲနှင့် နွားကောင်ရေ နှစ်သိန်းခွဲခန့် သေဆုံးခဲ့ရကာ ငါး၊ ပုစွန်မွေးမြူရေးကန် ဟက်ကာပေါင်း သုံးသောင်းကျော်ပျက်စီးခဲ့ရကြောင်း၊ ဆန်၊ စပါးစိုက်ပျိုးမှုတွင်အထိခိုက်ဆုံးဖြစ်ခဲ့ပြီးအိမ်မွေးတိရစ္ဆာန်နှင့် ငါးကန်များ ပျက်စီးခဲ့သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာသည်မကွေးတိုင်း၊ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် မြန်မာအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ကြသော ဆန်းစစ်ချက်ဖြစ်သည်။

ဤစာတမ်းတွင်အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများထဲမှ အဆိုးဝါးဆုံး ဒေသတစ်ခုဖြစ်သော ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်(၄)မြို့နယ်၏ အခြေအနေများကို အဓိကတင်ပြဆွေးနွေးထားပါသည်။ ယင်းမြို့နယ်များမှာရခိုင်ပြည်နယ်အတွင်း ဆန်စပါးအထွက်နှုန်း အများဆုံးမြို့နယ်များဖြစ်ကြသောကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များကို ကွင်းဆင်းလေ့လာပြီးနောက် တွေ့ရှိချက်များကိုတင်ပြထားပါသည်။ ထို့အပြင် ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(ရခိုင်ပြည်)မှ ရရှိသော အချက်အလက်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဌာန စသည့် အစိုးရဌာနများမှ ရရှိသော စာရင်းဇယားအချက်အလက်များကိုလည်း secondary sources အနေဖြင့် အဓိက အကိုးအကားပြုထားပါသည်။

ယခုစာတမ်းကိုပြုစုရခြင်း၏ပင်မစိတ်ကူးအိုင်ဒီယာမှာ ရခိုင်ပြည်နယ်အတွင်းရှိ  ရေဘေးဒဏ်သင့် ဒေသများ၏ အခြေအနေအစစ်အမှန်ကိုနက်နက်နဲနဲထုတ်ဖော်တင်ပြလိုခြင်းဖြစ်သည်။ စီးပွားရေး၊ ပညာရေး၊လူမှုရေး၊ ကျန်းမာ ရေးစသည့်ကဏ္ဍများ၌ပျက်စီးဆုံးရှုံးမှုများနှင့်အတူ လူမှုစီးပွားအခြေအနေတို့၌လည်း နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ဆိုးရွားစွာရှိလာနိုင်ပုံတို့ကိုတင်ပြလိုခြင်းဖြစ်သည်။ ယင်းသို့တင်ပြခြင်းဖြင့် အမှန်တကယ်အကူအညီလိုအပ်နေသော ဒေသများတွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများစသည်တို့မှ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် နောက်ဆက်တွဲဘေးအန္တရာယ်ဆိုးကျိုးများကို သိရှိလာပြီး၊ ထောက်ပံ့ကူညီရေးအတွက် စိတ်ပါဝင်စားလာ စေရန်ရည်ရွယ်ပါသည်။ တနည်းအားဖြင့်စိတ်ကူး အိုင်ဒီယာ သည် advocacy research ပုံစံဖြစ်သည်။

Advocacy research ပုံစံတွင် တစ်ဦးတစ်ယောက်ချင်းစီ၏ အမြင်များ၊ အခြေအနေအဖြစ်အပျက်များကို ဖော်ထုတ်ပြီးတင်ပြဆွေးနွေးရှိလေ့ရှိသည်။ ထို့ကြောင့် ဤစာတမ်းငယ် ပြုစုရာတွင် လည်း၊ ရေဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများ၏ စစ်မှန်သော အသံနှင့် အခြေအနေအဖြစ်အပျက်များ ကို ဖော်ထုတ်နိုင်ရန်အလို့ငှာ qualitative research method ကို အသုံးပြုထားပါသည်။ Qualitative research method ၌ ထောင့်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ အချက်အလက် စုံစုံလင်လင်တို့ကို ထည့်သွင်းအသုံးပြုလေ့ရှိရာ၊ ယခု ပြုစုမည့် စာတမ်းနှင့် ပိုမိုကိုက်ညီမည်ဟု ယူဆမိပါသည်။

Qualitative research method နည်းလမ်းအရ အချက်အလက်များ ကောက်ယူရာ၌ သက်ဆိုင်ရာ ဒေသခံအဖွဲ့အစည်းများမှ stakeholder များကို KII ( Key Informative Interview) နည်းလမ်းများဖြင့်လည်းကောင်း၊ ကျေးရွာပေါင်း (၄၁)ရွာမှ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွာသူရွာသားများကို FGD ( Focus Group Discussion) နည်းလမ်းများဖြင့်လည်းကောင်း guideline questions များ ချမှတ်လျက် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ မြို့နယ် (၄)ခုရှိ ကျေးရွာများသို့ ဤစာတမ်းအတွက် လိုအပ်သော အချက်အလက်များအား ကွင်းဆင်းကောက်ခံခဲ့သော အချိန်ကာလမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း၌ ဖြစ်ပါသည်။

ဤ သုတေသန အစီရင်ခံစာအား ရေးသားပြုစုရာတွင် ကုန်ကျစရိတ်များနှင့် လိုအပ်သော ကိစ္စရပ်များအားလုံး ကို Scholar Institute (စကော်လာအင်စတီကျု့) နှင့် Yaung Chi Thit (ရောင်ခြည်သစ်) တို့မှ ပံ့ပိုးပေးထားပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော သုံးသပ်ချက်များသည် စာရေးသူ၏ အမြင်များသာဖြစ်ပြီး၊ Scholar Institute နှင့် Yaung Chi Thit တို့၏ အမြင်များဟု မယူဆစေလိုပါ။

| | | |
|---|---|---|
| ဒေါ်ခင်လှ | ဦးအောင်ရွှေဦး | ဦးဇော်မြတ်ထူး |
| Executive Director | အစီရင်ခံစာပြုစုရေး တာဝန်ခံ | Executive Director |
| Yaung Chi Thit | Program Head (SELC) | Scholar Institute |
| | Scholar Institute | |

# rmwdum


စာမျက်နှာ

အမှာစာ .......... III
ကျေးဇူးတင်လွှာ .......... IV
စကားဦး .......... VI
အစီရင်ခံစာ အနှစ်ချုပ် .......... ၁

အခန်း(၁) နိဒါန်း
- ၁ . ၁ ရခိုင်ပြည်နယ်အတွင်း၌ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ (သို့) ရခိုင်လေမုန်တိုင်းများ .......... ၃
- ၁ . ၂ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်( ၄)မြို့နယ်၏ ဒေသန္တရ အချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ .......... ၄
- ၁ . ၃ မင်းပြားမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၄
- ၁ . ၃ . ၁ မင်းပြားမြို့နယ်၏ ဒေသန္တရအချက်အလက်များ .......... ၄
- ၁ . ၃ . ၂ မင်းပြားမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၅
- ၁ . ၄ ကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၇
- ၁ . ၄ . ၁ ကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များ .......... ၇
- ၁ . ၄ . ၂ ကျောက်တော်မြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၉
- ၁ . ၅ မြောက်ဦးမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၁၁
- ၁ . ၅ . ၁ မြောက်ဦးမြို့နယ်၏ ဒေသန္တရအချက်အလက်များ .......... ၁၁
- ၁ . ၅ . ၂ မြောက်ဦးမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ .......... ၁၂
- ၁ . ၆ ပုဏ္ဏားကျွန်းမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၁၄
- ၁ . ၆ . ၁ ပုဏ္ဏားကျွန်းမြို့နယ်၏ ဒေသန္တရအချက်အလက်များ .......... ၁၄
- ၁ . ၆ . ၂ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ .......... ၁၅

အခန်း (၂)

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ ပညာရေးကဏ္ဍ အခြေအနေများနှင့် ပံ့ပိုးကူညီရန် လိုအပ်ချက်များ

- ၂ . ၁ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍ တွင်ပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၁၇
- ၂ . ၂ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍ တွင်ပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၂၅
- ၂ . ၃ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍ တွင်ပျက်စီးဆုံးရှုံးမှု အခြေအနေများ .......... ၃၂

၂ . ၄ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍ တွင်ပျက်စီးဆုံးရှုံးမှု အခြေအနေများ ......... ၃၈
၂ . ၅ ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ပျက်စီးဆုံးရှုံးမှု ပုံစံများနှင့် အခက်အခဲများ ......... ၄၃
၂ . ၆ ရခိုင်ပြည်နယ်အတွင်း မြို့နယ်(၄)မြို့နယ်ရှိ ရေဘေးသင့် ကျေးလက်ဒေသများတွင် ပညာရေးကဏ္ဍ၌ ပျက်စီးဆုံးရှုံးမှုသွားသည့် အပျက်အစီးများအား ပြန်လည်ထူထောင်ရေး အတွက် ပံ့ပိုးကူညီရန် လိုအပ်ချက်များ ......... ၄၄

အခန်း (၃)

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍ အခြေအနေများနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ
၃ . ၁ သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း၌ မိုးစပါးထိခိုက်ပျက်စီးမှု အခြေအနေ ......... ၄၉
၃ . ၂ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၅၀
၃ . ၃ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၆၁
၃ . ၄ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၆၉
၃ . ၅ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၇၇
၃ . ၆ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်ချက်များ ......... ၈၆

အခန်း (၄)

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ ကျန်းမာရေးအခြေအနေ၊ သောက်သုံးရေအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ
၄ . ၁ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ များနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်အခြေအနေ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံ့ပိုးကူညီ ရန်လိုအပ်ချက်များ ......... ၈၉
၄ . ၁ . ၁ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ များနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၈၉
၄ . ၁ . ၂ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်များ၏ အခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၉၄
၄ . ၁ . ၃ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ ......... ၉၇

၄ . ၂ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်အခြေအနေ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၀၂
၄ . ၂ . ၁ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၀၂
၄ . ၂ . ၂ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်များ၏ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၀၈
၄ . ၂ . ၃ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၁၀
၄ . ၃ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်အခြေအနေ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၁၅
၄ . ၃ . ၁ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၁၅
၄ . ၃ . ၂ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်များ၏ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၂၀
၄ . ၃ . ၃ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၂၂
၄ . ၄ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်အခြေအနေ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၂၇
၄ . ၄ . ၁ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၂၇
၄ . ၄ . ၂ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်များ၏ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၃၁
၄ . ၄ . ၃ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ .......... ၁၃၅

အခန်း (၅) နိဂုံး .......... ၁၃၉

နောက်ဆက်တွဲ ဇယားများ .......... ၁၄၄

ကျမ်းကိုး .......... ၁၆၄

မြေပုံများ .......... ၁၆၆

# Z , m;rsm;

စာမျက်နှာ


မင်းပြားမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား (၁ . ၁) .......... ၆
ကျောက်တော်မြို့နယ်အတွင်း ယေဘုယျ ပျက်စီးရှုံးမှု အခြေအနေများ ဇယား (၁ . ၂) .......... ၉
မြောက်ဦးမြို့နယ်အတွင်း ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ ဇယား (၁ . ၃) .......... ၁၂
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများ ဇယား (၁ . ၄) .......... ၁၆

မင်းပြားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ရုံး/ ကျောင်းများစာရင်း–ဇယားအမှတ် (၂ . ၁) .......... ၁၈
မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၉)ရွာ၌ ပညာရေးနှင့် ပက်သက်သော ပျက်စီးဆုံးရှုံးမှု အခြေအနေများ ဇယားအမှတ် (၂ . ၂) .......... ၁၉
မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ ပညာရေးနှင့်ပက်သက်သော ပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယားအမှတ် (၂ . ၃) .......... ၂၁
မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျောင်းများစာရင် ဇယားအမှတ် (၂ . ၄) .......... ၂၅
မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာရှိ ပညာရေးနှင့် ပက်သက်သော အခြေအနေများ၊ ဇယားအမှတ်( ၂ . ၅) .......... ၂၉
ကျောက်တော်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျောင်းများစာရင်း ဇယားအမှတ် (၂ . ၆) .......... ၃၂
ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၇)ရွာ၌ ပျက်စီးဆုံးရှုံးမှု အခြေအနေများ ဇယားအမှတ် (၂ . ၇) .......... ၃၄
ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများ ဇယားအမှတ် (၂ . ၈) .......... ၃၆
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သဘာဝဘေးဒဏ် ထိခိုက်ခံစားခဲ့ရသော စာသင်ကျောင်းများ ဇယားအမှတ် (၂ . ၉) ......... ၃၈
ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ ပညာရေးကဏ္ဍနှင့် ပက်သက်ပြီး ပျက်စီး ဆုံးရှုံးမှု အခြေအနေများ ဇယားအမှတ် ( ၂ . ၁၀) .......... ၄၀
ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှု ပုံစံများနှင့် အခက်အခဲများ ဇယားအမှတ် (၂ . ၁၁) .......... ၄၃
ဇွန်နှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးထိခိုက်ပျက်စီးမှု အခြေအနေ ဇယားအမှတ် (၃ . ၁) .......... ၄၉
ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေ ဇယားအမှတ် (၃ . ၂) .......... ၅၃
ကျောက်တော်မြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယားအမှတ် (၃ . ၃) .......... ၅၈
မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေ ဇယားအမှတ် (၃ . ၄) .......... ၆၄
မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စာနပ်ရိက္ခာများအခြေအနေ ဇယားအမှတ် (၃ . ၅) .......... ၆၇
မင်းပြားမြို့နယ်အတွင်း၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေ ဇယားအမှတ် (၃ . ၆) .......... ၇၁
မင်းပြားမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယားအမှတ် (၃ . ၇) .......... ၇၆
ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေ ဇယားအမှတ် (၃ . ၈) .......... ၇၉

စာမျက်နှာ

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာ(၁၀)ရွာ၏ စားနပ်ရိက္ခာများ အခြေနေ ......... ၈၄
ဇယားအမှတ် (၃ ‌. ၉)
ကျောက်တော်မြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးမှုစာရင်း .......... ၈၉
ဇယားအမှတ် (၄ ‌. ၁)
ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၁)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် .......... ၉၁
အိမ်သာသုံးစွဲမှု အခြေအနေများ ဇယားအမှတ် (၄ ‌. ၂)
ကျောက်တော်မြို့နယ်အတွင်း ကျေးရွာ (၁၁)ရွာရှိ ရေတွင်းရေကန်အခြေအနေများ .......... ၉၄
ဇယားအမှတ် (၄ ‌. ၃)
ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၁)ရွာ၏ နေအိမ်အဆောက်အအုံများနှင့် .......... ၉၈
လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ဇယားအမှတ် (၄ ‌. ၄)
မြောက်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ဆေးရုံ/ ဆေးပေးခန်း ပျက်စီးမှုစာရင်း .......... ၁၀၂
ဇယားအမှတ် (၄ ‌. ၅)
မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် .......... ၁၀၅
အိမ်သာသုံးစွဲမှုအခြေအနေများ ဇယားအမှတ် (၄ ‌. ၆)
မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာရှိ ရေတွင်းရေကန် အခြေအနေများ .......... ၁၀၈
ဇယားအမှတ် (၄ ‌. ၇)
မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏ နေအိမ်အဆောက်အအုံများနှင့် .......... ၁၁၂
လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ဇယားအမှတ် (၄ ‌. ၈)
မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးမှုစာရင်း .......... ၁၁၅
ဇယားအမှတ် (၄ ‌. ၉)
မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် အိမ်သာ .......... ၁၁၇
သုံးစွဲမှု အခြေအနေများ ဇယားအမှန် (၄ ‌. ၁၀)
မင်းပြားမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာရှိ ရေတွင်းရေကန်အခြေအနေများ .......... ၁၂၀
ဇယားအမှတ် (၄ ‌. ၁၁)
မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏ နေအိမ်အဆောက်အအုံများနှင့် .......... ၁၂၄
လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ဇယားအမှတ် (၄ ‌. ၁၂)
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာ(၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် .......... ၁၂၉
အိမ်သာသုံးစွဲမှုအခြေအနေများ ဇယားအမှတ် (၄ ‌. ၁၃)
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာများ၏ ရေတွင်းရေကန် ပျက်စီးဆုံးရှုံးမှု .......... ၁၃၁
ဇယားအမှတ် (၄ ‌. ၁၄)
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ ရေတွင်းရေကန် ပျက်စီးဆုံးရှုံးမှု .......... ၁၃၂
ဇယားအမှတ် (၄ ‌. ၁၅)
ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ နေအိမ်အဆောက်အအုံများနှင့် .......... ၁၃၆
လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ဇယား (၄ ‌. ၁၆)
နောက်ဆက်တွဲ – ဇယားအမှတ် (၁) .......... ၁၄၄
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ ( ၂၀ ‌. ၉ ‌. ၂၀၁၅)
နောက်ဆက်တွဲ – ဇယားအမှတ် (၂) .......... ၁၄၅
မိုးစပါး ပျက်စီးကေများအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှု အခြေအနေ
နောက်ဆက်တွဲ – ဇယားအမှတ် (၃) .......... ၁၄၅
ကျောက်တော်မြို့နယ်ရှိ ကျေးရွာများ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင်
ထိခိုက်ပျက်စီးမှု အခြေအနေများ

စာမျက်နှာ

နောက်ဆက်တွဲ – ဇယားအမှတ် (၄) .......... ၁၄၈
၂၀၁၅ ခုနှစ် ဇူလိုင်လ(၂၅)ရက်နေ့မှ ဩဂုတ်လ(၇)ရက်နေ့အထိ မြောက်ဦးမြို့နယ်အတွင်း ရေကြီးနှစ်မြုပ်မှုကြောင့် မိုးစပါး ပျက်စီးမှုစာရင်း
နောက်ဆက်တွဲ – ဇယားအမှတ် (၅) .......... ၁၅၀
မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ကျွဲ၊ နွားတိရိစ္ဆာန်သေဆုံးမှုစာရင်း
နောက်ဆက်တွဲ – ဇယားအမှတ် (၆) .......... ၁၅၂
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိုးစပါးပျက်စီးမှုအခြေအနေများ
နောက်ဆက်တွဲ – ဇယားအမှတ် (၇) .......... ၁၅၄
ရေနစ်မြုပ်ပျက်စီးသွားသော ရေတွင်းရေကန်များ စာရင်းချုပ်
နောက်ဆက်တွဲ – ဇယားအမှတ် (၈) .......... ၁၅၅
ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ
နောက်ဆက်တွဲ – ဇယားအမှတ် (၉) .......... ၁၅၅
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း နေအိမ်အဆောက်အအုံများ ပျက်စီးမှုအခြေအနေ
နောက်ဆက်တွဲ – ဇယားအမှတ် (၁၀) .......... ၁၅၇
မင်းပြားမြို့နယ်အတွင်း လမ်းတံတားများ ပျက်စီးဆုံးရှုံးမှု အခြေအနေများ
နောက်ဆက်တွဲ – ဇယားအမှတ် (၁၁) .......... ၁၅၈
မင်းပြားမြို့နယ်အတွင်း လမ်းတံတားများ ပျက်စီးဆုံးရှုံးမှု အခြေအနေများ
နောက်ဆက်တွဲ – ဇယားအမှတ် (၁၂) .......... ၁၅၈
မြောက်ဦးမြို့နယ်အတွင်း လမ်းတံတားပျက်စီးဆုံးရှုံးမှု အခြေအနေများ
နောက်ဆက်တွဲ – ဇယားအမှတ် (၁၃) .......... ၁၅၉
မြောက်ဦးမြို့နယ်အတွင်း လမ်းတံတားပျက်စီးဆုံးရှုံးမှု အခြေအနေများ
နောက်ဆက်တွဲ – ဇယားအမှတ် (၁၄) .......... ၁၆၀
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေကန်လုပ်ငန်း စာရင်းဇယား
နောက်ဆက်တွဲ – ဇယားအမှတ် (၁၅) .......... ၁၆၁
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေကန်လုပ်ငန်းစာရင်း
နောက်ဆက်တွဲ – ဇယားအမှတ် (၁၆) .......... ၁၆၂
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေကန်လုပ်ငန်းစာရင်း
နောက်ဆက်တွဲ – ဇယားအမှတ် (၁၇) .......... ၁၆၃
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေကန်လုပ်ငန်းစာရင်း

# အစီရင်ခံစာ အနှစ်ချုပ်

ဤ သုတေသနအစီရင်ခံစာ၌ အခန်း(၅)ခန်းပါဝင်ပါသည်။

အခန်း(၁)နိဒါန်း အပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း၌ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ (သို့) ရခိုင်လေမုန်တိုင်းများအကြောင်းဖြင့် နိဒါန်းပျိုးဖော်ပြထားပြီး၊ ယခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းပျက်စီးဆုံးရှုံးမှုအခြေအနေများကို အကျဉ်းမျှဖော်ပြထားပါသည်။ ထို့နောက်ယခုနှစ်ဇွန်လနှင့်ဇူလိုင်လ၌ဖြစ်ပွားခဲ့သည့် ရေဘေးဒဏ်ကိုဆိုးဝါးစွာခံခဲ့ရသော ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ်(၄)မြို့နယ်တို့၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများကိုဖော်ပြထားပါသည်။ ယင်းမြို့နယ်များမှာ မင်းပြား၊ ကျောက်တော်၊ မြောက်ဦးနှင့်ပုဏ္ဏားကျွန်းမြို့နယ်တို့ဖြစ်ကြပြီး၊တစ်မြို့နယ်ချင်းစီအလိုက်ဒေသန္တရအချက်အလက်များနှင့်ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများကို အစိုးရဌာနများမှရရှိသော စာရင်းဇယားအ ချက်အလက်များအား အကိုးအကားပြုလျက်တင်ပြထားပါသည်။ ဒေသန္တရအချက်အလက်များတွင် တစ်မြို့နယ်ချင်းစီအလိုက် မြို့နယ်များ၏ တည်နေရာ၊ ပညာရေးအခြေအနေ၊ကျန်းမာရေးအခြေအနေ၊စိုက်ပျိုးရေးအခြေအနေ၊မိုးရွာသွန်းမှုအခြေအနေ၊ဆည်မြောင်းတာတမံများ၊ထွန်ယက်စိုက်ပျိုးရေးစက်ကိရိယာများအခြေအနေ၊ ကျွဲနွားတိရစ္ဆာန်မွေးမြူထားရှိမှုအခြေအနေများ၊ လမ်းတံတား အခြေအနေများနှင့်ဆယ်သွယ်ရေးလုပ်ငန်းများစသည်ဖြင့် ပါဝင်လေသည်။ ထို့အတူယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများတွင် တစ်မြို့နယ်ချင်းစီအလိုက် လူသေဆုံးမှုအခြေအနေ၊ နေအိမ်ပျက်စီးမှုအခြေအနေ၊ သာသနိကအဆောက်အအုံပျက်စီးမှု အခြေအနေ၊ ကျန်းမာရေးအဆောက်အအုံ၊ ပညာရေးအဆောက်အအုံ၊ ရေမြုပ်ပျက်စီးသွားသောလယ်မြေဧကများ၊ ဆုံးရှုံးသွားသောစပါးတင်းများ၊မွေးမြူရေးနှင့်ပက်သက်သောပျက်စီးဆုံးရှုံးမှုများ၊လမ်းပန်းဆက်သွယ်ရေးနှင့် ပက်သက်သော ပျက်စီးဆုံးရှုံးမှုများ၊ဆည်မြောင်းတာတမံများ၊ ရေတွင်း/ရေကန်ပျက်စီးမှုများ စသည်ဖြင့်ပါဝင်လေသည်။

အခန်း (၂) တွင် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ပညာရေးကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များကို တစ်မြို့နယ်ချင်းစီအလိုက် အသေးစိတ် တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင်အစိုးရဌာနများမှရရှိသောပညာရေးကဏ္ဍပျက်စီးဆုံးရှုံးမှုစာရင်းဇယားများ၊ ဝံလက်ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(ရခိုင်ပြည်)မှကောက်ယူထားသောအချက်အလက်များနှင့်ဤအစီရင်ခံစာပြုလုပ်ရန်ကွင်းဆင်းလေ့လာကောက်ယူထားသောအချက်အလက်များကိုနှိုင်းယှဉ်ပြီးသုံးသပ်ဖော်ပြထားပါသည်။ထို့အပြင်ပညာရေးဆိုင်ရာအဆောက်အအုံပျက်စီးမှုများသာမက တခြားသော အခက်အခဲလိုအပ်ချက်များဖြစ်သည့် ဆရာ၊ဆရာမအခက်အခဲ၊ သင်ထောက်ကူပစ္စည်းအခက်အခဲ၊ ကျောင်းပရိဘောဂအခက်အခဲ၊ ကျောင်းတက်ရန်လမ်းများအခက်အခဲစသည်တို့ကိုလည်း စေ့စေ့ငုံငုံဖော်ပြထားပါသည်။ ၎င်းအပြင်ဤအခက်အခဲများကိုပံ့ပိုးကူညီရာတွင် သတိထားရမည့်အချက်များကိုလည်း ဒေသခံများထံမှ ကြားသိရသော အချက်အလက်များဖြင့် သုံးသပ်တင်ပြထားပါသည်။

အခန်း(၃)တွင် အဆိုပါမြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍအခြေအနေများနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ စသည်တို့ကို အသေးစိတ်ရေးသားတင်ပြထားပါသည်။ ရှေးဦးစွာ ယခုနှစ် ဇွန်လနှင့်ဇူလိုင်လများတွင် ကျရောက်ခဲ့သော သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း၌ မိုးစပါးထိခိုက်ပျက်စီးမှု အခြေအနေကိုဖော်ပြထားပါသည်။ ထို့နောက် တစ်မြို့နယ်ချင်းစီအလိုက်

ကျေးရွာများ၌ ပကတိဖြစ်ပျက်နေသော လယ်ယာစိုက်ပျိုးရေး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာအခြေအနေ စသည်တို့ကို ဖော်ပြထားရုံသာမက၊ ပံပိုးကူညီရန်လိုအပ်ချက်များကိုလည်း ဒေသခံများ၏သဘောထားမှတ်ချက်များကို အခြေခံလျက် စီကုံးရေးသားတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အစိုးရဌာနများမှ ရရှိသော အချက်အလက်များနှင့် မိမိတို့ကွင်းဆင်းလေ့လာတွေ့ရှိထားသော အချက်အလက်များကို မှီငြမ်းထားပါသည်။

အခန်း(၄)တွင် ရခိုင်ပြည်နယ်အတွင်းသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်ရှိကျေးရွာများ၏ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်များ၏အခြေအနေများ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့်ပံပိုးကူညီရန်လိုအပ်ချက်များစသည်တို့ကိုမြို့နယ်တစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် ကျေးများ၌ လက်ရှိပကတိဖြစ်ပျက်နေသော အခြေအနေများကို ဇယားများဖြင့် အသေးစိတ်ခြယ်မှုန်းတင်ပြထားရုံသာမကမည်သို့မည်ပုံပံပိုးကူညီမှုများကိုလုပ်ဆောင်သင့်ကြောင်းကိုလည်းအကြံပြုဆွေးနွေးတင်ပြထားပါသည်။

အခန်း(၅)နိဂုံးအပိုင်းတွင် အစီရင်ခံစာတစ်ခုလုံး၌ ဖော်ပြထားသောအချက်အလက်များကို ခြုံငုံသုံးသပ်ထားပြီး၊ ရခိုင်ပြည်နယ်သည်ယခင်ကတည်းကပင် မြန်မာနိုင်ငံအတွင်း၌ ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်ခြင်းကြောင့်ယခုသဘာဝဘေးဒဏ်ကျရောက်သောအခါ ဖွံ့ဖြိုးမှုလေ့ကားထစ်များ၏ အောက်ဆုံးတကာ့အောက်ဆုံးအဆင့်ကို ပိုမို၍ နိမ့်ဆင်း ကျရောက်လျက်ရှိနေပြီဖြစ်ကြောင်းနှင့် အားလုံးသောကဏ္ဍပေါင်းများစွာတို့တွင် ပံပိုးကူညီမှုများ မဖြစ်မနေလိုအပ်နေသော ဤဒေသများအတွက် ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းပေါင်းများစွာတို့ဖြင့် အင်တိုက်အားတိုက် ပြန်လည်ထူထောင်မှုများ လုပ်ဆောင်နိုင်ရန် ပရောဂျက်ကြီးကြီးမားမားတစ်ခု လိုအပ်ကြောင်း အကြံပြုတင်ပြထားပါသည်။ အထူးသဖြင့် တက်လမ်းပရောဂျက်ဒီဖိုင်းနမူနာနှင့် မေတ္တာဖောင်ဒေးရှင်းမှ အကောင်အထည်ဖော်ခဲ့သော RDD ပရောဂျက်ကြီးများ၏ နမူနာများကို အကြံပြုဆွေးနွေးတင်ပြထားပါသည်။

# အခန်း(၁)

# နိဒါန်း

## ၁.၁ ရခိုင်ပြည်နယ်အတွင်း၌ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ (သို့) ရခိုင်လေမုန်တိုင်းများ

ရခိုင်ပြည်နယ်အတွင်း၌ မှတ်သုံမုန်တိုင်းများသည် မိုးဦးမိုးနှောင်းကာလများတွင် ကျရောက်လေ့ရှိသည်ဟု သိရှိရပြီး၊ သမိုင်းမှတ်တမ်းများအရ ရခိုင်ပြည်နယ်အတွင်း၌ ၁၈၈၄ခုနှစ်၊ ၁၉၂၆ခုနှစ်၊ ၁၉၃၀ခုနှစ်၊ ၁၉၃၆ခုနှစ်တို့တွင် ပြင်းထန်သော လေမုန်တိုင်းကြီးများတိုက်ခိုက်ခဲ့ခြင်းကြောင့် လူပေါင်းများစွာတို့သေကြေပျက်စီးခဲ့ကြရကြောင်းသိရှိရသည်။ ထို့အပြင် ၁၉၈၆ ခုနှစ် မေလ (၁၀) ရက်နေ့တွင် တိုက်ခိုက်ခဲ့သော မုန်တိုင်းကြောင့် ပယ်လယ်ပြင်မှ ရေလှိုင်းကြီးများတက်လာကာ ရခိုင် မုန်တိုင်းမှတ်တမ်းသမိုင်းတွင် အသေအပျောက်အများဆုံးအဖြစ် လူပေါင်း (၁၀၃၇) ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။ ၎င်းအပြင် ၁၉၈၂ နှစ် မေလတွင် ဂွမြို့နယ်သည် မုန်တိုင်းဖြတ်သန်းတိုက်ခိုက်မှု ဒဏ်ကိုခံစားခဲ့ရပြီး၊ ၁၉၉၂ ခုနှစ်မေလတွင် သံတွဲမြို့နယ်၊တောင်ကုတ်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ် အသီးသီးတို့ သည်လည်းမုန်တိုင်းဖြတ်သန်းတိုက်ခတ်ခြင်းကိုခံခဲ့ရသည်။၂၀၀၄ခုနှစ်မေလ(၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းကို တိုက်ခိုက်ခဲ့သော လေပြင်းမုန်တိုင်းကြောင့် ရေပြည့်ရေလျှံခြင်းများဖြစ်ပွားခဲ့ပြီး၊ ကမ်းဦးရေတိမ်များ ရေလွှမ်းခံရကာ ပျက်စီးမှုများရှိခဲ့၍၊လူပေါင်း(၁၄၀)ကျော်သေဆုံးခဲ့သည်ဟုသိရှိရသည်။ ၂၀၀၆ခု ဧပြီလတွင် ဂွမြို့ကိုဖြတ်၍ မုန်တိုင်းတိုက်ခိုက်ခဲ့သလို၊ ၂၀၁၀ ခုနှစ်တွင်လည်း ဂီရိဆိုင်ကလုန်းမုန်တိုင်းတိုက်ခိုက်ခဲ့ခြင်းများ ရှိခဲ့လေသည်။

ယခုနှစ်၂၀၁၅ခုဇွန်လနှင့် ဇူလိုင်လအတွင်း၌ ရခိုင်ပြည်နယ်တွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်း ဖြတ်သန်းတိုက်ခိုက်ခြင်းနှင့် အတူ ဖြစ်ပေါ်ခဲ့သော မြေပြိုမှုများနှင့် ရေလွှမ်းမိုးမှုတို့ကြောင့် ထိခိုက်ပျက်စီးမှု များစွာတို့ဖြစ်ပေါ်ခဲ့လေသည်။ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရ ရခိုင်ပြည်နယ်အတွင်း၌ လူပေါင်း(၅၀)ကျော် သေ ဆုံးကာ၊ ကျွဲ၊နွား အကောင်ရေပေါင်း (၄၀၀၀)ကျော် သေကြေပျက်စီးခဲ့ပြီး၊ လုံးဝပျက်စီးနေအိမ်ပေါင်း (၁၀၀၀၀)ကျော်ရှိကာ၊ လယ်မြေဧကပေါင်း (၂)သိန်းကျော်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ဟုဖော်ပြထားရှိသည်ကို တွေ့ရှိရသည်။ လမ်းတံတားများ၊ နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ရေတွင်းရေကန်များ၊ ဆည်များနှင့် လယ်မြေဧကများအပါအဝင် ရခိုင်တပြည်နယ်လုံး၌ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းပေါင်း (၄၄၉၈၁.၂၉၆) ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ( နောက်ဆက်တွဲ (၁)၊ ဇယားအမှတ်(၁)၌ ရှုပါ။)

## ၁.၂ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ် (၄)မြို့နယ်၏ ဒေသန္တရ အချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

ဤအပိုင်း၌အထွေထွေအုပ်ချုပ်ရေးဌာန၊စိုက်ပျိုးရေးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန စသည့် အစိုးရဌာနများမှရရှိသော စာရင်းဇယား အချက်အလက်များအား ကိုးကားလျက် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော မြို့နယ်(၄)မြို့နယ်၏ ဒေသန္တရ အချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှု အခြေအနေများကို တင်ပြထားပါသည်။ အဆိုပါအချက်အလက်များကို ထောက်ရှုဆင်ခြင်ခြင်းဖြင့် ဤဒေသများ၌ သဘာဝဘေးအန္တရာယ်များကြောင့် မည်သည့်ကဏ္ဍ များတွင် မည်ရွေ့မည်မျှပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်းကို ယေဘုယျသိရှိနိုင်ရန် ရည်ရွယ်ပါသည်။ ထို့နောက် တခြားသော အခန်းများတွင်ကား အဆိုပါမြို့နယ်(၄)မြို့နယ်၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်တင်ပြသွားမည်ဖြစ်သလို၊ လိုအပ်ချက်များကို မည်သို့မည်ပုံထောက်ပံ့ကူညီသင့်ကြောင်းကိုလည်း ကွင်းဆင်း လေ့ လာတွေ့ ရှိချက်များကို အခြေခံလျက်ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

## ၁.၃ မင်းပြားမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

### ၁.၃.၁ မင်းပြားမြို့နယ်၏ ဒေသန္တရအချက်အလက်များ

ပထမဦးစွာ မင်းပြားမြို့နယ်နှင့် ပက်သက်သောဒေသန္တရအချက်အလက်များအား တင်ပြအပ်ပါသည်။ ဤဒေသန္တရအချက်အလက်များအား ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များဖြင့် ကိုးကားတင်ပြထားခြင်းဖြစ်ပါသည်။

မင်းပြားမြို့နယ်သည် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းမှ မြို့နယ်တစ်ခုဖြစ်ပြီး၊ နယ်မြေအကျယ်အဝန်းအားဖြင့်စတုရန်းမိုင်ပေါင်း(၁၃၃၈.၄၆)မိုင်ရှိ၍၊ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၅၀ ၌ တည်ရှိကာမြောက်လတ္တီကျူ ၂၀ ဒီဂရီ ၅ မိနစ် မှ ၂၀ ဒီဂရီ ၅၅ မိနစ် အကြားနှင့် အရှေ့လောင်တီကျူ ၉၃ ဒီဂရီ ၅၂ မိနစ် ၃၀ စက္ကန့်အကြေားတွင် တည်ရှိသည်။ ဤမင်းပြားမြို့နယ်အတွင်းတွင် ကျေးရွာအုပ်စုပေါင်း (၆၂) အုပ်စုရှိကာ၊ ကျေးရွာ စုစု ပေါင်း ၂၄၆ ရွာရှိသည်။ မင်းပြားမြို့ နယ်တစ်ခုလုံးရှိ လူဦးရေစုစုပေါင်းမှာ ၁၉၆၃၅၆ ဦးဖြစ်ပြီး၊ မြို့ ့ပေါ်နေလူဦးရေ မှာ ၂၃၂၃၇ ဦး ဖြစ်ကာ၊ ကျေးရွာများနေ လူဦးရေမှာ ၁၇၃၁၁၉ ဦး ဖြစ်သည်။

ပညာရေး အခြေအနေမှာ အ.ထ.က ကျောင်း (၃) ကျောင်းရှိပြီး၊ အ.ထ.က(ခွဲ)ကျောင်း(၈)ကျောင်းရှိသည်။ ထို့အပြင် အ.လ.က ကျောင်း (၂) ကျောင်း၊ အ.လ.က (ခွဲ) ကျောင်း (၁၈)ကျောင်း၊ မူလွန်ကျောင်း(၅၀)နှင့်အတူ မူလတန်းကျောင်း (၁၁၉) ကျောင်းရှိပြီး၊ ဘုန်းတော်ကြီး ပညာသင်ကျောင်း (၅) ကျောင်းရှိသည်။ စုစုပေါင်း ကျောင်းသူ/သား ဦးရေမှာ (၄၁၂၇၄) ဦးရှိသည်။

ကျန်းမာရေးကဏ္ဍနှင့်ပက်သက်ပြီး ကုတင်(၂၅)ဆံ့ဆေးရုံ(၁)ခု၊ ကုတင်(၁၆)ဆံ့ဆေးရုံ(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၇)ခု၊ တိုင်းရင်းဆေးဌာန(၁)ခု၊ မိခင်နှင့်ကလေးဌာန(၁)ခု၊ တီဘီတိုက်ဖျက်ရေးဌာန(၁)ခုတို့ အသီးသီးရှိကြသည်။ ဆရာဝန်အရေအတွက်စုစုပေါင်းမှာ(၅)ဦးဖြစ်ပြီး၊ သူနာပြုအရေအတွက်မှာ (၁၁) ဦးဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ အစေ့ထုတ်ပြောင်း တို့ဖြစ်ကြသည်။ မင်းပြားမြို့နယ်အတွင်းရှိ စိုက်ပျိုးနိုင်သည့်မြေကေစုစုပေါင်းမှာ ၉၂၈၁၄ ကေရှိပြီး၊ စိုက်ပျိုးရန်လျာထားသည့် ကေစုစုပေါင်းမှာ ၉၄၈၁၁ကေ ရှိကာ၊ စုစုပေါင်း စိုက်ကေပေါင်းမှာ ၉၄၂၃၉ ကေဖြစ်သည်။ စပါးစိုက်ကေစုစုပေါင်းမှာ (၉၄၅၉၅)ကေ၊ ပဲစုစုပေါင်းစိုက်ကေမှာ(၁၅၃၀၅)ကေ ၊ ဆီထွက်သီးနှံ စိုက်ကေမှာ(၁၂၆၉၃)ကေနှင့်အခြားသီးနှံစိုက်ပျိုး မြေကေ စုစုပေါင်းမှာ (၂၀၀၀၈) ကေတို့ဖြစ်ကြသည်။

မင်းပြားမြို့နယ်အတွင်း၌ တစ်နှစ်လုံးအတွက် ပျမ်းမျှမိုးရွာသွန်းနှုန်းမှာ(၁၂၂)ရက်ဖြစ်ပြီး၊ ပျမ်းမျှမိုးရေချိန်လက်မ အားဖြင့် (၁၅၅.၅၀)လက်မ ဖြစ်သည်။ နိုင်ငံတော်မှ ထိန်းသိမ်းထားသော ဆည်(၂)ခု ရှိပြီး၊ ယင်းဆည်များ၏ အကျိုးပြုကေမှာ ၁၈.၅ ကေဖြစ်၍၊ ဒေသဖွံ့ဖြိုးရေးဆည်တစ်ခုရှိရာ၊ အဆိုပါဆည်၏ အကျိုးပြုကေမှာ ၃၅ ကေဖြစ်ကြောင်းသိရှိရသည်။

လယ်ယာစိုက်ပျိုးရေးအတွက် နိုင်ငံပိုင်စက်ယန္တရားများအနေဖြင့် လယ်ထွန်စက်ကြီး(၅)စီးနှင့် လက်တွန်း လယ်ထွန်စက်(၂၂)စီးတို့ရှိကြသည်။ ပုဂ္ဂလိကပိုင်စက်ယန္တရားများမှာ လယ်ထွက်စက်ကြီး(၂)စီး၊ လက်တွန်းလယ်ထွန် စက် (၁၉၇) စီး၊ စပါးရိတ်စက် (၁၁) စီး နှင့် စပါးခြွေစက် (၄) စီး တို့ဖြစ်ကြသည်။ မှတ်ပုံတင်ထားသောပုဂ္ဂလိက စက်မှုလုပ်ငန်း (၁၇၆) ခုရှိပြီး၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံ မရှိချေ။

ကျွဲ၊နွားတိရစ္ဆာန်မွေးမြူထားရှိမှုများနှင့် ပက်သက်သည့် အရေအတွက်မှာ - ကျွဲ (၃၁၇၆၀) ကောင်၊ နွား (၁၂၀၆၀၉) ကောင်၊ ကြက် (၅၈၁၉၄၈) ကောင်၊ ဝက် (၂၄၅၄၅) ကောင်၊ ဘဲ (၃၇၁၇၇) ကောင်နှင့် ဆိတ် (၂၇၅၇၀) ကောင်တို့ဖြစ်ကြသည်။

မင်းပြားမြို့နယ်အတွင်း၌ လမ်းများနှင့် ပက်သက်ပြီး၊ လမ်းဦးစီးဌာနနှင့် စည်ပင်ဌာနမှ ဖောက်လုပ်ထားသော ကတ္တရာလမ်း (၁၀/၂) မိုင်၊ ကျောက်လမ်း (၂) မိုင်၊ မြေလမ်း (၁၀/၁) မိုင် တို့ဖြစ်ကြရာ စုစုပေါင်း (၂၇/၃) မိုင်ရှိကြောင်းသိရှိရသည်။

ဆက်သွယ်ရေးလုပ်ငန်းနှင့် ပက်သက်ပြီး စာတိုက် (၁) ခု၊ ကြေးနန်း(၁) ခု၊ အော်တိုတယ်လီဖုန်း (၁၅၉) လုံး၊ GSM (၆၄၇၃) လုံးတို့ ရှိကြသည်။

### ၁.၃.၂ မင်းပြားမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

မင်းပြားမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများကို အောက်ပါဇယား အမှတ် (၁.၁)တွင်လေ့လာနိုင်သည်။ အောက်ပါ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရ မင်းပြားမြို့နယ်၌ သေဆုံးသူဦးရေ(၁၆)ဦး ရှိသည်ဟုဖော်ပြထားသည် ကိုတွေ့ရှိရသည်။ ထို့ပြင် နေအိမ်အဆောက်အအုံအပျက်စီးများနှင့် ပက်သက်ပြီး ပျက်စီးသွားသော လူနေအိမ်အရေအတွက်မှာ စုစုပေါင်း(၁၂၀၀)ခန့်ရှိပြီး၊ တစ်ခုလုံးပျက်စီးသော အိမ်အရေအ တွက်မှာ (၇၅၂)အိမ် ဖြစ်ပြီး၊ (၄၄၈)အိမ်မှာ အမိုးအကာပျက်စီးခြင်းများရှိကြသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သာသနိကအဆောက်အဦးနှင့်ပက်သက်ပြီး စုစုပေါင်းသိမ်/ကျောင်း/ဇရပ်(၁၉)ခုပျက်စီးသည်ဟုလည်း စာရင်းဇယားများ တွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

## မင်းပြား မြို့နယ်၏ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား (၁.၁)

| စဉ် | အကြောင်းအရာ | စုစုပေါင်း အရေအတွက် | အသေးစိတ်ဖော်ပြချက် | (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | လူသေဆုံးမှု | ၁၆ ဦး | | |
| ၂ | လူနေအိမ်ပျက်စီးမှု | ၁၂၀၀ အိမ် | တစ်ခုလုံးပျက်စီး (၇၅၂) အိမ် | ၇၅.၂၀ |
| | | | အမိုးအကာပျက်စီးမှု (၄၄၈) အိမ် | ၄၄.၈ |
| ၃ | သာသနိကအဆောက်အအုံ ( သိမ်ကျောင်းဇရပ်) | ၁၉ ခု | ဘုန်းကြီးကျောင်း (၁၉) | ၃၇.၅၅၀ |
| ၄ | ကျန်းမာရေးအဆောက်အအုံ | ၁၃ ခု | ဆေးရုံ (၂) | ၁၃.၀ |
| | | | ဆေးခန်း (၁) | ၃၄.၃ |
| ၅ | ပညာရေး အဆောက်အအုံ | ၇ ခု | အထက - (၁) ကျောင်း | ၄၃.၂ |
| | | | အလက - (၁) ကျောင်း | ၄၃.၂ |
| | | | အမက - (၅) ကျောင်း | ၁၀၈.၀၀ |
| ၆ | ရေမြုပ်ပျက်စီးသွားသောလယ်မြေဧက | | ၃၆၀၇၉ ဧက | ၄၉၉၆.၉၄၁ |
| ၇ | ဆုံးရှုံးသွားသော စပါးတင်းပေါင်း | | ၅၄၁၁၉ တင်း | ၃၇၈.၈၃၃ |
| ၈ | မွေးမြူရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၁။ ကြက် (၂၀၅၉)ကောင် | ၁၀.၂၉ |
| | | | ၂။ ဘဲ (၆၀၇) ကောင် | ၂.၄၂ |
| | | | ၃။ ဝက် (၄၂၆)ကောင် | ၆၃.၉၀ |
| | | | ၄။ ကျွဲ (၇၄၅)ကောင် | ၃၃၄.၈၀ |
| | | | ၅။ နွား (၁၀၈၆)ကောင် | ၄၇၄.၄၀ |
| | | | ၆။ ဆိတ် (၁၇၅) ကောင် | ၁၄.၀၈ |
| | | | ၇။ ပုဇွန်/ငါးကန် ၆၂၅၅.၄၂ ဧက | ၃၁၂.၇၇၁ |
| ၉ | လမ်းပန်းဆက်သွယ်ရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၁။ ကျောက်/မြေသား လမ်း(မိုင်) ၁၈.၅ မိုင် | ၇၀၅.၂၈၁ |
| | | | ၂။ (၂၀)ပေအောက်တံတား (၁၂) စင်း | ၄၄.၀၀ |
| | | | ၃။ (၄၀) အောက်တံတား (၂) စင်း | ၁၅.၅၀ |
| | | | ၄။ (၄၀) အထက် တံတား (၂) စင်း | ၄၈၂.၀၀ |
| ၁၀ | ဆည်မြောင်းတာတမံများ | | ၁။ နိုင်ငံပိုင်ဆည် (၃) ခု - ၉၀၅၀ ပေ | ၉၃.၄၁ |
| | | | ၂။ လယ်သမားတာ(၈) ခု - ၅၆၉၃၈ ပေ | ၃၆၆.၉၁ |
| | | | ၃။ အခြားတာ (၃) ခု - ၆၉၈ ပေ | ၁၆၇.၈၀ |
| ၁၁ | ပျက်စီးသွားသော ရေတွင်း/ရေကန် စုစုပေါင်း | ၂၅၇ | ရေတွင်း - (၅) တွင်း ရေကန် - (၂၅၂) ကန် | |

ရည်ညွှန်း-မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

ကျန်းမာရေးကဏ္ဍတွင် မင်းပြားမြို့နယ်ရှိ ဆေးရုံ (၂) ရုံ၊ ဆေးခန်း (၁၁) ခန်း တို့တွင် ထိခိုက်ပျက်စီးမှုများရှိသည်ဟုလည်းကောင်း၊ ပညာရေးကဏ္ဍ၌လည်း အ.ထ.က(၁) ကျောင်း၊ အ.လ.က(၁) ကျောင်း၊ အ.မ.က(၅) ကျောင်း တို့တွင်ထိခိုက်ပျက်စီးမှုများ ရှိကြသည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရ သည်။ စိုက်ပျိုးရေးကဏ္ဍ၌ ရေမြုပ်ပျက်စီးသွားသော လယ်မြေဧက ပေါင်း (၃၆၀၇၉) ဧက ရှိသည်ဟုလည်းကောင်း၊ စပါးတင်းပေါင်း (၅၄၁၁၉) တင်းဆုံးရှုံးသွားသည်ဟုလည်းကောင်းဖော်ပြထားသည်ကိုတွေ့ရှိရသည်။

မွေးမြူရေး ကဏ္ဍတွင်ကြက်(၂၀၅၉)ကောင်၊ဘဲ(၆၀၇) ကောင်၊ ဝက်(၄၂၆)ကောင်၊ ကျွဲ(၇၄၅)ကောင်၊ နွား(၁၀၈၆)ကောင်နှင့် ဆိတ်(၁၇၅)တို့ ပျက်စီးဆုံးရှုံးမှုရှိကြပြီး ပုဇွန်/ငါးကန် ဧကပေါင်း ၆၂၅၅.၄၂ ဧကအပျက်အစီးရှိသည် ဟုဖော်ပြပါရှိလေသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကျောက်/မြေသား လမ်း(မိုင်) ၁၈.၅ မိုင်အပျက်အစီးရှိပြီး၊ (၂၀)ပေအောက်တံတား (၁၂) စင်း၊ ပေ (၄၀) အောက်တံတား (၂) စင်းနှင့် ပေ (၄၀) အထက် တံတား (၂) စင်းတို့လည်း အပျက်အစီး စာရင်းထဲတွင် ပါဝင်သည်ကို တွေ့ရှိရသည်။ ၎င်းအပြင် နိုင်ငံပိုင် ဆည် (၃) ခု (စုစုပေါင်း ၉၀၅၀ ပေ)၊ နှင့် အတူ လယ်သမားတာ (၈) ခု ( စုစုပေါင်း ၅၆၉၃၈ ပေ) အပါအဝင် အခြားတာ (၃) ခု (စုစုပေါင်း ၆၉၈ ပေ) ပျက်စီးဆုံးရှုံးမှုများ ရှိနေကြောင်းတွေ့ရှိရလေသည်။ ထို့အပြင် ရေကန်ပေါင်း (၁၅၀) ကန် ပျက်စီးဆုံးရှုံးမှုရှိ ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ထို့ကြောင့် အထက်ပါအချက်များကိုထောက်ရှုခြင်းဖြင့် မင်းပြားမြို့နယ်အတွင်း၌ ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေး စသည့်ကဏ္ဍများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပါအဝင်၊ လယ်ယာစီးပွားရေးလုပ်ငန်း၊ ငါးလုပ်ငန်းစသည် ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်ပျက်စီးမှုများအမြောက်အများရှိခဲ့ကြကြောင်းသိရှိရလေသည်။

ဆက်လက်၍ ကျောက်တော်မြို့နယ်အတွင်းရှိ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးမှု အခြေအနေများကို ဆက်လက်လေ့လာကြပါစို့။

### ၁.၄ ကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

#### ၁.၄.၁ ကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များ

ကျောက်တော်မြို့နယ်၏ ဤဒေသန္တရအချက်အလက်များသည်လည်း ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များဖြင့် ကိုးကားတင်ပြထားခြင်းဖြစ်ပါသည်။

ကျောက်တော်မြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ဦးခရိုင်အတွင်းမှ မြို့နယ်တစ်ခုဖြစ်ပြီး၊နယ်မြေအကျယ်အဝန်းအား ဖြင့် စတုရန်းမိုင်ပေါင်း (၆၇၅.၅၅) မိုင် ရှိ၍၊ အမြင့်ပေအားဖြင့် (၁၀.၅၇ ) ပေရှိကာ၊ တည်နေရာအားဖြင့် မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၃၇ မိနစ် မှ ၂၃ ဒီဂရီ ၁၁ မိနစ် ကြားနှင့် အရှေ့လောင်ဒီကျူ ၉၁ ဒီဂရီ ၁၀ မိနစ် ကြားတွင် တည်ရှိသည်။ ကျောက်တော်မြို့နယ်အတွင်း၌ ကျေးရွာအုပ်စုပေါင်း (၇၉) အုပ်စုရှိကာ၊ ကျေးရွာပေါင်း (၂၈၃) ရွာရှိကြောင်း သိရှိရသည်။ ကျောက်တော်မြို့နယ်တစ်ခုလုံးရှိ လူဦးရေ စုစုပေါင်းမှာ ၂၁၆၈၃၉ ဦး ဖြစ်ပြီး၊ မြို့ပေါ်နေ လူဦးရေမှာ ၁၉၅၇၁ ဦးဖြစ်၍၊ ကျေးလက်နေလူဦးရေမှာ ၁၉၇၂၆၈ ဦးဖြစ်သည်။

ပညာရေးကဏ္ဍတွင်စာသင်ကျောင်းအရေအတွက်အားဖြင့် အထက်တန်းကျောင်း(၆)ကျောင်း၊အထက်တန်း ကျောင်းခွဲ (၆) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၁၇) ကျောင်း၊ မူလွန်ကျောင်း (၁၇) ကျောင်း၊ မူလတန်းကျောင်း (၁၆၂) ကျောင်းရှိပြီး၊ ကျောင်းသား/သူပေါင်း စုစုပေါင်း(၁၂၉၁၅) ဦးရှိကြောင်း သိရှိရသည်။

ကျန်းမာရေးကဏ္ဍ၌ ကုတင် (၅၀) ဆံ့ဆေးရုံ (၁) ခု၊ ကုတင် (၁၆) ဆံ့ဆေးရုံ (၂)ခု၊ ကျေးလက် ကျန်းမာရေးဌာန (၆)ခု၊ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) – (၂၅) ခု၊ တိုင်းရင်းဆေးရုံ (၁)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန(၁)ခု၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန(၁)ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန(၁)ခုနှင့်အတူ ကျန်းမာရေးဝန်ထမ်းများမှာ ဆရာဝန်(၅)ဦး၊ သွားဆရာဝန်(၁)ဦး၊ သူနာပြုအရေအတွက် စုစုပေါင်း (၁၁၀) ဦးတို့ရှိကြသည်။

ကျောက်တော်မြို့နယ်အတွင်း၌ အဓိကစိုက်ပျိုးသော သီးနှံများမှာ - စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲနမ်းငုံ၊ ကြံ၊ ကြက်သွန်နှင့် အစေ့ထုတ်ပြောင်းတို့ဖြစ်ကြသည်။ စိုက်ပျိုးနိုင်သည့်မြေဧကပေါင်း ( ၉၁၄၇၅ ) ဧကရှိပြီး၊ လျာထားသည့်ဧကပေါင်း (၁၁၈၁၉၅) ဧကရှိကာ၊ စိုက် ဧကပေါင်း (၁၀၄၈၂၅) ဧကရှိပြီး၊ ကြောင်းသိရှိရသည်။ မိုးစပါးစိုက်ပျိုးမြေဧကပေါင်း (၉၂၇၉၅) ဧကရှိပြီး၊ စက်မှုကုန်ကြမ်းစိုက်ပျိုးမြေဧကပေါင်းမှာ (၈၁၅) ဧကရှိ၍၊ ဆီထွက်သီးနှံစိုက်ပျိုးမြေဧကမှာ (၁၃၂) ဧကရှိကာ၊ ပဲစုစုပေါင်းစိုက်ဧကသည် (၁၁၀၈၃) ဧကရှိနေကာ၊ အခြားသီးနှံများ စိုက်ဧကမှာ (၅၉) ဧကဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်း တစ်နှစ်လုံး ပျမ်းမျှမိုးရွာသွန်းနှုန်းမှာ (၁၀၃)ရက်ဖြစ်ပြီး၊ပျမ်းမျှမိုးရေချိန်လက်မအား ဖြင့် (၁၅၀) လက်မရှိသည်။ ပြိုင်းချောင်းနှင့် ဇီးချောင်းဆည် (၂)ခုမှာ နိုင်ငံတော်မှ ထိန်းသိမ်းထားသည့် ဆည်များဖြစ်ကြပြီး၊ ယင်းဆည်များ၏ အကျိုးပြုဧကမှာ (၅၀၀၀) ဧကဖြစ်ကြောင်းသိရှိရသည်။ ထို့အပြင် ဒေသဖွံ့ဖြိုးရေးဆည် (၂)ခု ရှိကာ အကျိုးပြုဧကပေါင်း (၁၀၀) ဧကဖြစ်ကြောင်းတွေ့ရှိရသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံပိုင် စက်ယန္တရားများအနေဖြင့် လယ်ထွန်စက်ကြီး (၃၂) စီးရှိကာ၊ ပုဂ္ဂလိကပိုင်စက်ယန္တရားများအနေဖြင့် လယ်ထွန်စက်ကြီး (၂၅) စီး နှင့် လက်တွန်းလယ်ထွန်စက် (၃၁၂) စီးတို့ရှိကြသည်။

ဤ ကျောက်တော်မြို့နယ်၌ နိုင်ငံပိုင်စက်ရုံအလုပ်ရုံနှင့်ပက်သက်ပြီးဖော်ပြထားခြင်းမရှိသကဲ့သို့ မှတ်ပုံတင်ထားသော ပုဂ္ဂလိကလုပ်ငန်းအရေအတွက်နှင့် ပက်သက်ပြီးဖော်ပြထားခြင်းမရှိချေ။

ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူထားရှိမှုများနှင့်ပက်သက်သည့် အရေအတွက်မှာ - ကျွဲ (၃၁၇၆၀) ကောင်၊ နွား (၁၂၁၆၀၉) ကောင်၊ ကြက် (၅၈၁၉၄၈) ကောင်၊ ဝက် (၂၄၅၄၅) ကောင်၊ ဘဲ (၃၇၁၇၇) ကောင် နှင့် ဆိတ် (၂၇၅၇၀) ကောင်တို့ဖြစ်ကြသည်။

ကျောက်တော်မြို့နယ်အတွင်း၌ လမ်းများနှင့်ပက်သက်ပြီး၊ အစိုးရဌာနများဖြစ်ကြသောပြည့်သူ့ဆောက်လုပ် ရေးလုပ်ငန်း (ပဆင) နှင့် စည်ပင်တို့မှ ဖောက်လုပ်ထားသော လမ်းများမှာ ကွန်ကရစ်လမ်း (၀.၂၆) မိုင်၊ ကတ္တရာလမ်း (၃၀.၄) မိုင်၊ ကျောက်လမ်း (၁၀.၇၁) မိုင်၊ မြေသားလမ်း (၁၄.၂) မိုင် ဖြစ်ရာ စုစုပေါင်း (၄၆.၅၆) မိုင်ဖြစ်ကြောင်းသိရှိရလေသည်။

ဆယ်သွယ်ရေးကဏ္ဍတွင် စာတိုက် (၁)ခု၊ ကြေးနန်း (၁)ခုတို့ရှိကြပြီး၊ တယ်လီဖုန်းအရေအတွက်မှာ အော်တိုတယ်လီဖုန်း (၈၉၆) လုံး၊ CDMA (၂၆၅၀) လုံး၊ GSM (၃၆၀၀) လုံးတို့ရှိရာ ဖုန်းအလုံးရေ စုစုပေါင်း (၇၁၄၆) လုံးရှိကြောင်းသိရှိရသည်။

### ၁.၄.၂ ကျောက်တော် မြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

ကျောက်တော်မြို့နယ်၏ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများကိုအောက်ပါဇယား အမှတ် (၁.၂)တွင်လေ့လာနိုင်သည်။ အောက်ပါ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စရင်းဇယားများအရ ကျောက်တော် မြို့နယ်၌ သေဆုံးသူဦးရေ(၁)ဦး ရှိသည်ဟုဖော်ပြထားသည် ကိုတွေ့ရှိရသည်။ ထို့ပြင် နေအိမ်အဆောက်အအုံအပျက်စီးများနှင့် ပက်သက်ပြီး ပျက်စီးသွားသော လူနေအိမ်အရေအတွက်မှာ စုစုပေါင်း(၁၀၂၈)ခန့်ရှိပြီး၊ တစ်ခုလုံးပျက်စီးသော အိမ်အရေအတွက်မှာ (၆၂၄)အိမ် ဖြစ်ပြီး၊ (၄၀၄)အိမ်မှာ အမိုးအကာပျက်စီးခြင်းဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သာသနိကအဆောက်အဦးနှင့်ပက်သက်ပြီး စုစုပေါင်းသိမ်/ကျောင်း/ဇရပ်(၁၉)ခုပျက်စီးသည်ဟုလည်း စရင်းဇယားများတွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

**ကျောက်တော်မြို့နယ်အတွင်း ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား (၁.၂)**

| စဉ် | အကြောင်းအရာ | စုစုပေါင်း အရေအတွက် | အသေးစိတ် ဖော်ပြချက် | (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | လူသေဆုံးမှု | ၁ ဦး | | |
| ၂ | လူနေအိမ်ပျက်စီးမှု | ၁၀၂၈ အိမ် | တစ်ခုလုံးပျက်စီး (၆၂၄) အိမ် | ၂၀၁.၅၀ |
| | | | အမိုးအကာပျက်စီးမှု (၄၀၄) အိမ် | ၃၁၂.၀၀ |
| ၃ | သာသနိကအဆောက်အအုံ ( သိမ်ကျောင်းဇရပ်) | ၁၉ | | ၉.၅၅၈ |
| ၄ | ကျန်းမာရေးအဆောက်အအုံ | ၃ | ဆေးရုံ - (၁) ခု<br>ဆေးခန်း - (၂) ခု | |
| ၅ | ပညာရေး အဆောက်အအုံ | ၂၃ | အထက - (၃) ကျောင်း | ၁၂.၀၀ |
| | | | အလက - (၂) ကျောင်း | ၅.၀၀ |
| | | | အမက - (၁၈) ကျောင်း | ၆၁.၀၀ |
| ၆ | ရေမြုပ်ပျက်စီးသွားသောလယ်မြေဧက | ၄၁၂၈၁ ဧက | | ၂၇၆၅.၈၂၀ |
| ၇ | ဆုံးရှုံးသွားသော စပါးတင်းပေါင်း | ၄၁၂၈၁ တင်း | | ၃၀၉.၆၀၇၅ |
| ၈ | မွေးမြူရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၁။ ကြက် (၃၄၂၉၂)ကောင် | ၂၃၃.၈၃ |
| | | | ၂။ ဘဲ (၁၁၆၄) ကောင် | ၈.၁၄ |
| | | | ၃။ ဝက် (၃၁၄၆)ကောင် | ၂၅၁.၆၈ |
| | | | ၄။ ကျွဲ (၄၈၄)ကောင် | ၂၄၂.၀၀ |
| | | | ၅။ နွား (၉၂၀)ကောင် | ၃၆၈.၀၀ |
| | | | ၆။ ဆိတ် (၉၈၈) ကောင် | ၃၄.၅၀ |
| ၉ | လမ်းပန်းဆက်သွယ်ရေးနှင့်ပ | | ၁။ကတ္တရာလမ်း (မိုင်) - ၂၄.၀၄ မိုင် | ၈၃၃.၆၀ |

| | | | | |
|---|---|---|---|---|
| | က်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၂။ (၄၀) အောက်တံတား (၂) စင်း | ၄၅.၀၀ |
| | | | ၃။ (၄၀) အထက် တံတား (၇) စင်း | ၈၇၈.၆၀ |
| ၁၀ | ဆည်မြောင်းတာတမံများ | ၁။ နိုင်ငံပိုင်ဆည် (၁) ခု | ၁၅၃၀၀ ပေ | ၁၂၅.၀၀ |
| ၁၁ | ပျက်စီးသွားသော ရေတွင်း/ရေကန် စုစုပေါင်း | ၂၇၁ ကန် | | |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

ကျန်းမာရေးကဏ္ဍတွင် မင်းပြားမြို့ နယ်ရှိ ဆေးရုံ (၁)ရုံ၊ ဆေးခန်း (၂) ခန်း တို့တွင် ထိခိုက်ပျက်စီးမှုများရှိသည် ဟုလည်းကောင်း၊ ပညာရေးကဏ္ဍ၌လည်း အထက(၃)ကျောင်း၊ အလက(၂)ကျောင်း၊ အမက(၁၈)ကျောင်း တို့တွင်ထိခိုက်ပျက်စီးမှုများ ရှိကြသည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရ သည်။ စိုက်ပျိုးရေးကဏ္ဍ၌ ရေမြုပ်ပျက်စီးသွားသော လယ်မြေဧက ပေါင်း ၄၁၂၈၁) ဧက ရှိသည်ဟုလည်းကောင်း၊ စပါးတင်းပေါင်း (၄၁၂၈၁) တင်းဆုံးရှုံးသွားသည်ဟု လည်းကောင်းဖော်ပြထားသည်ကိုတွေ့ရှိရသည်။

မွေးမြူရေး ကဏ္ဍတွင်ကြက်(၂၀၅၉)ကောင်၊ဘဲ(၆၀၇) ကောင်၊ ဂဏ်(၄၂၆)ကောင်၊ ကျွဲ(၇၄၅)ကောင်၊ နွား(၁၀၈၆)ကောင်နှင့် ဆိတ်(၁၇၅)တို့ ပျက်စီးဆုံးရှုံးမှုရှိကြပြီး ပုဇွန်/ငါးကန် ဧကပေါင်း ၆၂၅၅.၄၂ ဧကအပျက်အစီးရှိသည် ဟုဖော်ပြပါရှိ လေသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကျောက်/မြေသား လမ်း(မိုင်) ၁၈.၅ မိုင်အပျက်အစီးရှိပြီး၊ (၂၀)ပေအောက်တံတား (၁၂) စင်း၊ ပေ (၄၀) အောက်တံတား (၂) စင်းနှင့် ပေ (၄၀) အထက် တံတား (၂) စင်းတို့လည်း အပျက်အစီး စာရင်းထဲတွင် ပါဝင်သည်ကို တွေ့ရှိရသည်။ ၎င်းအပြင် နိုင်ငံပိုင် ဆည် (၃) ခု (စုစုပေါင်း ၉၀၅၀ ပေ)၊ နှင့် အတူ လယ်သမားတာ (၈) ခု ( စုစုပေါင်း ၅၆၉၃၈ ပေ) အပါအဝင် အခြားတာ (၃) ခု (စုစုပေါင်း ၆၉၈ ပေ) ပျက်စီးဆုံးရှုံးမှုများ ရှိနေကြောင်းတွေ့ ရှိရလေသည်။ ထို့အပြင် ရေကန်ပေါင်း (၁၅၀) ကန် ပျက်စီးဆုံးရှုံးမှုရှိ ကြောင်း ဖော်ပြထားသည်ကိုတွေ့ ရှိရသည်။

ထို့ကြောင့်အထက်ပါအချက်များကိုထောက်ရှုခြင်းဖြင့်ကျောက်တော်မြို့နယ်အတွင်း၌ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေး စသည့်ကဏ္ဍများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပါအဝင်၊ လယ်ယာစီးပွားရေးလုပ်ငန်း၊ ငါးလုပ်ငန်းစသည် ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်ပျက်စီးမှုများအမြောက်အများရှိခဲ့ကြကြောင်းသိရှိရလေသည်။

ဆက်လက်၍ မြောက်ဦးမြို့နယ်အတွင်းရှိ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးမှု အခြေအနေများကို ဆက်လက်လေ့လာကြပါစို့။

## ၁.၅ မြောက်ဦးမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

### ၁.၅.၁ မြောက်ဦးမြို့နယ်၏ ဒေသန္တရအချက်အလက်များ

ကျောက်တော်မြို့နယ်၏ ဤဒေသန္တရအချက်အလက်များသည်လည်း ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များဖြင့် ကိုးကားတင်ပြထားခြင်းဖြစ်ပါသည်။

မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ဦးခရိုင်အတွင်းမှ မြို့နယ်တစ်ခုဖြစ်ပြီး၊ နယ်မြေအကျယ်အဝန်း အားဖြင့် စတုရန်းမိုင်ပေါင်း ( ၄၉၀.၉၇) မိုင်ရှိ၍၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၂၇) ပေ၌ တည်ရှိကာ မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၁၀ မိနစ် ၃၀ စက္ကန့်မှ ၂၀ ဒီဂရီ ၂၀ မိနစ် ၂၀ စက္ကန့် အကြား၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၁၀ မိနစ် ၁၅ စက္ကန့်မှ ၉၃ ဒီဂရီ ၁၉ မိနစ် ၂၅ စက္ကန့်အကြားတွင် တည်ရှိသည်။ မြောက်ဦးမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု (၉၅) အုပ်စုရှိကာ၊ ကျေးရွာပေါင်း (၂၄၈) ရွာရှိသည်။ မြောက်ဦးမြို့နယ်တစ်ခုလုံးရှိ လူဦးရေ စုစုပေါင်းမှာ ၂၂၉၇၁၀ ဦးဖြစ်ပြီး၊ မြို့ပေါ်နေလူဦးရေမှာ ၃၃၇၁၆ ဖြစ်၍၊ ကျေးလက်နေလူဦးရေမှာ ၁၉၁၉၉၄ ဦးဖြစ်သည်။

ပညာရေးကဏ္ဍတွင် စာသင်ကျောင်းအရေအတွက်အားဖြင့် အထက်တန်းကျောင်း (၄) ကျောင်း၊ အထက ခွဲ(၅) ကျောင်း၊ အလယ်တန်းကျောင်း (၄) ကျောင်း၊ အလယ်တန်း(ခွဲ) ကျောင်း (၁၃) ကျောင်း၊ မူလတန်းကျောင်း (၁၅၂) ကျောင်း၊ မူလွန်ကျောင်း (၃၁) ကျောင်းတို့အသီးသီးရှိကြပြီး၊ စုစုပေါင်း ကျောင်းသား/သူပေါင်း အရေအတွက်မှာ (၂၉၀၀၂) ဦးဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် ကုတင် (၂၅)ဆံ့ ဆေးရုံ (၁)ရုံ၊ တိုက်နယ်ဆေးရုံ (၂) ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၈)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၄) ခု၊ ကျောင်းကျန်းမာရေးဌာန (၁)ခု၊ တိုင်းရင်းဆေးရုံ (၁)ခု၊ မိခင်ကလေးစောင့်ရှောက်ရေးဌာန (၁) ခု ရှိပြီး၊ ကျန်းမာရေးဝန်ထမ်းအရေအတွက်မှာ ဆရာဝန် (၅) ဦးနှင့် သူနာပြု (၁၉) ဦးတို့ဖြစ်ကြသည်။

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံနှင့် ကြံတို့ဖြစ်ကြသည်။ စိုက်ပျိုးနိုင်သည့်ကေ စုစုပေါင်း ၁၄၂၈၅၃ ကေရှိပြီး၊ စိုက်ပျိုးရန်လျာထားသည့် ကေပေါင်း ၁၃၃၇၂၂ ကေရှိကာ၊ စိုက်ကေစုစုပေါင်းမှာ ၁၃၃၂၆၈ ကေရှိကြောင်း သိရှိရသည်။ စပါးစိုက်ပျိုးမြေကေပေါင်း (၁၃၃၇၂၂) ကေ ရှိပြီး၊ ပဲစုစုပေါင်းစိုက်ကေ (၄)ကေရှိကာ၊ ဆီထွက်သီးနှံစိုက်ကေပေါင်း (၁၉၂၀) ကေရှိကြောင်းသိရှိရသည်။

မြောက်ဦးမြို့နယ်အတွင်း တစ်နှစ်လုံးအတွက် ပျမ်းမျှမိုးရွာသွန်းမှုနှုန်းမှာ (၁၂၆) ရက်ရှိပြီး၊ ပျမ်းမျှ မိုးရေချိန်လက်မအားဖြင့် (၁၉၀.၉၆) လက်မရှိသည်။ နိုင်ငံတော်မှ ထိန်းသိမ်းထားသည့် ဆည် (၁)ခုရှိကာ၊ ယင်းဆည်၏ အကျိုးပြုကေမှာ (၁၅၀) ကေဖြစ်ပြီး၊ ဒေသဖွံ့ဖြိုးရေးဆည် (၁)ခုရှိကာ ယင်းဆည်၏ အကျိုးပြုကေမှာ (၁၄၃) ကေဖြစ်သည်။ ထို့ပြင် လျှိုပိတ်ကျေးလက်ဆည်တစ်ခုလည်း ရှိပြီး၊ ယင်းဆည်၏ အကျိုးပြုကေမှာ (၁၅၀) ကေဖြစ်ကြောင်း သိရှိရသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံပိုင် စက်ယန္တရားများအနေဖြင့် လယ်ထွန်စက်ကြီး (၃) စီးရှိကာ၊ ပုဂ္ဂလိကပိုင် စက်ယန္တရားများအနေဖြင့် လက်တွန်းစက် (၅)စီး၊ စပါးရိတ်စက် (၃) စီးရှိကြကြောင်း တွေ့ရှိရသည်။

ဤမြောက်ဦးမြို့နယ်၌ နိုင်ငံပိုင်စက်ရုံအလုပ်ရုံမရှိသကဲ့သို့ မှတ်ပုံတင်ထားသောပုဂ္ဂလိကလုပ်ငန်းအရေအတွက် နှင့် ပက်သက်ပြီး ဖော်ပြထားခြင်းမရှိချေ။

ကျွဲနွားတိရစ္ဆာန်မွေးမြူထားရှိမှုများနှင့် ပက်သက်သည့် အရေအတွက်မှာ - နွား (၆၅၇၇၈) ကောင်၊ ကျွဲ (၆၁၇၈၅) ကောင်၊ ဝက် (၁၉၈၈၂) ကောင်၊ ကြက် (၆၃၅၉၄၉) ကောင်၊ ဘဲ(၃၅၉၄၁) ကောင်၊ ဘဲငန်း (၁၁၈၆၆) ကောင်၊ ဆိတ် (၂၉၅၈၀) ကောင် တို့ဖြစ်ကြသည်။

မြောက်ဦးမြို့နယ်အတွင်းရှိလမ်းများနှင့်ပက်သက်ပြီး၊ အစိုးရဌာနများဖြစ်ကြသော ပြည့်သူ့ဆောက်လုပ်ရေးလုပ် ငန်း (ပဆင) နှင့် စည်ပင်တို့မှ ဖောက်လုပ်ထားသောလုပ်များမှာ ကတ္တရာလမ်း (၆၄.၁) မိုင်၊ ကျောက်ခင်းလမ်း (၆၆.၂) မိုင်၊ ကျောက်ချောလမ်း (၅) မိုင်၊ မြေသားလမ်း (၂၂.၂) မိုင်ဖြစ်တို့ အသီးသီးရှိကြောင်း သိရှိရသည်။

ဆယ်သွယ်ရေးကဏ္ဍတွင် စာတိုက် (၁) ခု၊ ကြေးနန်း (၁)ခု၊ အော်တိုတယ်လီဖုန်း (၃၀၅)လုံး၊ GSM (၁၀၄၁) လုံး၊ CDMA (၆၅၆၀) လုံးတို့ဖြစ်ကြသည်။

### ၁.၅.၂ မြောက်ဦး မြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

မြောက်ဦးမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများကို အောက်ပါဇယား အမှတ် (၁.၃)တွင်လေ့လာနိုင်သည်။ အောက်ပါ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရ မြောက်ဦး မြို့နယ်၌ သေဆုံးသူဦးရေ(၁၃)ဦး ရှိသည်ဟုဖော်ပြထားသည် ကိုတွေ့ရှိရသည်။ ထို့ပြင် နေအိမ်အဆောက်အအုံအပျက်စီးများနှင့် ပက်သက်ပြီး ပျက်စီးသွားသော လူနေအိမ်အရေအတွက်မှာ စုစုပေါင်း(၁၈၁၄)ခန့်ရှိပြီး၊ တစ်ခုလုံးပျက်စီးသော အိမ်အရေအတွက်မှာ (၁၂၈၈)အိမ် ဖြစ်ပြီး၊ (၅၂၆)အိမ်မှာ အမိုးအကာပျက်စီးခြင်းဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သာသနိက အဆောက်အဦးနှင့်ပက်သက်ပြီး စုစုပေါင်းသိမ်/ကျောင်း/ဇရပ်(၁၄)ခု ပျက်စီးသည်ဟုလည်း စာရင်းဇယားများတွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

**မြောက်ဦးမြို့နယ်အတွင်း ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား (၁.၃)**

| စဉ် | အကြောင်းအရာ | စုစုပေါင်း အရေအတွက် | အသေးစိတ် ဖော်ပြချက် | (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | လူသေဆုံးမှု | ၁၃ ဦး | | |
| ၂ | လူနေအိမ်ပျက်စီးမှု | ၁၈၁၄ အိမ် | တစ်ခုလုံးပျက်စီး (၁၂၈၈) အိမ် | ၃၈၆.၄ |
| | | | အမိုးအကာပျက်စီးမှု (၅၂၆) အိမ် | ၅၂.၆ |
| ၃ | သာသနိကအဆောက်အအုံ ( သိမ်ကျောင်းဇရပ်) | ၁၄ ခု | ဘုန်းကြီးကျောင်း (၁၁) | ၃၇.၅ |
| ၄ | ကျန်းမာရေးအဆောက်အအုံ | ၂၄ | ဆေးရုံ (၂) ရုံ<br>ကျေးလက်ကျန်းမာရေးဌာန -(၇)<br>ကျေးလက်ကျန်းမာရေးဌာန(ခွဲ) - ၁၅ | |
| ၅ | ပညာရေး အဆောက်အအုံ | ၅၈ | အထက - (၄) ကျောင်း | ၁၅.၂၇ |

| | | | | |
|---|---|---|---|---|
| | | | အလက - (၁၂) ကျောင်း | ၂၆.၇၆၈ |
| | | | အမက - (၄၂) ကျောင်း | ၃၁.၇၉၇ |
| ၆ | ရေမြုပ်ပျက်စီးသွားသောလယ်မြေဧက | ၇၅၂၄၂ ဧက | | ၅၀၄၁.၂၁၄ |
| ၇ | ဆုံးရှုံးသွားသော စပါးတင်းပေါင်း | ၄၈၅၀၀ တင်း | | ၃၃၉.၅၀၀ |
| ၈ | မွေးမြူရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၁။ ကြက် (၂၇၁၃၃)ကောင် | ၁၈၉.၉၀ |
| | | | ၂။ ဘဲ (၁၇၆၄) ကောင် | ၈.၈၂ |
| | | | ၃။ ဝက် (၁၁၄၀)ကောင် | ၅.၇ |
| | | | ၄။ ကျွဲ (၁၀၃၆)ကောင် | ၄၁၄.၄၀ |
| | | | ၅။ နွား (၂၄၆၂)ကောင် | ၇၃၈.၆၀ |
| | | | ၆။ ဆိတ် (၉၅၈) ကောင် | ၁၄.၃၇ |
| | | | ၇။ ပုဇွန်/ငါးကန် ၅၆၄.၀၀ ဧက | ၁၆၉.၂၀၀ |
| ၉ | လမ်းပန်းဆက်သွယ်ရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | | ၁။ကတ္တရာလမ်း (မိုင်) - ၂၄.၀၄ မိုင် | ၅၃၂.၆၀ |
| | | | ၂။ (၄၀) အောက်တံတား (၂) စင်း | ၈၀.၀၀ |
| | | | ၃။ (၄၀) အထက် တံတား (၇) စင်း | ၁၄၅.၅၀ |
| ၁၀ | ဆည်မြောင်းတာတမံများ | ၁။ နိုင်ငံပိုင်ဆည် (၁) ခု | အကျယ် (၂၀)ပေ၊ အနက် (၁၅) ပေ | ၁.၅ |
| ၁၁ | ပျက်စီးသွားသော ရေတွင်း/ရေကန် စုစုပေါင်း | ၃၉၇ | ရေတွင်း - ၁၅ တွင်း<br>ရေကန် - ၃၈၂ ကန် | |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

ကျန်းမာရေးကဏ္ဍတွင် မြောက်ဦးမြို့နယ်အတွင်းရှိ ဆေးရုံ(၂)ရုံ ၊ကျေးလက်ကျန်းမာရေးဌာန(၇)ခုနှင့်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) - ၁၅ ခု တို့တွင် ထိခိုက်ပျက်စီးမှုများရှိသည် ဟုလည်းကောင်း၊ ပညာရေးကဏ္ဍ၌လည်း အထက(၄)ကျောင်း၊ အလက(၁၂)ကျောင်း၊ အမက(၄၂)ကျောင်း တို့တွင်ထိခိုက်ပျက်စီးမှုများ ရှိကြသည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရ သည်။ စိုက်ပျိုးရေးကဏ္ဍ၌ ရေမြုပ်ပျက်စီးသွားသော လယ်မြေဧကပေါင်း(၇၅၂၄၂)ဧကရှိသည်ဟု လည်းကောင်း၊ စပါးတင်းပေါင်း (၄၈၅၀၀)တင်း ဆုံးရှုံးသွားသည်ဟု လည်းကောင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

မွေးမြူရေး ကဏ္ဍတွင်ကြက်(၂၇၁၃၃)ကောင်၊ဘဲ(၁၇၆၄) ကောင်၊ ဝက်(၁၁၄၀)ကောင်၊ ကျွဲ(၁၀၃၆)ကောင်၊ နွား(၂၄၆၂)ကောင်နှင့် ဆိတ်(၉၅၈)တို့ ပျက်စီးဆုံးရှုံးမှုရှိကြပြီး ပုဇွန်/ငါးကန် ဧကပေါင်း ၅၆၄ ဧကအပျက်အစီးရှိသည်ဟုဖော်ပြပါရှိ လေသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကတ္တရာလမ်း (၂၄.၀၄) မိုင်အပျက်အစီးရှိပြီး၊ ပေ (၄၀) အောက်တံတား (၂) စင်းနှင့် ပေ (၄၀) အထက် တံတား (၇) စင်းတို့လည်း အပျက်အစီးစာရင်းထဲတွင် ပါဝင်သည်ကို တွေ့ရှိရသည်။ ၎င်းအပြင် နိုင်ငံပိုင်

ဆည် (၁) ခု (အကျယ် (၂၀) ပေနှင့် အနက် (၁၅)ပေ) ပျက်စီးခဲ့သည်။ ထို့အပြင် ရေကန်ပေါင်း (၃၉၇) ကန် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ထို့ကြောင့်အထက်ပါအချက်များကိုထောက်ရှုခြင်းဖြင့်မြောက်ဦးမြို့နယ်အတွင်း၌ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေး စသည့်ကဏ္ဍများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပါအဝင်၊ လယ်ယာစီးပွားရေးလုပ်ငန်း၊ ငါးလုပ်ငန်းစသည် ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်ပျက်စီးမှုများအမြောက်အများရှိခဲ့ကြကြောင်းသိရှိရလေသည်။

ဆက်လက်၍ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးမှု အခြေအနေများကို ဆက်လက်လေ့လာကြပါစို့။

## ၁.၆ ပုဏ္ဏားကျွန်းမြို့နယ်၏ ဒေသန္တရအချက်အလက်များနှင့် ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

### ၁.၆.၁ ပုဏ္ဏားကျွန်းမြို့နယ်၏ ဒေသန္တရအချက်အလက်များ

ပုဏ္ဏားကျွန်းမြို့နယ်၏ ဤဒေသန္တရအချက်အလက်များသည်လည်း ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များဖြင့် ကိုးကားတင်ပြထားခြင်းဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်သည် ရခိုင်ပြည်နယ်စစ်တွေခရိုင်အတွင်းမှ မြို့နယ်တစ်ခုဖြစ်ပြီး နယ်မြေအကျယ်အဝန်းအား ဖြင့် စတုရန်းမိုင်ပေါင်း (၄၃၉.၆၁) မိုင်ရှိ၍၊ အမြင့်ပေအားဖြင့် (၁၉.၈) ပေရှိကာ၊ တည်နေရာအားဖြင့် မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၈ မိနစ်မှ ၂၀ ဒီဂရီ ၁၈ မိနစ် ၄၅ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၄၅ မိနစ်မှ ၉၂ ဒီဂရီ ၄၅ မိနစ် ၁၂ စက္ကန့်အကြားတွင် တည်ရှိသည်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း၌ ကျေးရွာပေါင်း (၁၉၃) ရွာရှိကြောင်း သိရှိရသည်။ ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံးရှိ လူဦးရေစုစုပေါင်းမှာ ၁၃၄၁၉၂ ဦးဖြစ်ပြီး၊ မြို့ပေါ်နေလူဦးရေမှာ ၁၀၈၅၉ ဦးဖြစ်ကာ၊ ကျေးလက်နေလူဦးရေမှာ ၁၂၃၃၃၃ ဦးဖြစ်သည်။

ပညာရေးကဏ္ဍတွင် စာသင်ကျောင်းအရေအတွက်အားဖြင့် အထက်တန်းကျောင်း(၅)ကျောင်း၊ အထက်တန်း ကျောင်းခွဲ (၅) ကျောင်း၊ အလယ်တန်းကျောင်း ခွဲ (၁၃) ကျောင်း၊ မူလတန်းကျောင်း (၁၀၇) ကျောင်း၊ မူလွန်ကျောင်း(၄၉)ကျောင်း၊ မူလွန်ကျောင်းခွဲ (၁၃)ကျောင်းရှိကြပြီး၊ ကျောင်းသူ/ကျောင်းသား အရေအတွက် အား ဖြင့် (၂၉၉၅၉) ဦးရှိကြသည်။ ပုဏ္ဏားကျွန်းမြို့နယ်၌ ဆရာ/ဆရာမ ဦးရေ အရေအတွက်မှာ (၁၀၄၃) ဦး ရှိကြောင်းသိရှိရသည်။

ကျန်းမာရေးကဏ္ဍတွင် ကုတင် (၂၅) ဆံ့ ဆေးရုံ (၁)ရုံ၊ ကုတင် (၁၆) ဆံ့ တိုက်နယ်ဆေးရုံ (၂)ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန (၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန ခွဲ (၂၃)ခု၊ တိုင်းရင်းဆေးရုံ (၁)ရုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁)ခု နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဌာန (၁) ခု စသည်အားဖြင့်ရှိကြသည်။ ကျန်းမာရေးဝန်ထမ်းအရေအတွက်မှာ ဆရာဝန် (၅)ဦး၊ သူနာပြု (၁၅)ဦး၊ သားဖွားဆရာမ (၃၀) ဦးတို့ရှိကြသည်။

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ နှမ်း၊ ပဲစဉ်းငုံနှင့် အစေ့ထုတ်ပြောင်း တို့ဖြစ်ကြသည်။ စိုက်ပျိုးနိုင်သည့်နယ်မြေအကျယ်အဝန်းပေါင်း ၆၅၁၃၄ ဧကရှိပြီး၊ စိုက်ပျိုးရန်လျာထား သည့်ဧကပေါင်း ၆၃၅၀၀

ကေရှိကြောင်းတွေ့ရှိရကာ၊ စိုက်ဧက စုစုပေါင်း မှာ ၃၁၃၄၅ ဧကရှိကြောင်းသိရှိရ သည်။ စပါးစိုက်ဧကစုစုပေါင်းမှာ ၆၁၄ ဧကဖြစ်ကြောင်းသိရှိရသည်။

ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး၏ တစ်နှစ်လုံးပျမ်းမျှမိုးရွာသွန်းမှုနှုန်းမှာ (၁၁၄) ရက်ဖြစ်ပြီး၊ ပျမ်းမျှမိုးရေချိန်မှာ (၁၉၄.၂၆) လက်မဖြစ်သည်။ နိုင်ငံတော်မှ ထိန်းသိမ်းထားသည့် တာတမံ(၂) ခုရှိကာ၊ ယင်းတာတမံ (၂)ခု၏ အကျိုးပြုဧက စုစုပေါင်းမှာ (၂၀၅၉) ဧကဖြစ်သည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးဆည် (၁)ခုရှိပြီး၊ ယင်းဆည်၏ အကျိုးပြုဧကမှာ (၃၀) ဧကဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံပိုင်စက်ယန္တယားများအနေဖြင့် လယ်ထွန်စက်ကြီး(၆)စီး၊ လက်တွန်းထွန် စက် (၂၄) စီး၊ ရိတ်သိမ်းချွေလှေ့စက် (၅) စီး၊ နှင့် ရေစုပ်စက် (၂၀) လုံးတို့ဖြစ်ကြသည်။ ပုဂ္ဂလိကပိုင် စက်ယန္တရားများအနေဖြင့် လက်တွန်းလယ်ထွန်စက် (၂၃၂) စီး၊ နှင့် ရေစုပ်စက် (၆) လုံးတို့ ဖြစ်ကြသည်။

ဤပုဏ္ဏားကျွန်းမြို့နယ်၌ နိုင်ငံပိုင်စက်ရုံအလုပ်ရုံမရှိသကဲ့သို့ မှတ်ပုံတင်ထားသော ပုဂ္ဂလိကလုပ်ငန်း အရေအ တွက် နှင့် ပက်သက်ပြီး ဖော်ပြထားခြင်းမရှိချေ။

ကျွဲ၊နွားတိရစ္ဆာန်မွေးမြူထားရှိမှုများနှင့် ပက်သက်သည့်အရေအတွက်မှာ နွားအကောင်ရေ(၆၄၁၇၈) ကောင်၊ ကျွဲအကောင်ရေ(၄၁၃၇၉) ကောင်၊ ဝက်အကောင် (၁၂၀၀၀) ကောင်၊ ကြက်အကောင်ရေ (၁၄၅၉၈) ကောင်၊ ဆိတ်အကောင်ရေ (၄၃၇၈) ကောင်၊ ဘဲအကောင်ရေ (၁၀၆၈၄) ကောင် တို့ဖြစ်ကြသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ လမ်းများနှင့်ပက်သက်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ပဆင)၊ စည်ပင်နှင့် နတလ တို့မှ လမ်းများဖောက်လုပ်ထားရှိမှုများရှိကြပြီး၊ ကတ္တရာလမ်းအားဖြင့် (၃၅) မိုင်၊ ကျောက်လမ်းအားဖြင့် (၂၂) မိုင် (၁) ဖာလုံ၊ မြေလမ်း အားဖြင့် (၁၀) မိုင် (၁) ဖာလုံဖြစ်ရာ စုစုပေါင်း (၆၇) မိုင် (၂) ဖာလုံ ရှိကြောင်းသိရှိရသည်။

ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက် (၄) ခု၊ ကြေးနန်း (၁)ခု၊ လက်လှည့်ဖုန်း (၁) ရုံးနှင့် CDMA/GSM (၆၅၀၀) လုံးတို့ရှိကြောင်းသိရှိရသည်။

## ၁.၆.၂ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ

ပုဏ္ဏားကျွန်းမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများကို အောက်ပါဇယား အမှတ် (၁.၄)တွင်လေ့လာနိုင်သည်။

ဤမြို့နယ်၌ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ခန့်မှန်းတန်ဖိုးအား အခြားမြို့နယ်များကဲ့သို့လက်လှမ်း မမှီသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။

အောက်ပါ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရ ပုဏ္ဏားကျွန်းမြို့နယ်၌ သေဆုံးသူဦးရေ (၃)ဦး ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် နေအိမ်အဆောက်အအုံအပျက်စီးများနှင့် ပက်သက်ပြီး ပျက်စီးသွား သော လူနေအိမ်အရေအတွက်မှာ စုစုပေါင်း (၂၂၂၃) အိမ်ခန့်ရှိခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား (၁.၄)

| စဉ် | အကြောင်းအရာ | စုစုပေါင်း အရေအတွက် |
|---|---|---|
| ၁ | လူသေဆုံးမှု | ၃ ဦး |
| ၂ | လူနေအိမ်ပျက်စီးမှု | ၂၂၃ အိမ် |
| ၃ | သာသနိကအဆောက်အအုံ | ဘုန်းကြီးကျောင်း - ၁၄ ကျောင်း |
| ၄ | ပညာရေးအဆောက်အအုံ | ၃၇ ခု |
| ၅ | ရေမြုပ်ပျက်စီးသွားသောလယ်မြေဧက | ၉၆၅၇ ဧက |
| ၆ | မွေးမြူရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | ကျွဲနွား - ၃၃၈ ကောင် |
| ၇ | လမ်းပန်းဆက်သွယ်ရေးနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု | လမ်း - (၄) လမ်း<br>တံတား - (၂) စင်း |
| ၈ | ဆည်မြောင်းတာတမံများ | ဆည် - (၃) ခု |
| ၉ | ရေကန်ပေါင်း | ၆၀ ကန် |

ရည်ညွှန်း-ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

ပညာရေးကဏ္ဍ၌လည်း စာသင်ကျောင်း(၃၇)ကျောင်း တို့တွင်ထိခိုက်ပျက်စီးမှုများ ရှိကြသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးရေးကဏ္ဍ၌ ရေမြုပ်ပျက်စီးသွားသော လယ်မြေဧက အရေအတွက်မှာ (၉၆၅၇) ဧကရှိသည်။

မွေးမြူရေး ကဏ္ဍတွင် ကျွဲ၊ နွားတိရစ္ဆာန်ပေါင်း (၃၃၈)ကောင် သေဆုံးမှုများရှိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လမ်း စုစုပေါင်း(၄)ခု နှင့် တံတား(၂) စင်းတို့လည်း အပျက်အစီး စာရင်းထဲတွင် ပါဝင်သည်ကို တွေ့ရှိရသည်။ ၎င်းအပြင် ဆည်(၃)ခု သည်လည်းပျက်စီးမှုများရှိခဲ့သည့်အပြင် ရေကန်ပေါင်း (၆၀) ကန် ပျက်စီးဆုံးရှုံးမှုရှိ ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ထို့ကြောင့် ဤမြို့နယ်(၄)ခုလုံး၌ ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေးစသည့် ကဏ္ဍများနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအပါအဝင်၊ လယ်ယာစီးပွားရေးလုပ်ငန်း၊ ငါးလုပ်ငန်းစသည့်ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်ပျက်စီးမှုများ အမြောက်အများရှိခဲ့ကြကြောင်း သိရှိရလေသည်။

Scholar Institute နှင့် Yaung Chi Thit အဖွဲ့တို့ပူးပေါင်းပြီး လေ့လာတွေ့ရှိထားသော အသေးစိတ်ပျက်စီးမှု အခြေအနေများနှင့် ရပ်မိရပ်ဖများထံမှရရှိသော သတင်းအချက်အလက်များအရ ရပ်ရွာအခြေပြု ပြန်လည်ထူထောင် ရေးလုပ်ငန်းများပြုလုပ်မည်ဆိုပါက မည်သည့်နည်းလမ်းများဖြင့် မည်သို့မည်ပုံ လုပ်ဆောင်သင့်ကြောင်းကိုတခြားသော အခန်းများ၌ ဆက် လက်၍တင်ပြထား ပါသည်။

# အခန်း(၂)

## ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ် (၄)မြို့နယ်ရှိ ကျေးရွာများ၏ ပညာရေးကဏ္ဍအခြေအနေများ

ဤအခန်း၌ မြို့နယ်(၄)မြို့နယ်၏ ပညာရေးကဏ္ဍ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို အသေးစိတ်တင်ပြသွားမည် ဖြစ်သလို၊ လိုအပ်ချက်များကို မည်သို့မည်ပုံထောက်ပံ့ကူညီသင့်ကြောင်းကိုလည်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို အခြေခံလျက် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

ရေလွှမ်းမိုးခြင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြို့ပေါ်ဒေသနှင့် ကျေးလက်တောရွာများဟူ၍ နှစ်ပိုင်းခွဲခြားရန်လိုအပ်ပြီး၊ မိမိတို့အနေဖြင့် ဤအစီရင်ခံစာ၌ ကျေးလက်တောရွာများ၏ ပညာရေးကဏ္ဍတွင်ပျက်စီးဆုံးရှုံးမှု အခြေအနေကို အဓိကမီးမောင်းထိုး တင်ပြသွားနိုင်ရန်ရည်ရွယ်ပါသည်။

### ၂.၁ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအခြေ အနေများ

ပထမဦးစွာ မင်းပြားမြို့နယ်ရှိကျေးရွာများ၏ပညာရေးအခြေအနေနှင့်ပက်သက်ပြီးတင်ပြပါမည်။ အခန်း(၁)ရှိ ဇယား (၁.၁) တွင် ဖော်ပြထားသော အပျက်အစီးစာရင်း များမှာ မင်းပြားမြို့နယ် တစ်ခုလုံးအနေဖြင့် ကဏ္ဍအားလုံးကို ခြုံငုံ၍ ဖော်ပြထားခြင်းမျှသာဖြစ်ရာ ကဏ္ဍအလိုက်ခွဲခြားဖော်ပြရန်လိုအပ်သလို ကျေးရွာများ၏ပျက်စီးမှုပကတိအခြေအနေအသေးစိတ်ကို ထပ်မံဖော်ပြရန် လိုအပ်ပေသည်။ သို့မှသာပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် သောအခါ မည်သည့်ကျေးရွာအုပ်စုများတွင် မည်သည့်ကိစ္စရပ်များကို မည်သည့်နည်းလမ်းများဖြင့် မည်သို့မည်ပုံဦးစား ပေး လုပ်ဆောင်သင့်ကြောင်းကို အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ကြမည် ဖြစ်သည်။

မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မင်းပြားတစ်မြို့နယ်လုံးရှိကျေးရွာအရေ အတွက်သည် စုစုပေါင်း၂၄၆ရွာ ရှိသည့်အနက် ရွာပေါင်း၂၁၉ ရွာသည် ရေလွှမ်းမိုးခြင်းဒဏ်ကို ခံစားခဲ့ကြရသည်ကို ဖော်ပြထားသည်။ မိမိတို့အနေဖြင့် အဆိုပါ ကျေးရွာပေါင်း ၂၁၉ တို့အနက် ရွာအားလုံး၏ အခြေအနေကို အသေးစိတ်ကို တစ်ရွာချင်းစီအလိုက်
ဖော်ပြရန်မတတ်နိုင်သော်ငြားလည်း၊အစိုးရဌာနမှရရှိသောစာရင်းဇယားများ၊ဝဲလက်ဖောင်ဒေးရှင်းမှအချက်အလက်ကောက်ယူခဲ့သောရွာများမှရရှိသောအချက်အလက်များ၊ဒေသခံအဖွဲ့အစည်းများမှရရှိသောအချက်အလက်များနှင့်တကွမိမိတို့ကိုယ်တိုင်ကိုယ်ကျသွားရောက် လေ့လာခဲ့သော မင်းပြားမြို့ နယ်ရှိ ကျေးရွာ (၁၀)ရွာမှ ရရှိသောအချက်အလက်များကို

အခြေခံလျက် မင်းပြားမြို့နယ်တစ်ခွင်ရှိ ကျေးရွာများ၏ ပကတိပျက်စီးမှုအခြေအနေများကို ကဏ္ဍတစ်ခုချင်းစီအလိုက်ခြယ်မှုန်းတင်ပြသွား မည်ဖြစ်ပါ သည်။

မြောက်ဦးခရိုင် အထွေထွေဦးစီးဌာနမှထုတ်ပြန်ထားသော စာရင်းဇယားများအရ မင်းပြားမြို့နယ်အတွင်း ပညာရေးကဏ္ဍ၌ အပျက်အစီးများ မှာ အောက်ပါအတိုင်းတွေ့ရလေသည်။

မင်းပြားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် ရုံး/ကျောင်းများစာရင်း - ဇယားအမှတ် (၂.၁)

| စဉ် | မြို့နယ် | ရုံး/ကျောင်းများစာရင်း | ပျက်စီးမှုအခြေအနေ | အတိုင်းအတာ | | | ပျက်စီးမှုတန်ဖိုး |
|---|---|---|---|---|---|---|---|
| | | | | အလျား | အနံ | အမြင့် | |
| ၁ | မင်းပြား | မူလတန်းကျောင်း (၁) ကျောင်း ကျွဲတက် ကျေးရွာ | လုံးဝပျက်စီး | ၄၀ ပေ | ၁၅ ပေ | ၁၀ ပေ | ၂၁၆ သိန်း |
| ၂ | မင်းပြား | မူလတန်းကျောင်း (၁) ကျောင်း သလူချောင်း ကျေးရွာ | လုံးဝပျက်စီး | ၆၀ ပေ | ၃၀ ပေ | ၁၂ ပေ | ၂၁၆ သိန်း |
| ၃ | မင်းပြား | အလယ်တန်းကျောင်း (ခွဲ) – (၁) ကျောင်း ပြင်ယောင်းကျေးရွာ | လုံးဝ ပျက်စီး | ၆၀ ပေ | ၃၀ ပေ | ၁၂ ပေ | ၄၃၂ သိန်း |
| ၄ | မင်းပြား | မူလတန်းကျောင်း (၁) ကျောင်း ခါ သာကျေးရွာ | လုံးဝပျက်စီး | ၃၂ ပေ | ၁၈ ပေ | ၁၀ ပေ | ၂၁၆ သိန်း |
| ၅ | မင်းပြား | မူလတန်းကျောင်း (၁) ကျောင်း ဇီးကုန်းကျေးရွာ | လုံးဝပျက်စီး | ၃၂ ပေ | ၁၈ ပေ | ၁၀ ပေ | ၂၁၆ သိန်း |
| ၆ | မင်းပြား | မူလတန်းကျောင်း (၁) ကျောင်း ကပ်ပွဲ ပုလဲတောင် | လုံးဝပျက်စီး | ၄၀ ပေ | ၂၀ ပေ | ၁၂ ပေ | ၂၁၆ သိန်း |
| ၇ | မင်းပြား | အထက (ခွဲ) (၁) ကျောင်း | ပျက်စီး | ၁၂၀ ပေ | ၃၀ ပေ | ၁၂ ပေ | ၄၃၂ သိန်း |
| | | စုစုပေါင်း | | | | | ၁၉၄၄ သိန်း |

ရည်ညွှန်းချက် - မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အထက်ပါဇယား (၂.၁) အရမင်းပြားမြို့နယ်အတွင်းပညာရေးနှင့်ပက်သက်သော အဆောက်အဦးအပျက်အစီးများမှာ အ.ထ.က (ခွဲ) - ၁ ကျောင်း၊ အ.လ.က (ခွဲ) - ၁ ကျောင်းနှင့် အ.မ.က ကျောင်း (၅) ကျောင်းဖြစ်ကြောင်း သိရှိရပြီး စုစုပေါင်း ပျက်စီးမှုတန်ဖိုးမှာ ၁၉၄၄ သိန်းဖြစ်သည်ဟု တင်ပြထားသည်ကိုတွေ့ရသည်။

(မှတ်ချက်။ ။ အလက (ခွဲ) - ၁ ကျောင်းနှင့် အမက ကျောင်း (၅) ကျောင်းတို့မှာ ကျေးရွာများမှဖြစ်ပြီး အထက (ခွဲ) - ၁ ကျောင်းမှာ မင်းပြားမြို့ပေါ်မှ အထက (ခွဲ) ဖြစ်သည်။ )

အစိုးရဌာနများမှရရှိသောအချက်အလက်များဖြစ်သည့်ဇယား(၂.၁)တွင်ဖော်ပြချက်များမှာအဆောက်အဦးအပျက်အစီး သက်သက်မျှသာဖြစ်၍မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများ၏ပညာရေးနှင့်ပက်သက်သည့်တခြားသောအပျက်အစီးများနှင့် လိုအပ်ချက်များကိုနက်နက်ရှိုင်းရှိုင်းဖော်ပြနိုင်ရန်အတွက်ဝံလက်ဖောင်ဒေးရှင်းနှင့်မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်း၍ လေ့လာတွေ့ရှိထားသော အချက်အလက်များဖြင့် ထပ်မံ၍ ကိုးကားတင်ပြပါမည်။

မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၈) ရွာ၌ ပညားရေးကဏ္ဍနှင့်ပက်သက်သည့် ပျက်စီးဆုံးရှုံးမှုအခြေအနေများ

ဇယား အမှတ် ( ၂.၂ )

| စဉ် | ကျေးရွာအမည် | သဘာဝဘေးဒဏ်ကြောင့် ပညာရေးနှင့်ပက်သက်သော ထိခိုက်မှုအခြေအနေ |
|---|---|---|
| ၁ | ပြင်ယောင်း | ၉၀ x ၃၀ အဆောင်ပျက်<br>၂၀ x ၃၀ အုတ်နံရံပျက်<br>စာသင်ခုံ ပျက်စီး |
| ၂ | အညှင်းတောင်* | စာရေးခုံပျက် |
| ၃ | တောတန်း* | ကျောင်းတွင်း ပရိဘောဂ ပျက်စီး |
| ၄ | ထိန်ပင်* | စာသင်ကျောင်း မှန် (၅) ချပ်ကွဲ၊ စာသင်ခုံမျော |
| ၅ | ပွဲရကံဆိပ်* | စာသင်ခုံပျက်စီး |
| ၆ | ပေါက်တော* | စာသင်ကျောင်း ပျက်စီး |
| ၇ | မင်းရွာ* | စာသင်ခုံပျက်စီး<br>မှတ်ချက်။ ။မူလကတည်းကပင် စာသင်ခုံများမှာ ပျက်စီးနေ |
| ၈ | ဒုံးသား* | ကျောင်းအနည်းငယ် တိမ်းစောင်း<br>ကျောင်းတွင်း ပရိဘောဂများပျက်စီး |
| ၉ | အဝရွာ* | စာသင်ကျောင်း သံဖြူ (၂)ချပ် လန် |
| ၁၀ | မြစ်နား* | ကျောင်းခြံစည်းရိုး ပျက်စီး |
| ၁၁ | အိုးပျဉ်ထောင်* | စာသင်ခုံများပျက်စီး |
| ၁၂ | ဖားပျော်* | စာသင်ကျောင်း ခေါင်မိုးလန် |
| ၁၃ | ဒုံးသား* | ကျောင်းအနည်းငယ်တိမ်းစောင်း ပရိဘောဂပျက်စီး |
| ၁၄ | တံခွန်တိုင်* | ကျောင်းတွင်း ပရိဘောဂပျက်စီး |
| ၁၅ | ဝါးတောင်* | စာသင်ခုံများရေမျော |
| ၁၆ | အသေကာလ* | ကျောင်းတွင်းပရိဘောဂများ ရေမျော |
| ၁၇ | ဖုံသာ* | ကျောင်းတွင်း ပစ္စည်းများ ပျက်စီး |
| ၁၈ | ကတ်ပဲ့ ပုလဲထောင် | ကျောင်းတွင်းပရိဘောဂများပျက်စီး၊ ဆရာ/ဆရာမများအဆောင်ပျက်စီး |

ရည်ညွှန်းချက် - ဝံလက် ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (ရခိုင်ပြည်)

ဇယား(၂.၃)၌ ဖော်ပြထားသည့် ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ရရှိသော အထက်ပါအချက်အလက်များကို ကြည့်ရှုခြင်းဖြင့်၊ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပညာရေးနှင့်ပက်သက်သော အပျက်အစီးများမှာ မင်းပြားမြို့ပေါ်နှင့်ကျေးရွာ(၆)ရှိ ကျောင်းများသာမကဘဲ အခြားအခြားသောကျေးရွာများတွင်လည်း ပျက်စီးဆုံးရှုံးမှုများစွာရှိနေကြကြောင်း တွေ့ရှိရလေသည်။ ဝံလက်ဖောင်ဒေးရှင်းမှပြုစုထားသော စာရင်းအရ ကျေးရွာပေါင်း(၁၈)ရွာတွင် ပြင်ယောင်းနှင့် ကတ်ပဲ့ပုလဲထောင် (၂)ရွာ တည်းသာအစိုးရ၏ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့် ကိုက်ညီမှုရှိပြီး (*)သင်္ကေတပြထားသော ကျန်(၁၆)၌လည်း ပျက်စီးဆုံးရှုံးမှုများထပ်မံ၍ ရှိနေကြောင်းသိရှိရသည်။ ၎င်းအပြင်ပျက်စီးဆုံးရှုံးမှုများမှာ အဆောက်အဦး သက်သက်သာမကဘဲ စာသင်ခုံများ၊ ကျောင်းတွင်းပရိဘောဂများ အပါအဝင် ကျောင်းခြံစည်းရိုးပျက်စီးခြင်းများနှင့် ဆရာ/ဆရာမ များနေထိုင်သော အဆောင် များလည်း ပျက်စီးမှုစာရင်း၌ ပါဝင်သည်ကို တွေ့ရှိရသည်။

၎င်းအပြင် မင်းပြားမြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသည့်စုစုပေါင်းရွာ(၁၀)ရွာသို့ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခြင်းအားဖြင့် ရရှိလာသော ပညာရေးနှင့်ပက်သက်သည့် အချက်အလက်များကိုလည်း အောက်ပါ ဇယား အမှတ် ( ၂.၃ ) ဖြင့် ထပ်မံ၍လေ့လာကြပါအုံးစို့။

ဇယား(၂.၃)၌ဖော်ပြထားသည့်ကျေးရွာများမှာသဘာဝဘေးအန္တရာယ်ကို
ဆိုးဝါးစွာခံစားခဲ့ရသောမင်းပြားမြို့နယ်ပန်းမြောင်း ကြီးချောင်း၏ ချောင်းဖျားပိုင်းမှရွာများ၊ ဖုံသာချောင်းအတွင်းပိုင်းမ ကျေးရွာများအပါအဝင်၊မင်းပြားမြောက်ဦးကားလမ်းမကြီး နံဘေးမှရွာများ စသည်ဖြင့် ပါဝင်ပါသည်။

အစိုးရဌာနမှထုတ်ပြန်ထားသောစာသင်ကျောင်းအရေအတွက်၊ဝံလက်ဖောင်ဒေးရှင်းမှထုတ်ပြန်ထားသောစာသင်ကျောင်း အရေအတွက်တို့ကို၊မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာထားသောစာသင်ကျောင်းအရေအတွက်ဖြင့်တိုက်ဆိုင်စစ် ဆေးကြည့်ရာ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသောကျေးရွာအရေအတွက်မှာ ထပ်မံ၍ရွာ(၇)ရွာတိုးလာသည်ကို တွေ့ ရသည်။ယင်းရွာ(၇)ရွာအား(*)သင်္ကေတပြထားပါသည်။ ထို့ကြောင့်မင်းပြားမြို့နယ်အတွင်း၌ သဘာဝဘေးအန္တရာယ်ခံစား ခဲ့ရသော ကျေးရွာအရေအတွက်မှာ အစိုးရဌာနမှ စာရင်းအရ ကျေးရွာ (၆) ရွာ၊ ဝံလက်ဖောင်ဒေးရှင်းစာရင်းအရ (၁၆) ရွာ၊ မိမိတို့ ကွင်းဆင်းလေ့လာ တွေ့ရှိချက်အရ (၇) ရွာ စုစုပေါင်း (၂၉) ရွာတိတိဖြစ်ကြောင်းတွေ့ရှိရလေသည်။

မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာတွေ့ရှိထားသော ဇယား ( ၂.၃ ) ပါအချက်အလက်များကို ထောက်ရှုခြင်းအားဖြင့်မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပညာရေးနှင့် ပက်သက်သည် ့သဘာဝဘေးဒဏ်ကြောင့်ထိခိုက်နစ်နာမှု များမှာ အလွန်ပင်များပြားကြောင်း တွေ့ရှိရလေသည်။

ကျောင်းအဆောက်အဦးများ ပျက်စီးခြင်းအပြင်၊ ကျောင်းပရိဘောဂများပျက်စီးခြင်း၊ ကျောင်းစာသင်ခုံများ ရေနှင့်အတူမျှော ပါပျောက်ဆုံးခြင်းနှင့်အတူ ကျောင်းသူ/သားများ၏ စာရေးကိရိယာများဖြစ်ကြသော ဗလာစာအုပ်စသည်တို့မှာလည်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရှိလေသည်။ ထို့အပြင် ကျောင်းသူ/ကျောင်းသားများအတွက် ကျောင်း ဝတ်စုံများလည်း အခက်အခဲရှိကြသည်ဟု ကျေးရွာများမှရပ်မိရပ်ဖများ၏ ပြောစကားအရ သိရှိရလေသည်။

ပညာရေးနှင့်ပက်သက်ပြီး နောက်ထပ်အခက်အခဲ တစ်ခုမှာ ဆရာ/ဆရာမ ဦးရေ မလုံလောက်ခြင်းပင်ဖြစ်သည်။ ဇယား(၄)ပါကျေးရွာများရှိ ကျောင်းသူ/ကျောင်းသားအရေအတွက်နှင့် ဆရာ/ဆရာမဦးရေအချိုးအစားကို လေ့လာ ကြည့်ပါက မူလတန်းကျောင်းသား/သူဦးရေ (၁၀၀)ကျော်၊ (၂၀၀) နီးပါး၌ စုစုပေါင်း မူလတန်း ဆရာ/ဆရာမဦးရေ မှာ ၄ ဦး (သို့) ၅ ဦး (သို့) ၆ ဦးမျှသာရှိသည်ကို တွေ့ရသည်။

မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀) ရွာ၌ ပညာရေးနှင့်ပက်သက်သော ပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား အမှတ် ( ၂.၃ )

| စဉ် | ကျေးရွာ အမည် | ကျောင်း အရေအတွက် | ကျောင်းသူ/သား အရေအတွက် | ဆရာ/ဆရာမ အရေအတွက် | သဘာဝဘေးဒဏ်ကြောင့် ပညာရေးနှင့်ပက်သက်သော ထိခိုက်မှုအခြေအနေ | ယခုလက်ရှိ အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ခေါင်းလောင်း*<br>(ရွာဟောင်း) | အမက - (၁) ကျောင်း<br>အလက(တွဲ)-(၁) ကျောင်း | မူလတန်း - ၆၆<br>အလယ်တန်း - ၆၀ ကျော် | မူလတန်း - ၅ ဦး<br>အလယ်တန်း - ၃ ဦး | ကျောင်းပရိဘောဂများနှင့် စာသင်ခုံများ ရေမျော<br>ကျောင်းဝရံတာ ပျက်စီး<br>မှတ်ချက်။ ။ အလယ်တန်းကို ဘုန်းကြီးကျောင်း၌ သင်ကြားနေခြင်းဖြစ်ပြီး၊ အဆိုပါ စာသင်ခန်းသည်လည်း ပျက်စီးမှုများ ရှိနေ။ | ဩဂုတ်လ၌ ကျောင်းပြန်ဖွင့်<br><br>ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျောင်းကို သန့်ရှင်းရေးလုပ်ထား။ ယာယီ အသုံးပြု၍ ရစေရန် ပြုပြင် ထား။<br><br>အပျက်အစီးစာရင်းများကို အစိုးရထံသို့ တင်ပြထား။ |
| ၂ | နရမ်းဇီဂုံ*<br>လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | အမက - (၁) ကျောင်း | မူလတန်း - ၁၀၀ ကျော် | မူလတန်း - ၅ ဦး | စာသင်ကျောင်းအတွင်းတွင်<br>ရွံ့နွံများ(၁)ပေကျော်အထိဖုံးလွှမ်း<br>စာသင်ခုံများ ပျက်စီး<br>ကျောင်းသား/သူများ၏ စာရေးကိရိယာများပျက်စီး | ဩဂုတ်လ၌ ကျောင်းပြန်ဖွင့်<br><br>ရွံ့နွံများကို ဆေးကြောပြီးဖြစ်<br><br>အပျက်အစီးစာရင်းများကို အစိုးရထံသို့တင်ပြထား။ |
| ၃ | ချင်းဆိပ်*<br>လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | အမက - (၁) ကျောင်း | မူလတန်း - ၁၅၀ | မူလတန်း - ၅ ဦး | စာသင်ကျောင်းအတွင်းတွင်<br>ရွံ့နွံများ(၁)ပေကျော်အထိဖုံးလွှမ်း<br>ကျောင်းသုံးပရိဘောဂများနှင့် စာသင်ခုံများ ရေမျော | ကျောင်းပြန်ဖွင့်၊ ရွံ့နွံများကိုဆေးကြောပြီးဖြစ်<br><br>ဗလာစာအုပ်အလှူ အနည်းငယ်ရရှိ ( တစ်ဦးလျှင် စာအုပ် (၅) အုပ်ကျနှုန်း)<br><br>အပျက်အစီးစာရင်းများကို အစိုးရထံသို့တင်ပြထား။ |
| ၄ | နရမ်းရွာကြီး*<br>လူဦးရေ - ၅၅<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | မရှိ<br>မှတ်ချက်။ ။နရမ်းဇီဂုံရွာ၌ သွားရောက်တက်ကြရသည်။ | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | တောင်ပုတ္တေ*<br>လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | အမက - (၁) ကျောင်း<br>အလက (ခွဲ) – (၁) ကျောင်း | မူလတန်း - ၂၀၄<br>အလယ်တန်း - ၉၅ | ၂ ဦး | စာရေးကိရိယာများ ပျက်စီး | ဩဂုတ်လ၌ ကျောင်းပြန်ဖွင့် သို့သော် ဆရာ/ဆရာမအရေအတွက်ယခင်သဘာဝဘေး ဒဏ်မတိုင်မီက (၅) ဦးရှိခဲ့သော်လည်း ယခု (၂) ဦးသာရှိ၍ အခက်အခဲဖြစ်နေ။ |
| ၆ | သလူချောင်း<br><br>လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | အမက - (၁) ကျောင်း<br>အလက (တွဲ) – (၁) ကျောင်း | မူလတန်း - ၁၂၈<br>အလယ်တန်း - ၂၂ | မူလတန်း - ၄ ဦး<br>အလယ်တန်း - ၂ ဦး | အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိ မူလတန်းကျောင်း လုံးဝပျက်စီး<br>ကျောင်းသုံးပရိဘောဂများနှင့် စာသင်ခုံများပျက်စီး | ကျောင်းပြန်ဖွင့်<br><br>ယာယီတဲများလုပ်ကာ ကျောင်းတက်နေကြရသည်။<br><br>ကျောင်းဆောက်လုပ်ရေးအတွက် အလှူလက်ခံရရှိငွေ မလုံလောက်။<br>(ရွှေသံလွင်ကုမဏီမှ သစ်၊သွပ်နှင့် ဘိလပ်မြေအ တွက်သိန်း(၄၇)သိန်းထောက်ပံ့ကူညီမည်ဖြစ် သည်။ သို့သော် ခန့်မှန်း ကုန်ကျမည့် ငွေမှာ ၂၁၆ သိန်းဖြစ်သောကြောင့် မဆောက်နိုင်သေး။)<br><br>အပျက်အစီးစာရင်းများကို အစိုးရထံ သို့တင်ပြထား။ |
| ၇ | တံခွန်တိုင်*<br>လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | အမက - (၁) ကျောင်း<br>အလက (တွဲ) – (၁) ကျောင်း | မူလတန်း - ၁၅၇<br>အလယ်တန်း - ၃၇ | မူလတန်း - ၆ ဦး<br>အလယ်တန်း - ၃ ဦး | ကျောင်းသုံးပရိဘောဂများ နှင့် စာသင်ခုံများ ရေ မျော<br>ကျောင်းမှန်များကွဲ<br>ကျောင်းသား/သူများ၏ စာရေးကိရိယာများပျက်စီး | ကျောင်းပြန်ဖွင့်<br>ဘုန်းကြီးကျောင်း၌ စာသင်ခန်းပြုလုပ်ကာ အလယ်တန်းအား သင်ကြားလျက်ရှိ။<br><br>အပျက်အစီးစာရင်းများကို အစိုးရထံ သို့တင်ပြထား။ |
| ၈ | မြင်းတင်မ*<br>လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | အမက - (၁) ကျောင်း<br>မူလွန် – (၁) ကျောင်း | မူလတန်းနှင့်မူလွန် စုစုပေါင်း - ၁၃၁ | မူလတန်း - ၄ ဦး<br>အလယ်တန်း - ၄ ဦး | ကျောင်းအဆောက်အဦး ပျက်စီးယိုယွင်းမှုများရှိ<br>ကျောင်းပရိဘောဂများ အပျက်အစီးရှိ<br>စာသင်ခုံများ ပျက်စီး ပျောက်ဆုံးမှုများရှိ | ကျောင်းပြန်ဖွင့်<br><br>အပျက်အစီးစာရင်းများကို အစိုးရထံ သို့တင်ပြထား |
| ၉ | အိုးပျဉ်ထောင် | အမက - (၁) ကျောင်း<br>အလက (တွဲ) - (၁) | မူလတန်း - ၁၉၆<br>အလယ်တန်း - ၇၈ | မူလတန်း - ၆ ဦး<br>အလယ်တန်း - ၃ ဦး | အလယ်တန်းကျောင်းမှာ လုံးဝပျက်စီးနေ | ကျောင်းပြန်ဖွင့် |

| | | | | | | |
|---|---|---|---|---|---|---|
| | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | ကျောင်း | | | | အလယ်တန်းအား ရွာထဲရှိ ရွာသူရွာသားများ၏ နေအိမ်များ၌ သင်ကြားနေရသည်။<br><br>အပျက်အစီးစာရင်းများကို အစိုးရထံ သို့ တင်ပြထား |
| ၁၀ | ပြင်ယောင်း<br><br>လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | အမက -(၁) ကျောင်း<br>အလက - (၁) ကျောင်း | မူလတန်းနှင့် အလယ်တန်း<br>စုစုပေါင်း - ၃၈၀ | ၂ ဦး | အလယ်တန်းကျောင်းမှာ လုံးဝ ပျက်စီးနေ | (စက်တင်ဘာလ၌ ) ကျောင်းပြန်ဖွင့်<br><br>အလယ်တန်းအားယာယီဆောက်ထားသော ဝါးထရံကာ အဆောက်အဦးတွင်း၌ သင်ကြားနေ။<br><br>ဆရာ/ဆရာမအရေအတွက်ယခင်သဘာဝဘေး ဒဏ်မတိုင်မီက(၃)ဦးရှိခဲ့သော်လည်း ယခု (၂) ဦးသာရှိ၍ အခက်အခဲဖြစ်နေ။ |

ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ထို့သို့ ဆရာ/ဆရာမဦးရေနည်းပါးသည့်အထဲတွင် အချို့သော ကျေးရွာများ၌ အချို့သော ဆရာ/ဆရာမများ သည် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ပိုင်းတွင် တာဝန်ကျရာ ရပ်ရွာများသို့ပြန်လည်မရောက်ရှိလာကြတော့ချေ။ အချို့မှာ ရာထူးတိုးဖြင့် တခြားရပ်ရွာများသို့ ပြောင်းရွှေ့ သွားကြပြီး ဖြစ်သည်ဟု သိရှိရပြီး၊ မည်သည့်အခါမှ အဆိုပါ လစ်လပ်သွားသော နေရာသို့ ဆရာ/ဆရာမ အသစ်များ ပြန်လည်ရောက်ရှိလာမည်ကို မသိရှိရပေ။ အချို့မှာကား မည်သည့် အကြောင်းကြောင့်ဟုမသိရှိရဘဲ၊ မလာရောက်ကြခြင်းဖြစ်သည်ဟုဆိုသည်။ (ဥပမာအားဖြင့်ပြင်ယောင်းကျေးရွာ ၌မူလတန်းနှင့် အလယ်တန်းကျောင်းသား/သူ ပေါင်း (၃၈၀) အားသင်ကြားရန် ဆရာ/ဆရာမ ဦးရေ စုစုပေါင်းမှာ (၂)ဦးသာရှိနေသည်။)

ယခုလက်ရှိအခြေအနေကိုလေ့လာကြည့်ပါကကျေးရွာတော်တော်များများ၌ရှုံ့နွံများကိုဆေးကြောကာ၊ကျောင်းသန့်ရှင်း ရေးလုပ်ငန်းများကို လုပ်ဆောင်ထားကြပြီးဖြစ်သည်။ ကျောင်းပျက်စီးသွားသောရပ်ရွာများတွင် ကား တာလပတ်စများဖြင့် ယာယီအမိုးအကာများပြုလုပ်၍သော်လည်းကောင်း၊ ဘုန်းကြီးကျောင်းများသို့ပြောင်းရွှေ့၍သော်လည်းကောင်း၊ရွာသူ/သား များ၏ နေအိမ်များ၌သော်လည်းကောင်းစာသင်ခန်းများပြုလုပ်လျက် စာသင်ကျောင်းဆောင်မရှိသည့် အခက်အ ခဲကို လတ်တလောယာယီအနေဖြင့် ဖြေရှင်းထားကြသည်ကိုတွေ့ရှိရပြီး အပျက်အစီးစာရင်းကိုအစိုးရထံသို့တင်ပြထားကြ သည်ကိုတွေ့ရှိရသည်။ ထို့ကြောင့်ဇယား(၂.၃)ပါ ကျေးရွာများရှိကျောင်းများ၏လက်ရှိအခြေအနေကိုကြည့်ပါက၊ကျောင်း များ အားလုံး ပြန်လည်၍ဖွင့်လှစ် နိုင်ကြပြီးဖြစ်သည် ကိုတွေ့ကြရသည်။ တချို့ကျောင်းများမှာ ဩဂုတ်လကတည်းကပင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း တချို့မှာမူ စက်တင်ဘာလမှသာ စတင်၍ လည်ပတ်လာနိုင် သည်ကို တွေ့ရှိရသည်။

အထက်ပါအချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း ကျောင်းများ ပိတ်ထားရခြင်း၊ ကျရောက်ပြီးနောက်ပိုင်း၌လည်း ဆရာ/ဆရာမစုံစုံလင်လင်၊ သင်ထောက်ကူပစ္စည်းစုံစုံလင်လင်တို့ဖြင့် ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်း တို့ကြောင့်လည်းကောင်း မင်းပြား မြို့နယ်ရှိကျေးရွာများ ၏ ပညာရေးအခြေအနေသည် အခက်အခဲများစွာတို့ဖြင့် ရင်ဆိုင်နေရသည်မှာ ထင်ရှားလျက်ရှိသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မင်းပြားမြို့နယ်အတွင်း၌ပညာရေးကဏ္ဍတွင်ပျက်စီးဆုံးရှုံးမှုတန်ဖိုး မှာ စာသင်ကျောင်း(၇)ကျောင်း၌ ၁၉၄၄ သိန်းရှိသော်လည်း၊ ဝံလက်ဖောင်ဒေးရှင်းနှင့် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ထောက်ရှု၍ သဘာဝဘေးအန္တရာယ်ကို ထိခိုက်ခံစားခဲ့ရသော စာသင်ကျောင်း စုစုပေါင်း (၂၉)ကျောင်းရှိသည်ဖြစ်ရာ ပျက်စီးမှုတန်ဖိုးမှာ ထို့ထက်မကများပြားနိုင်ကြောင်း ထင်ရှား၏။ ထို့ကြောင့် အချိန်မှီ ပံပိုးကူညီ ထောက်ပံ့မှုများ မလုပ်နိုင်ပါက များစွာ ဆိုးဝါးနိမ့်ကျလာနိုင်ဖွယ် ရှိပေသည်။

ထို့နောက်မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ပညာရေးအခြေနေနှင့်ပက်သက်ပြီးဆက်လက်လေ့လာကြ ပါအုံးစို့။

## ၂.၂ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအခြေအနေများ

မြောက်ဦးမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ မြောက်ဦးခရိုင်၊အထွေထွေ ဦးစီးဌာန၏ စာရင်းအရ အ.ထ.က ကျောင်း (၄) ကျောင်း၊ အ.လ.က ကျောင်း (၁၂) ကျောင်း နှင့် အ.မ.က ကျောင်း (၄၂) ကျောင်း၊ စုစုပေါင်း ၅၈ ကျောင်းတို့ဖြစ်ကြောင်း အောက်ပါအတိုင်းတွေ့ရှိရသည်။

မြောက်ဦးမြို့နယ်အတွင်းသဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့် ကျောင်းများစာရင်း ဇယား အမှတ် (၂.၄ )

| စဉ် | မြို့နယ် | ရုံး/ကျောင်းများ စာရင်း | ပျက်စီးမှုအခြေအနေ | အတိုင်းအတာ(ပေ) | | | ပျက်စီးမှုတန်ဖိုး ကျပ်သန်း |
|---|---|---|---|---|---|---|---|
| | | | | အလျား | အနံ | အမြင့် | |
| ၁ | မြောက်ဦး | အမက (ပြင်လှ) | သွပ် (၄၀) ချပ်ပျက်၊ စာရေးခုံ(၁၀) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၅ |
| ၂ | မြောက်ဦး | အမကလွန် (ကုန်ဘောင်) | သွပ် (၁၀) ချပ်ပျက်၊ စာရေးခုံ (၃) ဆပ်ရေမျော | ၃၈ | ၂၀ | ၁၂ | ၀.၁၃ |
| ၃ | မြောက်ဦး | အမကလွန် (တင်းထိန်ကန်) | ကျောင်းအုတ်နံရံပျက်စီး (၉၀)ပေ၊ စာရေးခုံ (၁၈) ခုံရေမျော | ၉၀ | ၃၀ | ၁၂ | ၁.၄၄ |
| ၄ | မြောက်ဦး | အလကခွဲ (ဝက်လှ) | သံဖြူတန်း (၁၅) ပေ (၄) ချောင်းကျိုး၊ သွပ် (၅) ချပ်ပျက်၊ စာရေးခုံ (၅) ဆပ်ရေမျော | ၉၀ | ၃၀ | ၁၂ | ၀.၁၅၈ |
| ၅ | မြောက်ဦး | အမက (ယဉ်သည်) | နံရံပျဉ်ကာ (၂) ဘက်ပျက်စီး၊ (၄) ယောက်ထိုင်ခုံ (၃) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၄၆ |
| ၆ | မြောက်ဦး | အမက (ကျောင်းတောင်) | ပြတင်းမှန်ကွဲ (၂၀) ချပ်၊ စာရေးခုံ (၁၀) ဆပ်ကျိုးပျက် | ၉၀ | ၃၀ | ၁၂ | ၀.၃ |
| ၇ | မြောက်ဦး | အမက (ဘော်ရွာဈေး) | သွပ်ပြား (၃၀) ပျက်၊ ဆရာထိုင်ခုံ (၄) ရေမျော | ၃၀ | ၁၅ | ၁၂ | ၀.၂၂ |
| ၈ | မြောက်ဦး | အမကလွန် (ကုလားချောင်း) | စာရေးခုံနိမ့် (၁၀) ဆပ်၊ ဆရာ | | | | |
| ၉ | မြောက်ဦး | အမက (မောင်ညိုကျွန်း) | နံရံအုတ်ချပ်များပျက်စီး၊ စာရေးခုံ (၇) ဆပ်၊ စားပွဲ (၂)၊ ဗီဒို (၁) ပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၅၉ |
| ၁၀ | မြောက်ဦး | အလက (သင်းပန်းကိုင်း) | တံခါးရွက် (၅) ခု ပျက်စီး၊ စာရေးခုံမြင့် (၃၀) ဆပ်၊ စာရေးခုံနိမ့် (၃၀) ဆပ်ရေမျော | ၁၂၀ | ၃၀ | ၁၂ | ၁.၅ |
| ၁၁ | မြောက်ဦး | အမက (တန်းတင်) | သွပ်ပြား (၁၀) ချပ်ပျက်စီး၊ စာရေးခုံ နိမ့် (၁၂) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၁၇ |
| ၁၂ | မြောက်ဦး | အမက (ဇေယျာဝတီ) | ခန်းဆီးဝါးထရံ (၃) ခုပျက်စီး | ၉၀ | ၃၀ | ၁၂ | ၀.၂ |
| ၁၃ | မြောက်ဦး | အမက (ဆင်အိုးချေ) | ကြမ်းခင်းပျက်စီး၊ စာရေးခုံနိမ့် (၅) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၃.၇ |
| ၁၄ | မြောက်ဦး | အမက (လိပ်ဆင်းပြင်) | ကွန်ကရစ်အခင်းပျက်စီး၊ စာရေးခုံနိမ့် (၁၀) ဆပ် ပျက်စီး | ၄၀ | ၂၅ | ၁၂ | ၃.၈ |
| ၁၅ | မြောက်ဦး | အမက (နတ်ချောင်းရွာသစ်) | အကာနံရံ (၄) ဘက်ပျက်စီး၊ စာရေးခုံနိမ့် (၁၀) ဆပ်ရေမျော | ၄၀ | ၂၀ | ၁၂ | ၀.၃ |
| ၁၆ | မြောက်ဦး | အထက (ကျွဲတဲ) | တံခါးရွက် (၃) ရွက်ပျက်စီး၊ စာရေးခုံမြင့် (၄၀)ဆပ်၊ ဆရာထိုင်ခုံ | ၁၇၀ | ၃၀ | ၁၂ | ၂.၃၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | (၂၅)ခုံ၊ စားပွဲ (၄)လုံးကျိုးပျက် | | | | |
| | | အထက (ကျွဲတဲ) | နံရံ (၄၀) စတုရန်းပေ၊ အခင်း (၇၂၀) စတုရန်းပေ၊ စာရေးခုံနိမ့် (၂၀)၊ ကွန်ပျူတာ (၂)၊ TV - ၂၂ လက်မ၊ ခြံစည်းရိုး ဝါး (ပေ ၁၀၀၀) | ၁၇၀ | ၃၀ | ၁၂ | ၅.၅၅ |
| ၁၇ | မြောက်ဦး | အလက (ပြတ်ချောင်း) | စာရေးခုံနိမ့် (၈)ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၁၆ |
| ၁၈ | မြောက်ဦး | အလက (၃) | သွပ် (၂၁) ချပ်ပျက်စီး | ၁၂၀ | ၃၀ | ၁၂ | ၀.၁၅ |
| ၁၉ | မြောက်ဦး | အထကခွဲ (ကန်စောက်) | သွပ်ပြား (၃၈)ချပ်၊ ပြတင်း (၆)ပေါက်ပျက်စီး | ၁၂၀ | ၃၀ | ၁၂ | ၀.၈၅ |
| ၂၀ | မြောက်ဦး | အမကလွန် (ပါးတော်) | သွပ် (၁၈၀) ချပ်ပျက်စီး၊ အုတ်နံရံပျက်စီး | ၉၀ | ၃၀ | ၁၂ | ၂.၁ |
| ၂၁ | မြောက်ဦး | အမက (ဘုရားကြီး၊ ဝေသာလီ) | သွပ် (၈၀) ပျက်စီး | ၄၀ | ၂၅ | ၁၂ | ၂.၁ |
| ၂၂ | မြောက်ဦး | အလကခွဲ (စင်းဘောကိုင်း) | သွပ် (၁၀၀၀) ချပ်ပျက်စီး၊ အုတ်နံရံလေးဘက်ပျက်စီး၊ စာရေးခုံမြင့် (၃၀) ဆပ်ရေမျော | ၉၀ | ၃၀ | ၁၂ | ၃.၁ |
| ၂၃ | မြောက်ဦး | အမက (ကျောင်းတောင်ရှေ့) | ဝါးထရံကြမ်းခင်းပျက်စီး၊ စာရေးခုံနိမ့် (၁၀) ဆပ်ရေမျော | ၄၀ | ၂၅ | ၁၂ | ၁.၄ |
| ၂၄ | မြောက်ဦး | အမကလွန် (လေညှင်းသာ) | ကျောင်းဆောင်အားလုံးပျက်စီး | ၃၀ | ၁၅ | ၁၂ | ၀.၄ |
| ၂၆ | မြောက်ဦး | အမက (ရော်မနီ) | အုတ်တံတိုင်း (၂၃၀ပေ)ပျက်စီး | ၁၇၀ | ၃၀ | ၁၂ | ၂.၃ |
| ၂၇ | မြောက်ဦး | အမက (ထမ္မရာဇ်) | စာရေးခုံ (၂၀)ဆပ်၊ ဗီဒို (၁)လုံးရေမျော | ၁၂၀ | ၃၀ | ၁၂ | ၁.၁၅ |
| ၂၈ | မြောက်ဦး | အမက (ဒွါရ) | ခေါင်မိုး၊ နံရံ ဝါးခင်းပျက်စီး၊ ဆရာထိုင်ခုံ (၁)၊ စားပွဲ (၁) ပျက်စီး၊ စာရေးခုံနိမ့် (၃) ဆပ်ရေမျော | ၄၀ | ၂၅ | ၁၂ | ၀.၄၁၅ |
| ၂၉ | မြောက်ဦး | အလကခွဲ (ပြိုင်းချ) | သွပ်ပြား(၂၀) ပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၁၄ |
| ၃၀ | မြောက်ဦး | အမက (တောင်ရပ်) | ဆရာထိုင်ခုံ (၄)လုံး၊ စားပွဲ (၂)၊ စာရေးခုံနိမ့် (၁၀) ဆပ်ရေမျော | ၁၂၀ | ၃၀ | ၁၂ | ၀.၃၂ |
| ၃၁ | မြောက်ဦး | အမက (င/မဲပြင်) | ဗီဒို(၁)၊ စားပွဲ (၁)၊ စာရေးခုံနိမ့် (၃)ဆပ်ရေမျော | ၁၂၀ | ၃၀ | ၁၂ | ၀.၂၆ |
| ၃၂ | မြောက်ဦး | အမက (မောင်သာကုန်း) | သွပ်ပြား (၁၂) ချပ်ပျက်စီး၊ စာရေးခုံနိမ့် (၃) ဆပ်ပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၁၄၂ |
| ၃၃ | မြောက်ဦး | အမက (မဟိန်ဂျီ) | ကွန်ကရစ်အခင်း (၃၀) ပျက်စီး၊ စာရေးခုံမြင့် (၅) ဆပ်၊ ခုံနိမ့် (၃) ဆပ်ပျက်စီး | ၁၀၀ | ၃၀ | ၁၂ | ၀.၆၂ |
| ၃၄ | မြောက်ဦး | အမက (တန်းတင်) | သွပ် (၁၀) ချပ်၊ ကွန်ကရစ်ခင်း (၃၀) ပေ ပျက်စီး၊ စာရေးခုံနိမ့် (၅) ဆပ် | ၆၀ | ၃၀ | ၁၂ | ၀.၄၆ |
| ၃၅ | မြောက်ဦး | အလကခွဲ (မြက်ရိတ်ကျွန်း) | သွပ်(၁၅) ချပ်ပျက်စီး၊ ကွန်ကရစ်ခင်း(၄၀) ပေပျက်စီး | ၁၀၀ | ၃၀ | ၁၂ | ၀.၆၃ |
| ၃၆ | မြောက်ဦး | အမက (ပီပင်ကုန်း) | စာရေးခုံနိမ့် (၅) ဆပ်၊ စာရေးခုန်မြင့် (၄) ဆပ်၊ ဗီဒို (၁)၊ စားပွဲ (၁)၊ ထိုင်ခုံ (၂) ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၅ |
| ၃၇ | မြောက်ဦး | အမက | စာရေးခုံနိမ့် (၁၀) ဆပ်၊ စားပွဲ (၂)၊ | ၆၀ | ၃၀ | ၁၂ | ၀.၅၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | (ကပိုင်ချောင်း) | ဗီဒို (၁)၊ ထိုင်ခုံ (၃) ရေမျော | | | | |
| ၃၈ | မြောက်ဦး | အမက (မုချာ) | ဝါးအခင်းပျက်စီး၊ စားပွဲ (၁)၊ ထိုင်ခုံ (၁)၊ စာရေးခုန်နိမ့် (၅) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၄ |
| ၃၉ | မြောက်ဦး | အမက (ကုတိုး) | စာရေးခုံနိမ့် (၁၀) ဆပ်၊ စားပွဲ(၁)၊ ဆရာထိုင်ခုံ (၂) | ၇၅ | ၁၇ | ၁၂ | ၀.၄၇ |
| ၄၀ | မြောက်ဦး | အမကလွန် (လက္ကာ) | စာရေးခုန်မြင့် (၅) ဆပ်၊ စာရေးခုံနိမ့် (၆) ဆပ် ပျက်စီး | ၉၀ | ၃၀ | ၁၂ | ၀.၄၉ |
| ၄၁ | မြောက်ဦး | အလကခွဲ (ပျားတဲ) | သွပ်ပြား (၂၀)ချပ်ပျက်စီး၊ စာရေးခုံနိမ့် (၁၀) ရေမျော | ၁၂၀ | ၃၀ | ၁၂ | ၀.၃၄ |
| ၄၂ | မြောက်ဦး | အလကခွဲ (အကြီးတော်မ (၁)) | သွပ် (၁၀၀) ချပ်၊ တံခါး (၈)ခု၊ ပြတင်း (၂၀) ပျက်စီး၊ စာရေးခုံမြင့် (၄)၊ ဗီဒို (၃) ပျက်စီး | ၁၈၀ | ၃၀ | ၁၂ | ၁.၂၈ |
| ၄၃ | မြောက်ဦး | အလက (ညောင်ပင်လှ) | နံရံ (၃၀) ပေပျက်စီး၊ စာရေးခုံနိမ့် (၁၅) ချပ်ရေမျော | ၉၀ | ၃၀ | ၁၂ | ၁.၂၈ |
| ၄၄ | မြောက်ဦး | အလကခွဲ (နကန်) | စာရေးခုံမြင့် (၁၀) ဆပ်၊ စာရေးခုံနိမ့် (၁၀) ဆပ်၊ စားပွဲ (၂)၊ ကုလားထိုင် (၄) ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၃၂ |
| ၄၅ | မြောက်ဦး | အမကခွဲ (သံရှင်ပြင်) | စာရေးခုံနိမ့် (၂၀) ဆပ်၊ စာရေးခုံမြင့် (၁၀) ဆပ် | ၉၀ | ၃၀ | ၁၂ | ၀.၉ |
| ၄၆ | မြောက်ဦး | အမကလွန် (ခွဆုံ) | သွပ် (၁၅) ချပ်ပျက်စီး၊ စာရေးခုံနိမ့် (၅) ဆပ်၊ ဆရာထိုင်ခုံ (၃) ခုံရေမျော | ၉၀ | ၃၀ | ၁၂ | ၀.၂၃ |
| ၄၇ | မြောက်ဦး | အမကလွန် (တောဘွေ) | ပြူတင်း (၃) ပေါက်ပျက်စီး၊ ဗီဒို (၂)၊ စားပွဲ (၁)၊ ခုံ (၂) ခုံရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၆၂ |
| ၄၈ | မြောက်ဦး | အမက (စုပွါ ) | ကွန်ကရစ်ခင်း (၃၀) ပေပျက်စီး၊ စာရေးခုံနိမ့် (၁၀) ဆပ်ရေမျော | ၆၀ | ၃၀ | ၁၂ | ၀.၅၆ |
| ၄၉ | မြောက်ဦး | အမကလွန် (ရွှေကျောင်းပြင်) | သွပ် (၇) ပေ(၅၀)ချပ်၊ စာရေးခုံနိမ့် (၅) ဆပ် | ၁၂၀ | ၃၀ | ၁၂ | ၀.၄၆ |
| ၅၀ | မြောက်ဦး | အမက (မြောင်းဘွေချေ) | ဝရန်တာ (၂၀) ပေပျက်စီး၊ အခင်းပျဉ် (၁၀) ပေ(၃၀) ချပ်၊ လှေကား (၁)၊ စာရေးခုံ (၂) ဆပ်၊ စားပွဲ (၁)ပျက်စီး | ၄၀ | ၂၄ | ၁၂ | ၁.၃၄ |
| ၅၁ | မြောက်ဦး | အမက (ဂ/ခူတောင်) | အခင်းအကာ အားလုံးပျက်စီး၊ ခုံနိမ့် (၁၀)လုံး၊ ဘီဒို (၁) ပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၆ |
| ၅၂ | မြောက်ဦး | မူလွန် (တောင်တိုက်) | သွပ် (၁၀) ချပ်၊ လှေကား (၂)ခု၊ တန်းလျှား (၁၈) ပေ (၂) လုံး၊ စာရေးခုံနိမ့် (၅)ဆပ်ရေမျော | ၉၀ | ၃၀ | ၁၂ | ၀.၃၆ |
| ၅၃ | မြောက်ဦး | အထက(၁) အဆောင် (၁) (၂) | ပြတင်း (၅၆)ခု၊ တံခါး (၂)ခု၊ ကွန်ကရစ် (၂၇၀) ပေါခုံမြင့် (၂၃)ဆပ်၊ (၁) ယောက်ထိုင် (၆၀) ပျက်စီး | ၂၀၀ | ၃၀ | ၁၂ | ၆.၅ |
| ၅၄ | မြောက်ဦး | အလက (၃) | ကွန်ကရစ်ခင်း (၃၆၀၀) စတုရန်းပေ၊ သွပ် (၂၄၀) ချပ်၊ ပလိန်းချပ် (၇)ချပ်၊ စာရေးခုံမြင့် (၅)၊ စားပွဲ (၂)လုံး | ၁၂၀ | ၃၀ | ၁၂ | ၁၆.၅ |
| ၅၅ | မြောက်ဦး | အမက (တန်းပျင်းကြီး) | ဘီရို (၁)၊ စာရေးခုံနိမ့် (၁၀)၊ ဆရာထိုင်ခုံ (၂) | ၆၀ | ၃၀ | ၁၂ | ၀.၄၂ |
| ၅၆ | မြောက်ဦး | အမက (စေတီကုန်း) | စာရေးခုံနိမ့် (၁၀)၊ ဆရာထိုင်ခုံ (၁)၊ စားပွဲ (၁) | ၄၀ | ၃၀ | ၁၂ | ၀.၂၄ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၇ | မြောက်ဦး | အမက (ရွှေထွန်းဖြူ) | စာရေးခုံ (၁၀)၊ စားပွဲ (၁)၊ ဆရာထိုင် (၂) | ၆၀ | ၃၀ | ၁၂ | ၀.၂၄ |
| ၅၈ | မြောက်ဦး | အမက (မြို့ချောင်း) | စာရေးခုံနိမ့်(၁၅)၊ ဆရာထိုင်ခုံ (၃)၊ စားပွဲ (၁) | ၆၀ | ၃၀ | ၁၂ | ၀.၃၆ |
| | | စုစုပေါင်း | | | | | ၇၂.၈၃၅ |

ရည်ညွှန်းချက် - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့။

အထက်ပါဇယားအမှတ်(၂.၄)၌ ဖော်ပြထားသည့် မြောက်ဦးခရိုင်အထွေထွေဦးစီးဌာန၏ စာရင်းဇယားများကိုထောက်ရှုခြင်းအားဖြင့် ကျောင်းဆောင်တစ်ခုလုံး လုံးဝ ဥဿုန်ပျက်စီးသွားသည့်ဖြစ်ရပ်များကို မတွေ့မြင်ရသော်လည်း၊ ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ ကျောင်း၏အမိုးအကာများသာမက ကြမ်းခင်းများပါပျက်စီးသည်ကိုမြင်တွေ့ရ၏။ ကြမ်းခင်းများမှာဝါးကြမ်းခင်းများသာမက ကွန်ကရစ်ကြမ်းခြင်းများပင် ပျက်စီးသွားသည်ကိုတွေ့ရှိရ၏။ ၄င်းအပြင် တံခါးရွက်များပျက်စီးမှုများ၊ မှန်ပြတင်းပေါက်များကွဲခြင်းနှင့်အတူ၊ ကျောင်းဝရံတာနှင့် ကျောင်းခြံစည်းရိုးများပျက်စီးခြင်းကိုပါမြင်တွေ့ရ၏။ ယင်းသို့ကျောင်းအဆောက်အဦးများတဝက်တပျက်၊ပျက်စီးခြင်းအပြင်
တခြားသောပျက်စီးဆုံးရှုံးမှုများမှာကျောင်းတွင်းပရိဘောဂများပျက်စီး
ခြင်းနှင့်ဆရာထိုင်ခုံများ၊စာသင်ခုံများရေနှင့်အတူမျောပါဆုံးရှုံးသည့် ဖြစ်ရပ်များလည်းရှိကြ၏။ ကျွဲတဲကျေးရွာရှိ အ.ထ.က ကျောင်း၌မူ ကွန်ပျူတာ(၂)လုံးနှင့်အတူ ၂၂ လက်မ တီဗွီတစ်လုံးပျက်စီးသွားသည်ကို တွေ့ရ၏။ ထို့ကြောင့်မြောက်ဦးမြို့နယ်အတွင်း ပညာရေးကဏ္ဍနှင့် ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှုစုစုပေါင်းတန်ဖိုးမှာ(၇၂.၈၃၅)သန်းရှိသည်ဖြစ်ရာ ငွေကြေးပမာဏအားဖြင့် များစွာပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရပေသည်။

မိမိတို့ သည် မြောက်ဦးမြို့နယ်အတွင်းမှ ကျေးရွာ (၁၀)ရွာသို့ သွားရောက်ကာ ကွင်းဆင်းလေ့လာခဲ့ပြီး၊ ယင်းရွာ (၁၀)ရွာ၏ ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော အခြေအနေများကို အောက်ပါအတိုင်း ထပ်မံတင်ပြအပ်ပါသည်။ ဤကျေးရွာများမှာ သဘာဝဘေးဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသော မြောက်ဦးမြို့နယ်လေးမြို့ချောင်းဖျားမှရွာများ၊ မြောင်းဘွေနယ်တဝိုက်မှရွာများနှင့်မြောက်ဦးမြို့အနီးတဝိုက်ရှိ ရွာများစသည်ဖြင့် ပါဝင်ပါသည်။

အထက်ပါ ဇယား (၂.၄ ) ကို ထောက်ရှုခြင်းအားဖြင့် မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကိုခံစားခဲ့ရသော ကျေးရွာအရေအတွက်မှာ အစိုးရဌာနမှထုတ်ပြန်ထားသော (၅၈)ရွာ အပြင် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာချက်အရ (*) သင်္ကေတပြထားသော ရွာ(၅)ရွာ ထပ်မံ၍ တိုးလာသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် ပညာရေးကဏ္ဍ၌ ပျက်စီးဆုံးရှုံးခဲ့သောကျေးရွာ အရေအတွက်မှာ စုစုပေါင်း ၆၃ ရွာဖြစ်ကြောင်း တွေ့ရှိရလေသည်။

မိမိတို့ကွင်းဆင်းလေ့လာခဲ့သော မြောက်ဦးမြို့နယ်အတွင်းမှ ကျေးရွာ(၁၀)ရွာ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ ရွှံ့နွံများဖုံးလွှမ်းခြင်း၊ စာသင်ကျောင်းဆောင်ပျက်စီးခြင်းနှင့် ကျောင်းတွင်းပရိဘောဂများပျက်စီးခြင်းတို့ဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀) ရွာရှိ ပညာရေးနှင့် ပက်သက်သော အခြေအနေများ။ ဇယား -( ၂.၅ )

| စဉ် | ကျေးရွာ အမည် | ကျောင်း အရေအတွက် | ကျောင်းသူ/သား အရေအတွက် | ဆရာ/ဆရာမ အရေအတွက် | သဘာဝဘေးဒဏ်ကြောင့် ပညာရေးနှင့်ပက်သက်သော ထိခိုက်မှုအခြေအနေ | ယခုလက်ရှိ အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ဆင်ကဲ*<br>(ဆင်ကဲ အုပ်စု)<br>လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | မူလတန်း (၁) ကျောင်း<br>အလယ်တန်း (၁) ကျောင်း | မူလတန်း (၂၀၀)<br>အလယ်တန်း (၈၅) | - | ၇၂ ပေ x ၁၈ ပေ မူလတန်းကျောင်း ပျက်စီး<br>ကျောင်းတွင်း ပရိဘောဂများ ရေမျော | ကျောင်းပြန်ဖွင့်<br>ကျောင်းပျက်စီးသွားသောကြောင့်<br>ဘုန်းတော်ကြီးကျောင်း၌<br>ယာယီသင်ကြားနေရသည်။ |
| ၂ | ညောင်ပင်လှ<br>(ပြတ်ချောင်း အုပ်စု)<br><br>လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆<br>အိမ်ထောင်စု - | မူလတန်းကျောင်း (၁) ကျောင်း<br>အလယ်တန်းကျောင်း(၁)<br>ကျောင်း | မူလတန်း (၂၃၁)<br>အလယ်တန်း (၂၇၅) | ၁၆ ဦး | စာသင်ကျောင်းဝင်းတခုလုံးကိုရွှံ့နွံများ(၂)ပေကျော်အထိ ဖုံးလွှမ်း<br>စာသင်ခုံများ ရေမျော<br>ကျောင်းတွင်း ပရိဘောဂများပျက်စီး<br>စာသင်ကျောင်း အုတ်နံရံပျက်စီး | ဩဂုတ်လအတွင်း ကျောင်းပြန်ဖွင့်<br>ရွှံ့နွံအချို့ကို ဖယ်ရှားပြီးဖြစ်၊<br><br>ရေစီးရေလာနှင့်ပက်သက်ပြီးအခက်အခဲရှိ၊<br>မိုးရွာပါက ကျောင်းဝင်းအတွင်း ရေဝင်<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၃ | စဘော်ကိုင်း<br>(မော်ရာ အုပ်စု)<br>လူဦးရေ - ၁၀၃၃<br>အိမ်ခြေ -<br>အိမ်ထောင်စု - | မူလတန်းကျောင်း (၁) ကျောင်း<br>အလယ်တန်း (တွဲ) – (၁)<br>ကျောင်း | မူလတန်း (၁၂၄)<br>အလယ်တန်း (၂၆၂) | ၁၀ ဦး | စာသင်ခုံများ၊ ပရိဘောဂများ၊ စာရွက်စာတမ်းများ ပျက်စီး<br>စာသင်ခန်းတွင်းမှ နံရံ (၁) ချပ် ပြိုလဲ ပျက်စီး<br>စာသင်ကျောင်း အမိုးများပျက်စီး<br>စာသင်ကျောင်းရှိ အိမ်သာများပျက်စီး<br>ဆရာမ အဆောင်နှစ်ခု ပျက်စီး | ကျောင်းပြန်ဖွင့်<br>ပုဂ္ဂလိက အလှူငွေအချို့ဖြင့်၊ သွပ်မိုးဝယ်လျက်<br>ပြုပြင်ဖာထေးထားပြီး<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၄ | ရွှေထွန်းဖြူ<br>(မြရိပ်ကျွန်း အုပ်စု)<br><br>လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၀<br>အိမ်ထောင်စု - | မူလတ်းကျောင်း (၁) ကျောင်း<br>အလယ်တန်း (တွဲ) – (၁)<br>ကျောင်း | မူလတန်း (၇၇)<br>အလယ်တန်း(တွဲ) -<br>(၄၀) ကျော် | ၂ဦး | စာသင်ကျောင်းအား ရွှံ့နွံများ ဖုံးလွှမ်း<br>ကျောင်းဝရံတာ ပျက်စီး<br>ကျောင်းတွင်း ပရိဘောဂများ ရေမျော | ဩဂုတ်လအတွင်း ကျောင်းပြန်ဖွင့်<br><br>ရွှံ့နွံများကို ဆေးကြောပြီး။<br><br>ယခင် ဆရာ/ဆရာမ ဦးရေ (၃) ဦးရှိခဲ့ပြီး၊ သဘာဝဘေးဒဏ်ခံစားရပြီး နောက်ပိုင်းတွင် (၂) ဦးသာ ကျန်ရှိခဲ့သည့် အတွက် ဆရာ/ဆရာမ အခက်အခဲရှိ။ |
| ၅ | ကလက | မူလတန်း (ခွဲ) – (၁) | မူလတန်း - ၁၀၀ ကျော် | ၇ ဦး | | |

| | | | | | | |
|---|---|---|---|---|---|---|
| | (ကလက အုပ်စု)<br>လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | အလယ်တန်းကျောင်း (တွဲ) – (၁) | | | ပညာရေးနှင့် ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှု မရှိ | |
| ၆ | ဒုံဘွေ*<br>(ဘူးတလုံး အုပ်စု)<br><br>လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | မူလတန်းကျောင်း - (၁) | မူလတန်း - ၆၀ | ၆ ဦး | ကျောင်းဆောင်တစ်ခုလုံးပြိုလဲပျက်စီး<br>ကျောင်းပရိဘောဂများရေမျော<br>စာသင်ခုံများရေမျော<br>စာရေးကရိယာများ ရေမျော | တာလပတ်စများဖြင့် ယာယီစာသင်ခန်း အဖြစ် အမိုးအကာလုပ်ထားကြသည်။<br>ကျောင်းပြန်မဖွင့်နိုင်သေး<br>ဆရာ/ဆရာမစုစုပေါင်း (၆) ဦးရှိသည့်အနက် (၁) ဦးသာ ပြန်လည်ရောက်ရှိ။ ကျန် ဆရာ/ဆရာမများပြန်မရောက်သေး။ |
| ၇ | ရွှေလန်*<br>(ဘူးတလုံးအုပ်စု)<br>လူဦးရေ - ၂၄၀<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | မူလတန်းကျောင်း -(၁) | မူလတန်း - ၁၆၀ | ၆ ဦး | စာရေးခုံများရေမျော<br>ကျောင်းတွင်း ပရိဘောဂများ ပျက်စီး | ကျောင်းပြန်ဖွင့်<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၈ | ကျွဲတဲ<br>(ဘူးတလုံးအုပ်စု)<br>လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | အထက်တန်းကျောင်း - (၁) | ၇၄၉ | ၂၈ ဦး | ပြတင်းပေါက်များကွဲ<br>စာသင်ကျောင်းပျက်စီး | ကျောင်းပြန်ဖွင့်<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၉ | တန်းမြင့်ကြီး*<br>(ဘူးတလုံးအုပ်စု)<br>လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | မူလတန်းကျောင်း - (၁) | မူလတန်း - ၂၀၇ | ၅ ဦး | ကျောင်းကို ရွှံ့နွံများ ဖုံးလွှမ်း<br>ကျောင်း ပရိဘောဂများ ရေမျော<br>စာသင်ခုံများ ရေမျော | ကျောင်းပြန်ဖွင့်<br>ရွှံ့နွံများကို ဆေးကြောပြီးဖြစ်<br>LWL အဖွဲ့မှ ကူညီထောက်ပံ့မှုအချို့ရှိ<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၁၀ | လက်သန်းချီရွာ*<br>(ဘူးတလုံးအုပ်စု)<br>လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | မူလတန်းကျောင်း (ခွဲ) – (၁) | မူလတန်း - ၄၀ | ၁ ဦး | စာရေးခုံ (၁၅) ခုံ<br>စားပွဲခုံ (၃) ခုံ ပျက်စီး<br>စာရေးကိရိယာများ ပျက်စီး<br>စာသင်ကျောင်း အနည်းငယ်ပျက်စီး | ကျောင်းပြန်ဖွင့်<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |

ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ဇယား (၂.၅ )တွင် ဖော်ပြထားသည့် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀) ရွာရှိ စာသင်ကျောင်းအပျက်အစီးစာရင်းနှင့် အစိုးရဌာနမှထုတ်ပြန်ထားသော စာသင်ကျောင်းအပျက်အစီးစာရင်းကို နှိုင်းယှဉ်ကြည့်ပါက ထပ်မံ၍ ကျေးရွာ (၅) ရွာတိုးလာသည်ကို တွေ့ရှိရသည်။ အဆိုပါ ရွာ (၅)ရွာအား (*) သင်္ကေတဖြင့် ဖော်ပြထားသည်။

စာသင်ကျောင်းဆောင်များပျက်စီးခြင်း အခြေအနေမှာ အချို့ရွာများ၌လုံးဝပျက်စီးသွားခြင်းဖြစ်၍၊ အချို့ရွာများတွင်အမိုးအကာများပျက်ခြင်း စသည်ဖြင့် ပျက်စီးသွားခြင်းဖြစ်သည်။ အချို့ကျေးရွာများရှိ စာသင်ကျောင်းများ၌ မှန်ပြတင်းပေါက်များ ကွဲအက်သွားသည် ကိုလည်း တွေ့ရသည်။ ကျောင်းတွင်းပရိဘောဂများရေနစ်နှင့် မျောပါခြင်း၊ စာသင်ခုံများပျက်စီးပျောက်ဆုံးခြင်း၊ စာရေးကိရိယာများပျက်စီးခြင်းမှာရွာတိုင်းလိုလို၌ပင် တွေ့ရှိရသည်။ ၄င်းအပြင် ကျောင်းရှိ အိမ်သာများနှင့် ခြံဝင်းအကာထရံများပျက်စီးဆုံးရှုံးမှုများ ကိုလည်း တွေ့ မြင်ရလေသည်။

ယခုလက်ရှိအနေအမှာ စာသင်ကျောင်းဆောင်နှင့် ကျောင်းပရဝုဏ်တခုလုံးအား (၂)ပေကျော်အထိ ရွှံ့နွံများထူထပ်စွာဖုံးလွှမ်းသွားခဲ့သော်လည်း ကျေးရွာတော်တော်များများရှိ စာသင်ကျောင်းများတွင် စာသင်ကျောင်းဆောင်များ၌ ရွှံ့နွံများကို ဖယ်ရှားပြီးဖြစ်၏။သို့သော်ယင်းသို့ရွှံ့နွံများဖုံးလွှမ်းသွားခြင်းကြောင့်စာသင်ကျောင်းပတ်ဝန်းကျင်၌(ရေမြောင်းများကောင်းစွာမစီးဆင်းနိုင်ခြင်းကြောင့်)ရေစီးရေလာကောင်းမွန်ခြင်းမရှိတော့သည်ဖြစ်ရာ မိုးအနည်းငယ်ရွာလျှင်ပင် ရေပြည့် ရေလျှံဖြစ်နေခြင်းကြောင့် အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိနေကြောင်း သိရှိရလေသည်။ ( ဥပမာ - ညောင်ပင်လှ ကျေးရွာရှိ စာသင်ကျောင်းအခြေအနေ)

စာသင်ကျောင်းအဆောက်အဦး ပျက်စီးသွားသော ကျေးရွာများ၌မူ တာလပတ်စများဖြင့် ယာယီအမိုးအကာပြုလုပ်၍သော်လည်းကောင်း၊ ဘုန်းကြီးကျောင်းများသို့ပြောင်း ရွှေ့၍သော်လည်းကောင်း အခက်အခဲများကို လတ်တလောယာယီအနေဖြင့်ဖြေရှင်းထားသည်ကို တွေ့ရှိရသည်။ တချို့ကျေးရွာများတွင်စာသင်ကျောင်းခေါင်မိုးများအား ပုဂ္ဂလိကအလှူငွေတိုဖြင့်ပြုပြင်ဖာထေးပြီးဖြစ်ကြောင်းတွေ့ရှိရသည်။ အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထားကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် မိမိတို့ လေ့လာခဲ့သော ကျေးရွာ(၁၀)၌ ကျေးရွာ(၉)ရွာတွင် ကျောင်းပြန်ဖွင့်နိုင်ပြီဖြစ်သည်။ သို့သော် ဒုံဘွေကျေးရွာ၌မူ ကျောင်းပြန်မဖွင့်နိုင်သေးချေ။ ယင်းသို့ကျောင်းပြန်မဖွင့်နိုင်ခြင်း၏ အဓိကအခက်အခဲမှာ ဆရာ၊ဆရာမ အခက်အခဲကြောင့်ဖြစ်သည်။ (အဆောက်အဦးမှာ တာလပတ်စများဖြင့် ယာယီတည်ဆောက်ထားပြီး ဖြစ်သည်။) ယင်းရွာ၌ တာဝန်ကျ ဆရာ၊ ဆရာမစုစုပေါင်း(၆)ဦး ရှိသည့်အနက် ရေဘေးကာလနောက်ပိုင်း(၁)ဦးသာ ပြန်လည်ရောက်ရှိသေးပြီး၊ ကျန်ဆရာ၊ဆရာမ များမှာ ယခုအချိန်အထိပြန်လည် မရောက်ရှိသေးချေ။

ဤအကြောင်းကြောင်းများကြောင့် မင်းပြားမြို့နယ်နှင့်တူညီစွာ မြောက်ဦးမြို့နယ်၌လည်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း၊ကာလရှည်ကြာစွာကျောင်းများပိတ်ထားရခြင်း၊ကျရောက်ပြီးနောက်ပိုင်း၌လည်းအဆောက်အဦးခိုင်ခိုင်မာမာ၊ဆရာ/ဆရာမဦးရေအချိုးအစားမျှမျှတတ၊သင်ထောက်ကူပစ္စည်းစုံစုံလင်လင်တို့ဖြင့်ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်းတို့ကြောင့်လည်းကောင်းမြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ပညာရေးအခြေအနေသည်ကြီးစွာသောစိန်ခေါ်မှုတို့ဖြင့်ရင်ဆိုင် နေရသည်မှာထင်ရှား၏။

မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများတွင် မြောက်ဦးမြို့နယ်အတွင်းစာသင်ကျောင်း ၅၈ ကျောင်းသည် သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်မှု များရှိပြီး၊တန်ဖိုးငွေအားဖြင့်ပျက်စီးဆုံးရှုံးမှုမှာ ၇၂.၈၃၅သန်းရှိသည်ဆိုသော်ငြားလည်း၊ မိမိတို့ ကွင်းဆင်းလေ့လာကောက်ယူထားသော စာရင်းဇယားများကိုထောက်ရှု လျက် သဘာဝဘေး

ဒဏ်ထိခိုက်ခြင်းခံခဲ့ရသော စာသင်ကျောင်း စုစုပေါင်း(၆၃)ကျောင်း ရှိသည်ဖြစ်ရာ ပျက်စီးမှုတန်ဖိုးမှာ ထို့ထက်မကပိုမိုနိုင်ကြောင်းထင်ရှား၏။ ထို့ကြောင့် အချိန်မီပံပိုးကူညီထောက်ပံ့မှုများမလုပ်နိုင်ပါက များစွာဆိုးဝါးနိမ့်ကျလာနိုင်ဖွယ်ရှိပေသည်ဟု ကောက်ချက်ဆွဲနိုင်ပေသည်။

ဆက်လက်ပြီးကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပညာရေးအခြေနေနှင့်ပက်သက်ပြီး ဆက်လက်လေ့လာကြပါဦးစို့။

## ၂.၃ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအခြေအနေများ

မြောက်ဦးခရိုင်အထွေထွေဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ ကျောက်တော်မြို့နယ်အတွင်း၌ သဘာဝဘေးဒဏ်ကြောင့်ထိခိုက်ခံစားခဲ့ရသောစုစုပေါင်း ကျောင်းအရေအတွက်မှာ(၂၃)ကျောင်းဖြစ်ကြောင်းသိရှိရသည်။ ယင်းတို့အနက် (၁၈) ကျောင်းမှာ မူလတန်းကျောင်းဖြစ် ပြီး၊ ( ၁ ) ကျောင်းမှာ အလယ်တန်းကျောင်းများဖြစ်ကာ၊ ( ၄ ) ကျောင်းမှာ အထက်တန်းကျောင်းများဖြစ်ကြောင်း သိရှိရသည်။ အောက်ပါ ဇယား အမှတ် ( ၂.၆ ) ၌ရှုပါ။

ကျောက်တော် မြို့နယ်အတွင်းသဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့် ကျောင်းများစာရင်း ဇယား ( ၂.၆ )

| စဉ် | မြို့နယ် | ရုံး/ကျောင်းများစာရင်း | ပျက်စီးမှုအခြေအနေ | အတိုင်းအတာ | | | ပျက်စီးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|
| | | | | အလျား | အနံ | အမြင့် | |
| ၁ | ကျောက်တော် | အမက (မူလွန်) ရောင်ဖုံ | ၈ ပေ သွပ် (၉၅) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၀ |
| ၂ | ကျောက်တော် | အမက (ထောက်လေမင်တန်) | ၈ ပေ သွယ် (၆၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၅ |
| ၃ | ကျောက်တော် | အထက (ခွဲ) ဒုက္ကန်ချောင်း | ၈ ပေ သွပ် (၆၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၉၀ | ၃၀ | ၁၂ | ၄.၅ |
| ၄ | ကျောက်တော် | အမက (လိပ်ကန်) | ၈ ပေ သွယ် (၈၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၅ |
| ၅ | ကျောက်တော် | အထက (အပေါက်ဝ) | ၈ ပေသွယ် (၂၀၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၁၈၀ | ၃၀ | ၁၂ | ၄.၀ |
| ၆ | ကျောက်တော် | အမက (ဂါပု) | ၈ ပေ သွပ် (၂၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၆ |
| ၇ | ကျောက်တော် | အမက (ဝါးတောင်) | ၈ ပေ သွပ် (၈၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၈ |
| ၈ | ကျောက်တော် | အမက (ရင်းဒါး) | ၈ ပေ သွပ် (၃၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၀ |
| ၉ | ကျောက်တော် | မူလွန် (တောင်မင်းကုလား) | ၈ ပေ သွပ် (၆၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၂.၀ |
| ၁၀ | ကျောက်တော် | အမက (သံချောင်း) | ၈ ပေ သွပ် (၃၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၈ |
| ၁၁ | ကျောက်တော် | အမက (လမုတပင်) | ၈ ပေ သွပ် (၂၅) | ၆၀ | ၃၀ | ၁၂ | ၁.၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ချပ်နှင့် ဒိုင်းများပျက်စီး | | | | |
| ၁၂ | ကျောက်တော် | အမက (မဟာမုနိ) | ၈ ပေ သွပ် (၂၅) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၅ |
| ၁၃ | ကျောက်တော် | အမက (ပေါက်လေတောင်) | ၈ ပေ သွပ် (၆၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၀ |
| ၁၄ | ကျောက်တော် | အမက (ဝပြန်) | ၈ ပေ သွပ် (၂၅) ချပ်နှင့် ဒိုင်းများပျက်စီး | ၉၀ | ၃၀ | ၁၂ | ၀.၄ |
| ၁၅ | ကျောက်တော် | မူလွန် (ဘရ၀ါ) | ၈ ပေ သွပ် (၂၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၉၀ | ၃၀ | ၁၂ | ၀.၄ |
| ၁၆ | ကျောက်တော် | အလက (ခွဲ) နဂူမေ | ၈ ပေ သွပ် (၂၅)ချပ်နှင့် ဒိုင်းများပျက်စီး | ၉၀ | ၃၀ | ၁၂ | ၀.၅ |
| ၁၇ | ကျောက်တော် | မူလွန် (ငှက်ပျောချောင်း) | ၈ ပေ သွပ်(၆၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၀.၅ |
| ၁၈ | ကျောက်တော် | မူလွန် (ဇလိန့်တောင်) | ၈ ပေ သွပ် (၁၀၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၆၀ | ၃၀ | ၁၂ | ၁.၈ |
| ၁၉ | ကျောက်တော် | အမက (တောပန်ဇင်း) | ရေလှမ်းသဲဖုန်း၍ လုံး၀ပျက်စီး | ၆၀ | ၃၀ | ၁၂ | ၂၁.၆ |
| ၂၀ | ကျောက်တော် | မူလွန် (ကြိမ်ချောင်း) | ၈ ပေ သွပ် (၆၃) ချပ်နှင့် ဒိုင်းများပျက်စီး | ၉၀ | ၃၀ | ၁၂ | ၃.၀ |
| ၂၁ | ကျောက်တော် | အထက (မြို့မ) | ၈ ပေ သွပ် (၁၀၀၀) ချပ်နှင့် ဒိုင်းများပျက်စီး | ၁၅၀ | ၃၀ | ၁၂ | ၆.၀ |
| ၂၂ | ကျောက်တော် | အထက (ကန်စောက်) | ၈ ပေ သွပ် (၁၀၀)ချပ်နှင့် ဒိုင်းများပျက်စီး | ၁၂၀ | ၃၀ | ၁၂ | ၂.၀ |
| ၂၃ | ကျောက်တော် | ပေါက်လေမြောက်အမက | ကျောင်းအားလုံးပျက်စီး | ၆၀ | ၃၀ | ၁၂ | ၂၁.၆ |
| | စုစုပေါင်း | | | | | | ၇၈.၀ |

ရည်ညွှန်းချက် - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့။

အထက်ပါဇယား(၂.၆) အရ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စာသင်ကျောင်းတော်တော်များ၏ ခေါင်မိုးများပျက်စီးဆုံးရှုံးသွားကြောင်း တွေ့ရှိရသည်။ ပေါက်လေမြောက်အမကကျောင်းတစ်ကျောင်းတည်းသာ ကျောင်းတစ်ခုလုံးပျက်စီးသွားခြင်းဖြစ်ပြီး၊ကျန်ရှိသောကျောင်း(၂၂)ကျောင်းလုံးမှာခေါင်မိုးရှိသွပ်ချပ်များပျက်စီးဆုံးရှုံးသွားခြင်းနှင့်တံတိုင်းများပျက်စီးသွားခြင်းဖြစ်သည်။ အပျက်အစီးစုစုပေါင်း၏ကုန်ကျစရိတ်မှာ(၇၈.၀)သန်းဖြစ်သည်ဟုသိရှိရသည်။ ၀လက်ဖောင်ဒေးရှင်းမှရရှိ သောအချက်အလက်များအရ ကျောက်တော်မြို့နယ်အတွင်း ရေဘေးဒဏ်ထိခိုက်ခံစားခဲ့ရသော ကျေးရွာ(၇)ရွာအတွင်းရှိ စာသင်ကျောင်းများ၏ အခြေအနေနှင့် ပက်သက်ပြီးအောက်ပါအတိုင်းသိရှိရသည်။

**ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၇) ရွာ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား ( ၂.၇)**

| စဉ် | ကျေးရွာအမည် | သဘာဝဘေးဒဏ်ကြောင့် စာသင်ကျောင်းပျက်စီးမှု အခြေအနေ |
|---|---|---|
| ၁ | အုန်းပတီးရွာဟောင်း* | ဝရန်တာပျက် |
| ၂ | ရွက်ညိုတောင်ကျေးရွာ* | ပြိုလဲပျက်စီး |
| ၃ | မီးရပ်ပြင်* | ခေါင်မိုးလန် |
| ၄ | ဘရဝါကျေးရွာ | ခေါင်မိုးလန် |
| ၅ | ဗိုလ်မင်းရွာ* | ခေါင်မိုးလန် |
| ၆ | အုန်းပတီးရွာသစ်* | ခေါင်မိုးလန်၊ ကျောင်းအိမ်သာများပျက်စီး |
| ၇ | ဓါးဝန်ကျေးရွာ* | ခေါင်မိုးလန် |

ရည်ညွှန်း - ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (ရခိုင်ပြည်)

ဇယား(၂.၇)၌ ဖော်ပြထားသည့် ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ စာရင်းဇယားများနှင့် အစိုးရဌာနမှရရှိသော စရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ရာ ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ ကျေးရွာ(၇)ရွာ အနက်၊ ဘရဝါကျေးရွာတစ်ခု တည်းသာအစိုးရ၏ စာရင်းထဲ၌ပါဝင်ပြီး၊ ကျန်ကျေးရွာ(၆)ရွာမှာ အစိုးရ၏ စာရင်းထဲ၌ပါဝင်မှုမရှိချေ။ထို့ကြောင့်ကျောက်တော်မြို့နယ်အတွင်း အစိုးရမှ ထုတ်ပြန်ထားသော ကျေးရွာ(၂၃)ရွာအပြင်၊နောက်ထပ်ရွာ(၆)ရွာ၌လည်း ပျက်စီးဆုံးရှုံးမှုများရှိနေသေးကြောင်းတွေ့ရှိရပြန်ပါသည်။ အဆိုပါရွာများရှိ စာသင်ကျောင်းများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေမှာ ခေါင်မိုးပျက်စီးခြင်းအများအပြားရှိပြီး၊ အုန်းပတီးရွာဟောင်း၌မှုဝရံတာပျက်စီးကာ၊ ရွက်ညိုတောင်ကျေးရွာ၌ စာသင်ဆောင်ပြိုလဲပျက်စီးခြင်းများရှိနေပြီး၊ အုန်းပတီးရွာသစ်၌ စာသင်ကျောင်းအမိုးလန်ခြင်းအပြင် ကျောင်းအိမ်သာများလည်းပျက်စီးခြင်း များဖြစ်ပေါ် လျက်ရှိလေသည်။

ထို့နောက်မိမိတို့ကိုယ်တိုင်ကိုယ်ကျအချက်အလက်များကောက်ယူထားသောကျောက်တော်မြို့နယ်အတွင်းမှကျေးရွာ(၁၀) ရွာ၏ ပညာရေးအခြေအနေနှင့် ပက်သက်ပြီး ဆက်လက်လေ့လာကြပါဦးစို့။

အဆိုပါကျေးရွာ(၁၀)ရွာ၏ ပညာရေးအခြေအနေ နှင့်ပက်သက်သောအချက်အ လက်များကို အောက်ပါဇယား အမှတ် (၂.၈) ဖြင့် ဖော်ပြအပ်ပါသည်။ ယင်းကျေးရွာများ၌ ဂွစ္စပနဒီ (သို့) ကုလားတန်မြစ်ရိုးတလျှောက်မှ ကျေးရွာများပါဝင်သလို၊ ကျွဲလမ်းချောင်း အနီးတဝိုက်မှ ကျေးရွာများလည်းပါဝင် ပါသည်။ ဂွစ္စပနဒီ (သို့) ကုလားတန်မြစ်ရိုးတလျှောက်မှ ကျေးရွာများမှာ ကျောက်ဖြူ၊ လမုတပင်၊ အလှမဒီ၊ ကြောင်စွယ်ဖြူ၊ ပေါက်လေတောင်၊ ပေါက်လေမြောက်၊ ရောင်ဖုံတောင်၊ ရောက်ဖုံမြောက် တို့ဖြစ်ကြပြီး၊ ကျွဲလမ်းချောင်း အနီးတဝိုက်မှ ကျေးရွာများမှာ အောင်ဇေယျ၊ သံပြင်၊ ကြောင်ဖို၊ တို့ဖြစ်ကြသည်။

ဇယားအမှတ် ( ၂.၈ )အား အစိုးရမှထုတ်ပြန်ထားသောကျောင်းအပျက်အစီးစာရင်းနှင့် ဝံလက်ဖောင်ဒေးရှင်းမှ ထုတ်ပြန်ထားသော ကျောင်းအပျက်အစီးစာရင်းတို့အား တိုက်ဆိုင်စစ်ဆေးကြည့်ရာ သဘာဝဘေးဒဏ်ကြောင့် ကျောင်းများပျက်စီးထိခိုက်ခံခဲ့ရသော နောက်ထပ် ရွာ (၆)ရွာ ထပ်မံ၍ တိုးလာသည်ကိုတွေ့ရှိရသည်။ အဆိုပါရွာ(၆)ရွာအား (*) ဖြင့်ဖော်ပြထားပါသည်။

မိမိတို့ကွင်းဆင်းလေ့လာတွေ့ရှိချက်အရ ပျက်စီးဆုံးရှုံးမှု အခြေအနေများမှာ စာသင်ကျောင်းအား ရွှံ့နွံများဖုံးလွှမ်းခြင်း အပါအဝင် စာသင်ကျောင်းလုံးဝပျက်စီးခြင်း၊ ခေါင်မိုးများပျက်စီးခြင်း၊ ဝံရံတာများပျက်စီးခြင်း၊ ကျောင်းတွင်း

ပရိဘောဂများပျက်စီးခြင်း၊ စာသင်ခုံပျက်စီးခြင်း၊ စာရေးကိရိယာများပျက်စီးခြင်း စသည်ဖြင့် ယခင်ဖော်ပြထားခဲ့သော မြို့နယ်များ၏ အပျက်အစီးများသကဲ့သို့ပင် ဖြစ်ကြောင်းတွေ့ရှိရသည်။

ယခုလက်ရှိ အခြေအနေမှာ ကျေးရွာတော်တော်များများ၌ ရွံ့နွံများကိုဆေးကြောသန့်စင်ပြီးဖြစ်သည်။ စာသင်ကျောင်းအဆောက်အဦး ပျက်စီးသွားသော ကျေးရွာများ၌မူ ဇရပ်များ၌လည်းကောင်း၊ ဘုန်းကြီးကျောင်းဓမ္မရုံများ၌လည်းကောင်း၊ တာလပတ်စများဖြင့် အမိုးအကာပြုလုပ်၍လည်းကောင်း ယာယီစာသင်ခန်းများတွင် သင်ကြားလျက်ရှိကြသည်။ စာသင်ကျောင်းတဝက်တပျက် ပျက်စီးသွားသော တချို့ကျေးရွာများ၌မူ ကျောင်းရန်ပုံငွေဖြင့်ခေါင်မိုးပြုပြင်ခြင်းများ၊ ပုဂ္ဂလိကအလှူရှင်အချို့နှင့်နိုင်ငံတကာအဖွဲ့အစည်းအချို့၏ အလှူငွေများဖြင့် ကျောင်းပြုပြင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြသည်။ တချို့ကျေးရွာများတွင်မူအစိုးရထံမှရရှိသော ပံပိုးငွေမှာစာသင်ဆောင်ပြုပြင်ရန် မလုံလောက်သဖြင့်မည်သို့မျှမတတ်နိုင်ဘဲရှိ ကြသည်။ ဉပမာကျောက်ဖြူကျေးရွာ။ ကျောင်းပရိဘောဂများပျက်စီးဆုံးရှုံးသွားသည့်အချို့ကျေးရွာများတွင်မူ ကိုယ်ထူကိုယ်ထစနစ်ဖြင့်မိမိတို့တတ်နိုင်သလောက်စုပေါင်းဝယ်ယူဖြေရှင်းထားသည်များရှိကြသည်။ ဉပမာ - ပေါက်လေမြောက်ကျေးရွာ။

အစိုးရမှထုတ်ပြန်ထားသောစာရင်း၊ ဝံလက်ဖောင်ဒေးရှင်းမှထုတ်ပြန်ထားသောစာရင်းနှင့် မိမိတို့ကွင်းဆင်းလေ့လာခဲ့သောစာရင်းစသည်ဖြင့် စာရင်းအားလုံးကို တိုက်ဆိုင်စစ်ဆေးလိုက်ရာ စုစုပေါင်း စာသင်ကျောင်းအရေအတွက်မှာ(၃၅)ကျောင်းဖြစ်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အစိုးရမှ ထုတ်ပြန်ထားသော ကျောက်တော်မြို့နယ်၌ ပညာရေးကဏ္ဍတွင်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ (၇၈) သန်းထက်ပင်များပြားနိုင်ကြောင်း ကောက်ချက်ဆွဲနိုင်ပေသည်။

ထို့ကြောင့် ကျောက်တော်မြို့နယ်၌လည်း မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်တို့နှင့်တူညီစွာ သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း၊ ကာလရှည်ကြာစွာ ကျောင်းများပိတ်ထားရခြင်း၊ ကျရောက်ပြီးနောက်ပိုင်း၌လည်း အဆောက်အဦးနိုင်နိုင်မာမာ၊ ဆရာ/ဆရာမဦးရေအချိုးအစားမျှမျှတတ၊ သင်ထောက်ကူပစ္စည်းစုံစုံလင်လင်တို့ဖြင့် ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်းတို့ကြောင့် လည်းကောင်း ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပညာရေးအခြေအနေသည် အခက်အခဲပေါင်းများစွာတို့ဖြင့် ရင်ဆိုင်နေရသည်မှာထင်ရှား၏။ ယင်းအကြောင်းကြောင့် အချိန်မှီပံပိုးကူညီထောက်ပံ့မှုများ မလုပ်နိုင်ပါက များစွာဆိုးဝါးနိမ့်ကျလာနိုင်ဖွယ်ရှိပေသည်။

ဆက်လက်ပြီးပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပညာရေးအခြေနေနှင့်ပက်သက်ပြီး ဆက်လက်လေ့လာကြပါဦးစို့။

ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ၏ပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယားအမှတ် ( ၂.၈ )

| စဉ် | ကျေးရွာ အမည် | ကျောင်း အရေအတွက် | ကျောင်းသူ/သား အရေအတွက် | ဆရာ/ဆရာမ အရေအတွက် | သဘာဝဘေးအန္တရာယ်ကြောင့် ပညာရေးနှင့်ပက်သက်သော ထိခိုက်မှုအခြေအနေ | ယခုလက်ရှိ အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ပေါက်လေတောင်<br>(နဂူမေအုပ်စု)<br>လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | မူလတန်း (၁) ကျောင်း | ၉၃ | ၅ ဦး | ကျောင်းခေါင်မိုးလန်<br>ကျောင်းတွင်းပရိဘောဂများပျက်စီး | ကျောင်းပြန်ဖွင့်<br>စာသင်ခန်းကို ယာယီ အဖြစ်<br>ဇရပ်၌ပြောင်းရွှေ့သင်ကြားနေရ။<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၂ | ရောင်ဖုံတောင်<br>(ကြောင်စွယ်ဖြူအုပ်စု)<br>လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု - ၂၀၄ | မူလတန်း (၁) ကျောင်း<br>မူလွန် (၁) ကျောင်း | မူလတန်း (၂၂၉)<br>မူလွန် (၇၉) | ၁၀ ဦး | စာသင်ခုံများပျက်စီး<br>မူလွန်ကျောင်းလုံးဝပျက်စီး | ကျောင်းပြန်ဖွင့်<br>ပုဂ္ဂလိကအလှူရှင်များ၏ပံ့ပိုးကူညီမှုဖြင့်<br>မူလွန်ကျောင်းတည်ဆောက်ပြီး<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၃ | လမုတပင်<br>(လမုတပင်အုပ်စု)<br>လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု - ၂၈၈ | မူလတန်း (၁) ကျောင်း<br>မူလတန်း(တွဲ)- (၁) ကျောင်း | မူလတန်း (၂၁၈)<br>မူလွန် (၂၉) | ၈ ဦး | စာသင်ခုံများရေမျော<br>ကျောင်းခေါင်မိုးပျက်စီး | ကျောင်းပြန်ဖွင့်<br>MCF ၏ပံ့ပိုးမှုဖြင့် ကျောင်းကိုပြုပြင်ထား<br>သို့သော် စာသင်ကျောင်းသည် အိုဟောင်း၍<br>ကျောင်းသားဦးရေနှင့်စာသင်ခန်းမမျှတဖြစ်နေသော<br>ကြောင့် အခက်အခဲဖြစ်နေ။ အပျက်အစီးစာရင်းကို<br>အစိုးရထံတင်ပြထား |
| ၄ | ကျောက်ဖြူ*<br>(ကျောက်ဖြူအုပ်စု)<br>လူဦးရေ - ၈၅၀ ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု - ၁၅၀ | မူလတန်း (၁) ကျောင်း | ၅၇ | ၅ ဦး | ကျောင်းကိုရွှံ့နွံများဖုံးလွှမ်း<br>စာသင်ကျောင် တဝက်တပျက် ပျက်စီး<br>စာသင်ခုံများအားလုံးနီးပါးပျက်စီး | ကျောင်းပြန်ဖွင့်<br>ယာယီအနေဖြင့် ဘုန်းကြီးကျောင်း၌ စာသင်နေရ<br>စာသင်ကျောင်းပြုပြင်ရန်အတွက် မယကမှတဆင့်<br>ဘီလပ်မြေ အိတ် (၅၀) လက်ခံရရှိပြီးဖြစ်၊ သို့သော်<br>သဲနှင့်ကျောက်အတွက်ငွေမတတ်၍ကျောင်းကိုမပြု<br>ပြင်နိုင်အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၅ | ကြောင်စွယ်ဖြူ*<br>(ကြောင်စွယ်ဖြူ<br>အုပ်စု)<br>လူဦးရေ -၇၃၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု - ၁၈၀ | မူလတန်း (၁) ကျောင်း | ၁၀၂ | ၆ ဦး | (သစ်သားဖြင့်လုပ်ထားသော ) စာသင်ဆောင် ပျက်စီး<br>(အုတ်ဖြင့်ပြုလုပ်ထားသော) စာသင်ဆောင် ဖောင်ဒေးရှင်း နိမ့်ဝင်<br>စာသင်ခုံများပျက်စီး<br>စာရေးကိရိယာများပျက်စီး | ကျောင်းပြန်ဖွင့်<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား |
| ၆ | အောင်ဇေယျ*<br>(အောင်ဇေယျအုပ်စု) | မူလတန်း (၁) ကျောင်း<br>အလယ်တန်း (တွဲ) – (၁) | မူလတန်း (၉၅)<br>အလယ်တန်း (၄၇) | ၄ ဦး | ကျောင်းကိုရွှံ့နွံများဖုံးလွှမ်း<br>ကျောင်း၏အမိုးအချို့ ပျက်စီး | ကျောင်းပြန်ဖွင့်<br>ရွှံ့နွံများကိုဆေးကြောပြီးဖြစ် |

| | | | | | | |
|---|---|---|---|---|---|---|
| | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၅၀ | ကျောင်း | | | | ရေလွှမ်းပြီးနောက်ပိုင်း ဆရာ (၁)ဦးပြောင်းရွှေ့သွား<br>မူလတန်းကျောင်းဆောက်လက်စ<br>(အစိုးရမှထောက်ပံ့ပေးထား)<br>အလယ်တန်းအား ဘုန်းကြီးကျောင်းဓမ္မာရုံ၌သင် |
| ၇ | ကြောင်ဖို*<br>(ဘရာဝါအုပ်စု)<br>လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | မူလတန်း (၁)ကျောင်း<br>အလယ်တန်း(တွဲ)-(၁)<br>ကျောင်း | မူလတန်း (၆၀)<br>အလယ်တန်း(၄၀) | ၈ ဦး | စာသင်ကျောင်းအားရွှံ့နွံများဖုံးလွှမ်း<br>စာရေးခုံများ ပျက်စီး<br>ကျောင်းတွင်း ပရိဘောဂများပျက်စီး | ကျောင်းပြန်ဖွင့်<br>ရွှံ့နွံများကိုဆေးကြောပြီးဖြစ် |
| ၈ | သံပြင်*<br>(ခွဆုံအုပ်စု)<br>လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု - ၁၃၄ | မူလတန်း (၁) ကျောင်း | မူလတန်း (၈၃) | ၅ ဦး | စာသင်ကျောင်းအား ရွှံ့နွံများဖုံးလွှမ်း<br>စာသင်ကျောင်းအမိုးအနည်းငယ်ပျက်<br>စာသင်ခုံအနည်းငယ်ပျက်စီး<br>စာအုပ်များ၊ စာရွက်စာတမ်းများပျက်စီး | ကျောင်းပြန်ဖွင့်<br>ရွှံ့နွံများကို ဆေးကြောပြီးဖြစ်သည်။ |
| ၉ | ပေါက်လေမြောက်(နဂု<br>မေ အုပ်စု)<br>လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | မူလတန်း (၁) ကျောင်း | မူလတန်း (၁၃၃) | ၄ ဦး | ကျောင်းလုံးဝပျက်စီး (ကျောင်းထရံနှင့် အမိုးများ)<br>ကျောင်းပရိဘောဂများပျက်စီး (သင်ပုန်း ၆ ချပ် နှင့် စာသင်ခုံ ၂၂ ခုံပျက်စီး)<br>သင်ထောက်ကူပစ္စည်း (သင်ရိုးညွှန်းတမ်းစာအုပ်များပျက်စီး) | ကျောင်းပြန်ဖွင့်<br>ဖျာနှင့် သင်ပုန်း (၆)ချပ်အား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝယ်ယူပြီး ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ယာယီ သင်ကြားနေရသည်။<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထား။ |
| ၁၀ | ရောင်စုံမြောက်<br>(ကြောင်စွယ်ဖြူ<br>အုပ်စု)<br>လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု - ၁၁၆ | စာသင်ကျောင်းမရှိ | | | | |
| ၁၁ | အလုမဒီ*<br>(ကြောင်စွယ်ဖြူအုပ်စု)<br>လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂<br>အိမ်ထောင်စု - ၁၃၄ | မူလတန်း (တွဲ) - (၁) ကျောင်း<br>မူလွန် (၁) ကျောင်း | မူလတန်း (၁၃၁)<br>မူလွန် (၂၆) | ၈ ဦး | ကျောင်းခေါင်မိုးပျက်စီး<br>စာသင်ခုံ (၂၀) မျောပါ<br>စားပွဲ (၂) ခုမျောပါ | ကျောင်းပြန်ဖွင့်<br>ကျောင်းခေါင်မိုးကို ကျောင်းထောက်ပံ့ရေး ရန်ပုံငွေဖြင့် ပြုပြင်ပြီးဖြစ်သည်။<br>အပျက်အစီးစာရင်းကိုအစိုးရထံတင်ပြထားသည်။ |

ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

## ၂.၄ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအခြေအနေများ

စစ်တွေခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသောအချက်အလက်များအရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း၌ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုများရှိခဲ့သော မြို့ပေါ်နှင့် ကျေးရွာစာသင်ကျောင်း စုစုပေါင်းအရေအတွက်မှာ (၃၇)ကျောင်း ဖြစ်ကြောင်း သိရှိရသည်။ ယင်း ၃၇ ကျောင်းတည်ရှိရာ နေရာဒေသ များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သဘာဝဘေးဒဏ်ထိခိုက်ခံစားခဲ့ရသော စာသင်ကျောင်းများ ဇယား ( ၂.၉ )

| စဉ် | ခရိုင် | မြို့နယ် | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | စာသင်ကျောင်း |
|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ပုဏ္ဏားကျွန်း | အလယ်စု | - | - | ၁ |
| ၂ | | | ရွာဟောင်း | - | - | ၁ |
| ၃ | | | | ပိုးရှိုပြင် | ပိုးရှိုပြင် | ၂ |
| ၄ | | | | နတ်တောင် | နတ်တောင် | ၁ |
| ၅ | | | | ဖောင်ဆိပ် | ဖောင်ဆိပ် | ၁ |
| ၆ | | | | မိုဟင်းတော | မိုဟင်းတော | ၁ |
| ၇ | | | | ယိုးတရုတ် | ယိုးတရုတ် | ၃ |
| ၈ | | | | ပက်ခွက်ဆိပ် | ပက်ခွက်ဆိပ် | ၁ |
| ၉ | | | | င/ပြောက်ဆည် | င/ပြောက်ဆည် | ၁ |
| ၁၀ | | | | လက်ဝဲမြန် | လက်ဝဲမြန် | ၁ |
| ၁၁ | | | | သဲတက် | သဲတက် | ၂ |
| ၁၂ | | | | ပြင်လျားရှည် | ပြင်လျားရှည် | ၁ |
| ၁၃ | | | | အောင်ဆိပ် | အောင်ဆိပ် | ၂ |
| ၁၄ | | | | ဘဲခိုး ကြိမ်ချောင်း | ကြိမ်ချောင်း | ၁ |
| ၁၅ | | | | မင်းဇီချောင်း | မင်းဇီချောင်း | ၁ |
| ၁၆ | | | | ပဲစိနန်း | ပဲစိနန်း | ၁ |
| ၁၇ | | | | ကျောက်ဆိပ် | ကျောက်ဆိပ် | ၁ |
| ၁၈ | | | | မိုးတိမ်ပြင် | မိုးတိမ်ပြင် | ၁ |
| ၁၉ | | | | ကြိမ်ကျွန်း | ကြိမ်ကျွန်း | ၁ |
| ၂၀ | | | | အလည်ချောင်း | အလည်ချောင်း | ၁ |
| ၂၁ | | | | ကုလားချောင်း | ကုလားချောင်း | ၁ |
| ၂၂ | | | | ကွန်းတောင် | ကွန်းတောင် | ၂ |
| ၂၃ | | | | တန်ခိုးရွာ | တန်ခိုးရွာ | ၁ |
| ၂၄ | | | | ကျွဲထိုး | ကျွဲထိုး | ၁ |
| ၂၅ | | | | ကံချောင်း | ကံချောင်း | ၁ |
| ၂၆ | | | | အောင်ဇေယျ | အောင်ဇေယျ | ၁ |
| ၂၇ | | | | ခမောင်းတော | ခမောင်းတော | ၁ |
| ၂၈ | | | | ဒီပါရုံ | ဒီပါရုံ | ၁ |
| ၂၉ | | | | ယာချောင်း | ယာချောင်း | ၁ |
| ၃၀ | | | | နတ်ဆိပ် | နတ်ဆိပ် | ၁ |
| ၃၁ | | | | ကျော်ဇံ | ကျော်ဇံ | ၁ |
| စုစုပေါင်း | | | ၂ | ၈၆ | ၈၆ | ၃၇ |

ရည်ညွှန်း - စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ထို့ကြောင့် အထက်ပါ ဇယားအမှတ် ( ၂.၁၀ ) အရ ပုဏ္ဏားကျွန်းမြို့ပေါ်ရှိကျောင်း (၂) ကျောင်းအပါအဝင်၊ ကျေးရွာပေါင်း (၂၈) ရွာရှိ ကျောင်းစုစုပေါင်း (၃၇) ကျောင်းတို့သည် သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားခဲ့ရမှုများ ရှိခဲ့ကြောင်း တွေ့ရှိရသည်။

(မှတ်ချက်။ ။ယင်းကျောင်းများ၏ ထိခိုက်ပျက်စီးမှု အခြေအနေအသေးစိတ်ကိုမူ မိမိတို့လက်လှမ်းမမှီ သဖြင့် ဤနေရာတွင် ဖော်ပြနိုင်ခြင်းမရှိချေ။ ဝံလက်ဖောင်ဒေးရှင်း(ရခိုင်ပြည်)၏ အချက်အလက်များ ကောက်ခံရာ၌လည်း ဤပုဏ္ဏားကျွန်းမြို့နယ်မပါဝင်ခဲ့ချေ။ )

မည်သို့ပင် ဖြစ်စေပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာ၍ တွေ့ရှိခဲ့ရသော ကျေးရွာ(၁၀) ရွာ၏ အချက်အလက်များကို အခြေခံလျက် ပုဏ္ဏားကျွန်းဒေသ၏ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခဲ့သောပညာရေးအခြေအနေများ၏လေ့လာသုံးသပ်ချက်များကိုဆက်လက်လေ့လာကြပါစို့။

**ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၌ပညာရေးကဏ္ဍနှင့်ပက်သက်ပြီးပျက်စီးဆုံးရှုံးမှုအခြေအနေများ ဇယား ( ၂.၁၀ )**

| စဉ် | ကျေးရွာ အမည် | ကျောင်း အရေအတွက် | ကျောင်းသူ/ သား အရေအတွက် | ဆရာ/ဆရာမ အရေအတွက် | သဘာဝဘေးဒဏ်ကြောင့် ပညာရေးနှင့်ပက်သက်သော ထိခိုက်မှုအခြေအနေ | ယခုလက်ရှိ အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ပြင်လှ*<br>(မြင်းကတ္တောအုပ်စု)<br>လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | မူလတန်း (၁) ကျောင်း | မူလတန်း (၅၅) | ၅ ဦး | စာသင်ကျောင်းအားရွှံ့နွံများနှင့်အမှိုက်များဖုံးလွှမ်းခံရသည်။<br>ကျောင်းခြံစည်းရိုးပျက်စီး။<br>စာရေးကိရိယာများပျက်စီး။<br>သင်ရိုးညွှန်းတမ်း စာအုပ်များပျက်စီး။<br>သင်ပုန်းများပျက်စီး။ | ကျောင်းပြန်ဖွင့်။<br>ရွှံ့နွံများကို ဖယ်ရှားပြီးဖြစ်သည်။<br>သင်ပုန်းများအားပြန်လည်ပြုပြင်ပြီးဖြစ်သည်။<br>ပညာရေးဌာနမှသင်ရိုးညွှန်းတမ်းစာအုပ်အနည်းငယ်ရရှိသော်လည်း လုံလောက်မှုမရှိသေး။ |
| ၂ | မြင်းကတ္တော*<br>(မြင်းကတ္တောအုပ်စု)လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | မူလတန်း (၁) ကျောင်း<br>အလယ်တန်း(တွဲ)–(၁) ကျောင်း | မူလတန်း (၁၂၀)<br>အလယ်တန်း (၃၂) | ၈ ဦး | မူလတန်းကျောင်းပျက်စီး (ကြမ်းခင်းပြိုပျက်)<br>သင်ပုန်းများပျက်စီး<br>စာသင်ခုံများရေမျောသည်။ | ကျောင်းပြန်ဖွင့်။<br>စာသင်ခန်းမရှိသဖြင့်ဘုန်းကြီးကျောင်းရှိ သခ်န်း၌အားယာယီအသုံးပြုထား။<br>စာရေးခုံမရှိသဖြင့်ရွာမှထမင်းစားပွဲများအားယာယီအသုံးပြုထား။ |
| ၃ | ပြင်လျားရှည်<br>(ပြင်လျားရှည်အုပ်စု)<br>လူဦးရေ-၁၆၀၃<br>အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | အထက (ခွဲ) – (၁) ကျောင်း | ၅၂၅ | ၂၆ ဦး | စာသင်ဆောင်(၃)ဆောင်ရှိရာလုံးဝပြိုပျက်(ပေ၁၂၀စာသင်ဆောင် တစ်ဆောင်၊ ပေ(၉၀) စာသင်ဆောင် တစ်ဆောင်၊ ပေ ၁၀၀ စာသင်ဆောင်တစ်ဆောင်)<br>ကျောင်းပရိဘောဂများပျက်စီးစာရေးခုံများမျောပါပျက်စီးစာရေးကိရိယာများပျက်စီးစာသင်ဆောင်များအားရွှံ့နွံများဖုံးလွှမ်းခံရ။ | ကျောင်းပြန်ဖွင့်။<br>အလယ်တန်းကျောင်းသားများကိုဘုန်းကြီးကျောင်း၌ ယာယီသင်ကြားနေရသည်။<br>အထက်တန်းကျောင်းသားများအားပြိုပျက်နေသော စာသင်ဆောင်ထဲ၌တာလပတ်စများမိုး၍ ယာယီသင်ကြားနေရ<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထားသည်။ |
| ၄ | လက်ဝဲမြန်*<br>(လက်ဝဲမြန်အုပ်စု)<br>လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင်<br>အိမ်ထောင်စု - ၂၂၆ စု | မူလတန်း - (၁) ကျောင်း | ၁၈၂ | ၇ ဦး | စာသင်ကျောင်းအားရွှံ့နွံများဖုံးလွှမ်း။<br>ကျောင်းခေါင်မိုးပျက်စီး<br>( သံဖြူ ၁၀ ချပ် လန်)<br>စာသင်ခုံ (၃၀) ရေမျောပျောက်ဆုံး။<br>စာရေးကိရိယာများပျက်စီး။ | ကျောင်းပြန်ဖွင့်။<br><br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထားသည်။ |
| ၅ | ခွဆုံ*<br>(ခွဆုံအုပ်စု)<br>လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀ | မူလတန်း - (၁) ကျောင်း | ၁၀၅ | ၄ | စာသင်ကျောင်းယိုယွင်း<br>စာသင်ခုံများရေမျော<br>စားပွဲခုံများရေမျော<br>သင်ပုန်းများပျက်စီး | ကျောင်းပြန်ဖွင့်။<br>စာရေးခုံမရှိ၍ ကြမ်းပြင်၌ စာရေးစာသင်ရ<br>ယခင် ဆရာ/ဆရာမ (၅) ဦးရှိရာမှ ယခု (၄)ဦးသာကျန်ခဲ့၍ အခက်အခဲဖြစ်နေ |

| | | | | | | |
|---|---|---|---|---|---|---|
| | အိမ်ထောင်စု - ၁၁၀ | | | | | စာသင်ကျောင်းမှာယိုယွင်းပျက်စီးနေ၍<br>စာသင်ကျောင်းဆောက်လုပ်ရန် အစိုးရမှ လျာထားချက်ရှိ |
| ၆ | မာန်အောင်သား**<br>(ကြိမ်ချောင်းအုပ်စု)<br>လူဦးရေ - ၄၀၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၉၄ | မူလတန်း<br>(စာသင်ဆောင်သီး<br>သန့်မရှိဘဲ ဘုန်းကြီး<br>ကျောင်း၌<br>သင်ကြားနေရသည်) | မူလတန်း<br>(၅၁) | ၅ ဦး | (စာသင်ဆောင်သီးသန့်မရှိဘဲဘုန်းကြီးကျောင်း၌<br>သင်ကြားနေရသောကြောင့်)<br>ပညာရေးနှင့်ပက်သက်ပြီး<br>သဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှု<br>ထူးထူးခြားခြားမတွေ့ရှိရချေ။ | ဘုန်းကြီးကျောင်း၌ ယာယီသင်ကြားနေရ၊<br>စာသင်ကျောင်းမရှိ၍အစိုးရထံတင်ပြပြီး<br>သို့သော် လျာထားချက်မရှိသေး။<br>ရွာမှကိုယ်ထူကိုယ်ထဆောင်လုပ်ရန်လည်း<br>ငွေကြေးမတတ်နိုင်သေး။ |
| ၇ | ကြိမ်ချောင်း<br>(ကြိမ်ချောင်းအုပ်စု)<br>လူဦးရေ - ၁၁၅၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၉၈ | မူလတန်း (၁)<br>ကျောင်း | မူလတန်း<br>(၉၀) | ၄ ဦး | စာသင်ကျောင်းအားရွှံ့နွံများဖုံးလွှမ်း | ကျောင်းပြန်ဖွင့်။<br>ယခင် ဆရာ/ဆရာမ (၆) ဦးရှိရာမှ ယခု (၄)ဦးသာကျန်ခဲ့၍<br>အခက်အခဲဖြစ်နေ |
| ၈ | ဘဲခိုး*<br>(ကြိမ်ချောင်းအုပ်စု)<br>လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၁၀ | မူလတန်း (၁)<br>ကျောင်း | မူလတန်း<br>(၆၀) | ၅ ဦး | စာသင်ကျောင်းအားရွှံ့နွံများဖုံးလွှမ်း<br>ကျောင်းပြတင်းတံခါးများပျက်စီး<br>စာသင်ခုံများပျက်စီး | ကျောင်းပြန်ဖွင့်ပြီဖြစ်သည်။<br>ရွှံ့နွံများကို ဆေးကြောပြီးဖြစ်<br>အပျက်အစီးစာရင်းကို အစိုးရထံတင်ပြထားသည်။ |
| ၉ | ကောင်းမွန်*<br>(မိုဟင်းတောအုပ်စု)<br>လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | မူလတန်း (၁)<br>ကျောင်း | မူလတန်း<br>(၆၂) | ၄ ဦး | စာသင်ကျောင်း၌ အမိုးနှင့် နံရံများပျက်စီး<br>ရွှံ့နွံများဖုံးလွှမ်း<br>သင်ပုန်းကြီးများပျက်စီး ( ၂ ချပ်)<br>စာသင်ခုံများပျက်စီး (၄ စုံ) | ကျောင်းပြန်ဖွင့်ပြီဖြစ်သည်။<br>စာသင်ကျောင်းအားပုဂ္ဂလိကအလှူငွေဖြင့် ယာယီပြုပြင်ထား<br>ယခင် ဆရာ/ဆရာမ (၅) ဦးရှိရာမှ ယခု (၄)ဦးသာကျန်ခဲ့၍<br>အခက်အခဲဖြစ်နေသည်။<br>အပျက်အစီးနှင့်ပက်သက်ပြီး အစိုးရထံတင်ပြထားသည်။ |
| ၁၀ | ပေါက်တူးပေါက်*<br>(မင်းကတ္တော့အုပ်စု)<br>လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | မူလတန်း (၁)<br>ကျောင်း | မူလတန်း<br>(၈၆) | ၁ ဦး | စာသင်ကျောင်းအားရွှံ့နွံများဖုံးလွှမ်း<br>ကျောင်းခေါင်းမိုးပျက်စီး<br>စာသင်ကျောင်း ဆိုင်းဘုတ်ပျက်စီး | ကျောင်းခါင်မိုးအားပြုပြင်ပြီး<br>ကျောင်းပြန်ဖွင့်ထားသော်လည်းဆရာ၊ဆရာမ မလုံလောက်၍<br>စာသင်ရန်အခက်အခဲဖြစ်နေသည်။<br>(ယခင်ဆရာ/ဆရာမ(၅)ဦးရှိရာမှယခု(၁)ဦးသာကျန်ခဲ့သည်။)<br>အပျက်အစီးနှင့်ပက်သက်ပြီး အစိုးရထံတင်ပြထား |

ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အစိုးရမှထုတ်ပြန်ထားသော စာရင်းဇယားများအရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း၌ စာသင်ကျောင်းပျက်စီးဆုံးရှုံးမှု အရေအတွက်မှာ (၂၉) ကျောင်းဖြစ်သည်ကို တွေ့ရှိရပြီး၊ မိမိတို့ကွင်းဆင်းလေ့လာတွေ့ရှိထားသော သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် စာသင်ကျောင်းအရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ရာ နောက်ထပ်ထပ်မံ၍ (၇)ကျောင်းတိုးလာသည်ကိုတွေ့ရှိရသည်။ အဆိုပါ ကျောင်း(၇) ကျောင်းအား ဇယား (၂.၁၁) ၌ (*) သင်္ကေတဖြင့် ဖော်ပြထားပါသည်။ (**) သင်္ကေတဖြင့် ဖော်ပြထားသော မာန်အောင်သားကျေးရွာ၏ အခြေအနေမှာ မူလတန်းအတွက်အစိုးရဆရာ/ဆရာမများ ရောက်ရှိနေကြပြီး ဖြစ်သည်။ သို့သော် ယခင်ကတည်းကပင် စာသင်ဆောင်ဟူ၍ သီးသန့်မရှိဘဲ ဘုန်းကြီးအောက်၌ သင်ကြားနေရခြင်းဖြစ်ရာ၊ စာသင်ဆောင် အဆောက်အဦးမရှိသည့်အခက်အခဲကိုပင် (သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် တခြားစာသင်ကျောင်းများ နည်းတူ) ရင်ဆိုင်နေရခြင်းဖြစ်လေသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း၌ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာတွေ့ရှိထားသော အချက်အလက်များအရ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများမှာ စာသင်ဆောင်တခုလုံးလုံးဝပျက်စီးခြင်းအပါအဝင်၊ စာသင်ကျောင်းအားရွံ့နွံများဖုံးလွှမ်းခြင်း၊ စာသင်ကျောင်း၏ အမိုး၊အကာ၊ ကြမ်းခင်းများ ပျက်စီးခြင်းနှင့်အတူ စာသင်ခုံများ၊ကျောင်းပရိဘောဂများ၊ စာ ရေးကိရိယာများလည်း ပျက်စီးဆုံးရှုံးမှုများရှိကြသည်ကို တွေ့ရှိရသည်။

သဘာဝဘေးဒဏ်ကြောင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စာသင်ကျောင်း အခက်အခဲနှင့် ကျောင်းတွင်းပရိဘောဂများ၊သင်ထောက်ကူပစ္စည်းအခက်အခဲတို့အပြင်နောက်ထပ်ရင်ဆိုင်နေရသောအခက်အခဲတစ်ခုမှာဆရာ/ဆရာမ အ ခက်အခဲဖြစ်သည်။ မိမိတို့လေ့လာခဲ့သောကျေးရွာ(၁၀)ရွာအနက် ရွာ(၄)ရွာတွင်ဆရာ၊ဆရာမအခက်အခဲနှင့် ရင်ဆိုင်နေကြ ခြင်းဖြစ်သည်။ ပေါက်တူးပေါက်ကျေးရွာ၌ အဆိုးဝါးဆုံးဖြစ်ကာမူလတန်းကျောင်းသူ/သား (၈၆) ဦးအားသင်ကြားရန်အ တွက်ဆရာ/ဆရာမ(၅)ဦးရှိခဲ့သည့်အနက်မှ လက်ရှိ(၁)ဦးတည်းသာ ကျန်ခဲ့သော အခြေအနေဖြစ်လေသည်။ ကျန်ကျေးရွာ များတွင်မှု ဆရာ/ဆရာ(၆)ဦးရှိခဲ့သည့်အနက်မ (၄)ဦးသာကျန်ခဲ့ခြင်းများရှိသလို၊ (၅)ဦးရှိခဲ့သည့်အနက်မှ (၄)ဦးသာကျန်ခဲ့ တော့ခြင်းလည်းရှိ လေသည်။

ယခုလက်ရှိအခြေအနေမှာ ကျေးရွာတော်တော်များများရှိ စာသင်ကျောင်းများ၌ရွံ့နွံများကို ဆေးကြောပြီးဖြစ်သည်။ စာသင်ကျောင်းအမိုးအကာများပြိုပျက်သွားသော ကျေးရွာအချို့တွင် ပုဂ္ဂလိကအလှူငွေများဖြင့်ယာယီပြုပြင်၍ သင်ကြားနေကြရသည်။အချို့ရွာများတွင်မူ ဘုန်းကြီးကျောင်းများရှိ ဓမ္မာရုံများတွင်သင်ကြားနေကြသည်ကိုတွေ့ရှိရသည်။ စာသင်ဆောင်များ

ပျက်စီးဆုံးရှုံးမှုများတွင်အထူးသဖြင့်ပြင်လျားရှည်ကျေးရွာရှိအထက်တန်းကျောင်းမှာစာသင်ဆောင်(၃)ဆောင်ရှိသည့်အနက် (၂)ဆောင်မှာလုံးဝပျက်စီးသွားပြီး၊ နောက်တစ်ဆောင်မှာအန္တရာယ်ဆောင်အနေဖြင့်ယိုယွင်းလျက်ကျန်ရှိခဲ့လေသည်။ အဆို

ပါယိုယွင်းနေသောအဆောင်၌တာလပတ်စများဖြင့်ကာရံကာယာယီစာသင်ခန်းအဖြစ်အသုံးပြုနေရခြင်းဖြစ်လေသည်။တချို့ရွာများတွင် စာသင်ခုံမရှိသဖြင့် ကြမ်းပြင်၌ပင် ဝမ်းလျားမှောက်လျက်စာသင်ကြရသည်။ စာသင်ကျောင်းများနှင့်ပက်သက်သော အပျက်အစီးစာရင်းကို အစိုးရထံတွင် တင်ပြထားပြီးဖြစ်ကြောင်းသိရှိရသည်။

ထို့ကြောင့်ရှေးဦးစွာဖော်ပြခဲ့သော မင်းပြား၊ မြောက်ဦး၊ ကျောက်တော်စသည့်မြို့နယ်များသကဲ့သို့ပင် ပုဏ္ဏားကျွန်းမြို့နယ်အ တွင်းရှိကျေးရွာများ၏ပညာရေးအခြေအနေသည်သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း၊ ကာလရှည်ကြာစွာ

ကျောင်းများပိတ်ထားရခြင်း၊ကျရောက်ပြီးနောက်ပိုင်း၌လည်းအဆောက်အဦးခိုင်ခိုင်မာမာ၊ဆရာ/ဆရာမဦးရေအချိုးအစားမျှမျှတတ၊ သင်ထောက်ကူပစ္စည်းစုံစုံလင်လင်တို့ဖြင့် ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်းတို့ကြောင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ရှိကျေးရွာများ၏ ပညာရေးအခြေအနေသည် အခက်အခဲပေါင်းများစွာတို့ဖြင့် ရင်ဆိုင်နေရသည်မှာထင်ရှား၏။ ယင်းအ ကြောင်းကြောင့် အချိန်မီပံ့ပိုးကူညီထောက်ပံ့မှုများ မလုပ်နိုင်ပါက များစွာဆိုးဝါးနိမ့်ကျလာနိုင်ဖွယ်ရှိပေသည်။

## ၂.၅ ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ပျက်စီးဆုံးရှုံးမှု ပုံစံများနှင့် အခက်အခဲများ

ထို့ကြောင့် အထက်ပါ(၄)မြို့နယ်အတွင်း ပညာရေးနှင့်ပတ်သက်သော ပျက်စီးဆုံးရှုံးမှုအခြေအနေများ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း (၄)ပိုင်းခွဲခြားလေ့လာနိုင်ပေသည်။ ယင်းတို့မှာ

၁။စာသင်ဆောင်ပျက်စီးမှု၊

၂။ကျောင်းပရိဘောဂများပျက်စီးမှု၊

၃။သင်ထောက်ကူပစ္စည်းများပျက်စီးဆုံးရှုံးမှု

၄။အခြားပျက်စီးဆုံးရှုံးမှုများနှင့် အခက်အခဲများ စသည်တို့ဖြစ်ကြသည်။

**ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုပုံစံများနှင့် အခက်အခဲများ ဇယား ( ၂.၁၁ )**

| အဆောက်အဦးပျက်စီးမှု | ကျောင်းပရိဘောဂများပျက်စီးမှု | သင်ထောက်ကူပစ္စည်း များပျက်စီးဆုံးရှုံးမှု | အခြားပျက်စီးဆုံးရှုံးမှုများနှင့် အခက်အခဲများ |
|---|---|---|---|
| စာသင်ဆောင်လုံးပျက်စီး ခြင်း | စာသင်ခုံများပျက်စီးမှု | ဗလာစာအုပ်များပျက်စီးမှု | စာသင်ကျောင်းနှင့် ကျောင်းပရဝုဏ် တခုလုံးအား ရွှံ့နွံများဖုံးလွှမ်း |
| အမိုးပျက်စီးခြင်း | စားပွဲခုံများပျက်စီးမှု | သင်ရိုးညွှန်းတမ်းစာအုပ်များပျက်စီးမှု | (ကျောင်းပရဝုဏ်၌ ရွှံ့နွံများဖုံးလွှမ်းနေခြင်းကြောင့် ) ရေမြောင်းများပျက်စီးကာ မိုးရွာလျှင် ကျောင်းတွင်း၌ ရေပြည့်ရေလျှံဖြစ်ခြင်း |
| အကာနံရံပျက်စီးခြင်း | သင်ပုန်းကြီးများပျက်စီးမှု | စာရေးကိရိယာများပျက်စီးမှု | ဆရာ/ဆရာမများ မလုံလောက်ခြင်း |
| ကြမ်းခင်းပျက်စီးခြင်း | ဆရာထိုင်ခုံများ ပျက်စီးမှု | ကွန်ပျူတာ၊ တီဗွီ | ကျောင်းသို့သွားလာရန် လမ်းများပျက်စီးခြင်း |
| ကျောင်းပြတင်းပေါက်များပျက်စီးခြင်း | ဗီဒို | | ကျောင်းဝတ်စုံများပျက်စီးခြင်း |
| ဝံရံတာပျက်စီးခြင်း | | | စာကြည့်ရန် မီးအခက်အခဲ |
| ကြမ်းခင်း ဖောင်ဒေးရှင်းနိမ့်ဝင် | | | ကျောင်းရှိမှတ်တမ်းမှတ်ရာစာရွက်စာတမ်းများ ပျက်စီး |
| စာသင်ဆောင် တိမ်းစောင်း | | | |
| တံခါးရွက်ပျက်စီးခြင်း | | | |
| လှေကား | | | |
| ဆိုင်းဘုတ်ပျက်စီးခြင်း | | | |
| ကျောင်းအိမ်သာများပျက်စီးခြင်း | | | |
| ခြံစည်းရိုးပျက်စီးခြင်း | | | |
| ဆရာ/ဆရာမများနေထိုင်သည့် အဆောက်များပျက် စီး | | | |
| ခြံစည်းရိုးပျက်စီးခြင်း | | | |

ရည်ညွှန်း - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ၊ ဝံလက်ဒေသဖွံ့ဖြိုးဖောင်ဒေးရှင်း (ရခိုင်ပြည်)၊ ကွင်းဆင်းလေ့လာ တွေ့ရှိချက်များ။

**၂.၆ ရခိုင်ပြည်နယ်အတွင်းမြို့နယ်(၄)မြို့နယ်ရှိရေဘေးသင့်ကျေးလက်ဒေသများတွင်ပညာရေးကဏ္ဍ၌ပျက်စီးဆုံးရှုံးသွားသည့်အပျက်အစီးများအားပြန်လည်ထူထောင်ရေး အတွက် ပံပိုးကူညီရန် လိုအပ်ချက်များ**

သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသောကြောင့် ဖြစ်ပေါ်လာသော ပညာရေးနှင့် ပက်သက်သည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်မည်ကဲ့သို့သောနည်းလမ်းများဖြင့် မည်သို့မည်ပုံ လုပ်ဆောင်ရန်အစီအစဉ်များ ချမှတ်ထားခြင်းရှိသနည်းဟူ၍ လည်းကောင်း၊ ပံ့ပိုးကူညီလို သောအလှူရှင် အဖွဲ့အစည်းများအနေဖြင့် မည်သည့်နည်းလမ်းများဖြင့် မည်သို့မည်ပုံ ထောက်ပံ့ကူညီသင့်ပါ သနည်းဟူ၍လည်းကောင်း အဆိုပါ ကျေးရွာ(၄၁)ရွာရှိ ရပ်မိရပ်ဖများ၊အုပ်ချုပ်ရေးမှူးများ၊ ကျောင်းထိုင်ဆရာတော်ကြီးများနှင့်အတူ ဆရာ/ဆရာမများ အားမေးမြန်းဆွေးနွေးခဲ့သည့်နည်းတူ၊ ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများကိုလည်း မေးမြန်းဆွေးနွေးခဲ့ရာအောက်ပါ အတိုင်း ကြားသိခဲ့ရလေသည်။

ပညာရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုများနှင့် ပက်သက်ပြီးဇယား(၂.၁၁)တွင် ဖော်ပြထားသည့်အတိုင်းအပိုင်း(၄)ပိုင်းခွဲ၍လေ့လာနိုင်သည်ဖြစ်ရာ စာသင်ကျောင်းအဆောက်အအုံပျက်စီးဆုံးရှုံးမှုများနှင့်ပက်သက်ပြီး ကျေးရွာများမှရွာသူ/ရွာသားများအနေဖြင့်ပျက်စီးယိုယွင်းနေသော စာသင်ခန်းအချို့ကိုပြုပြင်ဖာထေးခြင်း၊ ဘုန်းကြီးကျောင်းများသို့စာသင်ခန်းများကိုပြောင်းရွှေ့ခြင်း၊ တာလပတ်စများဖြင့် ယာယီစာသင်ခန်းများဆောက်လုပ်ခြင်းစသည့် တပိုင်တနိုင်လုပ်ငန်းများကိုသာလတ်တလောအဆင်ပြေစေရန်အလို့ငှာဆောင်ရွက်နိုင်ကြသည်။ သို့သော် စာသင်ကျောင်းအဆာက်အဦးအတွက် ကိုယ်ထူကိုယ်ထနစ် ဖြင့် ရပ်ရွာအတွင်းမှငွေကြေးကောက်ခံ၍ ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို လုပ်ဆောင်ရန်မှာ မလွယ်ကူကြကြောင်းကိုကြားသိခဲ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးရှုံးမှုများမှာပညာရေးတခုတည်းသာမက တခြားသောကဏ္ဍများ၌လည်း ပျက်စီးဆုံးရှုံးမှုအရေအတွက်မှာ လွန်စွာများပြားလွန်းသောကြောင့်ပင်ဖြစ်သည်။ (တခြားသောကဏ္ဍများ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကျန်အခန်းများတွင် ရှုပါ။)

ထို့ကြောင့်စာသင်ကျောင်းများ ဆောက်လုပ်ရန်အတွက် ပြင်ပအကူအညီအထောက်အပံ့ကိုရယူနိုင်ရန် မျှော်လင့်ကြရသည်။ ကျေးရွာတော်တော်များများသည် အစိုးရထံမှ အကူအညီအထောက်အပံ့ရနိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းကိုတင်ပြထားပြီးဖြစ်ကြောင်းကြားသိခဲ့ရသည်။ သို့သော်ပညာရေးနှင့်ပက်သက်ပြီး အစိုးရထံမှအထောက်အပံ့များကို မည်သည့်အချိန်၌ မည်ရွေ့မည်မျှရရှိမည်ဟူ၍ရေရာသေချာသောအခြေအ နေကိုမှုရပ်ရွာလူထုထံမှမကြားသိခဲ့ရချေ။

တခြားသောပုဂ္ဂလိကအလှူရှင်များ၏ ထောက်ပံ့ကူညီမှုအချို့ကိုကြားသိခဲ့ရသည်။ ဥပမာအားဖြင့် မင်းပြားမြို့နယ်သလူချောင်း ကျေးရွာစာသင်ကျောင်းပြန်လည်ဆောက်လုပ်ရန် ရွှေသံလွင်ကုမဏီမှ သစ်၊ သွပ်နှင့် ဘိလပ်မြေ သိန်း (၄၅)သိန်းဖိုး ပံ့ပိုးကူညီဖြစ်ကြောင်း ကြားသိခဲ့ရသည်။ သို့သော် ကျောင်းဆောက်လုပ်ရန်အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ (၁၂၆)သိန်း ရှိမည်ဖြစ်၍ စတင်ဆောက်လုပ်ရန်မတတ်နိုင်သော အခြေအနေတွင်ရှိနေ ကြလေသည်။ ထို့အပြင် ကျောက်တော်မြို့နယ်အတွင်းရှိ ကျောက်ဖြူကျေးရွာ၌လည်း ဘိလပ်မြေ အိတ် (၅၀) လက်ခံရရှိပြီးဖြစ်သည်။ သို့သော် တခြားကုန်ကျစရိတ်များမတတ်နိုင်၍ကျောင်းဆောက်ရန်မတတ်နိုင်သေးချေ။ ကျောင်းတစ်ဝက်တစ်ပျက် ပျက်စီးရှုံးမှုများကိုမူတချို့ကျေးရွာများတွင် ကျောင်းရန်ပုံငွေဖြင့်သော်လည်းကောင်း၊ အလှူရှင်များ၏ ပံပိုးကူညီမှုများနှင့်သော်လည်းကောင်းပြုပြင်ထားကြသည်ကိုတွေ့ရသည်။ စာသင်ကျောင်းလုံးဝလဲပြိုခြင်းနှင့် ပျက်စီးမှုများကို ပြုပြင်ရန် မတတ်နိုင်သော

ကျေးရွာများ၌မူစာသင်ခန်းများကို ဘုန်းကြီးကျောင်းများသို့လည်းကောင်း၊ ရပ်ရွာမှ နေအိမ်များသို့လည်းကောင်းပြောင်းရွှေ့သင်ကြားနေကြရသည်ကိုတွေ့ရသည်။

ကျောင်းပရိဘောဂများပျက်စီးဆုံးရှုံးမှုနှင့် ပက်သက်ပြီး ကူညီထောက်ပံ့သည့်အလှူရှင်များ၏သတင်းအချက်အလက်များကိုမှု မတွေ့ရှိခဲ့ရချေ။ တချို့ကျေးရွာများတွင် မိမိတို့ဖာသာ တတ်နိုင်သလောက် စုပေါင်းဝယ်ယူထားကြသည်ကိုတွေ့ရသည်။ ဥပမာ - ကျောက်တော်မြို့နယ်အတွင်းရှိ ပေါက်လေမြောက်ကျေးရွာတွင် သင်ပုန်းများနှင့် ဖျာများကို မိမိတို့ဘာသာ ဝယ်ယူလျက်ဘုန်းကြီးကျောင်းတွင် သင်ကြားနေကြသည်။ စင်စစ်ဤကျောင်းပရိဘောဂများသည်လည်း ပညာသင်ကြား ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းများပင်ဖြစ်သည်။

သင်ထောက်ကူပစ္စည်းများပျက်စီးဆုံးရှုံးမှုနှင့်ပက်သက်ပြီး သိသိသာသာထင်ထင်ရှားရှားမြင်တွေ့ရသော ထောက်ပံ့ကူညီမှုမှာစာရေးရန်ဗလာစာအုပ်ပံ့ပိုးမှုဖြစ်သည်။ တခြားသောအလှူရှင်အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့အနေဖြင့် ဗလာစာအုပ်လှူဒါန်းမှုအချို့နှင့် စာသင်ကျောင်းပြန်လည်ဆောက်လုပ်ရန်လှူဒါန်းမှုအချို့ကိုလည်း ကြားသိခဲ့ကြရသည်။ ဗလာစာအုပ်လှူဒါန်းမှုများမှာရခိုင်သဟာယအဖွဲ့စသည့် ပြည်တွင်းမှအရပ်ဖက်အဖွဲ့အစည်းများ၊တသီးပုဂ္ဂလအလှူရှင်များ ပါဝင်သကဲ့သို့၊တခြားနိုင်ငံတကာအဖွဲ့အစည်းအချို့၏ပံ့ပိုးကူညီမှုများလည်းရှိကြ၏။

အခြားသောပျက်စီးဆုံးရှုံးမှုများဖြစ်သည့် စာသင်ကျောင်းများတွင်ရွှံ့နွံများဖုံးလွှမ်းခြင်း အခြေအနေအားရပ်ရွာတော်တော်များများ၌ကိုယ်ထူကိုယ်ထစနစ်ဖြင့်သော်လည်းကောင်း၊ ပြင်ပကူညီများဖြင့်သော်လည်းကောင်း ဖြေရှင်းပြီးဖြစ်သည်။ သို့သော် ကျောင်းပတ်ဝန်းကျင်တခုလုံးမှာ ရေစီးရေလာကောင်းမွန်ခြင်းမရှိသည့်အတွက် မိုးရွာလျှင် ရေပြည့်ရေလျှံသည့်အခက်အခဲသည်နောက်ဆက်တွဲအနေဖြင့်ကျန်ရှိနေပါသေးသည်။ ထိုကဲ့သိုသောအခြေအနေသည်လည်း ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေးနှင့် ဆက်စပ်လျက်ရှိရာ အမြန်ဆုံးဖြေရှင်း သင့်ပေသည်။

ဆရာ/ဆရာမဦးရေမလုံလောက်ခြင်းကိစ္စရပ်မှာ ယခင်ကတည်းကပင် ပေါ်ပေါက်လျက်ရှိနေကြောင်း မင်းပြားမြို့နယ်ရှိလူမှုအဖွဲ့အစည်းတစ်ခုမှဒေသခံတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။ ပညာရေးဝန်ကြီးဌာနမှ နေရာချ ထားပေးသော်လည်း တချို့ဆရာ/ဆရာမများမှာ မိမိတာဝန်ကျရာကျေးရွာသို့သွားရောက်ခြင်းမရှိကြကြောင်းကြားသိရသည်။ ယခုသဘာဝဘေးဒဏ်ခံစားရသောအခါတွင်းကား တချို့မှာ တခြားသောနေရာဒေသများသို့ရာထူးတိုးဖြင့်ပြောင်းရွှေ့သွားကြသည်များ ရှိကြသလို၊တချို့မှာမူပြန်လည်လာရောက်ခြင်းမရှိကြချေ။ ထို့ကြောင့်ကျေးရွာများတွင်ပညာရေးနှင့် ပက်သက်ပြီး များစွာအခက်အခဲဖြစ်ပေါ်လျက်ရှိလေသည်။ မိမိကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခဲ့သောရွာပေါင်း(၄၀)၌ စုစုပေါင်းရွာ(၉)ရွာတွင် အထက်ပါဆရာ/ဆရာမ မလုံလောက်မှုပြဿနာ နှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း သိရှိရသည်။ ( ဇယားအမှတ် ( ၂.၃ )၊ ( ၂.၅ )၊ (၂.၉ )၊ (၂. ၁၁)တွင်ရှု။)

ဆရာ/ဆရာမဦးရေ မလုံလောက်သော ကိစ္စရပ်များနှင့်ပက်သက်ပြီး၊ တချို့သော ကျေးရွာများတွင် မိမိတို့ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြင်ပမှဆရာ/ဆရာမများကိုအခကြေးငွေပေးပြီးငှားရမ်းကာ သင်ကြားလျက်ရှိကြောင်းတွေ့ရှိခဲ့ရသည်။(အဆိုပါဆရာ/ဆရာမများအားငွေကြေးထက်၊စပါးပေးပြီးငှားရမ်းလေ့ရှိကြသည်။) အချို့သော ကျေးရွာများတွင်ကား ထိုသို့ အခကြေးငွေပေး၍ ငှားရမ်းရန် မတတ်နိုင်ကြချေ။ ထို့ကြောင့်ယင်းကဲ့သို့အခကြေးငွေပေး၍ငှားရမ်းနိုင်ရန်အတွက် ငှားရမ်းခမှာမနည်းပါးလှသောကြောင့် အလှူရှင်များ၏ ထောက်ပံ့ကူညီမှုကိုငံ့လင့်ကြ၏။ အဆိုပါအခကြေးငွေပေး၍ငှားရမ်းထားသောဆရာ/ဆရာမများမှာမလာမဖြစ်လာကြရပြီး၊လာရောက်ပြီးပညာသင်ကြားမှုသာရပ်ရွာလူထုထံမှအခကြေးငွေရရှိ

ကြရခြင်းဖြစ်သည်။ ကျေးရွာများ၌ တာဝန်ကျနေသော အစိုးရဆရာ/ဆရာမအချို့မှုကား ကျေးရွာများသို့ မလာလျှင်လည်း အစိုးရထံမ ကျောင်းလခရယူလျက်ရှိကြကြောင်းသိရှိရ၏။ မည်သို့ပင်ဆိုစေ ပညာရေးဌာနမှ နေရာချထားသောဆရာ/ဆရာမများသည်မိမိတို့တာဝန်ကျရာရပ်ရွာများ၌ တာဝန်ထမ်းဆောင် ကြရန်အတွက် တိုက်တွန်းကြရမည်ပင်ဖြစ်သည်။ ထို့ကြောင့်အဆိုပါပြဿနာကိုဖြေရှင်းနိုင်ရန်အတွက်ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလုပ်ဆောင်ချက်များမလွဲမသွေပြုလုပ်ကြရမည်ဖြစ်သည်။

ဆရာ/ဆရာမများ အခက်အခဲကိစ္စရပ်သည် လမ်းပန်းဆက်သွယ်ရေးနှင့်လည်းဆပ်စပ်လျက်ရှိပေသည်။ ကျောက်တော်မြို့နယ်အတွင်းရှိရွာသူရွာသားများ၏ ပြောကြားချက်အရ လမ်းပန်းဆက်သွယ်ရေးသည်လည်း ပညာရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးပါကြောင်းသိရှိရသည်။ ၎င်းတို့၏ပြောကြားချက်အရ အကယ်၍ မိမိတို့ရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မည်ဆိုပါက ဆရာ/ဆရာမများသည် ရွာသို့နေ့ချင်းပြန်လာရောက်ပြီး ပညာသင်ကြားပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုကြသည်။ ဤကဲ့သို့မိမိတာဝန်ကျရာကျေးရွာများသို့နေ့ချင်းပြန်လာရောက်ပြီးပညာသင်ကြားသောဆရာ/ဆရာမများလည်းရှိကြသည်ကိုတွေ့ရ၏။မိမိတို့ရောက်ရှိခဲ့သောပုဏ္ဏားကျွန်းမြို့နယ်မှကျေးရွာအချို့တွင်ဆရာ/ဆရာမများသည်ကျေးရွာများ၌နေထိုင်ကြခြင်းမဟုတ်ဘဲလိုင်းမော်တော်ဘုတ်ဖြင့်နေ့ချင်းပြန်လာရောက်၍ကလေးများကိုစာသင်ပေးနေကြသည်ကိုတွေ့ရှိရသည်။ ထိုသို့နေ့ချင်းပြန်လာရောက်သင်ကြားခြင်းအားဖြင့် ဆရာ/ဆရာမများအတွက် နေရေးထိုင်ရေး၊စားရေးသောက်ရေးစသည့်ကိစ္စရပ်များနှင့်ပက်သက်ပြီးသက်ဆိုင်ရာကျေးရွာများအနေဖြင့်တာဝန်ပေါ့သွားမည်ဖြစ်သလို၊ဆရာ/ဆရာမများအတွက်လည်း အဆိုပါကျေးရွာ၌ အချိန်ပြည့်နေထိုင်ရန်မလိုသဖြင့် နှစ်ဦးနှစ်ဖက်အကျိုးများလှ ပေသည်။

ထို့အပြင်အထက်ပါမြို့နယ်များ၌ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများမှာ အရေအတွက်အားဖြင့် နည်းပါးသည်ကို တွေ့ရှိရပြီး၊ ကျေးရွာတော်တော်များများ၌ မူလတန်းကျောင်းများသာရှိကြပြီး၊ မူလွန် (သို့) အလယ်တန်းကျောင်း (သို့) အထက်တန်းကျောင်းများသို့ တက်ရောက်လိုပါက တခြားရပ်ရွာများသို့ မဖြစ်မနေသွားရောက်ကြရသည်။ ယခုအခါ သဘာဝဘေးအန္တရာယ်ကိုခံစားခဲ့ရခြင်းကြောင့် မိမိတို့ကျေးရွာအတွင်းရှိ လမ်းများမှာရွံ့နွံများ၊ အမှိုက်များဖုံးလွှမ်းနေခြင်းနှင့် တခြားရပ်ရွာများသို့ ဆက်သွယ်ထားသောလမ်းများသည်လည်း ပျက်စီးမှုများရှိနေရာ လမ်းပန်းဆက်သွယ်ရေးမှာ ပိုမိုခက်ခဲလျက်ရှိလေသည်။ ထို့ကြောင့် ဆရာ/ဆရာမများလာရောက်ရန်အတွက် သော်လည်းကောင်း၊ ကျောင်းသူ/သားများတခြားရပ်ရွာများသို့သွားရောက် ပညာဆည်းပူးရန် အတွက်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည်လည်း အထက်ပါကျေးရွာများ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်သွေးကြောတမျှ အရေးပါလှကြောင်းတွေ့ရှိရလေသည်။

ထို့ကြောင့် အဆိုပါ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက်လမ်းများကို ကောင်းစွာဆောင်ရွက်ရန်လိုအပ်ပြီး၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိပေ လိမ့်မည်။

ကျောင်းဝတ်စုံအခက်အခဲနှင့် စာကျက်ရန်မီးအခက်အခဲသည်လည်း ရွာသူ/သားများ၏စီးပွားရေးလုပ်ငန်းများပျက်စီးဆုံးရှုံးမှုများနှင့်ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးဒဏ်ကြောင့်လယ်ယာလုပ်ငန်းများအမြောက်အများပျက်စီးဆုံးရှုံးခဲ့ရာ၊ ကျောင်းသားမိဘများအနေဖြင့် သားသမီးများ၏ ပညာရေးနှင့်ပက်သက်ပြီး ကူညီထောက်ပံ့နိုင်ရန်အားနည်းလျက်ရှိသည်။ ထို့ကြောင့်ကျောင်းသား/သူများအတွက် ကျောင်းဝတ်စုံနှင့် စာကျက်ရန်မီးသည်လည်းအခက်အခဲတစ်ခုအနေဖြင့်ရှိနေလေသည်။ ကျောင်းဝတ်စုံများမှာရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သောကြောင့် ပြန်လည်ဝယ်ယူရန်လိုအပ်လျက်ရှိပေသည်။ စာကျက်ရန်မီးနှင့် ပက်သက်ပြီး ကျောင်းသူ/သားများမှာ ဖယောင်းတိုင်မီးကိုသာ အားကိုးရသည်။

ကျောင်းသားမိဘများသည်စီးပွားရေးချိန့်လာသောအခါ သားသမီးများစာဖတ်ရန်အတွက် ဖယောင်းတိုင်ဝယ်ရန်ပင် အခက်အခဲရှိလာကြသည်။ မိမိတို့လေ့လာခဲ့သောမြို့နယ်(၄)မြို့နယ်အနက်၊ (၃)မြို့နယ်ရှိမြို့(၃)မြို့၌သာ အစိုးရ၏ မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးများရရှိကာ၊ကျေးရွာများ၌တွင်ကားလျှပ်စစ်မီးလုံးဝမရှိချေ။ ကျောက်တော်မြို့နယ်အတွင်းမှ ကျေးရွာအုပ်ချုပ် ရေးမှူးတစ်ဦး၏ ပြောကြားချက်အရ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိလိုပါက လျှပ်စစ်မီးသွယ်တန်းရန် အတွက်ကုန်ကျစရိတ်ကို ကျေးရွာများမှ မိမိတို့ဖာသာကိုယ်ထူကိုယ်ထကျခံကြရမည်ဖြစ်ရာ၊ (၁)မိုင်လျှင် ကုန်ကျစ ရိတ်ကျပ်သိန်း(၁၀၀၀)ဝန်းကျင်ခန့်ရှိမည်ဖြစ်သောကြောင့်၊မည်သည့်ကျေးရွာမှ အဆိုပါအဖိုးအခကို မတတ်နိုင် ကြသောကြောင့် ယခု အချိန် အထိလျှပ်စစ်မီးမရရှိကြသေးကြောင်း သိရှိရသည်။

အထက်ပါအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် (မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးမရရှိသေးသောကာလတွင်) ကျေးရွာသူ/သားများအဖို့နေ၏စွမ်းအင်မှတဆင့်လျှပ်စစ်မီးရရှိနိုင်သော Solar System အား အဖြေတစ်ခုအနေ ဖြင့်မှတ်ယူကြသည်။သို့သော်အဆိုပါ SolarSystem သုံးထားသည့် အိမ်သုံးမီးများသည် လည်း (သဘာဝဘေးမကျရောက်မီကာလကပင်)ရွာသူ/သားများအဖို့ဈေးကြီးလှသည်ဖြစ်ရာ ကျေးရွာအချို့တွင် မိသားစုအနည်းငယ်မျှသာသုံးစွဲနိုင်ကြောင်း တွေ့ရှိရသည်။ ယခုသဘာဝဘေးအန္တရာယ်ကျရောက်ပြီး စီးပွားရေးလုပ်ငန်းများ ယိုင်နဲ့နေသောအချိန်တွင်ကားမိမိကိုယ်တိုင်ဝယ်ယူသုံးစွဲရန်မှာ ပို၍ပင် အလှမ်းကွာဝေးလျက်ရှိ လေသည်။ မိမိတို့လေ့လာခဲ့သော မြို့နယ် (၄)မြို့နယ်ရှိ ကျေးရွာပေါင်း (၄၀)တွင် အစိုးရမှ solar system အိမ်သုံးမီးပံ့ပိုးထားသော ကျေးရွာဟူ၍ ကျောက်တော်မြို့နယ်မှ အိမ်ခြေ(၁၃၀)ရှိသော အောင်ဇေယျရွာတစ်ရွာ တည်းသာ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ကျောင်းသား/သူများ စာကျက်နိုင်ရန်အတွက် solar systemဖြင့်အိမ်သုံးမီးများပံ့ပိုးပေးခြင်းသည်လည်း ပညာရေးကဏ္ဍအားသွယ်ဝိုက်၍တဖက်တလမ်းမှ ကူညီရာ ရောက်ပေမည်။

နောက်ဆုံးတချက်အနေဖြင့် အဓိကအရေးကြီးသည့်အချက်မှာ ပညာရေးကဏ္ဍနှင့်ပက်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ပံ့ပိုးကူညီမည်ဆိုပါကပညာရေးနှင့်သက်ဆိုင်သောကျောင်းအုပ်ဆရာ/ဆရာမများသာမကရပ်ရွာ၏အုပ်ချုပ်ရေးပိုင်းမှတာဝန်ရှိသူများနှင့်အတူ၊ရပ်မိရပ်ဖများနှင့်ကျောင်းထိုင်ဆရာတော် ကြီးများစသည်ဖြင့် မိမိတို့ရပ်ရွာရှိ အဓိကအရေးပါသည့် ပုဂ္ဂိုလ်များပါဝင်သော ကျေးရွာကော်မတီတရပ် အနေဖြင့်ဖွဲ့စည်းကာ၊ လိုအပ်သောအကူအညီအထောက်အပံ့များကိုအဆိုပါ ကော်မတီထံသို့ပေးအပ်ပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်းလည်းကြားသိခဲ့ရသည်။ သို့မဟုတ်ပါကငွေကြေးအလွဲသုံးစားလုပ်မှုများပေါ်ပေါက်နိုင် ကြောင်းနှင့် ပေါ်ပေါက်ခဲ့ဖူးသည်များလည်းရှိ ကြောင်းကြားသိခဲ့ ရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ကျောက်တော်မြို့နယ်အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီ၏ဆောင်ရွက်ချက်သည်မှတ်သားစရာကောင်းလှသည်။ယင်းကော်မတီသည်အရေးပေါ်ကာလ၌ကူညီပံ့ပိုးမှုများကိုဆောင်ရွက်ရာတွင်ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာကော်မတီများအသီးသီး ဖွဲ့စည်းပေးခဲ့ပြီး၊ ယင်းကော်မတီများ၏အင်အားကိုရယူကာ အချိတ်အဆက်မိမိဖြင့် လိုအပ်သောနေရာများတွင် လိုအပ်သောအကူအညီများကို ထိထိရောက်ရောက် ပံ့ပိုးနိုင်ခဲ့သည်။ ထိုနည်းတူစွာပင်မြောက်ဦးမြို့နယ်၌လည်းလူမှုအဖွဲ့အစည်းများနှင့်စုပေါင်းတည်ထောင်ထားသောအရေးပေါ်ရေဘေးကယ်ဆယ်ရေးကော်မတီသည်လည်းကောင်း၊ မင်းပြားမြို့နယ်တွင်လည်းလူမှုအဖွဲ့အစည်း၊ သံဃာအဖွဲ့အစည်း၊ ဆရာတော်ကြီးများနှင့် အစိုးရဌာနအချို့ပူပေါင်းထားသောအရေးပေါ်ကယ်ဆယ်ရေးကော်မတီနှင့် သဇင်လူမှုဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း Public Center(မင်းပြား)သည်လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်၌လည်း ယိုးတရုတ်ကျေးရွာမှလူငယ်အဖွဲ့များမှလည်းကောင်း မိမိတို့မြို့နယ်အသီးသီးသို့ကူညီထောက်ပံ့ရန်လာရောက်ကြသော အလှူရှင်များကို ကျေးရွာများရှိယုံကြည်စိတ်

ချရသောရပ်မိရပ်ဖများ (သို့) ကျေးရွာကော်မတီများသို့ ချိတ်ဆက်ပေးခြင်းဖြင့်ကူညီထောက်ပံ့မှုများအဆင်ပြေလျောမွေ့စွာဖြင့် အမှန်တကယ်လိုအပ်သောနေရာများသို့ ရောက်ရှိစေရန် ဆောင်ရွက်ခဲ့ကြ ကြောင်းကြားသိခဲ့ရ သည်။

ထို့ကြောင့် ကူညီထောက်ပံ့မှုများကိုဆောင်ရွက်မည်ဆိုပါကငွေကြေးအလွဲသုံးစားလုပ်မှုများမပေါ်ပေါက်စေရန်၊သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ ကော်မတီများနှင့် ချိတ်ဆက်ပြီးမှတဆင့် ကျေးရွာများရှိရပ်မိရပ်ဖ (သို့)ကျေးရွာ ကော်မတီများနှင့် တိုက်ရိုက်ဆယ်သွယ်လှုဒါန်းရန်မှာ လွန်စွာအရေးပါလှပေသည်။ ထို့အပြင်ပညာရေးကဏ္ဍတွင်ပံ့ပိုးကူညီမည်ဖြစ်သောကြောင့်သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ ပညာရေးဌာနများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားရန်မဖြစ်မနေလိုအပ်သည်ပင်ဖြစ်သည်။ သို့မှသာအထောက်အပံ့ပစ္စည်းများမှာ သက်ဆိုင်ရာ မြို့နယ်များရှိ ကျေးရွာလူထုနှင့် ပညာရေးဌာန၏ ထိန်းသိမ်းမှုအောက်တွင် ရေရှည်တည်တံ့နိုင်ပေမည်။

အထက်ပါမြို့နယ်(၄)မြို့နယ်ရှိပညာရေးကဏ္ဍတွင်ယခုလက်ရှိအချိန်အထိပုဂ္ဂလိကအလှူရှင်များ၊ဒေသခံအဖွဲ့အစည်းများ၊နိုင်ငံတကာအဖွဲ့အစည်းများ၏ပံ့ပိုးကူညီခဲ့သည့်စာရင်းအသေးစိတ်ကိုကိုမိမိတို့အနေဖြင့်အသေးစိတ်လက်လှမ်းမမှီသဖြင့်ဖော်ပြနိုင်ခြင်းမရှိချေ။ ၎င်းအပြင် အဆိုပါအဖွဲ့အစည်းများအနေဖြင့် ပညာရေးနှင့်ပက်သက်ပြီးေ နာက်ထပ်မည်သည့်အထောက်အပံ့များကိုဆက်လက်ထောက်ပံ့ရန်အစီအစဉ်ရှိသနည်း ဟူသည်ကိုလည်းမိမိတို့အနေဖြင့် လက်လှမ်းမမှီသေးသောကြောင့်ဤစာတမ်းတွင်ဖော်ပြနိုင်ခြင်းမရှိသေးချေ။ မည်သို့ပင်ဆိုစေကာမူ ထောက်ပံ့ကူညီသောအဖွဲ့အစည်းများအနေဖြင့်ထပ်ခါတလဲလဲတစ်နေရာတည်း၌စုပုံ၍ ပံ့ပိုးမှုမျိုးကိုရှောင်ရှားနိုင်ရန်အတွက် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြားတွင် စေ့စပ်ညှိနှိုင်းရေးတွေ့ဆုံပွဲများ ( coordination meeting) များများလုပ်ဆောင်ရန် လိုအပ်လှပေသည်။

# အခန်း(၃)

## လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနများ

ဤအခန်း၌ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၄)မြို့နယ်အတွင်းမှ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာပျက်စီးဆုံးရှုံးမှု အခြေအနေများကို အသေးစိတ် တင်ပြသွားမည်ဖြစ်သလို၊ လိုအပ်ချက်များကိုမည်သို့မည်ပုံထောက်ပံ့ကူညီသင့်ကြောင်းကိုလည်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို အခြေခံလျက် မြို့နယ်တစ်ခုချင်းစီအလိုက် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

ဤအခန်း၌ သဘာဝဘေးဒဏ်ကြောင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်နှင့်ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုး ရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများကို တင်ပြရာတွင် အဆိုပါဒေသများ၏ အဓိကသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း၏အခန်းကဏ္ဍကို အထူးအလေး ထား၍ မီးမောင်းထိုးတင်ပြသွားမည်ဖြစ်ပါသည်။

### ၃.၁ သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း၌ မိုးစပါးထိခိုက် ပျက်စီးမှုအခြေအနေ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်)မှ ရရှိသော အချက်အလက်များအရ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် မိုးစပါးထိခိုက်၊ပျက်စီးမှုအခြေအနေကို ဇယား(၃.၁ )အရအောက်ပါအတိုင်း မြင်တွေ့ရလေသည်။

ဇွန်နှင့်ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးထိခိုက် ပျက်စီးမှုအခြေအနေ ဇယား ( ၃.၁ )

| စဉ် | မြို့နယ် | ကျေးရွာပေါင်း | ကွင်းပေါင်း | ရေကြီးနစ်မြုပ် (ဧက) | ထိခိုက် (ဧက) | ပျက်စီး (ဧက) |
|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ၁၅ | ၃၆ | ၃၅၀၀ | ၂၈၂၆ | ၁၆၃၇ |
| ၂ | ရသေ့တောင် | ၃၉ | ၇၂ | ၄၁၅၁ | ၃၅၀၀ | ၁၇၆၅ |
| ၃ | ပုဏ္ဏားကျွန်း | ၅၅ | ၇၆ | ၂၃၀၀၄ | ၁၅၆၉၁ | ၁၀၀၉၄ |
| ၄ | ပေါက်တော | ၄၈ | ၁၈၈ | ၁၈၈၄၂ | ၁၄၂၂၃ | ၈၉၄၆ |
| ၅ | မြောက်ဦး | ၉၇ | ၃၄၆ | ၈၄၇၄၅ | ၈၄၇၄၅ | ၇၅၂၄၂ |
| ၆ | ကျောက်တော် | ၆၅ | ၁၉၈ | ၅၁၃၅၆ | ၅၁၃၅၆ | ၄၁၂၈၁ |
| ၇ | မင်းပြား | ၆၃ | ၂၉၅ | ၃၆၀၇၉ | ၃၆၀၇၉ | ၃၆၀၇၉ |
| ၈ | မြေပုံ | ၄၆ | ၁၂၃ | ၁၁၂၀၀ | ၁၁၂၀၀ | ၈၅၅၀ |
| ၉ | မောင်တော | ၁၂ | ၇၉ | ၃၅၂၇ | ၁၇၅၄ | ၈၁၉ |
| ၁၀ | ဘူးသီးတောင် | ၆၈ | ၁၇၈ | ၃၃၅၀၂ | ၃၃၅၀၂ | ၁၈၁၂၉ |
| ၁၁ | ကျောက်ဖြူ | ၁၅ | ၄၈ | ၆၅၀၅ | ၄၆၈၂ | ၁၈၆၇ |
| ၁၂ | အမ်း | ၁၄ | ၅၄ | ၁၁၈၉၃ | ၁၁၄၂၅ | ၁၁၃၉၇ |
| ၁၃ | သံတွဲ | ၃၃ | ၆၅ | ၈၃၇ | ၈၃၇ | ၄၁၅ |
| ၁၄ | တောင်ကုတ် | ၂၅ | ၁၀၀ | ၁၅၉၁ | ၉၈၉ | ၈၄၁ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | ၀၀ | ၁၆ | ၅၉ | ၄၈၇ | ၃၄၅ | ၁၈၄ |
| | ပြည်နယ်ချုပ် | ၆၁၁ | ၁၉၁၇ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ |

ရည်ညွှန်း - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်)

အထက်ပါဇယားအမှတ် ( ၃.၁ ) ကိုကြည့်ရှုလေ့လာခြင်းအားဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (၁၅)မြို့နယ်ရှိ ကျေးရွာပေါင်း (၆၁၁)ရွာ တို့တွင် ဇွန်နှင့်ဇူလိုင်လအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ရေကြီးနစ်မြုပ်မှုဧကပေါင်း(၂၉၁၂၁၉)ဧကရှိခဲ့ပြီး၊ ထိခိုက်မှုဧက (၂၇၃၁၅၄) ဧကရှိ၍၊ ပျက်စီးမှုဧက ပေါင်း (၂၁၇၂၄၆) ဧကရှိကြောင်း သိရှိရသည်။

ဤစာတမ်းတွင် မိမိတို့အဓိကထားလေ့လာမည့်မြို့နယ်(၄)မြို့နယ်ဖြစ်သော မင်းပြား၊ မြောက်ဦး၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းတို့ရှိမိုးစပါးများထိခိုက်ပျက်စီးမှုအခြေအနေများမှာမင်းပြားမြို့နယ်တွင် ကျေးရွာပေါင်း (၆၃)ရွာ၌ ဧကပေါင်း (၁၆၀၇၉) ဧကပျက်စီးဆုံးရှုံးမှုကိုလည်းကောင်း၊မြောက်ဦးမြို့နယ်တွင် ကျေးရွာပေါင်း(၉၇)ရွာ၌ ဧကပေါင်း (၇၅၂၄၂)ဧကပျက်စီးဆုံးရှုံးမှုကိုလည်းကောင်း၊ ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၆၅)ရွာ၌ ဧကပေါင်း(၄၁၂၈၁)ဧက ပျက်စီးဆုံးရှုံးမှုကိုလည်းကောင်းတွေ့ရှိရသည်။ ထို့ကြောင့် ဖော်ပြပါမြို့နယ်(၁၅)မြို့နယ်အတွင်း မိုးစပါး ထိခိုက်ပျက်စီးမှု စာရင်းတွင် မြောက်ဦးမြို့နယ်သည်ထိခိုက်ပျက်စီးမှုအများဆုံးနေရာ၌ လည်းကောင်း၊ ကျောက်တော်မြို့နယ်သည် ဒုတိယထိခိုက်ပျက်စီးမှုအများဆုံးနေရာ၌ လည်းကောင်း၊ မင်းပြားမြို့နယ်သည် တတိယထိခိုက်ပျက်စီးမှုအများဆုံးနေရာ၌ လည်းကောင်းတွေ့ရှိရလေသည်။ ပုဏ္ဏားကျွန်းမြို့နယ်မှာမူဘူးသီးတောင်မြို့နယ်နှင့်အမ်းမြို့နယ်ပြီးလျှင် ဆဋ္ဌမ ထိခိုက်ပျက်စီးမှုအများဆုံးမြို့နယ်ဖြစ်ကြောင်းတွေ့ရှိရလေသည်။

## ၃.၂ ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ၏လယ်ယာစိုက်ပျိုးရေးအခြေအနေ၊ တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကဏ္ဍ နှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ

စိုက်ပျိုးရေးဌာနမှရရှိသောစာရင်းဇယားအချက်အလက်များမှာရခိုင်တစ်ပြည်နယ်လုံးရှိမြို့နယ် (၁၅)မြို့နယ်နှင့်ပက်သက်ပြီး ခြုံငုံသုံးသပ်၍ဖော်ပြထားခြင်းရာ၊ တစ်မြို့နယ်ချင်းစီအလိုက် ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအခြေအနေများကို ထပ်မံ၍အသေးစိတ်အနီးကပ်လေ့လာရန်လိုအပ်ပေသည်။ ဤသို့လေ့လာရာတွင် မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာ(၄၀)ရွာ၌ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းသုတေသနပြုထားသော အချက်အလက်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှရရှိသောစာရင်းဇယားများအချက်အလက်များကိုအဓိကထားကိုးကားတင်ပြမည်ဖြစ်ပါသည်။

ရှေးဦးစွာ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှရရှိသော စာရင်းဇယားများအရ ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို နောက်ဆက်တွဲဇယားအမှတ်(၃)တွင် ဖော်ပြထားပါသည်။

(မှတ်ချက် ။ ။ စိုက်ပျိုးရေးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍသည်ဆက်စပ်မှုများရှိနေကြပြီး၊ အထူးသဖြင့်ကျောက်တော်မြို့နယ်အတွင်းရှိလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်စက်ကိရိယာများကို သုံးစွဲမှုနည်းပါးပြီးယခုအချိန်အထိ ကျွဲ၊နွားတိရစ္ဆာန်များကိုသာအဓိကအားကိုးနေကြရသည်ဖြစ်သောကြောင့်မွေးမြူရေးကဏ္ဍမှပျက်စီးဆုံးရှုံးမှုအခြေအနေများကိုလည်းလက်လှမ်းမီသလောက် ပူးတွဲတင်ပြအပ်ပါသည်။ )

အဆိုပါ နောက်ဆက်တွဲဇယားအမှတ်(၃)ကို ကြည့်ရှုခြင်းအားဖြင့် မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသောစာရင်းဇယားနှင့်စိုက်ပျိုးရေးဌာနမှထုတ်ပြန်ထားသော အချက်အလက်အချို့ ကွဲလွဲမှုကိုတွေ့ရှိရသည်။ စိုက်ပျိုးရေးဌာနမှထုတ်ပြန်ထားသော စာရင်းဇယားအရ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၆၅)ရွာတွင် မိုးရွာသွန်းမှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်ဟုတွေ့ရှိရသည်။ သို့သော် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရရှိသောစာရင်းအရကျေးရွာပေါင်း(၈၀)တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေကာမူထိခိုက်ပျက်စီးသော ဧကစုစုပေါင်းအရေအတွက်မှာကား စိုက်ပျိုးရေးဌာနမှထုတ်ပြန်သော စာရင်းနှင့် ထွေအုပ်မှ ထုတ်ပြန်သောစာရင်းမှာ စုစုပေါင်း (၄၁၂၈၁) ဧကပင်ဖြစ်ရာ အတူတူပင်ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပြန်ထားသော စာရင်းမှာ ကျေးရွာတစ်ရွာချင်းစီအလိုက် အပျက်စီးစာရင်းများကို နောက်ဆက်တွဲဇယား(၃)တွင် အသေးစိတ်ဖော်ပြထားခြင်းဖြစ်ရာ ကျေးရွာအရေအတွက်စာရင်းနှင့် ပက်သက်ပြီး ကွဲလွဲမှုတွင် ထွေအုပ်ဌာနမှစာရင်းကိုသာ အမှန်အဖြစ်ယူဆ သင့်ပေသည်။ ထို့ကြောင့်မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၈၀)သည် မိုးစပါးပျက်စီးထိခိုက်မှုဖြစ်ပေါ်ခဲ့သည်ဟု မှတ်ယူသင့်ပေသည်။ ယင်းရွာများအ နက် - ၁။ ဘုရားပေါင်း ၂။ ဆင်အိုးချိုင် ၃။လမုတပင် ၄။ လက်ခုပ်ပင်ရင်း ၅။ ကြောင်စွယ်ဖြူ ၆။ ဒုက္ခံချောင်း ၇။ပြောင်းဆိပ် ၈။အောက်ဇေယျစသည့်ကျေးရွာ(၈)ရွာတွင်ကား ဧကပေါင်းထောင်ကျော်၍ ပျက်စီးမှုများရှိခဲ့ကြပြီး၊ တခြားကျေးရွာများတွင်ကားရာနှင့်ချီ၍လည်းကောင်း၊ဆယ်နှင့်ချီ၍လည်းကောင်းပျက်စီးမှုများအသီးသီးရှိခဲ့ကြောင်း တွေ့ရလေသည်။

နိဒါန်းအပိုင်း၌ဖော်ပြထားသည့် မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရကျောက်တော်မြို့နယ်အတွင်း မိုးစပါးစိုက်ဧကစုစုပေါင်း (၉၂၇၉၅) ဧကရှိရာ၊ ကျောက်တော်တစ်မြို့နယ်လုံးရှိ မိုးစပါးပျက်စီးထိခိုက်မှုမှာ (၄၁၂၈၁) ဧကပျက်စီးခြင်းဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၄၄.၄၈ ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ကြောင်းတွေ့ရှိရလေသည်။

ကျွဲနွားတိရစ္ဆာန်များသေကြေပျက်စီးမှုတွင်ကား ၁။ ဘုရားပေါင်း၊ ၂။ ရှောက်ချောင်း ၃။ င/တပေါင်း ၄။ ကွမ်းအုံချောင်း ၅။ သင်္ဂနက် ၆။ စပါးဆိပ်သရီ ၇။ လမ္ဘတော် ၈။ သရက်တပင် ၉။ညောင်ချောင်း ၁၀။ ရွာမပြင် ၁၁။ ကျားနင်းကန် ၁၂။ စိတ်ခြိုု ၁၃။ စဖိုသား ၁၄။ ကာဒီ ၁၅။ အပေါက်ဝ ၁၆။ ပြိန်းချောင်း ၁၇။ ဒုက္ခံချောင်း ၁၈။ ပိုလ်မင်း ၁၉။ ဘရဝါ ၂၀။ အောက်ဇေယျစသည့် ကျေးရွာပေါင်း (၂၀)တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်းသိရှိရလေသည်။

ထိုကဲ့သို့ မိုးစပါးများထိခိုက်ပျက်စီးမှုများ ရှိခဲ့သော်လည်း ဧကပေါင်းများစွာ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ ကြောင်းကို နောက်ဆက်တွဲဇယားအမှတ်(၂)တွင်ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်)၏ထုတ်ပြန်ချက်အရသိရှိရလေသည်။အဆိုပါထုတ်ပြန်ချက်အရ ကျောက်တော်မြို့နယ်အတွင်း၌မိုးစပါးဧကစုစုပေါင်း (၄၁၂၈၁)ဧက ပျက်စီးဆုံးရှုံးမှုများရှိခဲ့ သော်လည်း သဲ၊သစ်ပင်ကြီးများဖုံးလွှမ်း၍ ပြန်လည်မစိုက်ပျိုးနိုင်သည့် (၅)ဧကမှအပ ၊စုစုပေါင်းပြန်လည်စိုက်ပျိုးနိုင်သော ဧကပေါင်းမှာ (၄၁၂၇၆) ဧကရှိကြောင်းဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ကျော်တော်မြို့နယ်အတွင်း၌ဤသို့ဧကပေါင်းများစွာပြန်လည် စိုက်ပျိုးနိုင်သည်ဟုဆိုစေကာမူ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ကုစားရန်အတွက် လိုအပ်ချက်များစွာ ရှိနေသေးကြောင်းကို ကျောက်တော်မြို့နယ်အတွင်း မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာ၍ ရရှိထားသော အချက်အလက်များက ဖော်ပြနေလေသည်။ အောက်ပါ ဇယား အမှတ် ( ၃.၂ )ကိုဆက်လက် လေ့လာကြပါအုံးစို့။

ကွင်းဆင်းပြီး အချက်အလက်များကောက်ယူထားသော ကျောက်တော်မြို့နယ်အတွင်းမှ ကျေးရွာ(၁၁)ရွာမှာ ဂွစ္စပနဒီ (သို့) ကုလားတန်မြစ်ရိုးတလျှောက်မှ ကျေးရွာများပါဝင်သလို၊ ကျွဲလမ်းချောင်း အနီးတဝိုက်မှ ကျေးရွာများလည်းပါဝင်ပါသည်။ ဂွစ္စပနဒီ (သို့) ကုလားတန်မြစ်ရိုးတလျှောက်မှ ကျေးရွာများမှာ ကျောက်ဖြူ၊ လမုတပင်၊ အလုမဒီ၊ ကြောင်စွယ်ဖြူ၊ ပေါက်လေတောင်၊ ပေါက်လေမြောက်၊ ရောင်ဖုံတောင်၊ ရောက်ဖုံမြောက် တို့ဖြစ်ကြပြီး၊ ကျွဲလမ်းချောင်း အနီးတဝိုက်မှ ကျေးရွာများမှာ အောင်ဇေယျ၊ သံပြင်၊ ကြောင်ဖို၊ တို့ဖြစ်ကြသည်။ ပထဝီနယ်မြေအနေအထားသည် လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် အဓိကဆက်နွယ်လျက်ရှိရာ ဂွစ္စပနဒီ(သို့) ကုလားတန်မြစ်ရိုးတလျှောက်မှ ကျေးရွာများ၏ အခြေအနေနှင့် ကျွဲလမ်းချောင်း အနီးတဝိုက်မှ ကျေးရွာများ၏ အခြေအနေသည် ကွဲပြားခြားနားမှုအချို့ရှိသည်ကို တွေ့ရှိရပေမည်။

## ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၁)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအခြေအနေ ဇယား (၃.၂)

| ကျေးရွာအမည် | လူဦးရေ/ အိမ်ခြေ/ အိမ်ထောင်စု | ထိခိုက်မှုအခြေ အနေ | ပြန်လည်စိုက်ပျိုးမှု အခြေအနေ | နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေ | ပြန်လည်ထူထောင်ရန်လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ချက်များ |
|---|---|---|---|---|---|
| ၁။ အောင်ဇေယျ<br>(အောင်ဇေယျ အုပ်စု)<br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br>(လယ်ပိုင်ရှင်/လယ်သမား -<br>(၃၈) ဦး )<br>တခြား<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၆၀၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု - ၁၅၀ | မိုးစပါး စိုက်ဧက ပေါင်း(၄၁၄)<br>ဧကရှိသည့်အနက် (၃၈၉) ဧက<br>ရေမြုပ်/နုန်း<br>တင်မြေနများဖုံးလွှမ်းပျက်စီး | စိုက်ပျိုးရေးဌာနမှ တင်း(၁၅၀) ရရှိ။<br>(သို့သော် အဆိုပါ တင်း(၁၅၀)မှာ<br>စပါးအမျိုးအစားများရော နေ၍<br>စိုက်ပျိုးရန် အခက်အခဲရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧကအချို့၌<br>ပြန်လည်စိုက်ပျိုးထား | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့်<br>အထွက်နှုန်းကျနိုင်/ နောက်နှစ်အတွက်<br>မျိုးစပါးမရနိုင်။<br><br>မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင်<br>မိုးစပါး အထွက်နှုန်းကျနိုင်။<br><br>မိုးစပါးအဆင်မပြေသဖြင့်၊ ဆောင်းရာသီ<br>သီးနှံစိုက်ပျိုးရန် အရင်းအနှီးအခက်အခဲဖြစ်နိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။<br><br>(ဤဒေသ၌ ဆောင်းသီးနှံစိုက်ပျိုးမှုနည်းပါး၊<br>ဆောင်းသီးနှံအဖြစ်<br>ရေုတ်ကိုအဓိကစိုက်ပျိုးလေ့ရှိသည်။) |
| ၂။ ကြောင်ဖို<br>(ဘုရာဝါအုပ်စု)<br><br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br>(လယ်ပိုင်ရှင်/လယ်သမား -<br>(၃၈) ဦး )<br><br>တခြား<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | မိုးစပါး စိုက် ဧက<br>ပေါင်း (၃၉၀) ဧက<br>ရှိသည့်အနက် အားလုံး ရေမြုပ်/<br>နုန်းတင်မြေန များဖုံးလွှမ်းပျက်စီး။ | စိုက်ပျိုးရေးဌာနမှာ တင်း (၃၀၀)<br>ရရှိ။ (သို့သော် အဆိုပါ တင်း<br>(၃၀၀) မှာ စပါးအမျိုးအစားများရော<br>နေ၍စိုက်ပျိုးရန်အခက်အခဲရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧကအချို့၌<br>ပြန်လည်စိုက်ပျိုးထား | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့်<br>အထွက်နှုန်းကျနိုင်/ နောက်နှစ်အတွက်<br>မျိုးစပါးမရနိုင်။<br><br>မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင်<br>မိုးစပါး အထွက်နှုန်းကျနိုင်။<br><br>(နုန်းတင်မြေနများ ဖုံးလွှမ်းမှုကြောင့်<br>မြေဩဇာကောင်းနိုင်သော်လည်း၊ စပါးဖျက်ပိုး<br>အန္တရာယ် ပိုမိုများပြားနိုင်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။<br><br>( စိုက်ပျိုးရေးဌာနမှ<br>ပိုးသတ်ဆေးဘူးဌာမည်ဟုပြော၍<br>ပိုးသတ်ဆေးကိုမှ<br>မိမိတို့ဘာသာဝယ်ရန်တိုက်တွန်းထား။) |
| ၃။ သံပြင်<br>(ခွဆုံအုပ်စု)<br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br>(လယ်ပိုင်ရှင်/လယ်သမား - | လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု - ၁၃၄ | မိုးစပါးစိုက် ဧက ပေါင်း<br>(၇၇၀) ဧက ရှိသည့်အနက် အားလုံး<br>ရေမြုပ်/နုန်းတင်မြေနများဖုံးလွှမ်း<br>ပျက်စီး | စိုက်ပျိုးရေးဌာနမှ အိတ်(၅၀) ရရှိ။<br>သို့သော် အဆိုပါ တင်း (၅၀) မှာ<br>စပါးအမျိုးအစားများရော နေ၍<br>စိုက်ပျိုးရန်အခက်အခဲရှိ။ | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့်<br>အထွက်နှုန်းကျနိုင်/ နောက်နှစ်အတွက်<br>မျိုးစပါးမရနိုင်။<br><br>မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင် | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် |

| | | | | | |
|---|---|---|---|---|---|
| (၆၈) ဦး )<br>တခြား<br>ငါးဖမ်းလုပ်ငန်း -(၁၀) ဦး<br>ကျပန်း | | | မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧကအချို့၌<br>ပြန်လည်စိုက်ပျိုးထား<br><br>စပါးခင်းတွင် ပိုးမွှားများ<br>စတင်ကျရောက်နေ။ | မိုးစပါး အထွက်နှုန်းကျနိုင်။<br><br>(ဤဒေသ၌<br>ဆောင်းသီးနှံစိုက်ပျိုးရန်အဆင်မပြေ။) | အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။<br>(ဤဒေသ၌ ဆောင်းသီးနှံစိုက်ပျိုးရန်အဆင်မပြေ<br>သောကြောင့် တခြားသော<br>စီးပွားရေးအခွင့်အလန်းများ ဖန်တီးရန်လိုအပ်။) |
| ၄။ ကျောက်ဖြူ<br>(ကျောက်ဖြူ အုပ်စု)<br><br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br><br>အခြား<br>မွေးမြူရေးလုပ်ငန်း<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၈၅၀ ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု - ၁၅၀ | မိုးစပါးစိုက် ဧက (၆၀၀)<br>ကျော်ရှိသည့် အနက်<br>(၄၀၀)ကျော်ရေမြုပ်/နုံးတင်မြေနမျာ<br>းဖုံးလွှမ်းပျက်စီး။ | ပုဂ္ဂလိကအလှုရှင်များထံမှ မျိုးစပါး<br>အိတ် (၄၀၀) ပံပိုးမှုများရရှိ။<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧက (၄၀၀) ခန့်<br>ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင်<br>မိုးစပါး အထွက်နှုန်းကျနိုင်။<br><br>(နုံးတင်မြေနများ ဖုံးလွှမ်းမှုကြောင့်<br>မြေဩဇာကောင်းနိုင်သော်လည်း၊ စပါးဖျက်ပိုး<br>အန္တရာယ် ပိုမိုများပြားနိုင်။ စပါးဖျက်ပိုးကြောင့်<br>စပါးအားလုံးပင် ပျက်စီးနိုင်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံစိုက်ပျိုးရန်<br>မြေပဲမျိုးစေ့အဓိကလိုအပ်။) |
| ၅။ ပေါက်လေမြောက်<br>(နဂူမယ်အုပ်စု)<br><br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br><br>အခြား<br>ငါးဖမ်လုပ်ငန်း<br>ကုန်ရောင်းကုန်ဝယ်<br>ကျပန်း | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | မိုးစပါးစိုက်ဧက (၁၄၈) ရှိ<br>သည့်အနက် အားလုံး<br>ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်းပျက်<br>စီး။ | မျိုးစပါး (၄၇)<br>တောင်းပံပိုးမှုလက်ခံရရှိ။<br>(အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ထံမှ<br>ရရှိခြင်းဖြစ်။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧက အချို့<br>ပြန်လည်စိုက်ပျိုးထား။<br><br>စပါးများ<br>ပိုးမွှားအန္တရာယ်အနည်းငယ်ရှိ။ | စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးစပါးမှာ<br>အခြေအနေမကောင်း။<br><br>မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့်<br>နောက်နှစ်အတွက် မျိုးစပါးမရနိုင်။<br><br>မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင်<br>မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ အဓိက ဆောင်းရာသီနှံအဖြစ်<br>မြေပဲနှင့်ပြောင်းကိုစိုက်ပျိုးလေ့ရှိ။) |
| ၆။ ပေါက်လေတောင်<br>(နဂူမြေအုပ်စု)<br><br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | မိုးစပါးစိုက်ဧက (၁၈၀) ရှိ<br>သည့်အနက် အားလုံး<br>ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်း<br>ပျက်စီး။ | အလှုရှင်အဖွဲ့အစည်းများမှ မျိုးစပါး<br>ပံပိုးကူညီမှုများရရှိ။<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော | စပါးဖျက်ပိုးကြောင့် မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် |

| | | | | | |
|---|---|---|---|---|---|
| လယ်ပိုင်ရှင်/လယ်သမား - (၇၁) ဦး )<br><br>အခြား<br>ငါးဖမ်းလုပ်ငန်း -(၃၀) ခန့်<br>ကုန်ရောင်းကုန်ဝယ်<br>ကျပန်း | | | စပါးများဖြင့် ကေ အချို့ ပြန်လည်စိုက်ပျိုးထား။<br><br>စပါးများ ပိုးမွှားအန္တရာယ်ရှိ။ | | အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံစိုက်ပျိုးရန် မြေပဲမျိုးစေ့အဓိကလိုအပ်။) |
| ၇။ လမုတပင်<br>(လမုတပင် အုပ်စု)<br><br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br>(လယ်သမား/လယ်ရှင် - ၅၂ ဦး)<br>အခြား<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု - ၂၈၈ | မိုးစပါးစိုက်ကေ (၁၈၀၀)ကျော် ရှိသည့်အနက် အားလုံး ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်းပျက်စီး။ | စိုက်ပျိုးရေးဌာနမှ မျိုးစပါးများပံ့ပိုးကူညီမှုများရှိ။<br><br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ကေ (၃၀) ပြန်လည်စိုက်ပျိုးထား။<br><br>နုံးတင်မြေနများ ဖုံးလွှမ်းမှုကြောင့် မြေဩဇာအလွန်ကောင်း။<br>စပါးပင်များ ကြီးထွားမှုမြန်ဆန်။ | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့် အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံအဖြစ် ငရုတ်၊ ခရမ်း၊ မြေပဲ စသည်တို့ကို အဓိကစိုက်ပျိုးလေ့ရှိသည်။ စပါးများ စိုက်ပျိုးနိုင်ရန်လည်း မျှော်မှန်းထားသောကြောင့် မျိုးစပါးများလိုအပ်။) |
| ၈။ ကြောင်စွယ်ဖြူ<br>(ကြောင်စွယ်ဖြူ အုပ်စု)<br>အဓိကလုပ်ငန်း<br>စိုက်ပျိုးရေးလုပ်ငန်း<br>လယ်သမား/လယ်ရှင် - ၃၀ ဦး)<br>အခြား<br>ကျပန်း | လူဦးရေ -၇၃၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု - ၁၈၀ | မိုးစပါးစိုက်ကေ (၃၈၀.၂၅) သည့်အနက် အားလုံး ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်းပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးများဖြင့် ကေ အချို့ပြန်လည်စိုက်ပျိုးထား။<br><br>စပါးများ ပိုးမွှားအန္တရာယ် စိုးရိမ်ရ။ | စပါးဖျက်ပိုးကြောင့် မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံအဖြစ် မြေပဲ၊ မုန်ညင်း စသည်တို့ကို အဓိကစိုက်ပျိုးလေ့ရှိကြသည်။) |
| ၉။ အလုမဒီ<br>(ကြောင်စွယ်ဖြူအုပ်စု) | လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂ | မိုးစပါးစိုက်ကေ (၅၁၅) သည့်အနက် အားလုံး | အလှူရှင်အဖွဲ့အစည်းများမှ မျိုးစပါး ပံ့ပိုးကူညီမှုများရရှိ။ | မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင် မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ |

| | | | | | |
|---|---|---|---|---|---|
| <u>အဓိကလုပ်ငန်း</u><br>စိုက်ပျိုးရေးလုပ်ငန်း<br>လယ်သမား/လယ်ရှင် - ၄၀ ဦး)<br><u>အခြား</u><br>ငါးဖမ်းလုပ်ငန်း (၈) ဦး<br>ကျပန်း | အိမ်ထောင်စု - ၁၃၄ | ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်း ပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ကေ အချို့ ပြန်လည်စိုက်ပျိုးထား။ | | မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။ |
| ၁၀။ ရှောင်ဖုံတောင်<br>(ကြောင်စွယ်ဖြူ အုပ်စု)<br><u>အဓိကလုပ်ငန်း</u><br>စိုက်ပျိုးရေးလုပ်ငန်း<br>(လယ်သမား/လယ်ရှင် - ၅၂ ဦး)<br><u>အခြား</u><br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု - ၂၀၄ | မိုးစပါးစိုက်ကေ (၅၉၈.၉) ရှိ သည့်အနက် အားလုံး ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်းပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးများဖြင့် ကေ အချို့ ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင် မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများ။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံအဖြစ် ငရုတ်၊ မုန်ညှင်း စသည်တို့ကို အဓိကစိုက်ပျိုးလေ့ရှိကြသည်။ သို့သော် မြေနိမ့်ဒေသဖြစ်၍ ကေအနည်းငယ်မျှသာ စိုက်ပျိုးနိုင်။ တခြားသော စီးပွားရေးအခွင့်အလန်းများ ဖန်တီးရန်လိုအပ်။) |
| ၁၁။ ရှောင်ဖုံမြောက်<br>(ကြောင်စွယ်ဖြူအုပ်စု)<br><br><u>အဓိကလုပ်ငန်း</u><br>စိုက်ပျိုးရေးလုပ်ငန်း<br>လယ်သမား/လယ်ရှင် - ၃၁ ဦး)<br><u>အခြား</u><br>ငါးဖမ်းလုပ်ငန်း (၆၀) ခန့်ရှိ<br>ကျပန်း | လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု - ၁၁၆ | မိုးစပါးစိုက်ကေ (၃၆၀) သည့်အနက် အားလုံး ရေမြုပ်/နုံးတင်မြေနများဖုံးလွှမ်းပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးများဖြင့် ကေ အချို့ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင်/စပါးဖျက်ပိုးကျလျှင် မိုးစပါး အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>(ဤ ဒေသ၌ ဆောင်းရာသီ သီးနှံအဖြစ် ကေအနည်းငယ်မျှသာ စိုက်ပျိုးလေ့ရှိရာ တခြားသော စီးပွားရေးအခွင့်အလန်းများ ဖန်တီးရန်လိုအပ်။) |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ကျောက်တော်မြို့နယ်အတွင်းရှိ ကုလားတန်မြစ် ရှိုးတလျှောက်မှ ကျေးရွာများ သည် ( အောင်ဇေယျ၊ သံပြင်၊ ကြောင်ဖို စသည့်) မြေနိမ့်ဒေသပိုင်းတွင် ကျရောက်သောကြောင့် ရေလွှမ်းမိုးခြင်း ဒဏ်ကို (တခြားဒေသများထက်) ဆိုးဝါးစွာနှင့် အချိန်ကြာမြင့်စွာ ထိခိုက်ခံစားခဲ့ရသည်။ မိုးဦးကာလကတည်းကပင်စိုက်ပျိုးထားခဲ့သော မိုးစပါးအားလုံးနီးပါး၊ ဧကပေါင်း ရာနှင့်ချီ၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်းသိရှိရသည်။ ထို့အတူ ဂွစ္စပနဒီ (သို့) ကုလားတန်မြစ် ရိုးတလျှောက်မှ ကျေးရွာများသည်လည်း သဘာဝဘေးဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ များစွာထိခိုက်မှုများရှိခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း ယင်းဒေသများ၌ ဧကအချို့ကိုပြန်လည်စိုက်ပျိုးမှုများရှိခဲ့သော်လည်း အဆိုပါစပါးများ၏ အထွက်နှုန်းနှင့်ပက်သက်ပြီး စိုးရိမ်မကင်းဖြစ်နေကြရသည်။ အဘယ်ကြောင့်ဆိုသော်၄င်းတို့လက်ရှိပြန်လည်စိုက်ပျိုးထားသော မျိုးစပါးများမှာ စပါးအမျိုးအစားအရောရောအနှောနှောဖြစ်နေသောကြောင့်ဖြစ်သည်ဟု ဒေသခံလယ်သမားတို့၏ ပြောကြားချက်အရ သိရှိရသည်။ အလှူရှင်များနှင့် ဌာနဆိုင်ရာများမှ ၄င်းတို့လက်ခံရရှိသောမျိုးစပါးအချို့မှာ စပါးအမျိုးအစားရောနှောနေသောကြောင့် (တနည်းအားဖြင့်သက်ငယ်စပါးနှင့်သက်ကြီးစပါးရောနှောနေသောကြောင့်) လည်းကောင်း၊ ၄င်းတို့ဘာသာကိုယ်ထူကိုယ်ထစိုက်ပျိုးခဲ့သော မျိုးစပါးများသည်လည်း ၄င်းတို့၏ ဝမ်းစာစပါးများအားလည်းပြန်လည်စိုက်ပျိုးထားကြခြင်းဖြစ်ရာ စပါးအမျိုးအစားရောနှောမှုများရှိနေခြင်းကြောင့်လည်းကောင်း သီးမြည့်လာမည့်စပါးပင်များမှ စပါးအထွက်နှုန်းကို မခန့်မှန်းရဲသော အခြေအနေ၌ရှိနေကြလေသည်။ ထို့ပြင် တချို့လယ်သမားများမှာ စပါးပင်များမပေါက်သောကြောင့် တစ်ကြိမ်မတည်းသာမက၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ ပြန်လည်စိုက်ပျိုးခဲ့ကြရသောကြောင့် အရင်းအနှီးများစွာ ကုန်ကျခဲ့ကြရသည်။

၄င်းအပြင် ယခုလက်ရှိပြန်လည်စိုက်ပျိုးထားသောစပါးများမှာ ပုံမှန်စိုက်ပျိုးချိန်ကာလထက်နောက်ကျပြီးမှ စိုက်ပျိုးရခြင်းဖြစ်ရာ၊ အဆိုပါစိုက်ပျိုးထားသောစပါးများအတွက် မိုးရေအလုံအလောက်မရရှိမည်ကိုလည်း တောင်သူလယ်သမားများအနေဖြင့် စိုးရိမ်မကင်း ဖြစ်နေကြရပြန်ပါသည်။

ယင်းအပြင်စပါးဖျက်ပိုးအန္တရာယ်သည်လည်းဤဒေသရှိတောင်သူလယ်သမားများအတွက်ခက်ခဲစွာရင်ဆိုင်ရမည့်စိန်ခေါ်မှုတရပ်ဖြစ်နေပြန်ပါသည်။ အထူးသဖြင့် ယခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း လယ်မြေတော်တော်များများ၌ နုံးတင်မြေနများ ဖုံးလွှမ်းသွားမှုများရှိသည်ဖြစ်ရာ၊ (တောင်သူလယ်သမားများ၏ အတွေ့အကြုံအရ) ထိုကဲ့သို့ နုံးတင်မြေနများတွင် စပါးဖျက်ပိုးအန္တရာယ်သည် များစွာရှိနိုင်ကြောင်း ကြားသိခဲ့ရသည်။ တချို့ရွာများတွင်ကား ပိုးမွှားများမကျရောက်သေးဘဲ၊ စိုးရိမ်မကင်းဖြစ်၍ စောင့်ကြည့်ဆဲအခြေအနေတွင်ရှိသော်လည်း၊ တချို့ရွာများ ( ဥပမာ - သံပြင်၊ ပေါက်လေမြောက်တို့တွင်) ၌ ပိုးမွှားအန္တရာယ်စတင်ကျရောက်နေပြီဖြစ်ကြောင်းကြားသိခဲ့ရလေသည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ဤကျေးရွာများအားလုံး၏ အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ၊ အဆိုပါ ကဏ္ဍ၌ ထိခိုက်မှုများစွာရှိခြင်းကြောင့် ရပ်ရွာတစ်ခုလုံး၏ စီးပွားရေးလုပ်ငန်းတခုလုံးသည်လည်း များစွာထိခိုက်လျက် ရှိနေသည်ဟု ယူဆနိုင်ပေသည်။ လယ်လုပ်ငန်းကို အခြေတည်လျက် ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ကောက်ရိတ်ခြင်း စသည့်လုပ်ငန်းများသည် ရပ်ရွာအတွင်းရှိ ကျပန်းလုပ်ကိုင်ကြသော အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိရာ၊ ယခုအခါတွင် သဘာဝဘေးဒဏ်ကြောင့်အဆိုပါအလုပ်အကိုင်များသည်လည်း ပုံမှန်အတိုင်းလည်ပတ်နိုင်ခြင်းမရှိဘဲ အလုပ်အကိုင်ရှားပါးလျက်ရှိလေသည်။ ရွာသူ/ရွာသား အနည်းစုတို့သည် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ သဘာဝဘေးကျရောက်စဉ် ကာလအတွင်း ငါးဖမ်းပိုက်များစွာတို့ပျက်စီးဆုံးရှုံးခဲ့ရခြင်းကြောင့် အခက်အခဲများစွာတို့ဖြင့် ရင်ဆိုင်နေကြရသည်။ ထို့အပြင် ပေါက်လေ

မြောက်ကျေးရွာ၌ ဤဒေသ၏ ရောင်းဝယ်ဖောက်ကားရေးအတွက် အဓိကအားထားရာဖြစ်သော ဈေးတွင်လည်းဆိုင်ခန်း ပေါင်း(၁၀၀)ကျော်ရှိသည့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရလေသည်။ အဆိုပါ ဈေးဆိုင်ခန်းများ အားလုံးမှာ ရွှံ့နွံများဖုံးလွှမ်းနေမှုများကြောင့် အခက်အခဲများစွာရင်ဆိုင်နေကြရပြီး၊ လတ်တလောယာယီအနေဖြင့် တာလ ပတ်အမိုးအကာများဖြင့် ယာယီတဲများပြုလုပ်ရောင်းချနေကြရသည်။

၄င်းအပြင် တောင်သူလယ်သမား အများစုနေထိုင်ကြသော ကျေးရွာများဖြစ်သည့်အားလျော်စွာ၊ နှစ်စဉ် နှစ်တိုင်း စပါးများကို ရိတ်သိမ်းပြီးလျှင်ပြီးချင်း၊ အချို့ကိုရောင်းချကာ၊ အချို့ကို ဝမ်းစာစပါးများအဖြစ်စုဆောင်းသိုမှီးထားတတ်သော အလေ့အထရှိသည်ဖြစ်ရာကျေးရွာများ၌ များစွာသောနေအိမ်တို့ရှိ ဝမ်းစားစပါးအမြောက်အများတို့သည် သဘာဝဘေးဒဏ် ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ကြရလေသည်။ အောက်ပါ ဇယားအမှတ် (၃.၃) ကိုရှုပါ။

**ကျောက်တော်မြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယားအမှတ် (၃.၃)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | စားနပ်ရိက္ခာထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများ |
|---|---|---|---|---|
| **၁။အောင်ဇေယျ (အောင်ဇေယျ အုပ်စု)** | လူဦးရေ - ၆၀၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၅၀ | ဝမ်းစာအဖြစ်သိုလှောင်ထားသော<br>စပါးတောင်း (၂၉၇၀)<br>တောင်းနှစ်မြုပ်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၂။ ကြောင်ဖို (ဘရာဝါအုပ်စု)** | လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | ဝမ်းစာအဖြစ်သိုလှောင်ထားသော<br>စပါးတောင်း (၁၆၂၇၅)<br>တောင်းနှစ်မြုပ်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စိုက်ပျိုးထားသော သီးနှံများမရိတ်သိမ်းမီကာလ အထိ အလှူရှင်များထံမှ စားနပ်ရိက္ခာများလိုအပ်။ သို့မဟုတ်ပါကများစွာ အခက်အခဲရှိနိုင်။ |
| **၃။ သံပြင် (ခွဆုံအုပ်စု)** | လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု - ၁၃၄ | ဝမ်းစာအဖြစ်သိုလှောင်ထားသော<br>စပါးတောင်း (၂၇၅၀)<br>တောင်းနှစ်မြုပ်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ ယခုအချိန်တွင် စားနပ်ရိက္ခာလှူဒါန်းမှုများ နည်းပါးလာနေ။ | စိုက်ပျိုးထားသော သီးနှံများမရိတ်သိမ်းမီကာလ အထိ အလှူရှင်များထံမှ စားနပ်ရိက္ခာများလိုအပ်။ သို့မဟုတ်ပါကများစွာ အခက်အခဲရှိနိုင်။ |
| **၄။ ကျောက်ဖြူ (ကျောက်ဖြူ အုပ်စု)** | လူဦးရေ - ၈၅၀ ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု - ၁၅ | ဝမ်းစာအဖြစ်သိုလှောင်ထားသော စပါးများ ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲ များရှိနေ။ | စိုက်ပျိုးထားသော သီးနှံများမရိတ်သိမ်းမီကာလ အထိ အလှူရှင်များထံမှ စားနပ်ရိက္ခာများလိုအပ်။ သို့မဟုတ်ပါကများစွာ အခက်အခဲရှိနိုင်။ |
| **၅။ ပေါက်လေမြောက် (နဂူမယ်အုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ဝမ်းစာအဖြစ်သိုလှောင်ထားသော စပါးများ ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ စားနပ်ရိက္ခာအခက်အခဲကြောင့် ခိုးဆိုးလုယက်မှုများပေါ်ပေါက်လာနိုင်။ |
| **၆။ ပေါက်လေတောင်** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ဝမ်းစာအဖြစ်သိုလှောင်ထားသော စပါးကျီများ (၂၀၀၀) ခန့် ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စိုက်ပျိုးထားသော သီးနှံများမရိတ်သိမ်းမီကာလ အထိ အလှူရှင်များထံမှ |

| | | | | |
|---|---|---|---|---|
| **(နဂူမြေအုပ်စု)** | | | | စားနပ်ရိက္ခာကူညီမှုများလိုအပ်။ သို့မဟုတ်ပါကများစွာ အခက်အခဲရှိနိုင်။ |
| **၇။ ရောင်ဖုံတောင် (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု - ၂၀၄ | ဝမ်းစာအဖြစ်သိုလှောင်ထား သော စပါးများ ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာအခက်အခဲကြောင့် ခိုးဆိုးလုယက်မှုများပေါ်ပေါက်လာနိုင်။ |
| **၈။ လမုတပင် (လမုတပင် အုပ်စု)** | လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု - ၂၈၈ | ဝမ်းစာအဖြစ်သိုလှောင်ထား သော စပါးကျီများ (၅၀၀၀) ကျော် ခန့်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၉။ ကြောင်စွယ်ဖြူ (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၇၃၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု - ၁၈၀ | ဝမ်းစာအဖြစ်သိုလှောင်ထား သော စပါး(၄၂၅၀) တောင်း ခန့်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၁၀။ ရောင်ဖုံမြောက် (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု - ၁၁၆ | ဝမ်းစာအဖြစ်သိုလှောင်ထား သော စပါးများ ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၁၁။ အလှမဒီ (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂<br>အိမ်ထောင်စု - ၁၃၄ | ဝမ်းစာအဖြစ်သိုလှောင်ထား သော စပါး(၃၇၀၀) တောင်း ခန့်ပျက်စီး | အလှူရှင်များပံ့ပိုးထား သော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ် (၃.၃) ရှိ အချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ ရေဘေးဒဏ်ခံစားခဲ့ရသောကျေးရွာများ၏ စားနပ်ရိက္ခာအခြေအနေသည် လွန်စွာဆိုးရွားလျက်ရှိသည်ဖြစ်ရာ ထောက်ပံ့ကူညီမှုများ များစွာပြုလုပ်ရန်လိုအပ်လေသည်။ အထူးသဖြင့် စိုက်ပျိုးထားသော မိုးစပါးများ မရိတ်သိမ်းမီကာလအထိ အနည်းဆုံး(၃)လ(သို့)(၄)လတိုင်အောင် ကယ်ဆယ်ထောက်ပံ့ရေးအစီအစဉ်များဖြင့် စားနပ်ရိက္ခာများ ပံ့ပိုးနေသေးရန်လိုအပ်မည်ဖြစ်သည်။

ရှေးဦးစွာယခုလက်ရှိ စိုက်ပျိုးထားသောစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်အတွက် ပံ့ပိုးကူညီမှုများများစွာ လုပ်ဆောင်ရန်လိုအပ်ပေသည်။ တောင်သူလယ်သမားများနှင့် ရပ်မိရပ်ဖများ၏ ပြောဆိုချက်အရ မိုးရေများအလုံအလောက်မရရှိပါက ရေစုပ်စက်ဖြင့် မိုးစပါးစိုက်ခင်းများသို့ ရေတင်နိုင်ရန် ရေစုပ်စက်များ၊ မြေဩဇာများ၊ ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရန် ပိုးသတ်ဆေးများ စသည်ဖြင့် အရေးတကြီးလိုအပ်လျက်ရှိကြောင်း ကြားသိရလေသည်။ ထို့အပြင် တချို့ကျေးရွာများ၌ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း သဲမြေများဖုံးလွှမ်းမှုကြောင့် ချောင်းငယ်များ တိမ်ကောလျက်ရှိရာ (အခန်း (၄) ရှိ ဇယားအမှတ် (၄.၄ )၌ ရှုပါ )အဆိုပါချောင်းငယ်များသည် လယ်ယာစိုက်ပျိုးရေးအတွက်ချောင်းမကြီးမှတဆင့် ရေကိုသွယ်ယူနိုင်ရန် အဓိကအရေးပါသော သဘာဝရေပိုက်လိုင်းကြီးများ ဖြစ်ရာ၊ ယင်းချောင်းငယ်များကို ပြန်လည်ပြုပြင်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်ရေးတွင် အခရာကျလှပေသည်။

ပိုးမွှားအန္တရာယ်များနှင့်ပက်သက်၍လည်း၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းပြီး၊ ထိထိရောက်ရောက်နှိမ်နင်းနိုင်စေရန် ပံ့ပိုးကူညီမှုများလုပ်ဆောင်သင့်ပေသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ခြင်းသည် ကျေးရွာလူထု

၏ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများရှိခဲ့ခြင်းကြောင့်၊ ယခုနှစ်တွင် ပိုးမွှားအန္တရာယ်ကျရောက်လာပါကမိမိတို့ ဘာသာကိုယ်ထူကိုယ်ထပိုးသတ်ဆေးဖူးများဝယ်ယူသုံးစွဲနိုင်ရန်မှာများစွာအခက်အခဲရှိကြလေသည်။ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်များ၏ နည်းပေးလမ်းညွှန်မှုများလိုအပ်ရုံသာမက သင့်တော်သော ပိုးသတ်ဆေးများ ပံ့ပိုးကူညီရန်လိုအပ်ပေသည်။

၄င်းအပြင် ဆောင်းသီးများနှံ့စိုက်ပျိုးခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ပြန်လည်ထူထောင်နိုင်ရန် တောင်သူလယ်သမားများအနေဖြင့် မျှော်မှန်းကြသည်။ ဆောင်းသီးနှံများစိုက်ပျိုးခြင်းနှင့် ပက်သက်ပြီး ဤဒေသတဝိုက်တွင် မြေပဲ၊ မုန်ညှင်း၊ ငရုတ်၊ ခရမ်း စသည့် သီးနှံများကို စိုက်ပျိုးလေ့ရှိကြကြောင်း ကြားသိရသည်။ ယခုနှစ်တွင် သဘာဝဘေးဒဏ်ကြောင့် လယ်မြေဧကများစွာတို့၌ နုံးတင်မြေနုများဖုံးလွှမ်းသွားသည်ဖြစ်ရာ၊ ဆောင်းသီးနှံများ(အထူးသဖြင့်မြေပဲ) များစွာစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဟု စိုက်ပျိုးရေးသမားများအနေဖြင့်မျှော်မှန်းထားကြသည်။ သို့သော်ဆောင်းသီးနှံစိုက်ပျိုးရန်အခက်အခဲများအနေဖြင့်၊ အရင်းအနှီးအခက်အခဲနှင့် ထွန်ယက်စိုက်ပျိုးရန်ကျွဲ၊နွား(သို့) စက်ကိရိယာအခက်အခဲစသည်တို့ ကိုရင်ဆိုင်နေကြရသည်။ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက်မျိုးစေ့များကိုနှစ်စဉ်နှစ်တိုင်းစုဆောင်းသိုမှီး၍ ပြင်ဆင်ထားရှိလေ့ရှိသော်လည်း၊ ယခုနှစ်တွင်ကားအဆိုပါသိုမှီးထားသည့်မျိုးစေ့များသည်လည်း သဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သောကြောင့် မျိုးစေ့အတွက်လည်း များစွာအခက်အခဲရှိကြလေသည်။

စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုသည့် ကျွဲ၊နွားစသည့် တိရစ္ဆာန်ရာပေါင်း များစွာတို့မှာ သဘာဝဘေး ဒဏ်ကြောင့် ထိခိုက်သေကြေ ပျက်စီးမှုများရှိခဲ့ရုံသာမက၊ ကျန်ရစ်ခဲ့သော တိရစ္ဆာန်များအဖို့ (နုံးတင်မြေနုများဖုံးလွှမ်းခြင်း) ကြောင့် စားကျက်မြေများပျောက်ဆုံးကုန်သည်ဖြစ်ရာ၊ ကျွဲနွားတိရစ္ဆာန်များသည်အစာရေစာအခက်အခဲများဖြင့်အားအင်ချိနဲ့လျက်ရှိ ခြင်းကြောင့် ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများတွင် ၄င်းတို့၏ အင်အားကို သုံးရန်မှာ များစွာအခက်အခဲရှိလေသည်။ နိဒါန်း၌ ဖော်ပြထားသည့် ကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များအရ ကျောက်တော်တမြို့နယ်လုံးတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံပိုင်စက်ယန္တယားများအနေဖြင့် လယ်ထွန်စက်ကြီး(၃၂)စီးရှိကာ၊ ပုဂ္ဂလိကပိုင်စက်ယန္တယားများအနေဖြင့်လယ်ထွန်စက်ကြီး(၂၅)စီးနှင့်လက်တွန်းလယ်ထွန်စက်(၃၁၂)စီးတို့ရှိကြသည်။ ထို့ကြောင့် ထွန်ယက်စိုက်ပျိုးရေးတွင် စက်ကိရိယာများ ပံပိုးကူညီရန်လိုအပ်ပေသည်။

ထို့ကြောင့် ကျောက်တော်မြို့နယ်အတွင်း၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ များစွာရှိခဲ့ပြီးနောက်ပိုင်းကျေးရွာများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်မှာ ယခုလက်ရှိစိုက်ပျိုးထားသော မိုး စပါးများအောင်မြင်ဖြစ်ထွန်းမှုသည် များစွာ အရေးပါအရာရောက်လှသကဲ့သို့၊ လာမည့်ဆောင်းရာသီ၌ ဆောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးသည်လည်း များစွာ အခရာကျလှပေသည်။ ထို့ပြင် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်အတွက်၊ နှစ်ရှည်ချေးငွေများလိုအပ်သကဲ့သို့၊ စိုက်ပျိုးရန်မျိုးစေ့များနှင့်အတူ ကောက်ပဲသီးနှံများ ထွန်ယက်စိုက်ပျိုးရာတွင်စက်ကိရိယာများကို အစားထိုးအသုံးနိုင်ရန် ပံပိုးကူညီမှုများစွာလိုအပ်မည်ဖြစ်သည်။

ထိုမျှသာမက ဆောင်းသီးနှံစိုက်ပျိုးရန် အခက်အခဲရှိသောဒေသများ (ကျွဲလမ်းချောင်းအနီးတဝိုက်မှ ကျေးရွာများ၊ ရောင်ဖုံတောင်၊ ရောင်ဖုံမြောက်ကျေးရွာများရှိ မြေနိမ့်ဒေသများ) ၌လည်းတခြားသောအလုပ်အကိုင်အခွင့်အလမ်းများ (မွေးမြူရေးလုပ်ငန်းများစသည့်) ဖန်တီးပေးနိုင်ရန်လိုအပ်လှပေသည်။ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်နေသူများအားလည်း ငါးဖမ်းကိရိယာများပံပိုးကူညီကြရန် လိုအပ်လေသည်။ ၄င်းအပြင် ပေါက်လေမြောက်ကျေးရွာရှိ ဈေးကိုလည်း မိုးရာသီကုန်ဆုံးချိန်၌ ဈေးဆိုင်ခန်းများ ပြန်လည်ဆောက်ပေးခြင်းစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ပေးရန်လိုအပ်လေသည်။

ဆက်လက်၍မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများကို အခြေအနေများနှင့် ပက်သက်ပြီးဆက်လက် လေ့လာကြပါအုံးစို့။

### ၃.၃ မြောက်ဦး မြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ

မြောက်ဦး မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝဘေးဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်ထိခိုက်မှု အခြေအနေများကိုဇယားအမှတ်(၃.၁)၌ ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ဖော်ပြချက်အရ ကျေးရွာပေါင်း(၉၇)ရွာ၌ ဧကပေါင်း(၇၅၂၄၂)ဧက ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်းသိရှိရသည်။အဆိုပါကျေးရွာ(၉၇)ရွာရှိမိုးစပါးများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဌာနမှရရှိသော အချက်အလက်များကို ကိုးကားလျက် နောက်ဆက်တွဲ - ဇယား အမှတ် ( ၄ )တွင် ထပ်မံ၍ အသေးစိတ်လေ့လာနိုင်ပေသည်။

အဆိုပါ နောက်ဆက်တွဲ-ဇယား( ၄ ) အရ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၉၇) ရွာမှ၊ တောင်သူပေါင်း (၁၁၂၅၆) ဦးတို့၏ လယ်ဧကပေါင်း (၈၄၇၄၅) ဧကအား ရေလွှမ်းမိုးခဲ့ပြီး၊ (၉၅၀၃) ဧကမျှသာမပျက်စီးဘဲကျန်ခဲ့၍၊ ဧကပေါင်း(၇၅၂၄၂)ဧကသည် ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရှိရလေသည်။ နိဒါန်းအပိုင်း၌ ဖော်ပြထားသောဒေသန္တရအချက်အလက်များအရမြောက်ဦးမြို့နယ်တခုလုံး၌ စပါးစိုက်ပျိုးမြေဧကစုစုပေါင်းသည် (၁၃၃၇၂၂) ဧက ရှိသည်ဖြစ်ရာ၊ (၇၅၂၄၂) ဧကပျက်စီးသွားခြင်းဖြစ်သည့်အတွက်ရာခိုင်နှုန်းအားဖြင့် (၅၆.၂၆ )ရာခိုင်နှုန်း ပျက်စီးသွားခဲ့သည်ဟု မှတ်ယူသင့်ပေသည်။

ထို့အပြင် ကျွဲ၊နွားတိရစ္ဆာန်သေဆုံးမှုအခြေအနေများနှင့်ပက်သက်၍လည်း နောက်ဆက်တွဲဇယားအမှတ်(၅)၌ ဖော်ပြထားသောမြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဌာနမှ ထုတ်ပြန်ချက်အရ ကျွဲအကောင်ရေ အရေအတွက်အားဖြင့် (၁၀၃၆) ကောင်၊ နွားအကောင်ရေအရေအတွက်အားဖြင့် (၂၄၆၂) ကောင်၊ ဆိတ်အကောင်ရေ အရေအတွက်အားဖြင့် (၉၅၈) ကောင်၊ ကြက်အကောင်ရေအရေအတွက်အားဖြင့် (၂၇၁၃၃) ကောင်၊ ဝက်အကောင်ရေ အရေအတွက်အားဖြင့် (၁၄၀) ကောင်၊ ဘဲအကောင်ရေအရေအတွက်အားဖြင့် (၁၇၆၄) ကောင်ဖြစ်ကြောင်း သိရှိရလေသည်။

ဤဒေသများ၌ လယ်ယာလုပ်ငန်းများတွင် ထွန်ယက်စိုက်ပျိုးရန်အတွက်ကျွဲနွားတိရစ္ဆာန်များကို အဓိကအားထားကြသည်ဖြစ်ရာအထက်ပါ တိရစ္ဆာန်များသေဆုံးမှုစာရင်းအရ လယ်ယာလုပ်ငန်းအပေါ်တွင် များစွာထိခိုက်မှုရှိနိုင်ကြောင်းတွေ့မြင်ရမည်ဖြစ်သည်။ ၎င်းအပြင် ဒေသခံတောင်သူလယ်သမားများ၏ပြောကြားချက်အရ မသေဆုံးဘဲကျန်ရစ်ခဲ့သောကျွဲနွားများအတွက်လည်း အစာရေစာများရှားပါးလျက်ရှိနေခြင်းကြောင့် များစွာသောအခက်အခဲတို့ဖြင့်ကြုံတွေ့လျက်ရှိနေကြသည်ဟုသိရှိရလေသည်။ ထိုသို့အစာရေစာရှားပါးခြင်းကြောင့် အသက်ရှင်လျက်ကျန်ရစ်ခဲ့သော ကျွဲနွားများမှာအဟာရများပြတ်လပ်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ၎င်းတို့ကို အသုံးပြုရန် မစွမ်းနိုင်ဘဲရှိနေကြရသည်။

မြောက်ဦးမြို့နယ်အတွင်း၌ မိုးစပါးများထိခိုက်ပျက်စီးမှုများရှိခဲ့သော်လည်း ဧကပေါင်းများစွာပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်းကိုနောက်ဆက်တွဲဇယား(၂)တွင် ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)၏ ထုတ်ပြန်ချက်အရ သိရှိရလေသည်။ အဆိုပါထုတ်ပြန် ချက်အရ မြောက်ဦးမြို့နယ် အတွင်း၌

မိုးစပါးကေစုစုပေါင်း(၇၅၁၄၂)ကေ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း သဲ၊သစ်ပင်ကြီးများဖုံးလွှမ်း၍ ပြန်လည်မစိုက်ပျိုးနိုင်သည့်(၄၇)ကေမှအပ၊ စုစုပေါင်းပြန်လည်စိုက်ပျိုးနိုင်သော ကေပေါင်းမှာ (၇၅၀၉၅)ကေ ရှိကြောင်းဖော်ပြထားသည်ကို တွေ့ရှိ ရသည်။

သို့သော်ငြားသို့ကေပေါင်းများစွာ ပြန်လည်စိုက်ပျိုးနိုင်သည်ဆိုစေကာမူ မြောက်ဦးမြို့နယ်အတွင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကိုပြန်လည်ကုစားရန်အတွက် လိုအပ်ချက်များစွာရှိနေသေးကြောင်းကို မြောက်ဦးမြို့နယ်အတွင်း၊ မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာ၍ ရရှိထားသောအချက်အလက်များက ဖော်ပြနေလေသည်။ အောက်ပါ ဇယား အမှတ် ( ၃.၄)ကိုလေ့လာကြပါအုံးစို့။

မြောက်ဦးမြို့နယ်အတွင်း ကွင်းဆင်း လေ့လာခဲ့သော ကျေးရွာ (၁၀)ရွာမှာ သဘာဝဘေးဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသော မြောက်ဦးမြို့နယ်လေးမြို့ချောင်းဖျားမှရွာများ၊မြောင်းဘွေနယ်တဝိုက်မှရွာများနှင့် မြောက်ဦးမြို့အနီးတဝိုက်ရှိရွာများစသည် ဖြင့်ပါဝင်ပါသည်။ လေးမြို့ချောင်းဖျားမှ ရွာများမှာ ရွှေထွန်းဖြူ၊ ဆင်ကဲ၊ စဘော်ကိုင်းနှင့် ညောင်ပင်လှတို့ဖြစ်ကြသည်။ မြောင်းဘွေနယ်တဝိုက်မှ ကျေးရွာများမှာ ဒုံဘွေ၊ ကျွဲတဲ၊ လက်သန်းချီရွာကြီး၊ တန်းမြင့်ကြီး၊ နှင့် ရွှေလန်တို့ဖြစ်ကြပြီး၊ ကလကကျေးရွာမှာမူ မြောက်ဦးမြို့အနီးတဝိုက်မှ ကျေးရွာဖြစ်သည်။

ပထဝီနယ်မြေအနေအထားသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် အဓိကဆက်နွှယ်လျက်ရှိရာအဆိုပါကျေးရွာများ၏နယ်မြေအနေအထားကိုလိုက်၍ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေများသည် ကွဲပြားခြားနားမှုအချို့ရှိမည်ပင်ဖြစ်သည်။

လေးမြို့ချောင်းဖျားမှကျေးရွာများသည်မိုးစပါးအပြင်၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အဓိကလုပ်ကိုင်ကြပြီး၊ သဘာဝဘေးဒဏ်ကြောင့်ထိခိုက်မှုများတွင်လည်း မိုးစပါးရော၊ ဥယျာဉ်ခြံမြေများပါ ထိခိုက်မှုများရှိခဲ့သည်ကိုတွေ့ရှိရသည်။ အထူးသဖြင့်သဘာဝဘေးဒဏ်ကြောင့် လေးမြို့ချောင်းကမ်းပါးများပြိုပျက်မှုများဖြစ်ပေါ်ကာ လယ်ယာနှင့်ဥယျာဉ်ခြံမြေများ စွာတို့ထိခိုက်ခဲ့ကြသည်။ ထိုနည်းတူစွာပင် မြောင်းဘွေနယ်တဝိုက်ရှိ ကျေးရွာများတွင်လည်း သဘာဝဘေးဒဏ်ကြောင့် သဲများ၊ရွှံ့နွံများသည် လယ်ကေပေါင်းများစွာတို့ကိုဖုံးလွှမ်းခဲ့ရာထိခိုက်မှုများစွာဖြစ်ပေါ်ခဲ့လေသည်။ ယင်းကဲ့သို့ပင်မြောက်ဦး မြို့ အနီးမှရွာ များတွင်လည်း ထိုကဲ့သို့ လယ်ကေပေါင်းများစွာအား ရွှံ့နွံများဖုံးလွှမ်းပျက်စီးခဲ့လေသည်။

ဇယားအမှတ် (၃.၄)ကိုလေ့လာကြည့်ပါက လေးမြို့ချောင်းဖျားရှိ ကျေးရွာများတွင် စိုက်ပျိုးမြေကေပေါင်း ရာနှင့်ချီ၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ၊ အချို့ကျေးရွာများတွင် ပြန်လည်စိုက်ပျိုးရန်ပင် များစွာအခက်အခဲရှိနေကြကြောင်း မြင်တွေ့ရလေသည်။ အထူးသဖြင့် သဘာဝဘေးဒဏ်ကြောင့်လေးမြို့ချောင်းကမ်းပါးများပြိုပျက်သွားသည်ဖြစ်ရာ၊အဆိုပါပြိုပျက်သွားသောမြေကေများတွင် လူနေအိမ်များသာမက၊ လယ်မြေများပါ ဆုံးရှုံးသွားကြလေသည်။ ထို့အပြင်အချို့ကျေးရွာများတွင် သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးမြေများနိမ့်ဆင်းသွားကာ အောက်ခံကျောက်စရစ်များပေါ်ထွက်လာမှုကြောင့်စိုက်ပျိုးရန် အခက်အခဲများစွာရှိကြပြန်လေသည်။ အထူးသဖြင့် ဥယျာဉ်ခြံမြေများမှာ နှစ်ရှည်ပင်များဖြစ်ရာ၊ အဆိုပါနှစ်ရှည်ပင်များ သေဆုံးပျက်စီးမှုများကြောင့်၊တဖန်ပြန်လည်စိုက်ပျိုးနိုင်ရန် အချိန်များစွာယူရအုံးမည်ဖြစ်လေသည်။ တချို့ကျေးရွာများတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် မိုးစပါးအချို့ ပြန်လည်စိုက်ပျိုးထားမှုကိုတွေ့ရှိရသည်။ သို့သော် စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးရေချိန်ပြည့်မှီရန်မသေချာသောကြောင့်စပါးအထွက်နှုန်းကိုစိုးရိမ်မကင်းဖြစ်ကြရသည်။ ထို့အပြင် မိုးစပါးစိုက်ပျိုးချိန် နောက်ကျသဖြင့်ရိတ်သိမ်းချိန်လည်း နောက်ကျမည်ဖြစ်သကဲ့သို့၊ ဆောင်းသီးနှံစိုက်ပျိုးရန် ရာသီချိန်လည်း နောက်ကျနိုင် လေသည်။

ထို့ကြောင့် မိုးစပါးမသေချာမှုကြောင့်၊ ဆောင်းသီးနှံကိုအားထားမည်ဆိုပါကလည်း၊ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် လည်း စိုက်ပျိုးမြေအနေအထား၊ အရင်းအနှီး၊ ထွန်ယက်ရန်ကျွဲနွား(သို့)စက်ကိရိယာ၊မျိုးစေ့စသည်တို့ကြောင့်အခက်အခဲများစွာတို့ဖြင့် ရင်ဆိုင်နေကြရလေသည်။

မြောင်းဘွယ်နယ်တဝိုက်ရှိ ကျေးရွာများတွင်လည်း သဘာဝဘေးဒဏ်ကြောင့်၊ ရေလွှမ်းမိုးရုံမျှသာမကရွှံ့နွံများထူထပ်စွာ ဖုံးလွှမ်း ကျန်ရစ်ခဲ့သည်ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ်၌ ထိခိုက်မှုများစွာရှိလေသည်။ မိုးစပါးများမှာ ကေပေါင်းများစွာပျက်စီးခဲ့ရသကဲ့သို့၊ ပြန်လည်စိုက်ပျိုးသောအခါတွင်လည်း စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးရေချိန်လုံလောက်စွာရရှိပါမည်လောဟု စိုးရိမ်ပူပန်များရှိကြရသည့်အပြင် စပါးဖျက်ပိုးများ၏အန္တရာယ်ကိုလည်း စိုးရိမ်နေကြရသည်။

အဆိုပါကျေးရွာများတွင် မိုးစပါးစိုက်ပျိုးခြင်းအပြင် ဥယျာဉ်ခြံမြေလုပ်ငန်းတစ်ခုဖြစ်သော ကွမ်းသီးစိုက်ပျိုးခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည် ဖြစ် ရာ၊ ယင်းကွမ်းသီးခင်းများအပေါ်၌လည်း သက်ရောက်မှုများစွာရှိသည်ကို တွေ့ရှိရသည်။ အဆိုပါ ကွမ်းသီးခင်းရှိ ကွမ်းသီးပင်များ၏ ပင်စည်ခြေရင်း အမြစ်များ၌ ရွှံ့နွံများထူထပ်စွာ ဖုံးလွှမ်းကျန်ရစ်ခဲ့သည်ဖြစ်ရာ ယင်းကြောင့်အပင်များတဖြည်းဖြည်းသေကြေပျက်စီးမှုများရှိနေကြကြောင်းသိရှိရသည်။

## မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအခြေအနေ ဇယား (၃.၄)

| ကျေးရွာအမည် | လူဦးရေ/ အိမ်ခြေ/ အိမ်ထောင်စု | ထိခိုက်မှုအခြေ အနေ | ပြန်လည်စိုက်ပျိုးမှု အခြေအနေ | နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေ | ပြန်လည်ထူထောင်ရန်လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ချက်များ |
|---|---|---|---|---|---|
| ၁။ ရွှေလွန်းဖြူ<br>(မြရိပ်ကျွန်းအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာ<br><br>အခြား | လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၁<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက<br>ပေါင်း(၅၀)<br>ဧကရှိသည့်အနက်<br>အားလုံး ရေမြုပ်။ နှုန်း<br>တင်မြေနုများဖုံးလွှမ်း<br>ပျက်စီး | မိမိတို့ ဝမ်းစာ စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး<br>အထွက်နှုန်းကျနိုင်။<br>မိုးစပါးများ<br><br>ပြန်လည်စိုက်ပျိုးချိန်နောက်ကျသဖြင့်၊<br>ရိတ်သိမ်းချိန်နောက်ကျမည်။ ထို့ကြောင့်<br>ဆောင်းသီးနှံစိုက်ပျိုးရန်နောက်ကျမည်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။ |
| ၂။ ဆင်ကဲ<br>(ဆင်ကဲအုပ်စု)<br><br>အဓိကလုပ်ငန်း<br>ယာခင်း၊ ဥယျာဉ်ခြံ၊<br>ကိုင်းမြေ<br><br>အခြား<br>သစ်ခုတ် | လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | စိုက်ပျိုးဧက (၁၂၀)<br>ကျော် ပျက်စီး၊ တချို့ နွံ<br>ဖုံး ၊ ကမ်းပါးပြိုကျ။ | ကမ်းပြိုသွားသောကြောင့်<br>စိုက်ပျိုးမြေ ရှန်မြေ အခက်ခဲရှိ။<br>နွံဖုံးနေသော မြေများကို<br>ပြန်ပြန်ပြင်ရန် အချိန် (၁) နှစ်<br>လိုအပ်။ | ဆောင်းသီးနှံများ စိုက်ပျိုးရန် အခက်ခဲရှိ။<br>ဥယျာဉ်ခြံမြေ စိုက်ပျိုးရန် ၁၀<br>နှစ်ကျော်လောက် ကြာဦးမည်ဟု ခန့်မှန်း။ | စိုက်ပျိုးမြေများ ပြန်လည်အသုံးပြုနိုင်အောင်<br>ပြုပြင်သွားရန် အကူအညီလိုအပ်။ စိုက်ပျိုးရန်<br>မျိုးစေ့များလည်း ရှားပါး၍ အကူအကူလိုအပ်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။ |
| ၃။ စခော်ကိုင်းရွာ<br>(မော်ရာအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ဥယျာဉ်ခြံလုပ်ငန်း | လူဦးရေ - ၁၀၃၃<br>အိမ်ခြေ -<br>အိမ်ထောင်စု - | လယ်စိုက်ပျိုးဧက<br>(၈၀၀) ကျော်တွင်<br>ဧက (၅၆၀) ကျော်<br>ပျက်စီး။ | ဥယျာဉ်ခြံမြေ နေရာတွင်<br>ကမ်းပြိုနိမ့်ဆင်း။<br>ပြန်လည်စိုက်ပျိုးရန် မြေမျက်နှာပြင်<br>အနီး ကျောက်များကြောင့်<br>ပြန်လည်စိုက်ပျိုးရန် ခက်ခဲ။ | ဆောင်းသီးနှံများ စိုက်ပျိုးရန် အခက်အခဲရှိ။<br>(ကျောက်တုံးများကြောင့်) | စိုက်ပျိုးမြေများ ပြန်လည်အသုံးပြုနိုင်အောင်<br>ပြုပြင်သွားရန် အကူအညီလိုအပ်။ စိုက်ပျိုးရန်<br>မျိုးစေ့များလည်း ရှားပါး၍ အကူအကူလိုအပ်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။ |
| ၄။ ညောင်ပင်လှ<br>(ပြတ်ချောင်းအုပ်စု) | လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆ | လယ်စိုက်ပျိုးဧက<br>(၈၀၀) ကျော်တွင် | မိမိတို့ ဝမ်းစာ စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။ | စိုက်ပျိုးချိန်နောက်ကျသဖြင့်<br>မိုးစပါးအခြေအနေမကောင်း။ | ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် |

| | | | | | |
|---|---|---|---|---|---|
| **အဓိကလုပ်ငန်း**<br>လယ်ယာလုပ်ငန်း<br><br>**အခြား**<br>ဥယျာဉ်ခြံလုပ်ငန်း | အိမ်ထောင်စု - | ဧက (၅၀၀) ကျော် ပျက်စီး။ | | အထွက်နှုန်းကျမည်။ | အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊နွား (သို့) စက်ကိရိယာများ။<br><br>ဤဒေသ၌ ဆောင်းသီးနှံများအဖြစ် ပဲပြောင်း၊အာလူး၊ခရမ်း၊ မုန်ညှင်း စသည်တို့ကိုအဓိက စိုက်ပျိုးကြသည်။ (မကွေးပဲ သည် ယခုလက်ရှိမြေနှင့် စိုက်ပျိုးရန်အကောင်းဆုံးဟု ဒေသခံများကဆိုကြသည်။) |
| **၅။ ဒုံဘွေ**<br>**(ဘူးတလုံးအုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>လယ်လုပ်ငန်း<br><br>**အခြား**<br>ကျပန်း | လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | မိုးစပါး စိုက်ဧက ပေါင်း(၂၄၁) ဧကရှိသည့်အနက် အားလုံး ရေမြုပ်။ နုန်းတင်မြေနများဖုံးလွှမ်း ပျက်စီး | ပုဂ္ဂလိကအလှူရှင်များထံမှ မျိုးစပါး ပံပိုးမှုများရရှိ။<br><br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး အထွက်နှုန်းကျနိုင်။<br><br>မိုးစပါးများ ပြန်လည်စိုက်ပျိုးချိန်နောက်ကျသဖြင့်၊ ရိတ်သိမ်းချိန်နောက်ကျမည်။ ထို့ကြောင် ဆောင်းသီးနှံစိုက်ပျိုးရန်နောက်ကျမည်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံပိုးမှုများ။ မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊နွား (သို့) စက်ကိရိယာများ။ |
| **၆။ ကျွဲတဲ**<br>**(ဘူးတလုံးအုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>လယ်ယာလုပ်ငန်း<br><br>**အခြား** | လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက ပေါင်း(၃၀၀) ဧကရှိသည့်အနက် အားလုံး ရေမြုပ်။ နုန်းတင်မြေနများဖုံးလွှမ်း ပျက်စီး | လက်ရှိမြေက စိုက်ပျိုးရန် ခက်ခဲ၊ ပျိုးမရှိ၍ မစိုက်ရ။ | ကယ်ဆယ်ရေး စပါး ၅ တောင်း၊ လုံလောက်မှု မရှိ၊ ဖြစ်သလို စားနေရ။ ဆောင်းသီးနှံများလည်း နည်း။ စိုက်ပျိုးရန် အခက်ခဲရှိ။ စားဝတ်နေရေးအတွက် အလှူရှင်များကို အားကိုးနေရ။ | မိုးစပါးများစိုက်ပျိုးနိုင်ရန် မျိုးစပါး၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံပိုးမှုများ။ မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊နွား (သို့) စက်ကိရိယာများ လိုအပ်။ |
| **၇။ လက်သန်းချိုရွာကြီး**<br>**(ဘူးတလုံးအုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>လယ်လုပ်ငန်း<br><br>**အခြား** | လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | မိုးစပါး စိုက်ဧက ပေါင်း(၁၀၀) ဧကရှိသည့်အနက် အားလုံး ရေမြုပ်။ နုန်းတင်မြေနများဖုံးလွှမ်းပျက်စီး | ပြန်လည် စိုက်ပျိုးရန် အခက်အခဲရှိ<br><br>မျိုးစပါးမရှိ<br><br>ဆောင်းသီးနှံများ စိုက်ပျိုးရန် ရှိ (မည့်ညင်း၊ ခရမ်း၊ ပဲ) ။ မျိုးစေ့ ရှားပါ။ အကူညီလိုအပ်) | ကယ်ဆယ်ရေးများကို အားကိုးနေရ<br><br>မျိုးစပါးအကူအညီမရလျှင် ပြည်လည်စိုက်ပျိုးခြင်းနောက်ကျ၍ စပါးဆန်ရေ ရှားပါးနိုင် | ပျိုးစပါးများ အချိန်မှီ စိုက်ပျိုးနိုင်ရန် အကူညီ လိုအပ်။ ဆောင်းသီးနှံများစိုက်ပျိုးရန်လည်း မျိုးစပါး မရှိ။<br><br>ထွန်ယက်ရန် ကျွဲ၊ နွား (သို့ ) စက်ကိရိယာများ လိုအပ်။ |

| | | | | | |
|---|---|---|---|---|---|
| ကွမ်းသီးခင်းစိုက်<br>ကျပန်း | | ကွမ်းသီးခင်း (၁၀)<br>ဧက အားလုံးစီး | | | ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊<br>ရေတင်ရန်ရေစုပ်စက်များ လိုအပ်။ |
| ၈။ တန်းမြင့်ကြီး<br>(ဘူးတလုံးအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ကွမ်းသီးစိုက် | လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | မိုးစပါး စိုက်ဧက<br>ပေါင်း(၆၀)<br>ဧကရှိသည့်အနက်<br>အားလုံး ရေမြုပ်။ နုန်း<br>တင်မြေနများဖုံးလွှမ်း<br>ပျက်စီး<br><br>ကွမ်းသီးခင်း (၂၀၀)<br>ဧက အားလုံးပျက်စီး | ပြန်လည် စိုက်ပျိုးရန် အခက်အခဲရှိ<br><br>မျိုးစပါးမရှိ<br><br>ဆောင်းသီးနှံများ စိုက်ပျိုးရန်<br>ရှိ (ငရုတ်) | ကယ်ဆယ်ရေးများကို အားကိုးနေရ<br><br>မျိုးစပါးအကူအညီမရလျှင်<br>ပြည်လည်စိုက်ပျိုးခြင်းနောက်ကျ၍<br>စပါးဆန်ရေ ရှားပါးနိုင် | ပျိုးစပါးများ အချိန်မှီ စိုက်ပျိုးနိုင်ရန် အကူညီ<br>လိုအပ်။ ဆောင်းသီးနှံများစိုက်ပျိုးရန်လည်း<br>မျိုးစပါး မရှိ။<br><br>ထွန်ယက်ရန် ကျွဲ၊ နွား (သို့ ) စက်ကိရိယာများ<br>လိုအပ်။<br><br>ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊<br>ရေတင်ရန်ရေစုပ်စက်များ လိုအပ်။ |
| ၉။ ရွှေလန်<br>(ဘူးတလုံးအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>သစ်ခုတ်၊ ဝါးခုတ် | လူဦးရေ - ၂၄၀<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | မိုးစပါး စိုက်ဧက<br>ပေါင်း(၁၀၀)<br>ဧကရှိသည့်အနက်<br>အားလုံး ရေမြုပ်။ နုန်း<br>တင်မြေနများဖုံးလွှမ်း<br>ပျက်စီး | ပြန်လည် စိုက်ပျိုးရန် အခက်အခဲရှိ<br><br>မျိုးစပါးမရှိ<br><br>စိုက်ပျိုးထားသော မိုးစပါးများအား<br>စပါးဖျက်ပိုးအန္တရာယ်မှ စိုးရိမ်ရ။ | ကယ်ဆယ်ရေးများကို အားကိုးနေရ<br><br>မျိုးစပါးအကူအညီမရလျှင်<br>ပြည်လည်စိုက်ပျိုးခြင်းနောက်ကျ၍<br>စပါးဆန်ရေ ရှားပါးနိုင် | ဆောင်းသီးနှံများ စိုက်ပျိုးရန်<br>ရှိ(ငရုတ်၊ ပဲ၊ မုန်ညင်း)<br>ပျိုးစပါးများ အချိန်မှီ စိုက်ပျိုးနိုင်ရန် အကူညီ<br>လိုအပ်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးရန်လည်း မျိုးစပါး မရှိ။<br><br>ထွန်ယက်ရန် ကျွဲ၊ နွား (သို့ ) စက်ကိရိယာများ<br>လိုအပ်။<br><br>ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊<br>ရေတင်ရန်ရေစုပ်စက်များ လိုအပ်။ |
| ၁၀။ ကလက ကျေးရွာ<br>(ကလကအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ငါးဖမ်း၊ ကျပန်း | လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | မိုးစပါး စိုက်ဧက<br>ပေါင်း(၃၇၀)<br>ဧကရှိသည့်အနက်<br>အားလုံး ရေမြုပ်။<br>လယ်များကို<br>အမိုက်များ<br>ဖုံးလွှမ်းကျန်ခဲ့။ | မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။<br>(မျိုးမမှန်သော မျိုးစေ့များ ဖြစ်၍<br>ပျက်တတ်)<br>ဆောင်းသီးနှံ အစိုက်နည်း။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး<br>အထွက်နှုန်းကျနိုင်။<br><br>မိုးစပါးများ<br>ပြန်လည်စိုက်ပျိုးချိန်နောက်ကျသဖြင့်၊<br>ရိတ်သိမ်းချိန်နောက်ကျမည်။<br>ဆောင်းသီးနှံစိုက်ပျိုးရန်နောက်ကျမည်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ကျေးရွာများအတွင်းရှိ ချောင်းများသည်လည်း ရွှံ့နွံများကြောင့် တိမ်ကောသွားကြသည်တွေ့ရှိရသည်။ ယင်းကြောင့် ရေစီးရေလာစနစ်များကို ဆိုးရွားစွာထိခိုက်စေပြီး စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ထိခိုက်စေလေသည်။ ဤဒေသများတွင် ဆောင်းသီးနှံအနည်းငယ်သာစိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။

မြောက်ဦးမြို့အနီးတဝိုက်ရှိ ကျေးရွာများ၏အခြေအနေသည်လည်း မိုးစပါးစိုက်ကေများစွာတို့ပျက်စီးခဲ့ခြင်း၊ ပြန်လည်စိုက်ပျိုးရာ၌လည်း စပါးမျိုးစေ့များရောနှောနေမှုကြောင့်လည်းကောင်း၊ စိုက်ပျိုးချိန်နောက်ကျ၍ မိုးရေချိန်ရရှိနည်းပါးနိုင်ခြေရှိ ခြင်း ကြောင့်လည်းကောင်း၊ စပါးအထွက်နှုန်းမှာ အကျဘက်သို့ ရောက်နိုင်ခြေများနေလေသည်။

တခြားမြို့နယ်များသကဲ့သို့ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ၊ အဆိုပါကဏ္ဍ၌ ထိခိုက်မှုများစွာရှိခြင်းကြောင့် ရပ်ရွာတစ်ခုလုံး၏ စီးပွားရေးလုပ်ငန်းတခုလုံး သည်လည်းများစွာထိခိုက်လျက်ရှိနေသည်ဟုယူဆနိုင်ပေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းထိခိုက်ခြင်းကြောင့် ယင်းလုပ်ငန်းကိုမှီခိုကြသော ရပ်ရွာအတွင်းမှ ကျပန်းအလုပ်သမားများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများခက်ခဲလာလေသည်။ ရွာသူ/ရွာသား အနည်းစုတို့သည် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ သဘာဝဘေးကျရောက်စဉ်ကာလအတွင်း ငါးဖမ်းပိုက်များစွာတို့ပျက်စီးဆုံးရှုံးခဲ့ရခြင်းကြောင့် ငါးဖမ်းလုပ်ငန်းသည်လည်း အခက်အခဲများစွာတို့ဖြင့် ရင်ဆိုင်နေကြရသည်။

တခြားမြို့နယ်များကဲ့သို့ပင်မြောက်ဦးမြို့နယ်ရှိ ကျေးရွာများတွင်လည်း သိုလှောင်ထားသောဝမ်းစာစပါးအမြောက်အများတို့ ပျက်စီးခဲ့ကြရာ၊သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း၌ စားနပ်ရိက္ခာရှားပါးသောအခြေအနေကို ရင်ဆိုင်ကြုံတွေ့နေကြရလေသည်။ အောက်ပါဇယား အမှတ် (၃.၅) ကိုကြည့်ပါ။

**မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယား (၃.၅)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | စားနပ်ရိက္ခာထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများ |
|---|---|---|---|---|
| ၁။ ဒုံဘွေ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | ဝမ်းစာစပါး (၁၀၀၀၀) တင်းကျော်ပျက်စီး | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| ၂။ ရွှေလွန်းဖြူ (မြရိပ်ကျွန်းအုပ်စု) | လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၁<br>အိမ်ထောင်စု - | ဝမ်းစာစပါး ပျက်စီးမှုများရှိ။ | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| ၃။ ကျွဲတဲ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | ဝမ်းစာစပါး (၅) ထောင်ကျော် ပျက်စီး၊ | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| ၄။ လက်သန်းချိုရွာကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | ဝမ်းစာစပါး တောင်း (၁၀၀၀) ကျော် ရေမြုပ်ပျက်စီး | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စိုက်ပျိုးရန် မျိုးစပါးမရ၍ အချိန်မှီ မစိုက်ပျိုးနိုင် မရိတ်သိမ်းနိုင်လျှင် ရေရှည်တွင် စားနပ်ရိက္ခာ အကြီးအကျယ် အခက်အခဲ ဖြစ်လာနိုင်။ |

| | | | | |
|---|---|---|---|---|
| **၅။ တန်းမြင့်ကြီး (ဘူးတလုံးအုပ်စု)** | လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | စပါးကျီများ ပျက်စီး၊<br>ဝမ်းစာစပါး (၂၅၀၀)<br>တောင်းခန့် ပျက်စီး | အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စိုက်ပျိုးရန် မျိုးစပါးမရ၍ အချိန်မှီ မစိုက်ပျိုးနိုင်<br>မရိတ်သိမ်းနိုင်လျှင် ရေရှည်တွင် စားနပ်ရိက္ခာ<br>အကြီးအကျယ် အခက်အခဲ ဖြစ်လာနိုင်။ |
| **၆။ ရွှေလန် (ဘူးတလုံးအုပ်စု)** | လူဦးရေ - ၂၄၀<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | ဝမ်းစာ စပါးများ<br>ပျက်စီးမှုများ ရှိ | အစိုးရထံမှ ဆန်(၅) နှင့် အိုး(၅)<br>လုံး အထောက်အပံ့ရရှိ<br>အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ | စိုက်ပျိုးရန် မျိုးစပါးမရ၍ အချိန်မှီ မစိုက်ပျိုးနိုင်<br>မရိတ်သိမ်းနိုင်လျှင် ရေရှည်တွင် စားနပ်ရိက္ခာ<br>အကြီးအကျယ် အခက်အခဲ ဖြစ်လာနိုင်။ |
| **၇။ ကလက ကျေးရွာ (ကလကအုပ်စု)** | လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | ဝမ်းစာ စပါးများ<br>ပျက်စီးမှုများ ရှိ၊<br>စပါးကျီများ ရေမြုပ်<br>ပျက်စီး၊ | အစိုးရထံမှ အကူအညီ တစ်ခုမှ<br>မရ။<br>အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ်<br>(၃)လခန့်ကြာမှ<br>ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သ<br>က်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာနှင့်<br>ပက်သက်ပြီးအခက်အခဲများရှိလာနိုင် |
| **၈။ ဆင်ကဲ (ဆင်ကဲအုပ်စု)** | လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | ဝမ်းစာ စပါးများ<br>ပျက်စီးမှုများ ရှိ | အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ပြန်လည်စိုက်ပျိုးရန် မြေနေရာ၊ မျိုးစေ့များ<br>မရရှိက ရေရှည်တွင် စားနပ်ရိက္ခာ အခက်ခဲ<br>ရှိနိုင်။ |
| **၉။ စဘော်ကိုင်းရွာ (မော်ရာအုပ်စု)** | လူဦးရေ - ၁၀၃၃<br>အိမ်ခြေ -<br>အိမ်ထောင်စု - | ဝမ်းစာ စပါးများ<br>ပျက်စီးမှုများ ရှိ | အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စိုက်ပျိုးရန် မျိုးစပါးမရ၍ အချိန်မှီ မစိုက်ပျိုးနိုင်<br>မရိတ်သိမ်းနိုင်လျှင် ရေရှည်တွင် စားနပ်ရိက္ခာ<br>အကြီးအကျယ် အခက်အခဲ ဖြစ်လာနိုင်။ |
| **၁၀။ ညောင်ပင်လှ (ပြုတ်ချောင်းအုပ်စု)** | လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆<br>အိမ်ထောင်စု - | ဝမ်းစာ စပါးများ<br>ပျက်စီးမှုများ ရှိ | အလှူရှင်များပံပိုးထားသော<br>စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး<br>အလှူရှင်များထံမှ အထောက်အပံ့မရရှိလျှင်<br>များစွာ အခက်အခဲတွေ့နိုင်။ |

ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ်(၃.၅)ရှိ အချက်အလက်များကိုထောက်ရှုခြင်းအားဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ရေဘေးဒဏ်ခံစားခဲ့ရသောကျေးရွာများ၏ စားနပ်ရိက္ခာအခြေအနေသည်လွန်စွာဆိုးရွားလျက်ရှိသည်ဖြစ်ရာ ထောက်ပံ့ကူညီမှုများများစွာ ပြုလုပ်ရန်လိုအပ်လေသည်။ အထူးသဖြင့် စိုက်ပျိုးထားသော မိုးစပါးများ မရိတ်သိမ်းမီကာလအထိ (၃)လ (သို့)(၄)လ တိုင်အောင် ကယ်ဆယ်ထောက်ပံ့ရေးအစီအစဉ်များဖြင့် စားနပ်ရိက္ခာများ ပံပိုးနေသေးရန်လိုအပ်မည်ဖြစ်သည်။

လေးမြို့ချောင်းဖျားရှိ ဒေသများတွင် လယ်ယာ၊ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုများကြောင့် အလုပ်လက်မဲ့ ဦးရေနှုန်းများ တိုးလာနိုင်ဖွယ်ရှိရာ လတ်တလောအနေဖြင့် အဆိုပါဒေသများရှိလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးရန်လည်းလိုအပ်ပေလိမ့်မည်။ တချို့သောကျေးရွာလူထု၏ သဘောအရ အဆိုပါဒေသများတွင်ကျောက် စရစ်များထွက်ရာအရပ်ဒေသဖြစ်ရာ အဆိုပါ ကျောက်စရစ်တူးယူရောင်းချခြင်းလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် ချေးငွေ အရင်းအနှီးများထုတ်ပေးရန်လိုအပ်ကြောင်းသိရှိရလေသည်။ ရေရှည်အနေဖြင့်ကားစိုက်ခင်းများတွင် နှစ်ရှည်ပင်အသီးအနှံ များနှင့်အတူ အဖိုးတန် ကျွန်းသစ်များ၊ သစ်မာများ စိုက်ပျိုးသင့်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရလေသည်။

မြောက်ဦးမြို့နယ်အတွင်း၌ ယခုလက်ရှိစိုက်ပျိုးထားသောစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်အတွက်လည်း မိုးရေများ အလုံအလောက်မရရှိပါကရေစုပ်စက်ဖြင့်မိုးစပါးစိုက်ခင်းများသို့ရေတင်နိုင်ရန်ရေစုပ်စက်များ၊မြေသြဇာများပိုးမွှားအန္တရာယ် ကာကွယ်နိုင်ရန်ပိုးသတ်ဆေးများစသည်ဖြင့် အရေးတကြီးပံပိုးကူညီရန်လိုအပ်လျက်ရှိလေသည်။ ထို့အပြင် တချို့ကျေးရွာ များ၌ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း သဲမြေများဖုံးလွှမ်းမှုကြောင့် ချောင်းငယ်များတိမ်ကောလျက်ရှိရာ (အခန်း(၄) ရှိဇယားအမှတ်(၄.၈)၌ ရှုပါ )အဆိုပါချောင်းငယ်များသည် လယ်ယာစိုက်ပျိုးရေးအတွက် ချောင်းမကြီးမှတဆင့်

ရေကိုသွယ်ယူနိုင်ရန် သဘာဝရေပိုက်လိုင်းကြီးများဖြစ်ရာကဲ့သို့ ရပ်ရွာ အတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် အဓိကအရေးပါသည်ဖြစ်ရာယင်းချောင်းငယ်များအားပြန်လည်တူးဖော်ရေးသည်လည်းစိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်းရေးတွင် အခရာကျလှပေသည်။ ထို့အပြင် ကွမ်းသီးခင်းများရှိ ကွမ်းသီးပင်များ၏ ပင်စည်အမြစ်များရွှံ့နွံများဖုံးလွှမ်းနေ၍ ကွမ်းသီးပင်များ တဖြည်းဖြည်း သေဆုံးနေမှုကိုလည်းရပ်တန့်စေရန်အတွက် ရွှံ့နွံများကိုစက်ကရိယာများဖြင့် တူးဆွရန် အလို့ငှာပံ့ပိုးကူညီမှုများပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။ ထို့အပြင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း ငါးဖမ်း ကိရိယာများပံ့ပိုးရန် လိုအပ်မည်ဖြစ်သည်။ ၎င်းအပြင် ဆောင်းသီးနှံစိုက်ပျိုးနိုင်သော ကျေးရွာများ၌ ဆောင်းသီးနှံစိုက်ပျိုးရန် မျိုးစေ့များ၊အရင်းအနှီး၊ ထွန်ယက်စိုက်ပျိုးရန်ကျွဲနွား(သို့)စက်ကိရိယာများပံ့ပိုးကူညီရန်လိုအပ်သကဲ့သို့ ဆောင်းသီးနှံမစိုက်ပျိုးနိုင်သော ကျေးရွာများတွင် တခြားသောအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်မည် ဖြစ်လေသည်။ ထို့နောက် မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများကို အခြေအနေများနှင့် ပက်သက်ပြီးဆက်လက် လေ့လာကြပါအံ့စို့။

### ၃.၄ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးအခြေအနေတခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ

မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများ၌ သဘာဝဘေးဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်မှုအခြေအနေများကိုဇယားအမှတ်(၃.၁)၌ ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ဖော်ပြချက်အရ ကျေးရွာပေါင်း(၆၃)ရွာ၌ကေပေါင်း(၃၆၀၇၉)ကေ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါကျေးရွာ(၆၃)ရွာရှိမိုးစပါးများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေအသေးစိတ်ကိုမူ (ကျောက်တော်နှင့်မြောက်ဦးမြို့နယ်တို့ကဲ့သို့) မိမိတို့အနေဖြင့် လက်လှမ်းမမီသဖြင့် ဤနေရာ၌ ဖော်ပြနိုင်ခြင်းမရှိပါ။ ထို့ကြောင့် မိမိတို့ကိုယ်တိုင်ကိုယ်ကျသွားရောက်လေ့လာထားသောကျေးရွာ(၁၀)ရွာအခြေအနေများကိုထောက်ရှုလျက်မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများကို လယ်ယာစိုက်ပျိုးရေးကဏ္ဍ အခြေအနေများကို သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။

နိဒါန်းအပိုင်း၌ ဖော်ပြထားသော ဒေသန္တရအချက်အလက်များအရ မင်းပြားမြို့နယ်တစ်ခုလုံး၌ စပါးစိုက်ပျိုးမြေကေစုစုပေါင်းသည် ( ၉၄၂၃၉ ) ကေ ရှိသည်ဖြစ်ရာ၊ ( ၃၆၀၇၉) ကေပျက်စီးသွားခြင်းဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ( ၃၈.၂၈ )ရာခိုင်နှုန်း ပျက်စီးသွားခဲ့သည်ဟု မှတ်ယူသင့်ပေသည်။

ထိုကဲ့သို့မိုးစပါးများထိခိုက်ပျက်စီးမှုများရှိခဲ့သော်လည်း ကေပေါင်းများစွာပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်းကို နောက်ဆက်တွဲဇယားအမှတ်(၂)တွင် ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)၏ ထုတ်ပြန်ချက်အရသိရှိရလေသည်။ အဆိုပါထုတ်ပြန်ချက်အရ မင်းပြားမြို့နယ်အတွင်း၌ မိုးစပါးကေ စုစုပေါင်း (၇၅၃၄၂)ကေပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း သဲ၊သစ်ပင်ကြီးများဖုံးလွှမ်း၍ ပြန်လည်မစိုက်ပျိုးနိုင်သည့် (၇၁)ကေမှအပ၊ စုစုပေါင်းပြန်လည်စိုက်ပျိုးနိုင်သောကေပေါင်းမှာ ၃၆၀၀၈ကေ ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့သော် ဤသို့ ကေပေါင်းများစွာပြန်လည်စိုက်ပျိုးနိုင်သည်ဟု ဆိုစေကာမူ မင်းပြားမြို့နယ်အတွင်း လယ်ယာ စိုက်ပျိုးရေးဏ္ဍတွင် သဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများကိုပြန်လည်ကုစားရန်အတွက်လိုအပ်ချက်များစွာရှိနေသေးကြောင်းကိုမင်းပြားမြို့နယ်အတွင်းမိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာ၍ ရရှိထားသောအချက်အလက်များက ဖော်ပြ နေလေသည်။ အောက်ပါ ဇယား အမှတ် ( ၃.၆) ကိုလေ့လာကြပါအံ့စို့။

ကွင်းဆင်းလေ့လာ၍ အချက်အလက်များကောက်ယူထားသော မင်းပြားမြို့နယ်အတွင်းမှ ကျေးရွာ(၁၀)ရွာမှာ ပန်းမြောင်းကြီးချောင်းရိုးတလျှောက်မှ ကျေးရွာများပါဝင်သလို၊ ဖုံသာချောင်း အနီးတဝိုက်မှကျေးရွာများလည်း ပါဝင်ပါသည်။ ထို့အပြင် မင်းပြား မြောက်ဦး ကားလမ်းမကြီးနံဘေးမှ ကျေးရွာများလည်းပါဝင်သည်။ ပန်းမြောင်းကြီးချောင်းရိုးတလျှောက်ရှိ ကျေးရွာများတွင် ချင်းဆိပ်၊ အိုးပျဉ်ထောင်နှင့် ပြင်ယောင်းတို့ပါဝင်သည်။ ဖုံသာချောင်းအနီးတဝိုက်မှကျေးရွာများတွင် မြင်းတင်မ၊ တောင်ပုတ္တော၊တံခွန်တိုင်၊သလူချောင်းစသည့်ရွာများပါဝင်ပြီး၊ မင်းပြား-မြောက်ဦး ကားလမ်းမကြီးနံဘေးမှ ကျေးရွားများတွင် ခေါင်းလောင်း(ရွာဟောင်း)၊နရမ်းရွာကြီးနှင့် နရမ်းဇီဝါရွာတို့ ပါဝင်ကြသည်။

အောက်ပါ ဇယား အမှတ် ( ၃.၆) အရ မင်းပြားမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုများ များစွာရှိခဲ့ရုံသာမက၊ နောက်ဆက်တွဲ အကျိုးသက်ရောက်မှု အနေဖြင့်လည်း ဆိုးဝါးမှုများ၊ များစွာ ဖြစ်ပေါ်နိုင်သော အခြေအနေ၌ ရှိနေကြောင်းကို မြင်တွေ့ရမည်ဖြစ်သည်။

ပန်းမြောင်းကြီးချောင်းရိုးတလျှောက်ရှိ ကျေးရွာများတွင်လည်းကောင်း၊ ဖုံသာချောင်းအနီးတဝိုက်မှ ကျေးရွာများတွင် လည်းကောင်း၊ မင်းပြား - မြောက်ဦး ကားလမ်းနံဘေးမှ ကျေးရွာများတွင်လည်းကောင်း အဆိုပါ ဒေသအားလုံး၌ တူညီသောအချက်မှာ ပြန်လည်စိုက်ပျိုးထားသော မိုးစပါးများမှာ စပါးအမျိုးအစားရောနှောနေမှုများကြောင့် လည်းကောင်း၊ ပုံမှန်စိုက်ပျိုးလေ့ရှိသော ရာသီချိန်လွန်မှ စိုက်ပျိုးရသောကြောင့်လည်းကောင်း၊ မိုးစပါးအထွက်နှုန်းမှာ အကျဖက်သို့ရောက်နိုင်ခြေများစွာ ရှိနေကြောင်း ဒေသခံတောင်သူလယ်သမားများ၏ ပြောကြားချက်အရ သိရှိရသည်။

မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပန်းမြောင်းကြီးချောင်းရိုးတလျှောက်ရှိ ကျေးရွာများမှ လယ်သမားများသည် တစ်ဦးလျှင်(၂)ကေနှုန်းဖြင့် လည်းကောင်း၊တစ်တောင်းနှုန်းဖြင့်လည်းကောင်း မျိုးစပါးပံ့ပိုးမှုများရရှိခဲ့သည်။ အဆိုပါမျိုးစပါးများ၊မိမိတို့ဝမ်းစာအဖြစ်စုဆောင်းသိုမှီးထားသော စပါးများ၊ အနီးအနားကျေးရွာများမှ စုဆောင်းဝယ်ယူရရှိသော စပါးများကို စုပေါင်းလျက်မိုးစပါးများကို ပြန်လည်စိုက်ပျိုးထားကြခြင်းဖြစ်သည်။ သို့သော်အဆိုပါ စပါးမျိုးစေ့များမှာ စပါးအမျိုးအစားများ ရောနှောနေမှုကြောင့် စိုက်ပျိုးရာ၌ များစွာအခက်အခဲရှိခဲ့ကြသလို၊ အပင်များပေါက်လာပါကလည်း အထွက်နှုန်းနှင့်ပက်သက်၍များစွာ စိုးရိမ်မကင်းဖြစ်ကြရသည်။ ဖုံသာချောင်းအနီးတဝိုက်မှ ကျေးရွာများ၌လည်း ဤနည်းနှင်နှင်ပင် ဖြစ်၏။ မျိုးစပါး ထောက်ပံ့မှုအချို့နှင့် မိမိတို့စပါးများဖြင့် ပြန်လည်စိုက်ပျိုးထားကြပြီး၊ စပါးအထွက်နှုန်းကိုမူ စိုးရိမ်နေကြရသည်။ မြောက်ဦးမင်းပြားကားလမ်းနံဘေးမှ ရွာ(၃)ရွာအနက် နရမ်းရွာကြီးတစ်ရွာသာ အလှူရှင်များထံမှမျိုးစပါးပံ့ပိုးမှုများလက်ခံရရှိခဲ့ပြီး၊ ကျန်ရွာ(၂)ရွာမှာကာမျိုးစပါးအလှူပြင်မရရှိကြဘဲ၊ မိမိဘာသာကိုယ်ထူ ကိုယ်ထစိုက်ပျိုးထားကြရသည်။ ၎င်းအပြင် အဆိုပါမြောက်ဦးမင်းပြားကားလမ်းနံဘေးမှ ကျေးရွာများ၌ လယ်မြေဧကများစွာတို့တွင် ရွှံ့နွံများနှင့်အတူအမှိုက်သရိုက်များ နှင့် သစ်ပင်ကြီးများဖုံးလွှမ်းနေမှုကြောင့်စိုက်ပျိုးရေးအတွက်အခက်အခဲများစွာ ရှိ ကြလေသည်။

## မင်းပြားမြို့နယ် အတွင်း၌လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေ ဇယား (၃.၆)

| ကျေးရွာအမည် | လူဦးရေ/ အိမ်ခြေ/ အိမ်ထောင်စု | ထိခိုက်မှုအခြေ အနေ | ပြန်လည်စိုက်ပျိုးမှု အခြေအနေ | နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေ | ပြန်လည်ထူထောင်ရန်လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ချက်များ |
|---|---|---|---|---|---|
| ၁။ အိုးပျဉ်ထောင် (အိုးပျဉ်ထောင်အုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်လုပ်ငန်း<br>(လယ်သမား/ လယ်ပိုင်ရှင် - ၈၀ ဦး)<br>အခြား<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း<br>ဟင်းရွက်ခူး၊ မြစ်ချိုး | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | မိုးစပါး စိုက်ဧက<br>ပေါင်း(၈၆၀)<br>ဧကရှိသည့်အနက် အားလုံး<br>ရေမြုပ်/နုန်း<br>တင်မြေနများဖုံးလွှမ်းပျက်စီး | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။ (လယ်သမား (၁) ဦးလျှင် (၂) ဧကနှုန်းဖြင့် ရရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသော ကြောင့် အထွက်နှုန်းကျနိုင်။<br><br>စီးပွားရေးအခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်နိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများ။ မျိုးစေ့များ။ (ဤ ဒေသ၌ ဆောင်းသီးနှံစိုက်ပျိုးရန် မြေပဲမျိုးစေ့များအဓိကလိုအပ်။) |
| ၂။ ပြင်ယောင်း (ပြင်ယောင်း အုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်လုပ်ငန်း<br><br>အခြား<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း<br>ဟင်းရွက်ခူး၊ မြစ်ချိုး | လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက<br>ပေါင်း(၃၀၀၀) ကျော်<br>ရှိသည့်အနက် အားလုံး<br>ရေမြုပ်/နုန်း<br>တင်မြေနများဖုံးလွှမ်းပျက်စီး | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။ (လယ်သမား (၁) ဦးလျှင် (၂) ဧကနှုန်းဖြင့် ရရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသော ကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးစပါးမှာ အထွက်နှုန်းကျနိုင်။ (မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည် မ ဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။ (ဤ ဒေသ၌ ဆောင်းသီးနှံများမှာ ရှောက်၊ ပဲ၊ ခရမ်း၊ အာလူး၊ မုန်ညင်းစသည့်သီးနှံများကို စိုက်ပျိုးလေ့ရှိ။) |
| ၃။ ချင်းဆိပ် (သတိုး အုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်လုပ်ငန်း<br><br>အခြား | လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | မိုးစပါး စိုက်ဧက<br>ပေါင်း(၆၆၀) ဧက<br>ရှိသည့်အနက် အားလုံး<br>ရေမြုပ်/နုန်း<br>တင်မြေနများဖုံးလွှမ်းပျက်စီး | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။ (လယ်သမား (၁) ဦးလျှင် (၁)တောင်း ရရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော | မျိုးစပါးအမျိုးအစားရောနှောနေသော ကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးစပါးမှာ အထွက်နှုန်းကျနိုင်။ (မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည် | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ |

| | | | | | |
|---|---|---|---|---|---|
| ငါးဖမ်းလုပ်ငန်း<br>ကျပန်း<br>ဟင်းရွက်ခူး၊ မြစ်ချိုး။ | | | စပါးများဖြင့် ကေ<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မဟုတ်။) | ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br>(ဤ ဒေသ၌ ဆောင်းသီးနှံများမှာ ငရုတ်၊<br>မုန်ညှင်းစသည့်သီးနှံများကို စိုက်ပျိုးလေ့ရှိ။) |
| ၄။ မြင်းတင်မ<br>(တပ်ရာ အုပ်စု)<br><br>**အဓိကလုပ်ငန်း**<br>လယ်လုပ်ငန်း<br>(လယ်သမား<br>/လယ် ပိုင် ရှင် - ၈၆ ဦး)<br>**အခြား**<br>ငါးဖမ်းလုပ်ငန်း<br>ထင်းခုတ်<br>ကျပန်း | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | မိုးစပါး စိုက်ကေ<br>ပေါင်း(၄၆၀) ကေ<br>ရှိသည့်အနက် အားလုံး<br>ရေမြုပ်/နွန်း<br>တင်မြေနများဖုံးလွှမ်းပျက်စီး | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ<br>ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။<br>( ၁၃၀ တင်းလက်ခံရရှိ။)<br><br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ကေ<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသော<br>ကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးစပါးမှာ<br>အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည်<br>မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br><br>(ဤဒေသ၌ ဆောင်းသီးနှံအဖြစ်<br>ငရုတ်ကိုစိုက်ပျိုးသည်။ ဆောင်းသီးနှံ<br>ကေများစွာ စိုက်ပျိုးရန်အဆင်မပြေ<br>သောကြောင့် တခြားသော<br>စီးပွားရေးအခွင့်အလန်းများ ဖန်တီးရန်လိုအပ်။) |
| ၅။ တောင်ပုတ္တေ<br>(ဖုံသာအုပ်စု)<br><br>**အဓိကလုပ်ငန်း**<br>ထင်းခုတ်<br><br>**အခြား**<br>လယ်လုပ်ငန်း<br>(လယ်သမား/<br>လယ်ပိုင်ရှင် - ၈၆ ဦး)<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | မိုးစပါး စိုက်ကေ<br>ပေါင်း(၉၈၅) ကေ<br>ရှိသည့်အနက် အားလုံး<br>ရေမြုပ်ပျက်စီး။ | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ<br>ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။<br>( ၁၀ အိတ် လက်ခံရရှိ။)<br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ကေ<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသော<br>ကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသဖြင့် မိုးစပါးမှာ<br>အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည်<br>မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br>(ဆောင်းသီးနှံ ကေများစွာ<br>စိုက်ပျိုးရန်အဆင်မပြေ သောကြောင့်<br>တခြားသော စီးပွားရေးအခွင့်အလန်းများ<br>ဖန်တီးရန်လိုအပ်။) |

| | | | | | |
|---|---|---|---|---|---|
| **၆။ တံခွန်တိုင်**<br>**(သတိုးအုပ်စု)**<br>**အဓိကလုပ်ငန်း**<br>**လယ်လုပ်ငန်း**<br>**(လယ်သမား/**<br>**လယ်ပိုင်ရှင် - ၄၀ ဦး)**<br>**အခြား**<br>**ငါးဖမ်းလုပ်ငန်း**<br>**ထင်းခုတ်**<br>**မြစ်ချိုး**<br>**ကျပန်း** | လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | မိုးစပါး စိုက်ဧက ပေါင်း(၃၇၀) ဧက ရှိသည့်အနက် အားလုံး ရေမြုပ်ပျက်စီး။ | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။<br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသောကြောင့် မိုးစပါးမှာ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည် မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br><br>ဤဒေသ၌ ဆောင်းသီးနှံအဖြစ် ငရုတ်၊ ခရမ်း၊မုန်လာ၊မုန်ညင်း၊ အာလူး၊ပဲစသည်တို့ကို အဓိကစိုက်ပျိုးသည်။ |
| **၇။ သလူရောင်း**<br>**(ဖုံသာအုပ်စု)**<br>**အဓိကလုပ်ငန်း**<br>**လယ်လုပ်ငန်း**<br>**(လယ်သမား/**<br>**လယ်ပိုင်ရှင် - ၁၇ ဦး)**<br>**အခြား**<br>**ငါးဖမ်းလုပ်ငန်း**<br>**ထင်းခုတ်**<br>**မြစ်ချိုး**<br>**ကျပန်း** | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | မိုးစပါး စိုက်ဧက ပေါင်း(၇၀) ဧက ကျော်ရှိသည့်အနက် အားလုံး ရေမြုပ်ပျက်စီး။ | ပုဂ္ဂလိကအလှူရှင်အဖွဲ့အစည်းများ ထံမှ မျိုးစပါး ပံ့ပိုးမှုများရရှိ။<br>မိမိတို့ ဝမ်းစာ စပါးနှင့် အထောက်အပံ့ရရှိသော စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသောကြောင့် အထွက်နှုန်းကျနိုင်။<br><br>စိုက်ပျိုးချိန်နောက်ကျသောကြောင့် မိုးစပါးမှာ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည် မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့) စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br><br>ဤဒေသ၌ ဆောင်းသီးနှံအဖြစ် ငရုတ်၊ ခရမ်း၊မုန်လာ၊မုန်ညင်း၊ အာလူး၊ပဲစသည်တို့ကို အဓိကစိုက်ပျိုးသည်။ |
| **၈။ ခေါင်းလောင်း**<br>**(ရွာဟောင်း)**<br><br>**(ရွာပြင်အုပ်စု)**<br>**အဓိကလုပ်ငန်း**<br>**လယ်လုပ်ငန်း**<br>**(လယ်သမား/** | လူဦးရေ - ၅၅၈<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက အားလုံး ရေမြုပ်ပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးများဖြင့် ဧက အချို့ပြန်လည်စိုက်ပျိုးထား။<br><br>(အစိုးရထံမှ မျိုးစပါး အတိုးဖြင့် ပံ့ပိုးမည့်အစီအစဉ်ရှိ။ မျိုးစပါး (၁) တောင်းယူလျှင် (၂) တောင်းပြန်ပေးရမည်။ | စိုက်ပျိုးချိန်နောက်ကျသောကြောင့် မိုးစပါးမှာ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည် မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။ |

| | | | | | |
|---|---|---|---|---|---|
| လယ်ပိုင်ရှင် - ၃၀ ဦး)<br>**အခြား**<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | | | အတိုးနှုန်းများသဖြင့်<br>လယ်သမားများမယူလိုကြ။) | | ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br><br>ဤဒေသ၌ ဆောင်းသီးနှံအဖြစ် မုန်ညှင်း၊ ခရမ်း၊<br>ပဲစသည်တို့ကို အဓိကစိုက်ပျိုးသည်။<br>အထူးသဖြင့် ပဲကို ယခုနှစ်တွင် အဓိက<br>စိုက်ပျိုးလိုကြ။ |
| **၉။ နရမ်းရွာကြီး**<br>**(နရမ်းအုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>လယ်လုပ်ငန်း<br>(လယ်သမား/<br>လယ်ပိုင်ရှင် - ၃၀ ဦး)<br>**အခြား**<br>ငါးဖမ်းလုပ်ငန်း<br>ကျပန်း | လူဦးရေ - ၅၅၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက<br>ပေါင်း(၄၀၀) ဧက<br>ကျော်ရှိသည့်အနက်<br>အားလုံး ရေမြုပ်ပျက်စီး။ | အလှူရှင်အဖွဲ့အစည်းများထံမှ<br>မျိုးစပါး ပံ့ပိုးမှုများရရှိ။<br>( ရခိုင်သဟာယမှ မျိုးစပါး ၇၅<br>တောင်းရရှိ။)<br>မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မျိုးစပါးအမျိုးအစားရောနှောနေသော<br>ကြောင့် အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br>ဤဒေသ၌ ဆောင်းသီးနှံအဖြစ် ငရုတ်၊ ပြောင်း၊<br>မုန်ညှင်း၊ ခရမ်း၊ ပဲစသည်တို့ကို<br>အဓိကစိုက်ပျိုးသည်။ |
| **၁၀။ နရမ်းဇီဝ့ါ**<br>**(နရမ်းအုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>လယ်လုပ်ငန်း<br>(လယ်သမား/<br>လယ်ပိုင်ရှင် - ၂၇ ဦး)<br>**အခြား**<br>ကျပန်း | လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | မိုးစပါး စိုက်ဧက<br>ပေါင်း(၁၃၅) ဧက<br>ကျော်ရှိသည့်အနက်<br>အားလုံး ရေမြုပ်ပျက်စီး။<br>ရွှံ့နွံများဖုံးလွှမ်းပျက်စီး။ | မိမိတို့<br>ကိုယ်ထူကိုယ်ထရာဖွေဝယ်ယူထား<br>သော စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။ | စိုက်ပျိုးချိန်နောက်ကျသောကြောင့်<br>မိုးစပါးမှာ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ကိုလုံလောက်စွာရရှိနိုင်မည်<br>မဟုတ်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန်<br>ရေစုပ်စက်။<br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်<br>အရင်းအနှီးစသည်ဖြင့် ပံ့ပိုးကူညီမှုများ။<br>ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား (သို့)<br>စက်ကိရိယာများနှင့် အတူ စိုက်ပျိုးရေး<br>ပညာပေးအစီအစဉ်များ။ မျိုးစေ့များ။<br><br>ဤဒေသ၌ ဆောင်းသီးနှံအဖြစ် ငရုတ်၊ ပဲ၊<br>မုန်ညှင်း၊ စသည်တို့ကို အဓိကစိုက်ပျိုးသည်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

သဘာဝဘေးဒဏ်ကြောင့် ပုံမှန်စိုက်ပျိုးလေ့ရှိသောရာသီချိန်လွန်မှ ပြန်လည်၍နောက်တစ်ဖန်စိုက်ပျိုးရသော အခြေအနေသည်လည်းတောင်သူ လယ်သမားများအဖို့ များစွာ အကျပ်အတည်းဖြစ်စေသည်။ အထူးသဖြင့် စိုက်ပျိုးထားသော မိုးစပါးများ မိုးရေချိန်လုံလောက်စွာ မရရှိမည်ကို စိုးရိမ်ပူပန်မှုဖြစ်သည်။ မိုးနှောင်းကောင်းလျှင် စိုက်ပျိုးရေးအဆင်ပြေမည်၊ မိုးနှောင်းမကောင်းလျှင် စိုက်ပျိုးရေးအခက်ကြုံမည်ဟု တောင်သူလယ်သမားအများစုက ဆိုကြ၏။

စပါးဖျက်ပိုးမွှားများ၏ အန္တရာယ်နှင့်ပက်သက်ပြီး မိမိတို့လေ့လာခဲ့သော ဉာမင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ မိမိတို့လေ့လာရေးလုပ်နေစဉ်ကာလအတွင်း စိုးရိမ်ပူပင်မှုများကို မတွေ့ရှိခဲ့ရချေ။

မိမိတို့လေ့လာခဲ့သောကျေးရွာ(၁၀)ရွာ၌ ဖုံသာချောင်းအနီးတဝိုက်မှ ကျေးရွာအချို့မှလွဲ၍၊ အဓိကလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်းသိရှိရသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအချို့ကိုလည်း တွေ့ရှိရပြီး၊ တောတောင်များနှင့် နီးကပ်သောကျေးရွာများတွင် ဟင်းရွက်ခူးမြစ်ချိုးစသည်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့ကိုလည်း တွေ့ရှိရသည်။ ကျပန်းလုပ်ကိုင်သူများသည်လည်းပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ စပါးများရိတ်သိမ်းခြင်းစသည်ဖြင့် လယ်ယာလုပ်ငန်းကိုပင်အမှီသဟဲပြုကြရသည်။ ဖုံသာချောင်းအနီးတဝိုက်မှ အချို့ကျေးရွာများတွင်ကား လယ်ယာလုပ်ငန်းအပြင် ထင်းခုတ်ခြင်းလုပ်ငန်းများ ကိုလည်း အဓိကလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ မည်သည့်လုပ်ငန်းကိုပင် လုပ်ကိုင်ကြစေကာမူ သဘာဝဘေးဒဏ်ကျရောက်ပြီးနောက်ပိုင်း၌ သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ သူ့အတိုင်းအတာနှင့်သူ ထိခိုက်မှုများရှိနေကြသည်ပင်ဖြစ်သည်။

လယ်လုပ်ငန်းလုပ်ကိုင်သူများအဖို့ လယ်ကေများစွာတို့ ပျက်စီးဆုံးရှုံးခဲ့ကြရသကဲ့သို့၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအဖို့ ငါးဖမ်းပိုက်များစွာရှုံးဆုံးခဲ့ကြရသည်။ ထို့အတူ လယ်ယာလုပ်ငန်းထိခိုက်ခြင်းကြောင့် ကျပန်းအလုပ်သမားများအဖို့လည်း အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးကာ အလုပ်လက်မဲ့ဖြစ်ကြရသည်။ တောတောင်များ၌ ဟင်းရွက်ခူး၊ မြစ်ချိုးလုပ်ကိုင်ကြသူများအဖို့လည်းသဘာဝဘေးဒဏ်ကြောင့် အခက်အခဲများတွေ့လျက်ရှိကြသည်။ ထင်းခုတ်၍ အသက်မွေးဝမ်းကျောင်းပြုသူများအဖို့မှာကား ၎င်းတို့ခုတ်ယူရရှိသောထင်းများကို မြစ်အောက်ပိုင်းရှိကျေးရွာများတွင်လည်းကောင်း၊ မင်းပြားမြို့ပေါ်တွင်လည်းကောင်း ရောင်းချ၍ အသက်မွေးကြသည်ဖြစ်ရာ၊ ယခုနှစ်တွင် သဘာဝဘေးကျရောက်ခဲ့မှုကြောင့်၊ သစ်ပင်များစွာတို့လဲပြိုကာ၊ မြစ်အောက်ပိုင်းသို့ရောက်ရှိသွားကြ၍၊ မြစ်အောက်ပိုင်းရှိကျေးရွာများအဖို့ ထင်းများဖူလုံလျက်ရှိသောကြောင့် ထင်းခုတ်သူများအဖို့ များစွာအခက်ကြုံလျက်ရှိကြသည်။

တခြားမြို့နယ်များကဲ့သို့ပင် မင်းပြားမြို့နယ်ရှိ ကျေးရွာများတွင်လည်း သိုလှောင်ထားသောဝမ်းစာစပါးအမြောက်အများတို့ ပျက်စီးခဲ့ကြရာ၊သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း၌ စားနပ်ရိက္ခာရှားပါးသောအခြေအနေကို ရင်ဆိုင်ကြုံတွေ့နေကြရလေသည်။ အောက်ပါဇယား အမှတ် (၃.၇) ကိုကြည့်ပါ။

**မင်းပြား မြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယား (၃.၇)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | စားနပ်ရိက္ခာထိခိုက်မှု အခြေအနေ | ယခုလက်ရှိအခြေအနေ | နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများ |
|---|---|---|---|---|
| **၁။ အိုးပျဉ်ထောင် (အိုးပျဉ်ထောင်အုပ်စု)** | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ လာမည့်<br>ဒီဇင်ဘာလတွင်မှ<br>ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး<br>အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများ အခက်အခဲများရှိလာနိုင်။ |
| **၂။ ပြင်ယောင်း (ပြင်ယောင်း အုပ်စု)** | လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများအခက်အခဲများရှိလာနိုင်။ |
| **၃။ ချင်းဆိပ် (သတိုး အုပ်စု)** | လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများအခက်အခဲများရှိလာနိုင်။ |
| **၄။ မြင်းတင်မ (တပ်ရာ အုပ်စု)** | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများအခက်အခဲများရှိလာနိုင်။ |
| **၅။ တောင်ပုတ္တော (ဖုံသာအုပ်စု)** | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ လာမည့်<br>ဒီဇင်ဘာလတွင်မှ<br>ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး<br>အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများ အခက်အခဲများရှိလာနိုင်။ |
| **၆။ တံခွန်တိုင် (သတိုးအုပ်စု)** | လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ လာမည့်<br>ဒီဇင်ဘာလတွင်မှ<br>ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး<br>အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင်<br>စားနပ်ရိက္ခာများ အခက်အခဲများရှိလာနိုင်။ |
| **၇။ သလူချောင်း (ဖုံသာအုပ်စု)** | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာများ<br>အခက်အခဲများရှိလာနိုင်။<br>ယခုအချိန်၌ပင် အလှူရှင်များ၏<br>ပံပိုးမှုများမလောက်ငသဖြင့် အခက်အခဲဖြစ်လျက်ရှိ။ |
| **၈။ ခေါင်းလောင်း (ရွာဟောင်း)**<br><br>**(ရွာပြင်အုပ်စု)** | လူဦးရေ - ၅၅၈<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာများ<br>အခက်အခဲများရှိလာနိုင်။ |
| **၉။ နရမ်းရွာကြီး (နရမ်းအုပ်စု)** | လူဦးရေ - ၅၅<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာများ<br>အခက်အခဲများရှိလာနိုင်။ |
| **၁၀။ နရမ်းဇီဝါ (နရမ်းအုပ်စု)** | လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | ဝမ်းစာစပါး များ ပျက်စီး | အလှူရှင်များပံပိုးထား<br>သော<br>စားနပ်ရိက္ခာများအပေါ်<br>၌မှီခိုနေရ။ | စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင်<br>ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာများ<br>အခက်အခဲများရှိလာနိုင်။ |
| | | | စားနပ်ရိက္ခာများကို<br>ချွေချွေတာတာစားသုံး<br>နေရသည်။ | |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ် (၃.၇) ရှိ အချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် မင်းပြားမြို့နယ်အတွင်းရှိ ရေဘေးဒဏ်ခံစားခဲ့ရသောကျေးရွာများ၏ စားနပ်ရိက္ခာအခြေအနေသည် လွန်စွာဆိုးရွားလျက်ရှိသည်ဖြစ်ရာ ထောက်ပံ့ကူညီမှုများ များစွာပြုလုပ်ရန်လိုအပ်လေသည်။ အထူးသဖြင့် စိုက်ပျိုးထားသော မိုးစပါးများ မရိတ်သိမ်းမီကာလအထိ အနည်းဆုံး (၃)လ (သို့) (၄)လတိုင်အောင် ကယ်ဆယ်ထောက်ပံ့ရေးအစီအစဉ်များဖြင့် စားနပ်ရိက္ခာများပံ့ပိုးနေသေးရန်လို အပ်မည်ဖြစ်သည်။

လက်ရှိစိုက်ပျိုးထားသော မိုးစပါးများအောင်မြင်ရန်မှာ အလွန်တရာမှအရေးပါသော ကိစ္စရပ်ဖြစ်ရာ၊ ထိုသို့မိုးစပါးအောင်မြင်စေရန်အတွက် အဓိကအားဖြင့် လယ်မြေများကို ရေသွင်းစိုက်ပျိုးရန်ရေစုပ်စက်များလိုအပ်သကဲ့သို့ ပိုးသတ်ဆေး၊မြေသြဇာများ စသည်ဖြင့် ပံ့ပိုးကူညီမှုများလိုအပ်မည်ဖြစ်သည်။

၄င်းအပြင် အဆိုပါမိုးစပါးများရိတ်သိမ်းပြီးပါက၊ ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်အတွက်လည်း ပံ့ပိုးကူညီမှုများလိုအပ်အုံးမည်ဖြစ်သည်။ ငရုတ်၊ပဲ၊ပြောင်း၊အာလူး၊ခရမ်း၊ မုန်ညှင်း၊ ခရမ်း၊ မုန်လာ စသည့်သီးနှံတို့မှာ ဤဒေသ၏ အဓိကစိုက်ပျိုးသောဆောင်းသီးနှံများဖြစ်ကြသည်။ အဆိုပါ သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များ၊အရင်းအနှီးချေးငွေပံ့ပိုးမှုများ၊ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား(သို့)စက်ကိရိယာပံ့ပိုးမှုများ အထူးလိုအပ်မည်ဖြစ်မည်။ ထို့အတူ နုန်းတင်မြေနများဖုံးလွှမ်းသွားခြင်းစသည့်လယ်ယာမြေများတွင် မြေဆီလွှာအပြောင်းအလဲအခြေအနေများကြောင့်၊ ယင်းတို့ကို ထိရောက်စွာကိုင်တွယ်နိုင်ရန်အလို့ငှာ စိုက်ပျိုးရေးပညာပေး အစီအစဉ် များ လည်းလိုအပ်မည်ဖြစ်ပေသည်။

မြောက်ဦး-မင်းပြားကားလမ်းတလျှောက်ရှိကျေးရွာအချို့၏ လယ်မြေများတွင်မူ၊ အမှိုက်များနှင့် သစ်ပင်ကြီးများဖုံးလွှမ်းခြင်းကြောင့် ပျက်စီးလျက်ရှိရာ၊ ယင်းတို့ကို စက်ကိရိယာများ၏ အကူအညီများဖြင့် ရှင်းလင်းဖယ်ရှားရန်လိုအပ်မည်ဖြစ်သည်။

ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်သူများအတွက် ငါးဖမ်းပိုက်များ၊ ငါးဖမ်းလှေများ စသည်ဖြင့် ကူညီထောက်ပံ့မှုများပြုလုပ်ပေးရန်လိုအပ်သကဲ့သို့၊ကျပန်းလုပ်သားများနှင့် ထင်းခုတ်သမားများအတွက်လည်း တခြားသောအလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်မည်ဖြစ်လေသည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများကို အခြေအနေများနှင့် ပက်သက်ပြီးဆက်လက် လေ့လာကြပါအုံးစို့။

### ၃.၅ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လယ်ယာစိုက်ပျိုးရေးနှင့် တခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍနှင့် စားနပ်ရိက္ခာအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ

ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝဘေးဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်ထိခိုက်မှု အခြေအနေများကိုဇယားအမှတ်(၃.၁)၌ ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ဖော်ပြချက်အရ ကျေးရွာပေါင်း(၅၅)ရွာ၌ ဧကပေါင်း(၁၀၀၉၄)ဧကပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။ ဤနေရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှထုတ်ပြန်ထားသော စာရင်းဇယားများနှင့် နောက်ဆက်တွဲ -ဇယား (၆) တွင်

ဖော်ပြထားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသောစာရင်းဇယားတို့မှာ ကွဲလွဲမှုအချို့ရှိသည်ကိုတွေ့ရသည်။ အဆိုပါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းအရ ပျက်စီးမှုလယ်မြေကေပေါင်းမှာ(၉၆၅၇)ကေဖြစ်သည် ကိုတွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ ဤပုဏ္ဏားကျွန်းမြို့နယ်၌လည်း မိုးစပါးကေပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့သည်ကားအမှန်ပင်ဖြစ်ပေသည်။

အခန်း(၁)တွင်ဖော်ပြထားသည့် ဒေသန္တရအချက်အလက်များတွင်မူ ပုဏ္ဏားကျွန်းတစ်မြို့နယ်လုံးတွင် မိုးစပါးစိုက်ကေပေါင်း (၃၁၃၄၅) ကေ ရှိသည်ဟုဖော်ပြထားသည်ဖြစ်ရာ ပျက်စီးမှုလယ်မြေပေါင်းမှာ (၉၆၅၇)ကေဖြစ်သည်ဟုမှတ်ယူပါက ရာခိုင်နှုန်းအားဖြင့် (၃၀.၈၀) ရာခိုင်နှုန်း ခန့်ဆုံးရှုံးမှုများရှိခဲ့သည်ဟု သုံးသပ်နိုင်လေသည်။

## ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအခြေအနေ ဇယား (၃.၈)

| ကျေးရွာအမည် | လူဦးရေ/ အိမ်ခြေ/ အိမ်ထောင်စု | ထိခိုက်မှုအခြေ အနေ | ပြန်လည်စိုက်ပျိုးမှု အခြေအနေ | နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေ | ပြန်လည်ထူထောင်ရန်လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ချက်များ |
|---|---|---|---|---|---|
| ၁။ ဘဲခိုး (ကြိမ်ချောင်းအုပ်စု) <br> အဓိကလုပ်ငန်း <br> လယ်လုပ်ငန်း (လယ်သမား/လယ်ရှင် - ၃၀ ဦး) <br> အခြား <br> ငါးဖမ်းလုပ်ငန်း <br> ကျပန်း | လူဦးရေ - ၄၈၃ <br> အိမ်ခြေ - ၉၀ <br> အိမ်ထောင်စု - ၁၁၀ | မိုးစပါး စိုက်ဧက ပေါင်း(၄၀၀) ဧကရှိသည့်အနက် အားလုံး ရေမြုပ်/နွန်း တင်မြေနများဖုံးလွှမ်း ပျက်စီး | မိမိတို့ ဝမ်းစာ စပါးနှင့် ကိုယ်ထူကိုယ်ထ မျိုးစပါးများ ဝယ်ယူ၍ ဧက အချို့ပြန်လည်စိုက်ပျိုးထား။ <br><br> (အစိုးရထံမှ လယ် (၁) ဧက ကို ငွေ ၁၄၀၀ ကျပ် နှုန်းဖြင့် ရွာ (၃) ရွာအတွက် ဧက (၃၀၀) ထောက်ပံ့ပေးခဲ့။ ) | စိုက်ပျိုးချိန်နောက်ကျ၍ အထွက်နှုန်းကျနိုင်။ (မိုးရေချိန်ရရှိမှုနည်းပါးနိုင်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ <br><br> မိုးရေချိန်ရရှိမှုနည်းပါးမည်မှာ သေချာသောကြောင့် မြစ်ချောင်းမှရေများဖြင့် ရေသွင်းစိုက်ပျိုးရန် အတွက် ရေစုပ်စက်။ <br> ( ဤ ဒေသ၌ ဆောင်းသီးနှံကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်သောကြောင့် တခြားသော အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးရန်လိုအပ်။) |
| ၂။ ကြိမ်ချောင်း (ကြိမ်ချောင်းအုပ်စု) <br> အဓိကလုပ်ငန်း <br> လယ်လုပ်ငန်း (လယ်သမား/လယ်ရှင် - ၃၀ ဦး) <br> အခြား <br> ငါးဖမ်းလုပ်ငန်း <br> ကျပန်း | လူဦးရေ - ၁၁၅၀ <br> အိမ်ခြေ - ၈၀ <br> အိမ်ထောင်စု - ၉၈ | မိုးစပါး စိုက်ဧက ပေါင်း(၆၀၀) ဧကရှိသည့်အနက် အားလုံး ရေမြုပ်/နွန်း တင်မြေနများဖုံးလွှမ်း ပျက်စီး | မိမိတို့ ဝမ်းစာ စပါးနှင့် ကိုယ်ထူကိုယ်ထ မျိုးစပါးများ ဝယ်ယူ၍ ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | စိုက်ပျိုးချိန်နောက်ကျ၍ အထွက်နှုန်းကျနိုင်။ (မိုးရေချိန်ရရှိမှုနည်းပါးနိုင်။) | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ <br><br> မိုးရေချိန်ရရှိမှုနည်းပါးမည်မှာ သေချာသောကြောင့် မြစ်ချောင်းမှရေများဖြင့် ရေသွင်းစိုက်ပျိုးရန် အတွက် ရေစုပ်စက်။ <br> ( ဤ ဒေသ၌ ဆောင်းသီးနှံကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်သောကြောင့် တခြားသော အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးရန်လိုအပ်။) |
| ၃။ မာန်အောင်သား (ကြိမ်ချောင်းအုပ်စု) <br> အဓိကလုပ်ငန်း <br> လယ်လုပ်ငန်း (လယ်သမား/လယ်ရှင် - ၆၀ ကျော်) <br> အခြား <br> ငါးဖမ်းလုပ်ငန်း | လူဦးရေ - ၄၀၅ <br> အိမ်ခြေ - ၈၂ <br> အိမ်ထောင်စု - ၉၄ | မိုးစပါး စိုက်ဧက ပေါင်း(၄၀၀) ဧကကျော်ရှိသည့်အနက် အားလုံး ရေမြုပ်/နွန်း တင်မြေနများဖုံးလွှမ်း ပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးနှင့် ကိုယ်ထူကိုယ်ထ မျိုးစပါးများ ဝယ်ယူ၍ ဧက အချို့ပြန်လည်စိုက်ပျိုးထား။ <br><br> (အစိုးရထံမှ လယ် (၁) ဧက ကို ငွေ ၁၄၀၀ ကျပ် နှုန်းဖြင့် ထောက်ပံ့ပေးခဲ့။ ) | စိုက်ပျိုးချိန်နောက်ကျ၍ အထွက်နှုန်းကျနိုင်။ (မိုးရေချိန်ရရှိမှုနည်းပါးနိုင်။) <br><br> မျိုးစပါးများရောနှောနေမှုကြောင့် အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။ <br><br> မိုးရေချိန်ရရှိမှုနည်းပါးမည်မှာ သေချာသောကြောင့် မြစ်ချောင်းမှရေများဖြင့် ရေသွင်းစိုက်ပျိုးရန် အတွက် ရေစုပ်စက်။ <br><br> မိုးစပါးများရင့်မှည့်လာပါက ရိတ်သိမ်းရန် |

| | | | | | |
|---|---|---|---|---|---|
| ကျပန်း | | | | | စပါးရိတ်သိမ်းစက်။<br>( ဤ ဒေသ၌ ဆောင်းသီးနှံကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်သောကြောင့် တခြားသော အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးရန်လိုအပ်။) |
| ၄။ ကောင်းမွန်<br>(မြို့ဟောင်းတောအုပ်စု)<br>အဓိကလုပ်ငန်း<br>ငါးဖမ်းလုပ်ငန်း<br><br>အခြား<br>လယ်လုပ်ငန်း<br>(လယ်သမား/လယ်ရှင် - ၇ ဦး)<br>ကျပန်း | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | မိုးစပါး စိုက်ဧက ပေါင်း(၂၀)<br>ဧကရှိသည့်အနက် အားလုံး ရေမြုပ်/နွံနှံး တင်မြေနများဖုံးလွှမ်း ပျက်စီး။<br><br>ရေမျောပိုက် (၈၀) ပျက်စီး။<br>ကျားပိုက် (၂၀) ပျက်စီး။<br>ငါးဖမ်းလှေ (၁၅) စင်းပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးနှင့် ကိုယ်ထူကိုယ်ထ မျိုးစပါးများ ဝယ်ယူ၍ ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | စိုက်ပျိုးချိန်နောက်ကျ၍ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ရရှိမှုနည်းပါးနိုင်။)<br><br>မျိုးစပါးများရောနှောနေမှုကြောင့် အထွက်နှုန်းကျနိုင်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br><br>မိုးရေချိန်ရရှိမှုနည်းပါးမည်မှာ သေချာသောကြောင့် မြစ်ချောင်းမှရေများဖြင့် ရေသွင်းစိုက်ပျိုးရန် အတွက် ရေစုပ်စက်။<br><br>မိုးစပါးများရင့်မှည့်လာပါက ရိတ်သိမ်းရန် စပါးရိတ်သိမ်းစက်။<br>( ဤ ဒေသ၌ ဆောင်းသီးနှံကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်သောကြောင့် တခြားသော အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးရန်လိုအပ်။ အထူးသဖြင့် ငါးဖမ်းလုပ်ငန်းနှင့် ပက်သက်သည့်ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန်လို အပ်။) |
| ၅။ ခွဆုံ<br>(ခွဆုံအုပ်စု)<br>အဓိကလုပ်ငန်း<br>ငါးဖမ်းလုပ်ငန်း (<br>ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ - ၆၀ ကျော်)<br><br>အခြား<br>လယ်လုပ်ငန်း<br>(လယ်သမား/လယ်ရှင် - ၅၇ဦး)<br>ကျပန်း | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | မိုးစပါး စိုက်ဧက ပေါင်း(၆၈၀)<br>ဧကရှိသည့်အနက် အားလုံး ရေမြုပ်/နွံနှံး တင်မြေနများဖုံးလွှမ်း ပျက်စီး။<br><br>ငါးဖမ်းပိုက်ပေါင်း ကျားပိုက် အခု (၂၀)ကျော်ပျက်စီး။ | မိမိတို့ ဝမ်းစာ စပါးနှင့် ကိုယ်ထူကိုယ်ထ မျိုးစပါးများ ဝယ်ယူ၍ ဧက အချို့ပြန်လည်စိုက်ပျိုးထား။ | စိုက်ပျိုးချိန်နောက်ကျ၍ အထွက်နှုန်းကျနိုင်။<br>(မိုးရေချိန်ရရှိမှုနည်းပါးနိုင်။)<br><br>မျိုးစပါးများရောနှောနေမှုကြောင့် အထွက်နှုန်းကျနိုင်။<br><br>စပါးဖျက်ပိုးအခြေအနေစိုးရိမ်ရသည်။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br><br>မိုးရေချိန်ရရှိမှုနည်းပါးမည်မှာ သေချာသောကြောင့် မြစ်ချောင်းမှရေများဖြင့် ရေသွင်းစိုက်ပျိုးရန် အတွက် ရေစုပ်စက်။<br><br>မိုးစပါးများရင့်မှည့်လာပါက ရိတ်သိမ်းရန် စပါးရိတ်သိမ်းစက်။<br>( ဤ ဒေသ၌ ဆောင်းသီးနှံကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်သောကြောင့် တခြားသော အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးရန်လိုအပ်။ အထူးသဖြင့် ငါးဖမ်းလုပ်ငန်းနှင့် ပက်သက်သည့်ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန်လို အပ်။) |

| | | | | | |
|---|---|---|---|---|---|
| ၆။ မြင်းကတ္တော<br>(မြင်းကတ္တောအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ငါးဖမ်းလုပ်ငန်း | လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | မိုးစပါး စိုက်ဧက<br>ပေါင်း(၁၂၀၀)<br>ဧကရှိသည့်အနက် အားလုံး<br>ရေမြုပ်/နွံနွံ<br>တင်မြေနများဖုံးလွှမ်း<br>ပျက်စီး | ပြန်လည်စိုက်ပျိုးထားသော<br>စိုက်ခင်းများ ဒုတိယ အကြိမ်<br>ရေ တက်၍ ထပ်မံပျက်စီး။<br>တတိယ အကြိမ်<br>ဝမ်းစာစပါးများကို<br>ပြန်ကြဲထား။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး<br>အထွက်နှုန်းကျနိုင်။ မျိုးစပါးများ<br>မမှန်ကန်၍လည်း အထွက်နှုန်းကျနိုင်။<br><br>မိုးစပါးများ ပြန်လည်စိုက်ပျိုးချိန်<br>နောက်ကျသဖြင့်၊ ရိတ်သိမ်းချိန်<br>နောက်ကျမည်။<br><br>ဆောင်းသီးနှံများ စိုက်ပျိုးရန် အဆင်မပြေ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်များ<br>လိုအပ်။ |
| ၇။ ပေါက်တူးပေါက်<br>(မြင်းကတ္တောတောအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ငါးဖမ်းလုပ်ငန်း | လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | မိုးစပါး စိုက်ဧက<br>ပေါင်း(၃၈၈)<br>ဧကရှိသည့်အနက် အားလုံး<br>ရေမြုပ်/နွံနွံ<br>တင်မြေနများဖုံးလွှမ်း<br>ပျက်စီး | မိမိတို့ ဝမ်းစာ စပါးနှင့်<br>အထောက်အပံ့ရရှိသော<br>စပါးများဖြင့် ဧက<br>အချို့ပြန်လည်စိုက်ပျိုးထား။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး<br>အထွက်နှုန်းကျနိုင်။ မျိုးစပါးများ<br>မမှန်ကန်၍လည်း အထွက်နှုန်းကျနိုင်။<br><br>မိုးစပါးများ ပြန်လည်စိုက်ပျိုးချိန်<br>နောက်ကျသဖြင့်၊ ရိတ်သိမ်းချိန်<br>နောက်ကျမည်။<br><br>ဆောင်းသီးနှံများ စိုက်ပျိုးရန် အဆင်မပြေ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်များ<br>လိုအပ်။ |
| ၈။ ပြင်လျားရှည်<br>(ပြင်လျားရှည်အုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>မွေးမြူရေးလုပ်ငန်း | လူဦးရေ-၁၆၀၃<br>အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | မိုးစပါးစိုက်ဧကပေါင်း<br>(၁၂၀၀)<br>ဧကရှိသည့်အနက်<br>အားလုံးပျက်စီး<br>လယ်ထွန်စက် (၇၀)<br>စက်ရှိသည့်အနက်<br>စက်များအနည်းငယ်<br>ပျက်စီး | အစိုးရကလယ်ဧက(၁၉၄၈)<br>ဧကအတွက် ၁ဧကကို<br>(၇၀၀၀) ကျပ်ရရှိ။ | မိုးရွာသွန်းမှု နည်းလျှင် မိုးစပါး<br>အထွက်နှုန်းကျနိုင်။<br><br>ရေငံများကျန်နေခဲ့သောကြောင့်<br>ဆောင်းသီးနှံ စိုက်ပျိုး၍ မရပါ။ | စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများ။<br>မိုးရွာသွန်းမှုနည်းပါးပါက ရေတင်ရန် ရေစုပ်စက်။<br><br>ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် အရင်းအနှီးစသည်ဖြင့်<br>ပံ့ပိုးကူညီမှုများ။ ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊နွား (သို့)<br>စက်ကိရိယာများ။ |
| ၉။ ပြင်လှ<br>(မြင်းကတ္တောအုပ်စု)<br><br>အဓိကလုပ်ငန်း<br>လယ်ယာလုပ်ငန်း<br><br>အခြား<br>ရေလုပ်ငန်း | လူဦးရေ-၂၉၃<br>အိမ်ခြေ-၅၅<br>အိမ်ထောင်စု-၆၇ | လယ်ဧက (၂၈၆)<br>ဧကရှိသည့်အနက်<br>အားလုံးနီးပါးပျက်စီး။ | အစိုးရက (၁) ဧကကို<br>(၁၀၀၀)ကျပ်<br>နှုန်းသာထောက်ပံ့ပေးသည်။<br><br>ဝမ်းစာ စပါးကို ပျိုးကြဲထားရှိ။ | မိုးရွာသွန်းမှု နောက်ကျနိုင်သဖြင့် စပါး<br>အထွက်နှုန်းကျနိုင်။ | မိုးရွာသွန်းမှုနောက်ကျသဖြင့်<br>ရေသွင်းစိုက်ပျိုးရန်လိုအပ်။<br><br>ရေတင်ရန်စက်တလုံးရှိသော်လည်း မလုံလောက်ပါ။<br><br>စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများလိုအပ်။ |

| | | | | | |
|---|---|---|---|---|---|
| **၁၀။ လက်ဝဲမြန်**<br>**(လက်ဝဲမြန်အုပ်စု)**<br><br>**အဓိကလုပ်ငန်း**<br>**လယ်ယာလုပ်ငန်း**<br><br>**အခြား**<br>**တောင်ယာ၊ ကိုင်း၊**<br>**ကျွန်း** | လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင်<br>အိမ်ထောင်စု - ၂၂၆ စု | လယ်ဧက (၉၀၀)<br>ကေရှိသည့်အနက် (၈၀၀)<br>ကျော်ပျက်စီး။<br><br>နွား အကောင်(၁၄၀) သေ၊ | အစိုးရက (၁) ဧကကို<br>(၁၅၀၀)ကျပ်<br>နှုန်းသာထောက်ပံ့ပေးသည်။<br><br>ဝမ်းစာ စပါးကို ပျိုးကြဲထားရှိ။ | မိုးရွာသွန်းမှု နောက်ကျနိုင်သဖြင့် စပါး<br>အထွက်နှုန်းကျနိုင်။<br><br>ဆောင်းသီနှံများ စိုက်ပျိုး<br>ရန်အခက်အခဲရှိနေ - ငရုပ်၊ မညှင်း၊ မရမ်း၊<br>မြေပဲ | မိုးရွာသွန်းမှုနောက်ကျသဖြင့်<br>ရေသွင်းစိုက်ပျိုးရန်လိုအပ်။<br><br>ရေတင်ရန်စက်တလုံးရှိသော်လည်း မလုံလောက်ပါ။<br><br>စိုက်ပျိုးထားသောမိုးစပါးများအောင်မြင်နိုင်ရန်<br>ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှုများလိုအပ်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ထိုကဲ့သို့ မိုးစပါးများထိခိုက်ပျက်စီးမှုများ ရှိခဲ့သော်လည်း ကေပေါင်းများစွာ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ ကြောင်းကို နောက်ဆက်တွဲ-ဇယား (၂) တွင် ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်)၏ ထုတ်ပြန်ချက်အရသိရှိရလေသည်။ အဆိုပါထုတ်ပြန်ချက်အရ ပုဏ္ဏားကျွန်း မြို့နယ်အတွင်း၌ မိုးစပါးကေစုစုပေါင်း (၁၀၀၉၄) ကေ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း တာတမံ မဆည်ဖို့နိုင်၍ ပြန်လည်မစိုက်ပျိုးနိုင်သည့် (၂၀၈)ကေမှအပ၊ စုစုပေါင်းပြန်လည်စိုက်ပျိုးနိုင်သောကေပေါင်းမှာ (၉၈၈၆) ကေ ရှိကြောင်းဖော်ပြထားသည် ကိုတွေ့ရှိရသည်။ ထိုသို့ ကေပေါင်းများစွာ ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်ဆိုသော်ငြားလည်း ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌လိုအပ်ချက်များစွာရှိနေသေးကြောင်းကိုကွင်းဆင်းလေ့လာတွေ့ရှိချက်များကဖော်ပြနေလေ သည်။

မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာခဲ့သောပုဏ္ဏားကျွန်းမြို့နယ်မှကျေးရွာ(၁၀)ကိုအခြေခံလက်ဆက်လက်လေ့လာရန်အတွက် ဇယားအမှတ် (၃.၈)ကိုရှုပါ။ အချက်အလက်များကောက်ယူထားသော ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ ကျေးရွာ(၁၀)ရွာမှာ ယိုးချောင်းလျှောက်မှ ကျေးရွာများပါဝင်သလို၊ ကျွဲလမ်းချောင်းအနီးတဝိုက်မှကျေးရွာများလည်းပါဝင်ပါသည်။ ဇယား အမှတ် ( ၃.၈) အရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုများ များစွာရှိခဲ့ရုံသာမက၊ နောက်ဆက်တွဲ အကျိုးသက်ရောက်မှု အနေဖြင့်လည်း ဆိုးဝါးမှုများ၊ များစွာ ဖြစ်ပေါ်နိုင်သော အခြေအနေ၌ ရှိနေကြောင်းကို မြင်တွေ့ရမည်ဖြစ်သည်။

ယခင်မြို့နယ်များသကဲ့သို့ပင် ဤမြို့နယ်ရှိ မိမိတို့လေ့သာခဲ့သော ကျေးရွာများတွင် မိုးစပါးစိုက်ကေပေါင်းထောင်နှင့်ချီ၍လည်းကောင်း ရာနှင့်ချီ၍လည်းကောင်း ပျက်စီးဆုံးရှုံးခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ တချို့ကျေးရွာများတွင် အထောက်အပံ့ရရှိသော မျိုးစပါးများဖြင့်သော်လည်းကောင်း၊ မိမိတို့ကိုယ်ထူကိုယ်ထစနစ်ဖြင့်ဝယ်ယူ၍သော်လည်းကောင်း၊ ဝမ်းစားစပါးများဖြင့်သော်လည်းကောင်းပြန်လည်စိုက်ပျိုးထားကြသည်များရှိသည်ကိုတွေ့ရလေသည်။

ထိုသို့စိုက်ပျိုးရာ၌လည်း စပါးပင်များ အပင်မပေါက်သဖြင့် တစ်ကြိမ်သာမက နှစ်ကြိမ်၊ သုံးကြိမ်အထိ အထိခက်ခဲစွာ စိုက်ပျိုးခဲ့ကြရကြောင်းသိရှိရသည်။ စိုက်ပျိုးထားရှိသော စပါးပင်များသည်လည်း စိုက်ပျိုးချိန်နောက်ကျခြင်း ကြောင့် မိုးရေချိန်မရရှိမည်ကို စိုးရိမ်ပူပန်နေကြရသကဲ့သို့၊ မျိုးစပါးအရောအနှောများကြောင့် အထွက်နှုန်းကျမည်ကိုလည်း စိုးရိမ်ကြရသည်။ ထို့အပြင် စပါးဖျက်ပိုးအန္တရာယ်ကိုလည်း အချို့ကျေးရွာများတွင် စိုးရိမ်နေကြရကြောင်းတွေ့ရှိရသည်။

တခြားသက်မွေးဝမ်းကျောင်းမှုများအနေဖြင့် တချို့ကျေးရွာများတွင် ငါးဖမ်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်ဖြစ်ရာ အဆိုပါငါးဖမ်းသမားများသည်လည်းသဘာဝဘေးဒဏ်ကြောင့် ငါးဖမ်းပိုက်များဆုံးရှုံးခြင်း၊ ငါးဖမ်းလောင်းလှေများဆုံးရှုံးခြင်း စသည့် အခက်အခဲများစွာတို့ကို ကြုံတွေ့နေကြရလေသည်။

အခန်း(၁)တွင်ဖော်ပြထားသည့် ပုဏ္ဏားကျွန်းမြို့နယ်၏ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများစာရင်းအရ ကျွဲနွားအကောင်ရေပေါင်း ၃၃၈ ကောင်သေဆုံးသည်ဟု ပါရှိသည်ကိုတွေ့ရှိရသည်။ ထို့အပြင်မိမိတို့လေ့လာခဲ့သော ကျေးရွာ(၁၀)ရွာရှိကျေးရွာများတွင် ကျွဲနွားတိရစ္ဆာန်များအတွက် စားနပ်ရိက္ခာနှင့်ပက်သက်ပြီး အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်းသိရှိခဲ့ရသည်။ ကျွဲနွားတိရစ္ဆာန်များအဖို့ စုဆောင်းသိမ်းထားသော ကောက်ရိုးပုံများမှ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားကြသည့်အတွက် စားနပ်ရိက္ခာအခက်အခဲကြုံတွေ့နေကြရခြင်း ဖြစ်လေသည်။ ယင်းကဲ့သို့ စားနပ်ရိက္ခာမ

လုံလောက်၍ ကျွဲနွားတိရစ္ဆာန်များမှာ အဟာရမပြည့်ဝ အားအင်ချိနဲ့လျက်ရှိနေသောကြောင့် လယ်သမားများအဖို့ထွန်ယက်စိုက်ပျိုးရန်များစွာအခက်အခဲကြုံကြရလေသည်။

ထို့အပြင် ယင်းဒေသရှိကျေးရွာများ၌ ဝမ်းစာအဖြစ်စုဆောင်းသိုမှီထားသော စပါးတင်းပေါင်းအမြောက်အမြားသည်လည်း ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်ဖြစ်ရာ စားနပ်ရိက္ခာအခက်အခဲများနှင့်လည်း ကြုံတွေ့နေကြရလေသည်။ အောက်ပါဇယားအမှတ် (၃.၉)ကို ရှုပါ။ ပုဏ္ဏားကျွန်းမြို့နယ် တစ်မြို့နယ်လုံးအနေဖြင့် စပါးတင်းပေါင်းမည်မျှ ဆုံးရှုံးခဲ့ကြကြောင်းကို ကားဉ်နေရာ၌လက်လှမ်းမမှီသောကြောင့် ဖော်ပြနိုင်ခြင်းမရှိပါ။

**ပုဏ္ဏားကျွန်း မြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာ၏ စားနပ်ရိက္ခာများအခြေအနေ ဇယား (၃.၉)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | စားနပ်ရိက္ခာထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများ |
|---|---|---|---|---|
| **၁။ ဘဲခိုး (ကြိမ်ချောင်းအုပ်စု)** | လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၁၀ | ဝမ်းစာစပါး တင်း (၅၀၀) ကျော်ပျက်စီး | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၂။ ကြိမ်ချောင်း (ကြိမ်ချောင်းအုပ်စု)** | လူဦးရေ - ၁၁၅၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၉၈ | ဝမ်းစာစပါး တင်း(၁၀၀၀၀) ကျော်ပျက်စီး | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၃။ မာန်အောင်သား (ကြိမ်ချောင်းအုပ်စု)** | လူဦးရေ - ၄၀၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၉၄ | ဝမ်းစာစပါး တင်း(၅၀၀၀) ကျော်ပျက်စီး | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၄။ ကောင်းမွန် (မှုပင်းတောအုပ်စု)** | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ဝမ်းစာစပါး ပျက်စီးမှုများရှိ။ | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၅။ ခွဆုံ (ခွဆုံအုပ်စု)** | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ဝမ်းစာစပါး ပျက်စီးမှုများရှိ။ | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။ | အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၆။ မြင်းကတ္တော (မြင်းကတ္တောအုပ်စု)** | လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | တရွာလုံး စပါးတောင်း (၆၀၀၀) တောင်း ပျက်စီး။ | ကိုယ်ထူကိုယ်ထ ရှာဖွေစားသောက်နေရ။ အစိုးရမှလည်း တချို့ ထောက်ပံ့ပေးခဲ့။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး ပိုပြီး အခက်အခဲ ဖြစ်လာနိုင်။ |

| | | | | |
|---|---|---|---|---|
| **၇။ ပေါက်တူးပေါက် (မင်းကန်တောအုပ်စု** | လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | စပါးကျီ အပျက်အစီး (၁၀၀၀) လောက်ရှိ။ ကျွဲ (၂) ကောင်သေ။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသော ပိုက်များလည်း ပျက်စီး။ | အလှူရှင်များပံ့ပိုးထားသော စားနပ်ရိက္ခာများအပေါ်၌မှီခိုနေရ။<br><br>စားဝတ် နေရေး အခက်အခဲ ရှိ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး ပိုပြီး အခက်အခဲ ဖြစ်လာနိုင်။ |
| **၈။ ပြင်လျားရှည် (ပြင်လျားရှည်အုပ်စု)** | လူဦးရေ-၁၆၀၃<br>အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | စပါးကျီများ အများဆုံးပျက်စီး | စပါးအထွက်နှုန်းနည်း။ ကယ်ဆယ်ရေးအဖွဲ့ များအားနည်း။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၉။ ပြင်လှ (မြင်းကတ္တော့အုပ်စု)** | လူဦးရေ-၂၉၃<br>အိမ်ခြေ-၅၅<br>အိမ်ထောင်စု-၆၇ | စပါးကျီ တင်း(၇၀၀) လောက်ပျက်စီး | လက်ရှိစားဝတ်နေရေးအတွက် အလှူရှင်ကိုသာ အားကိုးနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |
| **၁၀။ လက်ဝဲမြန် (လက်ဝဲမြန်အုပ်စု** | လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင်<br>အိမ်ထောင်စု - ၂၂၆ စု | စပါးကျီများ အများဆုံးပျက်စီးမှုများ ရှိ | လက်ရှိစားဝတ်နေရေးအတွက် အလှူရှင်ကိုသာ အားကိုးနေရ။ | ယခုစိုက်ပျိုးထားသော မိုးစပါးမှာ နောက်ထပ် (၃)လခန့်ကြာမှ ရိတ်သိမ်းနိုင်မည်ဖြစ်ရာစားနပ်ရိက္ခာနှင့်ပက်သက်ပြီး အလှူရှင် ပံ့ပိုးမှုများလျော့နည်းလာလျှင် စားနပ်ရိက္ခာနှင့် ပက်သက်ပြီးအခက်အခဲများရှိလာနိုင်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

ထို့ကြောင့် အထက်ပါ ဇယား(၃.၉)ရှိ ကျေးရွာ၏ စားနပ်ရိက္ခာအခြေအနေကို လေ့လာကြည့်ပါကအရေးပေါ်ကာလ အတွင်း အလှူရှင်များပံ့ပိုးကူညီခဲ့သော စားနပ်ရိက္ခာလှူဒါန်းမှုများအပေါ်တွင်များစွာ မှီခိုနေကြရကြောင်းတွေ့ရှိရသည်။ ၎င်းတို့ စိုက်ပျိုးထားသော မိုးစပါးများ မသီးမှည့်သေးမီကာလ အထိ အနည်းဆုံးအားဖြင့်(၃)ဖြစ်စေ (၄)လဖြစ်စေ စားနပ်ရိက္ခာ ထောက်ပံ့မှုများကိုကား လိုအပ်နေအုံးမည်ဖြစ်လေသည်။

ထို့အပြင်အခန်း(၁)တွင်ဖော်ပြထားသည့်ဒေသန္တရအခြေအနေများစာရင်းအရပုဏ္ဏားကျွန်းတစ်မြို့နယ်လုံးတွင် နိုင်ငံပိုင်စက်ယန္တယားများအနေဖြင့် လက်ထွန်စက်ကြီး(၆)စီး၊ လက်တွန်းထွန် စက် (၂၄) စီး၊ ရိတ်သိမ်းချွေလှေ့စက် (၅) စီး၊ နှင့် ရေစုပ်စက် (၂၀) လုံးနှင့် ပုဂ္ဂလိကပိုင် စက်ယန္တယားများအနေဖြင့် လက်တွန်းလယ်ထွန်စက် (၂၃၂) စီး၊ နှင့် ရေစုပ်စက် (၆)လုံးတို့ သာရှိကြကြောင်းသိရှိရသည်။ မိမိတို့လေ့လာခဲ့သော ကျေးရွာတော်တော်များများတွင် လယ်ထွန်စက်များပါပျက်စီးဆုံးရှုံးမှုရှိခဲ့ကြကြောင်းသိရှိရသည်ဖြစ်ရာ လယ်သမားများထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက်ကျွဲနွားတိရစ္ဆာန်များ၊ ၎င်းတို့အတွက် အစာရေစာများနှင့် စက်ကိရိယာများအပြင်၊ စက်ကိရိယာပြုပြင်ရေးများကိုလည်း ထောက်ပံ့ကူညီသင့်ကြောင်း တွေ့ရှိရလေသည်။

ဤဒေသရှိကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးဌာနမှ မျိုးစပါးပေးခဲ့သည် မဟုတ်ဘဲ မျိုးစပါးဝယ်ယူရန်အတွက် ပံပိုးငွေ ပေးအပ်မှုများရှိခဲ့သည်ဟု ရပ်မိရပ်ဖများပြောစကားအရသိရှိရသည်။ ထိုသို့ ပံပိုးငွေပေးအပ်ရာတွင် ပျက်စီးသွားသော တစ်ဧကလျှင်(၇၀၀၀)ကျပ်ကျသတ်မှတ်ထားသည်ဆိုသော်ငြားလည်းအပြည့်အဝမရရှိခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် ပျက်စီးသွားသောဧကများထက်လျော့၍ပံပိုးငွေရရှိကြခြင်းကြောင့်ဖြစ်သည်ဟု ရပ်မိရပ်ဖများ၏ ပြောစကားအရသိရှိရသည်။ ထို့ကြောင့် ရရှိသော ပံပိုးငွေများကို လယ်သမားများမျှဝေယူကြရရာ တချို့ရွာများတွင် လယ်သမားများသည် တစ်ဧကလျှင် (၁၀၀၀) ကျပ်မျှသာ လည်းကောင်း၊ (၁၅၀၀) ကျပ်မျှသာလည်းကောင်း၊ (၁၄၀၀)ကျပ်မျှသော်လည်းကောင်း ရရှိခဲ့ကြကြောင်းသိရှိရလေသည်။

လက်ရှိစိုက်ပျိုးထားသော မိုးစပါးများအောင်မြင်ရန်မှာ အလွန်တရာမှအရေးပါသော ကိစ္စရပ်ဖြစ်ရာ၊ ထိုသို့မိုးစပါးအောင်မြင် စေရန်အတွက် အဓိကအားဖြင့် လယ်မြေများကို ရေသွင်းစိုက်ပျိုးရန်ရေစုပ်စက်များလိုအပ်သကဲ့သို့ ပိုးသတ်ဆေး၊မြေသြဇာ များ စသည်ဖြင့် ပံပိုးကူညီမှုများလိုအပ်မည်ဖြစ်သည်။

အခုစိုက်ပျိုးထားသော မိုးစပါးများ ရင့်မှည့်လာပါကလည်း အချိန်မီရိတ်သိမ်းနိုင်ရန်မှာ တောင်သူလယ်သမားများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြန်သည်။ ယခင်နှစ်များ၏ အတွေ့အကြုံအရ (ကျေးရွာများတွင် လူငယ်လူရွယ်များသည် တခြားသောနိုင်ငံများသို့အလုပ်လုပ်ရန်သွားရောက်ကြခြင်းကြောင့်) စပါးများကိုရိတ်သိမ်းရန် အတွက် အလုပ်သမားအင် အားရှားပါးလျက်ရှိနေရာ၊အဆိုပါလစ်ဟာနေသောနေရာတွင်စက်ကိရိယာများ(စပါးခြွေလှည့်စက်များစသည့်)ကို အစားထိုး နိုင်ပါမှလယ်ယာစီးပွားရေးလုပ်ငန်းများသည် ကောင်းမွန်စွာလည်ပတ်နိုင်ပေမည်။

## ၃.၆ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်ချက်များ

ရခိုင်ပြည်နယ်မှ ထွက်ရှိသော ဆန်စပါးမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်မှထွက်ရှိသော ဆန်စပါးနှင့် ယှဉ်လိုက်ပါက ရခိုင်မှ ထွက်ရှိသောဆန်စပါးမှာ(စပါးအမျိုးအစားတူသော်ငြားလည်း) ဈေးကောင်းမရရှိဟုသိရှိရသည်။ ထိုသို့ ဈေးကောင်း မရရှိ သည်မှာ ရခိုင်ဒေသရှိ ဆန်စက်များသည် စပါးများကိုကြိတ်ခွဲရာ၌ အရည်အသွေးပြည့်မီသော ဆန်စပါးဖြစ်ပေါ်စေရန် မစွမ်းဆောင်နိုင်သောကြောင့်ဟုသိရှိရသည်။ တနည်းအားဖြင့် အရည်အသွေးညံ့ဖျင်းသော ဆန်စက်များကိုသာသုံးစွဲလျက် ရှိနေရသေးသောကြောင့်ဖြစ်သည်ဟုသိရှိရသည်။ ထို့ကြောင့် အရည်အသွေးပြည့်မီသော ဆန်စက်များကို သုံးစွဲနိုင်ရေး သည်လည်း ဤဒေသ၏ လယ်ယာစီးပွားရေးအခန်းကဏ္ဍကိုမြှင့်တင်နိုင်ရေးအတွက် များစွာအရေးပါလေသည်။

ထို့ကြောင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်သောနေရာများတွင် သီးနှံများစိုက်ပျိုးနိုင်ရန်အတွက်မျိုးစေ့များ၊ အရင်းအနှီးချေးငွေပံပိုး မှုများ၊ ထွန်ယက်စိုက်ပျိုးရန် ကျွဲနွား(သို့) စက်ကိရိယာပံပိုးမှုများအထူးလိုအပ်မည်ဖြစ်မည်။ ထို့အတူနုန်းတင်မြေနုများဖုံး လွှမ်းသွားခြင်း စသည့် လယ်ယာမြေများတွင် မြေဆီလွှာအပြောင်းအလဲအခြေအနေများကြောင့်၊ ယင်းတို့ကိုထိရောက်စွာ ကိုင်တွယ်နိုင်ရန်အလို့ငှာ စိုက်ပျိုးရေးပညာပေး အစီအစဉ် များ လည်းလိုအပ်မည်ဖြစ်ပေသည်။

ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်သူများအတွက် ငါးဖမ်းပိုက်များ၊ ငါးဖမ်းလှေများ စသည်ဖြင့် ကူညီထောက်ပံ့မှုများပြုလုပ်ပေးရန် လည်းလိုအပ်မည်ဖြစ်သည်။

ထို့အပြင် ဒေသခံလယ်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ ရခိုင်ပြည်နယ်၌ မိုးစပါးတစ်ခုတည်းကိုသာ အားထားရသောကြောင့်လယ်(၁)ဧကမှ တစ်နှစ်လုံးတွင် အမြတ်ငွေပျမ်းမျှ(၁)သိန်းဝန်းကျင်ခန့်သာ ရရှိနိုင်ကြောင်းသိရ၏။ ဤသို့အမြတ်ငွေနည်းပါးလှသည့်အပြင်သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါကလည်းဆုံးရှုံးနစ်နာမှုများသည်လည်း များပြားလှသည်ဖြစ်သောကြောင့် လယ်လုပ်ငန်းတစ်ခုတည်းကိုသာ ဇောက်ချမလုပ်သင့်ဘဲ တခြားသော သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြောင်းလဲလုပ်ဆောင်သင့်ကြောင်း သိရှိရလေသည်။ ၎င်းတို့၏ ပြောကြားချက်အရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုး၍ အဆင်မပြေသော ရေချိုရေငံစပ်ရှိဒေသများတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၌ကဲ့သို့ ငါးတန်မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်သင့်ကြောင်း အကြံပြုကြသည်။ ထို့အပြင်ထိုသို့ငါးတန်မွေးမြူရေးအတွက် ငါးကန်ကြီးတူးဖော်မွေးမြူကြပြီး ယင်းကန်ဘောင်များပေါ်၌လည်း ဝက်၊မွေးမြူရေး၊ကြက်မွေးမြူရေးစသည့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကိုလည်းလုပ်ဆောင်ရန် သင့်လျော်ကြောင်းအကြံပြုကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ရွာသူရွာသားများအတွက် ဝင်ငွေတိုးကာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုနိုင်ကြောင်း ထောက်ပြပြောဆိုကြလေသည်။ ထို့ကြောင့် ထိုသို့တခြားသော သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပြောင်းလဲလုပ်ဆောင်နိုင်ရန်အတွက်လည်း နှစ်ရှည်ချေးငွေများ လိုအပ်မည်ဖြစ်လေသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိလာမည့် ထုတ်ကုန်များအားဖြန့်ဖြူးရန် ဈေးကွက်သည်လည်း အဓိကအရေးပါသည်ဖြစ်ရာ၊မစိုက်ပျိုးမီကာလကပင် ကြိုတင်၍ ဈေးကွက်များနှင့် ချိတ်ဆက်ထားသင့်ကြောင်းဒေသတွင်းစီးပွားရေးသမားများက ယူဆကြသည်။ ဥပမာ အားဖြင့် ပဲစိုက်ပျိုးမည်ဆိုပါက ပဲကုန်သည်ကြီးများအသင်း စသည်တို့နှင့် ချိတ်ဆက်ပြီး၊ မည်သည့်ပဲအမျိုးအစားကို စိုက်ပျိုးပါက မည်မျှအမြတ်အစွန်းရနိုင်ကာ၊ ဈေးကွက်နှင့် အကိုက်ညီဆုံးဖြစ်မည် စသည်ဖြင့် တိုင်ပင်ဆွေးနွေးညှိနှိုင်း၍ သဘောတူညီချက်များ ဦးစွာချမှတ်ပြီးမှ စိုက်ပျိုးမည်ဆိုပါမှ အကျိုးအမြတ်ရှိနိုင်မည်ဟု ယူဆကြသည်။ သို့မဟုတ်ပါက စိုက်ပျိုးအောင်မြင်သည့်တိုင်အောင် ဈေးကွက်အခက်အခဲကြောင့် အကျိုးအမြတ်ရရှိမှုမှာ မသေချာမရေရာမှုများရှိကြောင်းဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ပြောကြားချက်အရသိရှိရလေသည်။

ထို့ကြောင့်ကောက်ပဲသီးနှံများစိုက်ပျိုးရာတွင်ဈေးကွက်နှင့်ချိတ်ဆက်နိုင်ရန်ပံ့ပိုးကူညီမှုများလိုအပ်မည်ဖြစ်လေသည်။

၎င်းအပြင်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ပက်သက်ပြီး အတွေ့အကြုံများပြားသော ဌာနဆိုင်ရာမှ ဝါရင့် အရာရှိ ပုဂ္ဂိုလ်တို့၏ အမြင်အရ ဤဒေသ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် အဓိကအားဖြင့် (၁)ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရန် (၂) အရည်အသွေးထိန်းသိမ်းရန် နှင့် (၃) ကုန်စည်ဒိုင်တို့ပေါ်ပေါက်လာစေရန်စသည်ဖြင့်အပိုင်းသုံးပိုင်း လိုအပ်ကြောင်း ထောက်ပြပြောဆိုကြသည်ကို တွေ့ရှိရလေသည်။

ထိုသို့ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရန်မှာ လယ်ယာထွက်ကုန်ပစ္စည်းများကို အများအပြားထုတ်လုပ်နိုင် ခြင်းဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး၊ ယင်းသို့လုပ်ဆောင်နိုင်ရန်အတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်မျိုးစေ့ဘဏ်တစ်ခုကိုတည်ထောင်ရမည်မှာလည်း အလွန်ပင် အရေးပါလှသည်ဟုထောက်ပြကြလေသည်။ ယင်းသို့ မျိုးစေ့ဘဏ်များပေါ်ပေါက်လာခြင်းသည် လယ်ယာထွက်ကုန်ပစ္စည်းများ၏ အထွက်နှုန်းကို တိုးတက်နိုင်ရုံသာမက၊ အဆိုပါ ကုန်ပစ္စည်းများ၏ အရည်အသွေးကို ထိန်းသိမ်းရာလည်းရောက်သည်ဟု သိရှိရသည်။

ထို့အပြင် ယခုလက်ရှိအခြေအနေတွင် ဓါတ်မြေဩဇာသုံးစွဲနေကြသည့်ပုံစံမှာလည်း စနစ်မကျသေးကြောင်း၊ စနစ်တကျရန်မှာ ရှေးဦးစွာ သိပ္ပံနည်းကျဖြင့် ( Soil Test) မြေဆီလွှာစမ်းသပ်ခြင်းပြုလုပ်ရန် လိုအပ်ကြောင်း၊ ယင်းသို့ စမ်းသပ်ပြီးမှသာ

မိမိတို့ မြေအမျိုးအစားနှင့်ကိုက်ညီသော ဓါတ်မြေသြဇာအမျိုးအစားကိုသာ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျသုံးစွဲသင့်ကြောင်းအကြံပြုကြလေသည်။ ၎င်းအပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျွဲနွားတိရစ္ဆာန်များအစား အရည်အသွေးပြည့်မီသော စက်ယန္တရားတို့ဖြင့် အစားထိုးသင့်ကြောင်းလည်း ပြောဆိုဆွေးနွေးကြလေသည်။

ယင်းသို့မျိုးစေ့ဘဏ်များတည်ထောင်ခြင်း၊ ဓါတ်မြေသြဇာများ၊ ပိုးသတ်ဆေးများစသည်တို့ကို စနစ်တကျသုံးစွဲခြင်း၊ အရည်အသွေးပြည့်မီ သော စက်ယန္တရားများသုံးစွဲခြင်း စသည်တို့ကြောင့် လယ်ယာထွက်ကုန်ပစ္စည်းများ ကိုဒေသအတွင်းတွင် စရိတ်သက်သာစွာဖြင့် အရည်အသွေးမီစွာထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ထိုသို့ ထုတ်လုပ်နိုင်ပြီ ဖြစ်သော ကုန်ပစ္စည်းများကို ရောင်းချရန် အတွက် ကုန်စည်ဒိုင်များကိုလည်း ဒေသတွင်းနေရာအနှံအပြား၌ မဖြစ်မနေ တည်ထောင်သင့်သည်ဟုလည်း အကြံပြုကြသည်ကို တွေ့ရှိရလေ သည်။

ထို့အပြင် ပုဇွန်သားငါး စသည့်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်လည်း သိပ္ပံနည်းကျ စမ်းသပ်မွေးမြူနိုင်ရန် အလို့ငှာ ဓါတ်ခွဲခန်းများတည်ထောင်သင့်ကြောင်းလည်း အကြံပြု ပြောကြားသည်ကို တွေ့ရသည်။

ဒေသတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဆိုစေကာမူ Research & Development ကိုလည်း အလေးထားသင့်ကြောင်း ထောက်ပြပြောဆိုကြသည်ကိုလည်း တွေ့ရသည်။ မိမိတို့လုပ်ငန်းများမှ ရရှိသော အကျိုးအမြတ်မှ ရာခိုင်နှုန်းအချို့ကို research လုပ်ငန်း၌ မြှုပ်နှံထားနိုင်မှသာ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းကိုလည်း အကြံပြုကြ လေသည်။

နောက်ဆုံးအနေဖြင့် ဤဒေသရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ကိုက်ညီသော ပညာရပ်များကိုလည်း သင်တန်းကျောင်းများ၊ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များစသည်တို့၌ ဖွင့်လှစ်ပို့ချပေးသင့်ကြောင်းနှင့် အမှန်တကယ်တတ်မြောက်စေရန် အတွက်လည်း၊ သင်ထောက်ကူပစ္စည်းများစုံစုံလင်လင်ဖြင့် လည်းကောင်း၊ ကျွမ်းကျင်သောပညာရှင်များ၏ ကူညီမှုဖြင့်လည်းကောင်း ပံ့ပိုးသင့်ကြောင်း စသည်ဖြင့် အကြံပြုကြလေသည်။

# အခန်း(၄)

## ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မြို့နယ် (၄) မြို့နယ်ရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်အခြေအနေ၊ နေအိမ်အဆောက်အအုံနှင့် လမ်းပမ်းဆက်သွယ်ရေးကဏ္ဍအခြေအနေများ နှင့် ပံပိုးကူညီရန်လိုအပ်ချက်များ

ဤအခန်းတွင်မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ ကျန်းမာရေးအခြေအနေ၊ သောက်သုံးရေအခြေအနေ၊ နေအိမ်အဆောက်အအုံများ နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများကို အသေးစိတ်တင်ပြသွားမည်ဖြစ်သလို၊ လိုအပ်ချက်များကို မည်သို့မည်ပုံ ထောက်ပံ့ကူညီသင့်ကြောင်းကိုလည်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို အခြေခံလျက် မြို့နယ်တစ်ခုချင်းစီ အလိုက် ဆွေးနွေးသုံး သပ်တင်ပြသွားမည်ဖြစ်ပါသည်။

မြို့နယ်(၄)မြို့နယ်အနက် ပထမဦးစွာကျောက်တော်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာအဆောက်အဦးများ၏ ပျက်စီးမှုအခြေအနေများကို အထွေထွေအုပ်ချုပ်ရေးဌာနမှရရှိသောစရင်းဇယားများဖြင့် ကိုးကားတင်ပြပါမည်။

### ၄.၁ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၊ ကျန်းမာရေး အခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေ၊ရေတွင်းရေကန်၊နေအိမ်အဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ များနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ

#### ၄.၁.၁ ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ကျန်းမာရေး အခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကိုထိခိုက်ခံစားခဲ့သော ကျောက်တော်မြို့နယ်အတွင်းရှိ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၏ အခြေအနေများကို အောက်ပါ ဇယားအမှတ် ( ၄.၁) တွင်လေ့လာကြည့်ရှုနိုင်ပါသည်။

**ကျောက်တော်မြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍပျက်စီးမှုစာရင်း ဇယား (၄.၁)**

| စဉ် | မြို့နယ် | ပျက်စီးသည့်အခြေအနေ | ခန့်မှန်းတန်ဖိုး (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျောက်တော် | အပေါက်ဝ တိုက်နယ်ဆေးရုံ အမိုးသွပ်ပြား (၁၅) ချပ်ပျက်စီး | ၀.၉ | |
| ၂ | | လမ္ဘူတော် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အုတ်တံတိုင်း ခြံစည်းရိုး | ၃.၀ | |

| | | | | |
|---|---|---|---|---|
| | | ပျက်စီးခြင်းနှင့် အိမ်သာပျက်စီး | | |
| ၃ | | သရက်တပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အုတ်တံတိုင်းခြံစည်းရိုး ပျက်စီးခြင်း | ၂.၀ | |
| | စုစုပေါင်း | | ၅.၉ | |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဌာန

အထက်ပါ ဇယားအမှတ် (၄.၁) အရ ကျောက်တော်မြို့နယ်အတွင်း၌ ကျေးရွာ (၃) ရွာရှိ တိုက်နယ်ဆေးရုံ (၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂) ခုတို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ၊ စုစုပေါင်းတန်ဖိုးအားဖြင့် ၅.၉ သန်းရှိခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် ကျောက်တော်မြို့နယ်အတွင်း လူသေဆုံးမှုစာရင်းနှင့်ပက်သက်ပြီး အခန်း(၂)ရှိ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ၌ ဖော်ပြချက် အရ (၁) ဦးသာရှိခဲ့ကြောင်းတွေ့ရှိရသည်။

ထိုသို့ လူသေဆုံးမှုအရေအတွက်အားဖြင့် နည်းပါးခဲ့သော်လည်း ကျန်းမာရေးအခြေအနေနှင့် ပက်သက်ပြီးဆက်လက်၍ လေ့လာမှုများပြုလုပ်ကာပံ့ပိုးကူညီမှုများပြုလုပ်ရန်လိုအပ်မည်ဖြစ်ကြောင်းအောက်ဖော်ပြပါအချက်အလက်များကိုကြည့်ရှုလေ့ လာခြင်းဖြင့် သိရှိနိုင်သည်။

ထို့နောက် ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာ၏ ကျန်းမာရေးကဏ္ဍတွင် မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်း လေ့လာတွေ့ရှိချက်များကို ဆက်လက်ဖော်ပြပါမည်။ ကျန်းမာရေးဆိုင်ရာ အဆောက်အဦးများနှင့်ပက်သက်၍ကား မိမိတို့ လေ့ လာခဲ့သောကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌မှု (ပေါက်လေမြောက်ကျေးရွာ တစ်ခုမှ အပ) ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန စသည့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများမရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ အပျက်အစီးအခြေအနေနှင့်ပက်သက်ပြီး မည်သည့်တင်ပြချက်ကိုမျှမပြုလုပ်နိုင်ပေ။ အဆိုပါပေါက်လေမြောက်ကျေးရွာ ဆေးပေးခန်းမှာသဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးမှုမတွေ့ရှိရပေ။ ထို့ကြောင့် အဆိုပါဒေသများရှိ ကျန်းမာရေးအခြေအနေ များနှင့်သက်ပက်ပြီးမိမိတို့ လေ့လာတွေ့ရှိထားသမျှကိုသာတင်ပြပါမည်။ အဆိုပါကျေးရွာများရှိ အိမ်သာသုံးစွဲမှု အခြေအနေသည်လည်းကျန်းမာရေးအခြေအနေနှင့်ဆက်စပ်မှုရှိမည်ဖြစ်သောကြောင့်ယှဉ်တွဲဖော်ပြထားပါသည်။ အောက်ပါ ဇယားအမှတ် (၄.၂) တွင်ရှုပါ။

**ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၁)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေအနေများ ဇယား (၄.၂)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | ဆေးပေးခန်း/ ကျန်းမာရေးဌာန အခြေအနေ | သဘာဝဘေးအန္တရာယ်ကျရောက်ပြီး၊ ကျန်းမာရေးနှင့်ပတ်သက်သော ကူညီထောက်ပံ့မှုများရရှိမှုအခြေအနေ | သဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ဆက်တွဲ အခြေအနေ | အိမ်သာသုံးစွဲမှုအခြေအနေ |
|---|---|---|---|---|---|
| ၁။ အောင်ဇေယျ (အောင်ဇေယျ အုပ်စု) | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၅၀ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>ပတ်ဝန်းကျင်ကျေးရွာများရှိ ဆေးပေးခန်းများကို အားထားရသည်။ | ပတ်ဝန်းကျင်ကျေးရွာရှိ သူနာပြုဆရာမ (၁) ဦး ရံဖန်ရံခါ လာရောက်မှုရှိ။ | ဖျားနာ၊ချောင်းဆိုးအအေးမိစသည့်ရောဂါများဖြစ်ပွား။<br>(မှတ်ချက်။ ။ လူများစွာ သေဆုံးသည်အထိ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးထိခိုက်မှုမရှိ။) | ရပ်ရွာအတွင်း၌ အိမ်သာကို စနစ်တကျသုံးစွဲလေ့မရှိ။ |
| ၂။ ကြောင်ဖို (ဘရာဝါအုပ်စု) | လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ<br><br>သူနာပြုဆရာမ (၁) ဦးရှိ | လူမှုကူညီရေးအဖွဲ့အစည်းများမှ ဆေးဝါးလှူဒါန်းမှုအချို့ရှိ။ | ဖျားနာ၊နာစေး၊ချောင်းဆိုး၊ ဝမ်းလျှောရောဂါဖြစ်ပွား။<br>(မှတ်ချက်။ ။ လူများစွာ သေဆုံးသည်အထိ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးထိခိုက်မှုမရှိ။) | တစ်ရွာလုံး၌ အိမ်သာစုစုပေါင်း (၁၅) လုံးရှိ |
| ၃။ သံပြင် (ခွဆုံအုပ်စု) | လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု - ၁၃၄ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ<br><br>ခွဆုံကျေးရွာရှိ ဆေးပေးခန်းကို အားထားရသည်။ | လူမှုကူညီရေးအဖွဲ့အစည်းများမှ ဆေးဝါးလှူဒါန်းမှုအချို့ရှိ။ | ဖျားနာ၊နာစေး၊ချောင်းဆိုးရောဂါများ ဖြစ်ပွား။<br><br>(မှတ်ချက်။ ။ လူများစွာ သေဆုံးသည်အထိ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးထိခိုက်မှုမရှိ။) | ရပ်ရွာအတွင်း၌ အိမ်သာကို စနစ်တကျသုံးစွဲလေ့မရှိ။ |
| ၄။ ကျောက်ဖြူ (ကျောက်ဖြူ အုပ်စု) | လူဦးရေ - ၈၅၀ ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု - ၁၅၀ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>(၂)မိုင်ခန့်ဝေးသော ရွာသစ်ကျေးရွာရှိ ဆေးခန်းကို အားကိုးရသည်။ | | ကျန်းမာရေးအခြေအနေကောင်း။ | ရပ်ရွာအတွင်း၌ အိမ်သာကို စနစ်တကျသုံးစွဲလေ့မရှိ။ |
| ၅။ ပေါက်လေမြောက် (နဂူမယ်အုပ်စု) | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ဆေးပေးခန်း (၁) ခုရှိ။<br>ကျန်းမာရေးမှူးတစ်ဦးရှိ။ | ဆရာဝန်အဖွဲ့အစည်းများမှ ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။ | ဖျားနာ၊ အအေးမိ၊ငှက်ဖျားစသည့်ရောဂါများဖြစ်ပွား။<br>(မှတ်ချက်။ ။ လူများစွာ သေဆုံးသည်အထိ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးထိခိုက်မှုမရှိ။အဖွဲ့အစည်းများမှကျန်းမာရေးဗဟုသုတနှင့်ပတ်သက်ပြီးသင်တန်းပေးထားမှုများရှိခဲ့သောကြောင့်ကျန်းမာရေးအခြေအနေဆိုးဝါးခြင်းမရှိခဲ့ ခြင်းဖြစ်သည်။) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |

| | | | | | |
|---|---|---|---|---|---|
| **၆။ ပေါက်လေတောင် (နဂူမြေအုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>ပတ်ဝန်းကျင်ကျေးရွာများရှိ ဆေးပေးခန်းများကို အားထားရသည်။ | | ကလေးငယ်များ သွေးလွန်တုပ်ကွေးအဖြစ်များ။<br>ဖျားနာသူ အရေအတွက် သိသိသာသာများလာ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br>(စာသင်ကျောင်း၌ အိမ်သာ (၄)လုံးရှိ။<br>သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိ။) |
| **၇။ရောင်ဖုံတောင် (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု - ၂၀၄ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ<br>သားဖွားဆရာမ (၂) ဦးရှိ | ဆရာဝန် အဖွဲ့နှစ်ဖွဲ့ရောက်ရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့။ | ဌက်ဖျားရောဂါများဖြစ်ပွား။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၈။ လမုတပင် (လမုတပင် အုပ်စု)** | လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု - ၂၈၈ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>ပတ်ဝန်းကျင်ကျေးရွာများရှိ ဆေးပေးခန်းများကို အားထားရသည်။ | လူမှုကူညီရေးအဖွဲ့အစည်းများမှ ဆေးဝါးလှူဒါန်းမှုအချို့ရှိ။ | ဝမ်းလျှောရောဂါဖြစ်ပွား။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၉။ ကြောင်စွယ်ဖြူ (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၇၇၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု - ၁၈၀ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ<br>ကျန်းမာရေးသင်တန်းဆင်း ကျန်းမာရေးလုပ်သား (၁) ဦးရှိ | ကျန်းမာရေးဌာနမှ ရေကိုစနစ်တကျကြိုချက်သောက်ရန် အသိပညာပေးခဲ့။ | ဖျား၊ချောင်းဆိုးအအေးမိစသည့်ရောဂါများဖြစ်ပွား။ | ရပ်ရွာလူထု၏ ထက်ဝက်ခန့်သာ အိမ်သာသုံးစွဲမှုရှိ။ |
| **၁၀။ ရောင်ဖုံမြောက် (ကြောင်စွယ်ဖြူအုပ်စု)** | လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု - ၁၁၆ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>ရောင်ဖုံတောင်ကျေးရွာရှိ သူနာပြုဆရာမများကို အားထားရသည်။ | | ဝမ်းပျက်၊ဝမ်းလျှောရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ တုတ်ကွေးရောဂါများဖြစ်ပွား။ (အထူးသဖြင့် ကလေးနှင့် လူငယ်) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၁၁။ အလှမဒီ (ကြောင်စွယ်ဖြူအုပ်စု)** | လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂<br>အိမ်ထောင်စု - ၁၃၄ | ဆေးပေးခန်း/ ကျန်းမာရေးဌာန မရှိ။<br>ပတ်ဝန်းကျင်ကျေးရွာများရှိ ဆေးပေးခန်းများကို အားထားရသည်။ | | ဝမ်းပျက်၊ဝမ်းလျှောရောဂါ၊ အရေပြားနှင့် သက်ဆိုင်သောရောဂါများဖြစ်ပွား။ (လူကြီးရော၊ လူငယ်ပါ။) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ အိမ်ခြေ (၁၀)ခန့်တွင်သာ အိမ်သာသုံးစွဲမှု ရှိ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ်(၄.၂)အရ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ပိုင်းကျောက်တော်မြို့နယ် အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးအခြေအနေများကို လေ့လာကြည့်ပါကဖျားနာခြင်း၊ အအေးမိနာစေးချောင်းဆိုးရောဂါများ ဖြစ်ပွားခြင်း၊ ဌက်ဖျားရောဂါများဖြစ်ပွားခြင်း၊ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားခြင်း၊ နှင့် အရေပြားနှင့်သက်ဆိုင်သော ရောဂါများဖြစ်ပွားခြင်း စသည့်တို့ကို တွေ့ရှိရသည်။

တချို့ကျေးရွာများသို့နယ်လှည့်ဆရာဝန်အဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ၏ဆေးဝါးထောက်ပံ့မှုများစသည်ဖြင့်ပံ့ပိုးကူညီမှု များရှိခဲ့သော်လည်း၊ တချို့ကျေးရွာများတွင်ကား ကျန်းမာရေးဆိုင်ရာအထောက်အပံ့များနှင့် ဝေးကွာလျက်ပင်ရှိသည်ကို တွေ့ရှိရသည်။

ကျောက်တော်မြို့နယ်အတွင်း မိမိတို့လေ့လာခဲ့သော ကျေးရွာပေါင်း (၁၁)ရွာအနက် ပေါက်လေမြောက် (၁)ရွာတည်းသာ ဆေးပေးခန်းရှိပြီး ကျန်သောကျေးရွာများတွင်ကား ဆေးပေးခန်းမရှိချေ။ အခန်း(၁)တွင် ဖော်ပြထားသောကျောက်တော်မြို့နယ်၏ ဒေသန္တရအချက်အလက်များအရ ကျောက်တော်မြို့နယ်တစ်ခုလုံး၌ ကျေးရွာအုပ်စုပေါင်း(၇၉)အုပ်စု ရှိကာ၊ ကျေးရွာပေါင်း (၂၈၃) ရွာရှိကြောင်းရှိသည့်အနက် ကျန်းမာရေးကဏ္ဍ၌ ကုတင် (၅၀) ဆံ့ဆေးရုံ (၁) ခု၊ ကုတင် (၁၆) ဆံ့ဆေးရုံ (၂)ခု၊ ကျေးလက် ကျန်းမာရေးဌာန (၆)ခု၊ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) – (၂၅) ခု၊ တိုင်းရင်းဆေးရုံ(၁)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန(၁)ခု၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန(၁)ခု၊ ဌက်ဖျားရေးတိုက်ဖျက်ရေးဌာန(၁)ခုသာ ရှိကြောင်းသိရှိရသည်။ ထို့နောက် ကျေးရွာအများစုမှာ မိမိတို့ရပ်ရွာအတွင်း၌ ဆေးပေးခန်းများဖြစ်ပေါ်လာရေးကိုလိုလားမှု များစွာရှိကြကြောင်းတွေ့ရှိရသည်။

ဆေးပေးခန်းမရှိသော ကျေးရွာများအဖို့ ယခုလက်ရှိအချိန်တွင်ကား မိမိတို့ရပ်ရွာအနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဆေးပေး ခန်းများနှင့်ကျောက်တော်မြို့ပေါ်ရှိဆေးရုံ၊ဆေးပေးခန်းများကိုသာ အားထားကြရသည်။ တချို့ကျေးရွာများတွင် သူနာပြု ဆရာမများ ရှိကြသော်လည်း ဆေးခန်း စသည့်ကျန်းမာရေးအဆောက်အအုံတို့ကားမရှိချေ။

ထို့ကြောင့် ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးကဏ္ဍ၌ ပံ့ပိုးမည်ဆိုပါက ပျက်စီးသွားသော ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံရမည်ဖြစ်ရုံသာမက၊ ကျန်းမာရေးဆေးပေးခန်းများမရှိ သေးသော နေရာများ၌လည်း ဆေးပေးခန်းများဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီမှုများလိုအပ်မည်ဖြစ်သည်။ ၎င်းအပြင် ကျန်းမာရေးနှင့် ပက်သက်ပြီး ကျေးရွာအချင်းချင်းအမှီသဟဲပြုကြရသည်ဖြစ်ရာ၊ ကျန်းမာရေးကဏ္ဍကိုမြှင့်တင်လိုပါက လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်းမြှင့်တင်ရန်လိုအပ်မည်ဖြစ်သည်။ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသောရွာ အချင်းချင်းဆက်သွယ်ထားသည့် လမ်းတံတားများကိုပြုပြင်ရန်လိုအပ်မည်ဖြစ်ပြီး၊ ရွာချင်းဆက်လမ်းများပေါ်ပေါက်ရေးကို အားသွန်ခွန်စိုက်ပြုလုပ်ရန်လိုအပ်ကြောင်း ဒေသခံရပ်မိရပ်ဖများ၏ ပြောစကားအရသိရှိရလေသည်။

ထို့အပြင် ဇယားအမှတ် (၄.၂)၌ပင် ကျေးရွာ (၁၁)ရွာအတွင်း အိမ်သာသုံးစွဲမှုအခြေအနေများကို ဖော်ပြထားသည်ဖြစ်ရာ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်မည်ဆိုပါက အဆိုပါ အိမ်သာသုံးစွဲမှုအခြေအနေများကိုလည်း တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း အကြံပြုရမည်ပင်ဖြစ်သည်။ မိမိတို့လေ့လာခဲ့သော ကျေးရွာများတွင် အိမ်ခြေအရေအတွက်အားဖြင့်ရာနှင့်ချီ၍သော်လည်း ကောင်းထောင်နှင့်ချီ၍သော်လည်းကောင်းရှိမည်ဖြစ်သော်လည်း အိမ်သာအရေအတွက်မှာမူလက်ချိုးရေတွက်၍ ရလောက် အောင်အလွန်နည်းပါးသည်ကိုတွေ့ရှိခဲ့ရသည်။ဘုန်းကြီးကျောင်းများနှင့်စာသင်ကျောင်းများမှ အပ နေအိမ်တော်တော်များ၌

အိမ်သာသုံးစွဲသည်ကို မမြင်တွေ့ခဲ့ရချေ။ အဆိုပါ ရှိစုမဲ့စုအိမ်သာများသည်လည်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိနေ ပြန်ရာ ပံ့ပိုးကူညီမှုများ များစွာလိုအပ်မည်ဖြစ်သည်။

ကျေးရွာအများအပြားရှိ ရပ်မိရပ်ဖများစွာတို့သည် မိမိတို့ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှုအခန်းကဏ္ဍကိုမြင့်တင်လို သော်လည်း ငွေကြေးအခက်အခဲနှင့် ကျန်းမာရေးအသိပညာပေးရန်လိုအပ်ချက်များကြောင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကြရန်အတွက် တိုက်တွန်းနိုးဆော်ခြင်းဌာ မတတ်နိုင်ဘဲရှိနေကြရလေသည်။

## ၄.၁.၂ ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ၏ ရေတွင်းရေကန်များ၏ အခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ

ဆက်လက်၍ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ၏ရေတွင်းရေကန်အခြေအနများနှင့်ပက်သက်ပြီးဆက်လက်လေ့လာကြပါအုံးစို့။ နောက်ဆက်တွဲ-ဇယား(၇)၌ ဖော်ပြထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ထုတ်ပြန်ချက်အရ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာပေါင်း ( ၂၁၄ )ရွာ၌ ရေကန်ပေါင်း (၂၇၁) ကန်တို့သည် ရေနစ်မြုပ်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်ဟု သိရှိရလေသည်။

ယင်းတို့အနက် နောက်ဆက်တွဲဇယား(၈)တွင်ဖော်ပြထားချက်အရ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော ရေကန်အရေအတွက် မှာ (၂၀၁)ကန်ရှိခဲ့ပြီး၊ ကျေးလက်ဦးစီးဌာနနှင့် (တပ်မတော်)ပူးပေါင်းဆောင်ရွက်သည့် ရေကန်မှာ (၄၄) ကန်အထိရှိခဲ့ပြီး၊ INGO တို့မှ ဆောင်ရွက်သည့် ရေကန်အရေအတွက်မှာ (၁၇)ကန်ရှိကြောင်းသိရှိရသည်။

ထို့နောက်မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာတွေ့ရှိထားသော ကျေးရွာ(၁၁)၏ ရေတွင်းရေကန်နှင့် ပက်သက်သော အခြေအနေများကို အောက်ပါ ဇယား (၄.၃)တွင် ကြည့်ရှုလေ့လာနိုင်လေသည်။

**ကျောက်တော်မြို့နယ်အတွင်း ကျေးရွာ (၁၁)ရွာရှိ ရေတွင်းရေကန်အခြေအနေများ ဇယား (၄.၃)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | သဘာဝဘေးဒဏ်ကြောင့် ရေတွင်း/ရေကန်ထိခိုက်မှု အခြေအနေ | ယခုလက်ရှိအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| **၁။ အောင်ဇေယျ (အောင်ဇေယျအုပ်စု)** | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၅၀ | ကန် (၃) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ အကူအညီဖြင့် ရေကန် (၁) ကန်ကို သန့်ရှင်းရေးလုပ်ထားသည်။<br><br>ရေသန့်ဆေးပြားများပေးအပ်လှူဒါန်းပံ့ပိုးမှုများရှိ။<br>အချို့သာသောက်သုံးကြပြီး၊ အများစုမှာအနံ့အသက်ကြောင့် မသောက်သုံးလိုကြ။<br>မိုးရေကိုသာအဓိကအားထားကြ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>ရေကိုခွဲတမ်းဖြင့် ချွေတာသုံးရန်။<br>အဝိစီရေတွင်းတူးနိုင်လျှင် ရေပြဿနာကိုဖြေရှင်းနိုင်မည်ဟု ရပ်မိရပ်ဖများမှ ယူဆကြသည်။<br><br>(အဝိစီရေတွင်းတူးရန်အကူအညီလိုအပ်) |
| **၂။ ကြောင်ဖို (ဘာရာဝါအုပ်စု)** | လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | ကန် (၂) ကန်ရှိ သည့်အနက်အားလုံ ချောင်းရေ/နွံများဖြင့် နစ်မြုပ် | ကျေးလက်မှ အကူအညီဖြင့် ရေကန် (၁) ကန်ကို သန့်ရှင်းရေးလုပ်ထားသည်။<br>မိုးရေကို အဓိကအားထား သောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>လာမည့်ဆောင်းရာသီတွင် ချောင်းရေကြည်လင်ချိန်၌ ချောင်းရေကို ကန်ထဲသို့ |

| | | | | |
|---|---|---|---|---|
| | | | | ဖြည့်ရန်ရပ်မိရပ်ဖများစိတ်ကူးထားကြသည်။<br>( ရေစုပ်စက်အကူအညီလိုအပ်) |
| **၃။ သံပြင်**<br>**(ခွဆုံအုပ်စု)** | လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု -<br>၁၃၄ | ကန် (၃)<br>ကန်ရှိသည့်အနက် (၂)<br>ကန် ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်။<br>(ကျန် ၁ ကန်မှာ<br>ကျွဲနွားများကြောင့်<br>ညစ်ညမ်း) | ကျေးလက်မှ အကူအညီဖြင့်<br>ရေကန် (၁) ကန်ကို<br>သန့်ရှင်းရေးလုပ်ထားသည်။<br>ကျန်းမာရေးဌာနမှ<br>ရေကန်အားဆေးဖြန်းပေးထား။<br>မိုးရေကို အဓိကအားထား<br>သောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br><br>သန့်ရှင်းရေးလုပ်ထား ရေကန်အား<br>အနယ်ထိုင်စောင့်ကာ သုံးစွဲရန် ရပ်မိရပ်ဖများ<br>စိတ်ကူးထားကြသည်။<br><br>(ရေသန့်စက်များအကူအညီလိုအပ်။) |
| **၄။ ကျောက်ဖြူ**<br>**(ကျောက်ဖြူ အုပ်စု)** | လူဦးရေ - ၈၅၀<br>ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု -၁၅၀ | ကန် (၃)<br>ကန်ရှိသည့်အနက်<br>အားလုံ<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်။ | ရေကန် (၁)ကန်၌<br>ငါးများသေဆုံးလျက်ရှိ။ | သောက်သုံးရေအခက်အခဲရှိနိုင်။<br>သောက်သုံးရေအခက်အခဲနှင့်ပက်သက်ပြီး တခုခု<br>ကြိုတင်လုပ်ဆောင်ရန်လိုအပ်သည်ဟု<br>ရပ်မိရပ်ဖများ စိတ်ကူးကြသည်။ |
| **၅။ ပေါက်လေမြောက်**<br>**(နဂူမယ်အုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု -<br>၁၈၂ | ကန် (၅) ကန်<br>ရှိသည့်အနက် (၄) ကန်<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်။ | ရပ်ရွာလူထုအကူအညီဖြင့်၊<br>မိမိတို့ဘာသာ<br>ကိုယ်ထူကိုယ်ထပြုပြင်ထားရှိ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>အဝီစီရေတွင်းတူးနိုင်လျှင်<br>ရေပြဿနာကိုဖြေရှင်းနိုင်မည်ဟု<br>ရပ်မိရပ်ဖများစိတ်ကူးထားကြသည်။<br>(အဝီစီရေတွင်းတူးရန်အကူအညီလိုအပ်။ ပေ ၂၀၀<br>အထိတူးနိုင်မှ ရေထွက်မည်။) |
| **၆။ ပေါက်လေတောင်**<br>**(နဂူမြေအုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု -<br>၁၈၂ | ကန် (၃) ကန်<br>ရှိသည့်အနက် (၂) ကန်<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်ပျက်စီး။ | စစ်တပ်မှ<br>ရေကန်များပြုပြင်ရေးအတွက်<br>လာရောက်ကူညီပံပိုးမှုများရှိ။<br>သို့သော် တဝက်တပျက်သာ<br>ပြီးသေး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| **၇။ရောင်ဖုံတောင်**<br>**(ကြောင်စွယ်ဖြူ**<br>**အုပ်စု)** | လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု -<br>၂၀၄ | ကန် (၂) ကန်<br>ရှိသည့်အနက် (၁) ကန်<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်ပျက်စီး။<br>(ကျန် (၁) ကန်မှာလည်း<br>ကျွဲနွားများကြောင့်<br>ညစ်ညမ်း။) | စစ်တပ်မှ ရေကန် (၁)<br>ကန်ပြုပြင်ရေးအတွက်<br>လာရောက်ကူညီပံပိုးမှုများရှိ။<br><br>ရေကန်များကို ကျန်းမာရေးဌာနမှ<br>ပိုးသတ်ဆေးလာရောက်ဖြန်းပေးခဲ<br>.။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>လာမည့်ဆောင်းရာသီတွင်<br>ချောင်းရေကြည်လင်ချိန်၌ ချောင်းရေကို ကန်ထဲသို့<br>ဖြည့်ရန်။<br>( ရေစုပ်စက်အကူအညီလိုအပ်) |
| **၈။ လမုတပင်**<br>**(လမုတပင် အုပ်စု)** | လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု -<br>၂၈၈ | ကန် (၃) ကန်<br>ရှိသည့်အနက် အားလုံး<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်ပျက်စီး။ | ကန် (၃)<br>ကန်ကိုပြန်လည်ပြုပြင်ထားပြီးဖြစ်။<br><br>ယခုလက်ရှိ ရေအခက်အခဲမရှိ။ | လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br>လာမည့်ဆောင်းရာသီတွင်<br>ချောင်းရေကြည်လင်ချိန်၌ ချောင်းရေကို ကန်ထဲသို့<br>ဖြည့်ရန်။<br><br>( ရေစုပ်စက်အကူအညီလိုအပ်) |
| **၉။ ကြောင်စွယ်ဖြူ**<br>**(ကြောင်စွယ်ဖြူ**<br>**အုပ်စု)** | လူဦးရေ -၇၃၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု -<br>၁၈၀ | ကန် (၄) ကန်<br>ရှိသည့်အနက် အားလုံး<br>ချောင်းရေ/နွံများဖြင့်<br>နစ်မြုပ်ပျက်စီး။ | ကျေးလက်မှ အကူအညီဖြင့်<br>ရေကန် (၁) ကန်ကို<br>သန့်ရှင်းရေးလုပ်ထားသည်။<br><br>စစ်တပ်မှ ရေကန် (၁)<br>ကန်ပြုပြင်ရေးအတွက်<br>လာရောက်ကူညီပံပိုးမှုများရှိ။ | လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>လာမည့်နွေရာသီတွင် ကျန်ရှိသည့် ရေကန်များကို<br>ပြန်လည်တူးဖော်ပြုပြင်သွားရန်<br>ရပ်မိရပ်ဖများစိတ်ကူးထားရှိကြသည်။ |

| | | | | |
|---|---|---|---|---|
| | | | ရေကိုကြို့ချက်သောက်သုံးနေရ။<br>ရေအလှူများပေါ်၌ မှီခိုနေရ။ | |
| **၁၀။ ရောင်ဖုံမြောက် (ကြောင်စွယ်ဖြူအုပ်စု )** | လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု -၁၁၆ | ကန် (၄) ကန်ရှိသည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့် နှစ်မြုပ်ပျက်စီး။ | စည်ပင်မှ အကူအညီဖြင့် ရေကန် (၁) ကန်ကို သန့်ရှင်းရေးလုပ် ပြုပြင်ထားရှိ။ ယင်းကန်မှ ရေကိုလက်ရှိ သုံးစွဲလျက်ရှိနေ။<br><br>မိုးရေကို အဓိကအားထား သောက်သုံး။ လှူဒါန်းထားသော ရေများကို သောက်သုံးနေကြ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br><br>ရေပြဿနာကိုဖြေရှင်းရန် သန့်စက်များအကူအညီလိုအပ်သည်ဟု ရပ်မိရပ်ဖများ၏ပြောကြားချက်များအရ သိရှိရသည်။ |
| **၁၁။ အလှမဒီ (ကြောင်စွယ်ဖြူအုပ်စု )** | လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂<br>အိမ်ထောင်စု -၁၃၄ | ကန် (၃) ကန်ရှိသည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့် နှစ်မြုပ်ပျက်စီး။ | ကန် (၃) ကန်ကိုပြန်လည်ပြုပြင်ထားပြီးဖြစ်။ သို့သော်သုံးစွဲရန် အဆင်မပြေသေး။<br><br>မိုးရေကို အဓိကအားထား သောက်သုံး။ တခြားရပ်ရွာမှ ရေများကို သွားရောက် ခပ်ယူသောက်သုံးနေကြ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br><br>လာမည့်ဆောင်းရာသီတွင် ချောင်းရေကြည်လင်ချိန်၌ ချောင်းရေကို ကန်ထဲသို့ ဖြည့်ရန် ရပ်မိရပ်ဖများက ရည်ရွယ်ထားရှိကြသည်။<br><br>( ရေစုပ်စက်အကူအညီလိုအပ်) |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ် (၄.၃)ကိုလေ့လာကြည့်ပါက ကျေးရွာတော်တော်များများရှိ ရေတွင်းရေကန်အားလုံးနီးပါးမှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်သည်။ ပျက်စီးဆုံးရှုံးရသည့်ပုံစံများမှာ သဘာဝဘေးဒဏ်ကြောင့် ရေတွင်း၊ရေကန်များအတွင်းသို့ ရွှံ့နွံများ၊ချောင်းရေ၊မြစ်ရေစသည်တို့ ဝင်ရောက်သွားကြခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါကလည်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း ကျွဲနွားတိရစ္ဆာန်များသည် ကုန်းမြေမြင့်ရာဆီသို့မှီခိုလိုသဖြင့် အဆိုပါ ရေတွင်းရေကန်များ၏ ကန်ဘောင်များပေါ်၌ အစုလိုက်အပြုံလိုက် စတည်းချကြသည်ဖြစ်ရာ၊ ယင်းကျွဲနွားတိရစ္ဆာန်များ၏ မစင်အညစ်အကြေးများကြောင့်လည်း ရေတွင်းရေကန်တို့သည် ညစ်ညမ်းခြင်းအဖြစ်သို့ရောက်ရသည်ရှိ၏။

ယခုလက်ရှိအချိန်တွင်ကားထိုသို့ပျက်စီးသွားသော ရေတွင်းရေကန်များအား ရပ်ရွာလူထု၏အားဖြင့် ကိုယ်ထူကိုယ်ထသော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းအချို့နှင့် ပရဟိတအလှူရှင်များ၏ဝိုင်းဝန်းပံ့ပိုးမှုများဖြင့်သော်လည်းကောင်း ပြန်လည်ပြုပြင်မှုများပြုလုပ်ထားကြသည်ကိုတွေ့ရလေသည်။ ညစ်ညမ်းနေသော ရေများကို ရေစုတ်စက်များဖြင့် စုတ်ထုတ်ထားကြသကဲ့သို့၊ ရွှံ့နွံများကိုလည်းတူးဆွဖယ်ရှားမှုများပြုလုပ်ထားကြသည်ကိုတွေ့ရှိရသည်။ သို့သော် အဆိုပါ အသစ်ပြန်လည်ပြုပြင်ထားသည့်ရေတွင်းရေကန်များ၌သန့်ရှင်းသောရေများပြန်လည်ဖြည့်တင်းရေးကိစ္စမှာလည်းအခက်အခဲတစ်ခုဖြစ်နေပါသေးသည်။အထူးသဖြင့်မိုးများများရွာရန်သာအားထားနေကြရသည်ဖြစ်ရာ အကယ်၍ မိုးရွာသွန်းမှုနည်းပါးပါက မိုးရာသီကုန်လျှင် သောက်သုံးရေနှင့် ပက်သက်ပြီးအခက်အခဲများစွာဖြစ်ပေါ်လာနိုင်ပေသည်။

(မှတ်ချက် ။ ။ ယခင်နှစ်ကလည်းနွေရာသီ၌ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာတော်တော်များများ၌ရေရှားပါး ခဲ့ကြောင်းရပ်မိရပ်ဖများ၏ပြောစကားအရသိရှိရရာ၊ယခုနှစ်တွင်းကားရှိရင်းစွဲရေတွင်းရေကန်များသည်ယခုအချိန်ကပင် သုံးစွဲရန်အခက်အခဲဖြစ်နေသည်ဖြစ်ရာ နွေရာသီ၌ ရေရှားပါးမည့်အခြေအနေမှာ ဖြစ်နိုင်ခြေများနေပြီဖြစ်သည်။)

ကျေးရွာအများစု၌လတ်တလောအနေဖြင့်အရေးပေါ်ကယ်ဆယ်ရေးအလှူရှင်များမှလှူဒါန်းထားသောရေသန့်များဖြင့်သော် လည်းကောင်း၊တာလပတ်များဖြင့်မိုးရေများကိုခံယူသောက်သုံး၍သော်လည်းကောင်း၊ရေအခက်အခဲနှင့်ပက်သက်ပြီးယာယီ ဖြေရှင်းထားရှိမှုများရှိကြသည်ကိုတွေ့ရှိရသည်။ တချို့ကျေးရွာများတွင်ကား ရေမြုပ်ပျက်စီးသွားသည့်ရေကန်များအနက်မှ တချို့ရေကန်များကိုလည်းမပြုပြင်ဘဲသည်အတိုင်းထားကာ ယင်းရေကိုပင် သောက်သုံးရန်စိတ်ကူးကြ၏။ ယင်းကြောင့် တချို့ကျေးရွာများတွင် ရေမြုပ်ပျက်စီးသွားသည့် ရေကန်အားလုံးကို မပြုပြင်လိုဘဲ၊ တချို့တဝက်ကိုသာ ပြုပြင်ကြ၏။ ထို့ကြောင့် အဆိုပါရေတွင်းရေကန်များမှ ရေများကိုသုံးစွဲရန်အတွက်ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိမှာ မေးခွန်းထုတ်စရာ ဖြစ်နေသလို၊ ကူညီပံ့ပိုးမှုများမဖြစ်မနေလုပ်ဆောင်သင့်သည့် လိုအပ်ချက်တခုလည်းဖြစ်ပေသည်။

ဤကျောက်တော်မြို့နယ်အတွင်းရှိ အချို့ကျေးရွာများရှိ ရပ်မိရပ်ဖများသည်မိုးရေအလုံအလောက်မရရှိပါက ဂစ္ဆပနဒီ(ခေါ်) ကုလားတန်မြစ်ရေကြည်လင်သည့် ဆောင်းရာသီအတွင်း၌၄င်းမြစ်ရေကိုပင် ရေစုပ်စက်များဖြင့် ရေကန်အတွင်းသို့သွင်းယူ ရန်စိတ်ကူးထားကြသည်များလည်းရှိ၏။ တချို့ကရေသန့်စက်များကိုအလိုရှိကြသည်။ (ရေသန့်ဆေးပြားများကိုကားအနည်း စုကသာ သောက်သုံးကြ၍၊ အများစုမှာ အနံ့အသက်ကြောင့် မသောက်သုံးလိုကြဟု ကြားသိရလေသည်။)

ထို့ကြောင့် ကျောက်တော်မြို့နယ်အတွင်းရေတွင်းရေကန်များနှင့်ပက်သက်ပြီး ထောက်ပံ့ကူညီမှုများပြုလုပ်မည်ဆိုပါက ညစ်ညမ်းသွားသည့်ရေကန်အချို့ကို ပြန်လည်ပြုပြင်တူးဖော်များပြုလုပ်ရုံသာမက၊ ကျန်ရစ်ခဲ့သည့် ရေတွင်းရေကန်များ အားသုံးစွဲရန်သင့်မသင့်ကျန်းမာရေးဆိုင်ရာ စစ်ဆေးချက်များပြုလုပ်ခြင်း၊ လာမည့်နွေရာသီ၌ ရေမရှားပါးစေရန်အတွက် ရေစုပ်စက်များပံ့ပိုးခြင်း၊ အဝီစိရေတွင်းတူးဖော်နိုင်သောနေရာများ၌ အဝီစိရေတွင်းတူးဖော်ပေးခြင်း စသည်တို့ပြုလုပ်ပေး ရန်လိုအပ်မည်ဖြစ်သကဲ့သို့ ရေသန့်စက်များပံ့ပိုးကူညီနိုင်ပါကလည်း များစွာအထောက်အကူဖြစ်မည်ဖြစ်သည်။

### ၄.၁.၃ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန် လိုအပ်ချက်များ

ဆက်လက်၍ကျောက်တော်မြို့နယ်အတွင်းရှိနေအိမ်အဆောက်အအုံများနှင့်လမ်းတံတားအခြေအနေများနှင့် ပက်သက်ပြီး လေ့လာကြပါစို့။အခန်း(၁)ရှိ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ၌ ဖော်ပြထားသကဲ့သို့ ကျောက်တော်မြို့နယ်အတွင်း နေအိမ်ပေါင်း (၁၀၂၈)အိမ်တို့ ပျက်စီးမှုများရှိခဲ့ပြီး၊ ယင်းတို့အနက် (၄၀၄) အိမ်မှာ အမိုးအကာများပျက်စီးခြင်းဖြစ်ကြပြီး၊ (၆၂၄)အိမ်တို့မှာ တစ်ခုလုံးပျက်စီးခဲ့ကြောင်း ဖော်ပြထားရှိလေသည်။ ထို့အပြင်လမ်းတံတားအနေဖြင့် ကတ္တရာလမ်း(မိုင်) ပေါင်း(၅၆.၂)မိုင်၊ကျောက်/မြေသားလမ်း(မိုင်)ပေါင်း(၄.၈)မိုင်၊(၂၀)ပေအောက်တံတား(၁)စင်းနှင့် ပေ (၄၀)အောက်တံတား (၁) စင်းတို့ဖြစ်ကြောင်းတွေ့ရှိရလေသည်။

မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခဲ့ကြသော ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာ၏ နေအိမ်အ ဆောက်အအုံများနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို အောက်ပါဇယားအမှတ်(၄.၄)တွင် ဆက်လက်လေ့လာ ကြပါအုံးစို့။

ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာ(၁၁)ရွာ၏နေအိမ်အဆောက်အအုံများနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ဇယား(၄.၄)

| ရပ်ရွာအမည် | လူဦးရေ / အိမ်ခြေ | သဘာဝဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးထိခိုက်မှုအခြေအနေ ( ရွာတွင်းရှိလမ်း၊တံတားများအခြေအနေ/ အခြားဒေသများနှင့်ဆက်သွယ်ထားသောလမ်း၊တံတားများ အခြေအနေ) | အဆောက်အဦး ပျက်စီးမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ အောင်ဇေယျ (အောင်ဇေယျ အုပ်စု) | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၅၀ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း။<br><br>မိမိတို့ရွာအနီးမှဖြတ်သွားသည့် ကျောက်တော်မြို့သို့ဆက်သွယ်ထားသော ရထားလမ်း ဆိုးဆိုးဝါးဝါးပျက်စီး။<br><br>ဆိပ်ကမ်း ပျက်စီး။ | တစ်ဝက်တစ်ပျက် ပျက်စီး - နေအိမ် (၃၁) ဆောင်<br>လုံးဝပျက်စီး - နေအိမ် (၈)ဆောင်<br><br>ဘုန်းကြီးကျောင်း၌ ဆွမ်းစားဆောင်များပျက်စီး | ရထားလမ်းမရှိသောကြောင့် ကျောက်တော်မြို့သို့သွားရောက်ရန် စရိတ်စက အကုန်အကျများ။<br>ဆိပ်ကမ်းပျက်စီးနေမှုကြောင့် ရေကြောင်းကူးသန်းသွားလာရေး အဆင်မပြေ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၂။ ကြောင်ဖို (ဘရာဝါအုပ်စု) | လူဦးရေ - ၇၆၀<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၆၀ | ရွာတွင်းရှိလမ်းများ ရွှံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ (၈) ပေအရှည် တံတားငယ် ပျက်စီး။<br>ကျော်တော်မြို့သို့ဆက်သွယ်ထားသော လမ်းများပျက်စီး။ | အိမ်အမိုးလန် - နေအိမ် (၁၃) ဆောင်<br>လုံးဝပျက်စီး - နေအိမ် (၁၀) ဆောင်<br>ဘုန်းကြီးကျောင်း၌ ခေါင်မိုးလန်<br>တံတိုင်းများကျိုးပျက် | လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၃။ သံပြင် (ခွဆုံအုပ်စု) | လူဦးရေ - ၆၇၂<br>အိမ်ခြေ - ၁၂၄<br>အိမ်ထောင်စု - ၁၃၄ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း<br><br>ခွဆုံရွာနှင့် သံပြင်ရွာအကြားရှိ တံတားတစ်ခုပျက်စီးသဖြင့် သွားလာရခက်ခဲနေ။ | တစ်ဝက်တစ်ပျက် ပျက်စီး - နေအိမ် (၂၆) ဆောင်<br>လုံး၀ ပျက်စီး - နေအိမ် (၃) ဆောင်<br>ဇရပ်တစ်ဆောင်ပျက်စီး | တံတားပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |

| | | | | |
|---|---|---|---|---|
| **၄။ ကျောက်ဖြူ (ကျောက်ဖြူ အုပ်စု)** | လူဦးရေ - ၈၅၀ ကျော်<br>အိမ်ခြေ - ၁၃၇<br>အိမ်ထောင်စု - ၁၅၀ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း။<br><br>ရွာအတွင်းရှိ ချောင်း ရွှံ့နွံများနှင့် ပိတ်ဆို့ တိမ်ကောနေ။ | အနည်းငယ်ပျက်စီး - နေအိမ် (၄၀) ကျော်<br>လုံးဝပျက်စီး - (၄) ဆောင် | ရွာအတွင်းရှိ ချောင်း ရွှံ့နွံများနှင့် ပိတ်ဆို့ နေ၍ ရေစီးရေလာမကောင်း၊ စိုက်ပျိုးရေးအတွက် လယ်ကွင်းများသို့ ရေသွယ် ရန်အခက်အခဲရှိ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| **၅။ ပေါက်လေမြောက် (နဂူမယ်အုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ (၇) ပေ မြောင်းကူးတံတား (၃) ခုပျက်စီး။<br><br>ရွာအတွင်းရှိ ချောင်း ရွှံ့နွံများနှင့် ပိတ်ဆို့နေ၍ ရေစီးရေလာမကောင်း။ | အနည်းငယ်ပျက်စီး - နေအိမ် (၁၈)<br>လုံးဝပျက်စီး - (၇) ဆောင် | လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။ (ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွာဆက်လမ်းများ ပြုလုပ်ပေးရန် အရေးတကြီး လိုအပ်။)<br><br>နေအိမ်ပျက်စီးမှုအပေါ် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်နေထိုင်။ |
| **၆။ ပေါက်လေတောင် (နဂူမြေအုပ်စု)** | လူဦးရေ - ၇၅၂<br>အိမ်ခြေ - ၁၅၆<br>အိမ်ထောင်စု - ၁၈၂ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း။<br><br>ရွာတွင်းရှိ (၁၀) ပေ မြောင်းကူးတံတား (၁) ခုပျက်စီး။ | အနည်းငယ်ပျက်စီး - နေအိမ် (၄၀) ကျော်<br>လုံးဝပျက်စီး - (၂၁) ဆောင်<br><br>ဘုန်းကြီးကျောင်း သိမ်၊<br>ခြံစည်းရိုးအုတ်နံရံပျက်စီး | လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| **၇။ရောင်ဖုံတောင် (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ - ၁၀၇၄<br>အိမ်ခြေ - ၁၈၂<br>အိမ်ထောင်စု - ၂၀၄ | ရွာတွင်းရှိ လမ်းများရွှံ့နွံများဖုံးလွှမ်း။ | တစ်ဝက်တစ်ပျက် ပျက်စီး - နေအိမ် (၁၇) ဆောင်<br>လုံးဝပျက်စီး - (၄) ဆောင် | နေအိမ်ပျက်စီးမှုအပေါ် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်နေထိုင်။ |
| **၈။ လမုတပင် (လမုတပင် အုပ်စု)** | လူဦးရေ -၁၃၁၅<br>အိမ်ခြေ -၂၇၄<br>အိမ်ထောင်စု - ၂၈၈ | ရွာတွင်းရှိလမ်းများ ရွှံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ (၃၀၀) ပေအရှည် တံတားလုံးဝပျက်စီး။ (၅၀) ပေအရှည် တံတား အနည်းငယ်ပျက်စီး။<br><br>ရွာအတွင်းရှိ ချောင်း ရွှံ့နွံများနှင့် ပိတ်ဆို့နေ၍ ရေစီးရေလာမကောင်း။ | | ရွာအတွင်းရှိ ချောင်း ရွှံ့နွံများနှင့် ပိတ်ဆို့ နေ၍ ရေစီးရေလာမကောင်း၊ စိုက်ပျိုးရေးအတွက် လယ်ကွင်းများသို့ ရေသွယ် ရန်အခက်အခဲရှိ။<br>လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။ |

| | | | | |
|---|---|---|---|---|
| **၉။ ကြောင်စွယ်ဖြူ (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၇၃၀<br>အိမ်ခြေ -၁၁၁<br>အိမ်ထောင်စု - ၁၈၀ | ရွာတွင်းရှိလမ်းများ ရွံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ (၂၀) ပေအရှည် တံတား အနည်းငယ်ပျက်စီး။ | တစ်ဝက်တစ်ပျက် ပျက်စီး - နေအိမ် (၂၀) ဆောင်<br>လုံးဝပျက်စီး - (၂) ဆောင် | လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| **၁၀။ ရောင်ဖုံမြောက် (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၆၂၈<br>အိမ်ခြေ -၉၈<br>အိမ်ထောင်စု - ၁၁၆ | ရွာတွင်းရှိလမ်းများ ရွံ့နွံများဖုံးလွှမ်း။<br><br>ဆိပ်ကမ်းပျက်စီး။<br>ရေမြောင်းများပြုပြင်ရန်လိုအပ်။ | လုံးဝပျက်စီး - (၈) ဆောင်<br>တစ်ဝက်တစ်ပျက် ပျက်စီး မှုများလည်းရှိ။<br>ဘုန်းကြီးကျောင်း<br>သခ်ႋုန်းအနည်းငယ်ပျက်စီး။ | လမ်းများပျက်စီးမှုကြောင့် ၊ ဆိပ်ကမ်းပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>နေအိမ်ပျက်စီးမှုကြောင့် ယာယီတဲထိုး၍ သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| **၁၁။ အလုမဒီ (ကြောင်စွယ်ဖြူ အုပ်စု)** | လူဦးရေ -၈၀၅<br>အိမ်ခြေ -၁၃၂<br>အိမ်ထောင်စု - ၁၃၄ | ရွာတွင်းရှိလမ်းများ ရွံ့နွံများဖုံးလွှမ်း။ | | ရွံ့နွံများဖုံးလွှမ်းမှုကြောင့် သွားလာရခက်ခဲ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ် (၄.၄)ကိုထောက်ရှုခြင်းအားဖြင့် အဆိုပါကျေးရွာ (၁၁)ရွာ၌ နေအိမ်ပျက်စီးမှုအခြေအနေများမှာ လုံးဝပျက်စီးနေအိမ်အရေအတွက်အားဖြင့် အနည်းဆုံး(၂)အိမ်မှ အများဆုံး (၂၁)အိမ်အထိပျက်စီးကြသည်ကိုတွေ့ရသည်။ တဝက်တပျက်ပျက်စီးနေအိမ်များမှာ အရေအတွက်အားဖြင့် အနည်းဆုံး(၁၃)အိမ်မှ အများဆုံးအိမ်ပေါင်း(၄၀)ကျော် အထိ ပျက်စီးကြသည်ကိုတွေ့ရသည်။

အများသူငါနားနေရာ ဇရပ်အချို့ပျက်စီးမှုများနှင့်အတူ သာသနိကအဆောက်အအုံ ပျက်စီးမှုများအနေဖြင့် ဘုန်းကြီးကျောင်းသခ်္ချိုင်းများ၊ ဆွမ်းစားဆောင်များ၊ ဘုန်းကြီးကျောင်းခေါင်မိုးနှင့် အတူ ဘုန်းကြီးကျောင်းအုတ်နံရံပြိုပျက်မှုများကို လည်းတွေ့ရှိရသည်။

မိမိတို့လေ့လာခဲ့စဉ်ကာလအတွင်းတွင်ကား အဆိုပါကျေးရွာများ၌ နေအိမ်အဆောက်အအုံပျက်စီးမှုများနှင့် ပက်သက်ပြီး ကူညီထောက်ပံ့မှုများကိုထင်ထင်ရှားရှားမမြင်တွေ့ခဲ့ရချေ။သဘာဝဘေးဒဏ်ကြောင့် နေအိမ်ပျက်စီးခဲ့ရသည့်ရွာသူရွာသား များမှာကိုယ်ထူကိုယ်ထစနစ်ဖြင့်ယာယီတဲထိုး၍သော်လည်းကောင်း၊ပြုပြင်ဖာထေး၍သော်လည်းကောင်း၊ဆွေမျိုးများ၏အိမ်များ၌အမှီသဟဲပြု၍သော်လည်းကောင်း မိမိတို့၏နေထိုင်ရေးကိစ္စရပ်များကို မိမိတို့ဘာသာဖြေရှင်းနေကြရသည်ကိုတွေ့ရ လေသည်။ ထို့ကြောင့် နေထိုင်ရေးကိစ္စရပ်အတွက် ထောက်ပံ့ကူညီမှုများ များစွာပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။

ကျေးရွာများတွင် ရေဘေးကျရောက်စဉ်ကာလ၌ ဘုန်းကြီးကျောင်းစသည့် သာသနိကအဆောက်အအုံများအား ခိုကိုးကြသည်ဖြစ်ရာ၊ ဒေသခံအဖွဲ့အစည်းများမှပုဂ္ဂိုလ်အချို့၏အမြင်အရ ဤကျေးရွာများရှိသာသနိကအဆောက်အအုံများကို ခိုင်ခံအောင်ပြုပြင်ခြင်းဖြင့် ကျေးရွာလူထုအဖို့ သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုံလုံခြုံခြုံခိုကိုးနိုင်မည်ဟု ယူဆကြလေသည်။ တနည်းအားဖြင့် ကျေးရွာများရှိသာသနိကအဆောက်အအုံများကိုတည်ဆောက်ရာတွင်ဘာသာရေးရှုဒေါင့်အမြင်တမျိုးတည်းဖြင့် တည်ဆောက်ခြင်းမဟုတ်ဘဲ၊ သဘာဝဘေးအန္တရာယ်ခိုကိုးရာနေရာ (Cyclone Shelter) တစ်ခုအဖြစ်အမြင်မျိုးဖြင့်အဆောက်အဦးပုံစံ ဒီဇိုင်းအသစ်များဖြင့် တည်ဆောက်သင့်ကြောင်း အကြံပြုကြလေသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ခိုကိုးရာနေရာ (Cyclone Shelter) အားတသီးတသန့်တည်ဆောက်နေစရာမလိုဘဲ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက သာသနိကအဆောက်အအုံများကိုပင် လုံခြုံစွာ ခိုကိုးနိုင်မည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌လည်းကျေးရွာအများစု၏ရွာတွင်းလမ်းများအားလုံးနီးပါးမှာသဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ပိုင်း ရွှံ့နွံများဖြင့် ဖုံးလွှမ်းကျန်ရစ်ခဲ့လေသည်။ ထို့အပြင် ရွာတွင်းရှိ ခေါင်းကူးမြောင်းကူး တံတားငယ်များလည်း ပျက်စီးယိုယွင်းမှုများရှိကြလေသည်။ ၎င်းအပြင် ဆိပ်ကမ်းအချို့လည်းပျက်စီးမှုများရှိသည်ကိုတွေ့ရသည်။ ၎င်းအပြင် တခြားရွာများနှင့်ဆက်သွယ်ထားသော လမ်းတံတားအချို့လည်းပျက်စီးကြလေသည်။

မြစ်ချောင်းပေါများသော ဤဒေသရှိ ကျေးရွာများမှာ ရေကြောင်းသွားလာမှုကို အားထားရသည်ဖြစ်ရာဆိပ်ကမ်းများပျက်စီးသွားခြင်းသည်ဒေသတွင်းကူးသန်းသွားလာရေးကိုများစွာထိခိုက်စေသည်။ ထို့အပြင်တခြားရွာများနှင့် ဆက်သွယ်ထားသော လမ်းတံတားများလည်း ပျက်စီးသည်ဖြစ်ရာ ကုန်းလမ်းရော၊ရေလမ်းပါနှစ်ခုစလုံးပါ ထိခိုက်လျက်ရှိလေသည်။ ၎င်းအပြင် ပေါက်မြောက်ကျေးရွာမှရပ်မိရပ်ဖများ၏ တင်ပြချက်အရ ဤဒေသ၌ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး သည်လည်း ဒေသဖွံ့ဖြိုးရေးအတွက်များစွာအရေးပါလျက်ရှိသည်။ သို့မှသာ ကျောက်တော်မြို့နှင့် ကုန်းလမ်းမှတဆင့်ဆက်သွယ်နိုင်မည် ဖြစ်ကာ စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ကျန်းမာရေးစသည့်အခန်းကဏ္ဍများကိုမြှင့်တင်နိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် ဤဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်စေရန်ဆောင် ရွက်ချက်များသည်လည်း အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**၄.၂ မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေ၊ရေတွင်းရေကန်၊နေအိမ်အဆောက်အအုံနှင့်လမ်းပမ်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

**၄.၂.၁မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

ရခိုင်ပြည်နယ်အတွင်းသဘာဝဘေးဒဏ်ကိုထိခိုက်ခံစားခဲ့သော မြောက်ဦးမြို့နယ်အတွင်း၌ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၏ပျက်စီးမှုအခြေအနေများကိုမြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပြန်သောမြောက်ဦးမြို့နယ်ရှိ ကျန်းမာရေးအဆောက်အအုံများ၏ယေဘုယျပျက်စီးမှုအခြေအနေများစာရင်းအရ အောက်ပါအတိုင်းသိရှိရသည်။

**မြောက်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ဆေးရုံ/ဆေးပေးခန်းပျက်စီးမှုစာရင်း ဇယား (၄.၅)**

| စဉ် | မြို့နယ် | ပျက်စီးသည့်အခြေအနေ | ဆုံးရှုံးသည့်ခန့်မှန်းတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|
| ၁ | မြို့နယ်ဆေးရုံ | ဆေးဝါးများ | ၅ |
| ၂ | မြောင်းဘွေတိုက်နယ်ဆေးရုံ | တံခါးပေါက်(၁၂)ပေါက်၊ဘီဒို(၂)လုံး၊လူနာတင်(၂၀)၊မွေးကုတင်(၁)လုံး၊ဆေးဝါးများ၊Oxygenစက်(၂)လုံး၊ကလေးပေါင်ချိန်စက်(၂)လုံး၊ချွေးစုပ်စက်(၁)လုံး | ၉ |
| ၃ | မြောင်းဘွေR.H.C | မီးစက်(၁)လုံး၊ဒိုင်နမို(၁)လုံး၊မော်တာ(၁)လုံး၊ဆေးခန်းအကာ၊ဆေးပစ္စည်းများ | |
| ၄ | ဆင်အိုးချေ R.H.C | မီးစက်(၁)လုံး၊ဒိုင်နမို(၁)လုံး၊မော်တာ(၁)လုံး၊ခြံစည်းရိုး၊ဆေးပစ္စည်းများ | ၁.၂ |
| ၅ | တိန်ညို R.H.C | မီးစက်(၁)လုံး၊ မော်တာ(၁)လုံး၊ ဆေးဝါးပစ္စည်းများ | |
| ၆ | ပျားတဲ R.H.C | ဆိုင်းဘုတ်၊ အလံတိုင် ၊ခြံစည်းရိုး | ၀.၆ |
| ၇ | ကန်စောက် R.H.C | ခေါင်မိုးသွပ် (၅)ချပ် | ၀.၀၅ |

| | | | |
|---|---|---|---|
| ၈ | ဗလီပြင် R.H.C | မီးစက် (၁)လုံး၊ ဘက်ထရီအိုး (၂)လုံး၊ ဆေးဝါးပစ္စည်းများ | ၁.၁ |
| ၉ | ကျီရာပြင် R.H.C | မီးစက်(၁)လုံး၊ဒိုင်နမို(၁)လုံး၊မော်တာ(၁)လုံး | ၁.၂ |
| ၁၀ | ကျွဲတဲ SC | ဆေးခန်းအကာ၊ ဘီရို(၁)လုံး | ၀.၄ |
| ၁၁ | လောင်းကြက် SC | ဆေးခန်းနံရံဘိလပ်မြေကွာကျခြင်း၊ခြံစည်းရိုး၊ဆေးဝါးပစ္စည်းများ | ၀.၉ |
| ၁၂ | ကျောင်းတောင် SC | ဆေးခန်းအကာ၊ခြံစည်းရိုး၊ဆေးဝါးပစ္စည်းများ | ၁.၁ |
| ၁၃ | မြက်ရိတ်ကျွန်း | ဆေးခန်း ၊ ခြံစည်းရိုး၊ အိမ်သာ၊ ဆေးဝါးပစ္စည်းများ | ၁ |
| ၁၄ | သင်းပန်းကိုင်း SC | ခေါင်မိုးသွပ် (၈)ချပ်၊ ဆေးခန်းအကာ | ၀.၃ |
| ၁၅ | မင်္ဂလာစည် SC | ကြမ်းခင်း၊ အကာ | ၀.၃ |
| ၁၆ | ပြိုင်းချ SC | ရှေ့မျက်နှာ ဆေးခန်းအကာ | ၀.၁ |
| ၁၇ | နတ်ချောင်းပေါင်း SC | ဆေးခန်း၊ခြံစည်းရိုး၊ အိမ်သာ | ၀.၁၅ |
| ၁၈ | င/မဲပြင် SC | ဆေးခန်းအကာ၊ ဘီရို (၁)လုံး၊ ဆေးဝါးပစ္စည်းများ | ၀.၅ |
| ၁၉ | ကုတိုး SC | ဆေးခန်းအကာ | ၀.၃ |
| ၂၀ | ကျောက်ကျပ် SC | ခေါင်မိုးသွပ် (၅)ချပ် | ၀.၀၅ |
| ၂၁ | ခြိတ်ချောင်း SC | ဆေးခန်းအကာ၊ ခြံစည်းရိုး၊ ဆေးဝါးပစ္စည်းများ | ၀.၈ |
| ၂၂ | စင်းဘောကိုင်း SC | ဘီရို (၁)လုံး၊ ဆေးဝါးပစ္စည်းများ | ၀.၂ |
| ၂၃ | ပြတ်ချောင်း SC | ဆေးခန်းအကာ၊ ခြံစည်းရိုး၊ အိမ်သာ၊ ဆေးဝါးပစ္စည်းများ | ၀.၉ |
| ၂၄ | ပြည်လုံးကြီး SC | ခြံစည်းရိုး၊ ဆေးဝါးပစ္စည်းများ | ၀.၄ |
| | စုစုပေါင်း | | ၂၇.၄၅ |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ချက် ။ ။ R.H.C (Rural Health Center) = ကျေးလက်ကျန်းမာရေးဌာန

SC (Sub Center) = ကျေးလက်ကျန်းမာရေးဌာနခွဲ

အထက်ပါဇယား (၄.၅)အရ မြောက်ဦးမြို့နယ်အတွင်း မြောက်ဦးမြို့နယ်ဆေးရုံနှင့် မြောင်းဘွေတိုက်နယ်ဆေးရုံအပါအဝင်၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၅)ခု တို့တွင်ထိခိုက်မှုများရှိခဲ့ကြောင်း သိရှိရသည်။

ကျန်းမာရေးကဏ္ဍ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ အဆောက်အအုံပျက်စီးခြင်းအပြင်၊ ပရိဘောဂများ၊လူနာကုတင်များနှင့် ဆေးဝါးများအပြင်၊ အောက်ဆီဂျင်ဗူးများစသည့် ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းကိရိယာများစွာတို့လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ စုစုပေါင်း(၂၇.၄၅) သန်းရှိကြောင်း သိရှိရသည်။

မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော (အခန်း(၁)ရှိစာရင်းအရ)၌မြို့နယ်အတွင်းသဘာဝ ဘေးအန္တရာယ်ကြောင့်လူသေဆုံးမှုစာရင်းမှာ စုစုပေါင်း(၁၃)ဦးရှိခဲ့ကြောင်းသိရှိရလေသည်။ နောက်ဆက်တွဲ ဇယား(၁)တွင် ဖော်ပြထားသော စာရင်းဇယားများအရ ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးဒဏ်သင့်မြို့နယ်အားလုံး၌ ဘူးသီးတောင်နှင့် မင်းပြားတို့ပြီးလျှင်လူသေဆုံးမှုတတိယအများဆုံးမြို့နယ်တစ်ခုဖြစ်ကြောင်းသိရှိရသည်။ မိမိတို့လေ့လာနေသော၌မြို့နယ် (၄)မြို့နယ်အတွင်း၌ကား လူသေဆုံးမှု ဒုတိယ အများဆုံးမြို့နယ်ဖြစ်လေသည်။

ထို့နောက် ကျန်းမာရေးအခြေအနေနှင့်ပက်သက်ပြီး မည်သို့မည်ပုံ ပံပိုးကူညီမှုများပြုလုပ်ရန်လိုအပ်မည်ဖြစ်ကြောင်းကို အောက်ဖော်ပြပါအချက်အလက်များကိုကြည့်ရှုလေ့ လာခြင်းဖြင့် သိရှိနိုင်လေသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏ ကျန်းမာရေးကဏ္ဍတွင်မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာတွေ့ရှိ ချက်များကိုဖော်ပြပါမည်။ကျန်းမာရေးဆိုင်ရာအဆောက်အဦးနှင့်ပက်သက်၍ကား မိမိတို့လေ့လာခဲ့သော ကျောက်တော်မြို့ နယ်အတွင်းရှိကျေးရွာများ၌မှု (ညောင်ပင်လှကျေးရွာတစ်ခုမှအပ) ဆေးပန်းခန်း၊ကျေးလက်ကျန်းမာရေးဌာန စသည့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများမရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ အပျက်အစီးအခြေအနေနှင့်ပက်သက်ပြီး မည်သည့်တင်ပြချက်ကိုမျှ မပြုလုပ်နိုင်ပေ။ အဆိုပါ ညောင်ပင်လှကျေးရွာဆေးပေးခန်းမှာ သဘာဝဘေးဒဏ်ကြောင့်ပျက် စီးမှုများရှိခဲ့သည်ဟုကြားသိရသည်။ အထူးသဖြင့် ရွှံ့နွံများဖြင့်ဖုံးလွှမ်းလျက်ရှိသည် ဟုသိရှိရသည်။ အဆိုပါဒေသများရှိ ကျန်းမာရေးအခြေအနေများနှင့်သက်ပက်ပြီး မိမိတို့လေ့လာတွေ့ရှိထား သမျှကိုသာတင်ပြပါမည်။ အဆိုပါကျေးရွာများရှိ အိမ်သာသုံးစွဲမှုအခြေအနေသည်လည်း ကျန်းမာရေးအခြေအနေနှင့် ဆက်စပ်မှုရှိမည်ဖြစ်သောကြောင့် ယှဉ်တွဲဖော်ပြထား ပါသည်။ အောက်ပါ ဇယားအမှတ် (၄.၆) တွင်ရှုပါ။

မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေအနေများ ဇယား (၄.၆)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | ဆေးပေးခန်း/ ကျန်းမာရေးဌာန အခြေအနေ | သဘာဝဘေးအန္တရာယ် ကျရောက်ပြီး၊ ကျန်းမာရေးနှင့်ပက်သက်သော ကူညီထောက်ပံ့မှုများ ရရှိမှု အခြေအနေ | သဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ဆက်တွဲ အခြေအနေ | အိမ်သာသုံးစွဲမှုအခြေအနေ |
|---|---|---|---|---|---|
| ၁။ ဒုံဘွေ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | ဆေးပေးခန်း မရှိ။ ၂ မိုင်ခန့် ဝေးသောမြောင်းဘွေ ဆေးရုံကို အားကိုးရ။ | စစ်ဆရာဝန်အချို့ ခဏတာလာရောက်ကုသမှုများရှိခဲ့။ | ကလေးငယ်များ ဖျားနာမှုများရှိ။ ဝမ်းရောဂါဖြစ်ပွားမှုများရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၂။ ရွှေလွန်းဖြူ (မြရိပ်ကျွန်းအုပ်စု) | လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၁<br>အိမ်ထောင်စု - | ဆေးပေးခန်း မရှိ။ အရံသားဖွားမီးယပ်ဆရာမရှိသည်။ | | သွေးတိုးရောဂါရှိ၊ ငှက်ဖျားရောဂါ လူကြီး/လူငယ်ဖြစ်။ လူငယ်ပိုဖြစ် | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| ၃။ ကျွဲတဲ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | ဆေးပေးခန်း မရှိ၊ အရံသားဖွားဆရာမရှိ။ နေထိုင်မကောင်းလျှင် မြောင်းဘွေကို သွားရ။ | ပုဂ္ဂလိက ဆရာဝန်အဖွဲ့ ရောက် | ငှက်ဖျားရောဂါ လူငယ်များ ပိုဖြစ်၊ တုတ်ကွေးလည်း ဖြစ်ကြ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| ၄။ လက်သန်းချိုရွာကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | ဆေးပေးခန်း မရှိ။ နေထိုင်မကောင်းလျှင် မြောင်းဘွေဆေးရုံးကို သွားရ၊ | | ငှက်ဖျားအနည်းငယ်ဖြစ် | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၅။ တန်းမြင့်ကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | ဆေးပေးခန်း မရှိ။ နေထိုင်မကောင်းလျှင် မြောင်းဘွေဆေးရုံးကို သွားရ၊ | | ငှက်ဖျား၊ သွေးတိုး၊ ဝမ်းရော အနည်းငယ် ဖြစ်ကြ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၆။ ရွှေလန် (ဘူးတလုံးအုပ်စု) | လူဦးရေ - ၂၄၉<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | ဆေးပေးခန်း မရှိ။ နေထိုင်မကောင်းလျှင် မြောင်းဘွေဆေးရုံးကို သွားရ၊ အရေးပေါ်ကားမရှိ | | ဖျားနာမှု အနည်းငယ်ရှိ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၇။ ကလက ကျေးရွာ (ကလကအုပ်စု) | လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | ဆေးပေးခန်းမရှိ။ အရေးအကြောင်းဆိုလျှင် မြောက်ဦးမြို့ ကို သွားရ။ | | နာစေး၊ ခြောင်းဆိုး၊ အအေးမိ၊ ဖျားနာမှုများရှိ(အထူးသဖြင့် သက်ကြီးပိုင်း နှင့် ကလေးသူငယ်) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၈။ ဆင်ကဲ (ဆင်ကဲအုပ်စု) | လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | ဆေးပေးခန်း (၁) ခန်းရှိ။ ကျန်းမာရေးမှူး (၁) ယောက်ရှိ။ | စမ်းရေ နှင့် ဝေသန္တရာနှင့် ရေဘေးကယ်ဆယ်ပရိဟိတလူငယ် များကျန်းမာရေးအဖွဲ့ တို့ ရောက်ရှိခဲ့။ | အရေးတကြီး ရောဂါမရှိ (ပုံမှန်) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (အိမ်သာများပျက်စီးမှုများရှိ။) |
| ၉။ စဘော်ကိုင်း (မော်ရာအုပ်စု) | လူဦးရေ - ၁၀၃၃<br>အိမ်ခြေ - | ဆေးပေးခန်း (၁) ခန်းရှိ၊ သူနာပြု တယောက်ရှိ။ | အနီးအနား ကျေးရွာများမှ လာရောက် ကုသခံယူမှုများ ရှိသဖြင့် | ဆေးခန်းလည်း နံ့ထဲနစ်နေပြီ ပြန်၍ မပြုပြင်နိုင်သေး။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |

| | | | | | |
|---|---|---|---|---|---|
| | အိမ်ထောင်စု - | | သူနာပြု တယောက်ဖြင့် မလုံလောက်။ သူနာပြုက အသက်(၅၀) ကျော်ပြီ။ | အရေးတကြီး ရောဂါ မရှိ။ (ပုံမှန်) | (အိမ်သာများပျက်စီးမှုများရှိ။) |
| **၁၀။ ညောင်ပင်လှ (ပြုတ်ချောင်းအုပ်စု)** | လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆<br>အိမ်ထောင်စု - | ဆေးပေးခန်းမရှိ။ ပြုတ်ချောင်းကျေးရွာမှ သားဖွားဆရာမ (၁)ဦးကိုအားထားရသည်။ | စစ်ဆရာဝန်အဖွဲ့နှင့်တခြားပုဂ္ဂလိက ဆရာဝန်အဖွဲ့များမှလာရောက်ခဲ့။ ကိုရဲဖောင်ဒေးရှင်းမှလည်း လာရောက်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့။ ရခိုင်အမျိုးသားပါတီ မှ ဆေးဝါးလှူဒါန်းပေးခဲ့။ | နာစေး၊ ခြောင်းဆိုး၊ အအေးမိ၊ ဖျားနာမှုများရှိ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br><br>ယခင်က အိမ်သာပံပိုးမှုများရှိခဲ့။ သို့သော် စနစ်မကျ၍ ခြင်များပေါက်ဖွားလာသောကြောင့် မသုံးလိုကြတော့ချေ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ်(၄.၆)အရ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်း မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးအခြေအနေများကို လေ့လာကြည့်ပါကဖျားနာခြင်း၊ အအေးမိနာစေးချောင်းဆိုးရောဂါများ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဖျားရောဂါများဖြစ်ပွားခြင်း၊ သွေးတိုးရောဂါများဖြစ်ပွားခြင်းနှင့် ဝမ်းလျှောရောဂါများဖြစ်ပွားခြင်း စသည့်တို့ကိုတွေ့ရှိရသည်။

တချို့ကျေးရွာများသို့ နယ်လှည့်ဆရာဝန်အဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှူရှင်အဖွဲ့အစည်းများ၏ဆေးဝါးထောက်ပံ့မှုများစသည်ဖြင့် ပံပိုးကူညီမှုများရှိခဲ့သော်လည်း၊ တချို့ကျေးရွာများတွင်ကား ကျန်းမာရေးဆိုင်ရာအထောက်အပံ့များနှင့်ဝေးကွာလျက်ပင်ရှိသည်ကို တွေ့ရှိရသည်။

မြောက်ဦးမြို့နယ်အတွင်းမိမိတို့လေ့လာခဲ့သောကျေးရွာ(၁၀)ရွာအနက်စဘော်ကိုင်းကျေးရွာတခုတည်း၌သာဆေးပေးခန်းရှိလေသည်။ယင်းဆေးခန်းတွင်သူနာပြုဆရာမ(၁)ဦးတည်းသာရှိ၍စဘော်ကိုင်းရွာနှင့်အနီးအနားကျေးရွာများမှလူနာအများအပြားလာရောက် အားထားမှီခိုကြသောကြောင့် လူနာအရေအတွက်နှင့် ဆရာမအရေအတွက် မမျှတဖြစ်လျက်ရှိသည်။ အခန်း (၁)တွင်ဖော်ပြထားသော မြောက်ဦးမြို့နယ်၏ ဒေသန္တရအချက်အလက်များအရ မြောက်ဦးမြို့နယ်တစ်ခုလုံး၌ ကျေးရွာအုပ်စုပေါင်း (၉၅) အုပ်စုရှိကာ၊ ကျေးရွာပေါင်း (၂၄၈) ရွာရှိသည့်အနက် ကျန်းမာရေးကဏ္ဍတွင် ကုတင် (၂၅)ဆံ့ ဆေးရုံ (၁)ရုံ၊ တိုက်နယ်ဆေးရုံ (၂)ရုံ ၊ ကျေးလက် ကျန်းမာရေးဌာန (၈)ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၄) ရုံ၊ ကျောင်းကျန်းမာရေးဌာန (၁)ခု၊ တိုင်းရင်းဆေးရုံ (၁)ခု၊ မိခင်ကလေးစောင့်ရှောက်ရေးဌာန (၁) ခုသာရှိကြောင်းသိရှိရသည်။ ထို့ကြောင့်ကျေးရွာအများစုမှာမိမိတို့ရပ်ရွာအတွင်း၌ဆေးပေးခန်းများဖြစ်ပေါ်လာရေးကိုလိုလားမှုများစွာရှိကြကြောင်းတွေ့ရှိရသည်။

ထို့ကြောင့် ဤမြို့နယ်တွင်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးကဏ္ဍ၌ ပံ့ပိုးမည်ဆိုပါက ပျက်စီးသွားသော ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံရမည်ဖြစ်ရုံသာမက၊ ကျန်းမာရေးဆေးပေးခန်းများမရှိသေးသော နေရာများ၌လည်း ဆေးပေးခန်းများဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီမှုများလိုအပ်မည်ပင်ဖြစ်သည်။ ၎င်းအပြင် ဆေးရုံဆေးခန်းများသို့ အချိန်မှီရောက်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်း မြှင့်တင်ရန်လိုအပ်မည်ဖြစ်သည်။

၎င်းအပြင် ဇယားအမှတ်(၄.၆)၌ပင် ရပ်ရွာများအတွင်း အိမ်သာသုံးစွဲမှုအခြေအနေများကို ဖော်ပြထားသည်ဖြစ်ရာ၊ မိမိတို့လေ့လာခဲ့သောကျေးရွာများတွင် အိမ်ခြေအရေအတွက်အားဖြင့် အနည်းဆုံး(၈၀)မှ အများဆုံး(၄၀၀)ကျော်အထိရှိကြမည်ဖြစ်သော်လည်း အိမ်သာအရေအတွက်မှာမူ လက်ချိုးရေတွက်၍ရလောက်အောင် အလွန်နည်းပါး သည်ကိုတွေ့ရှိခဲ့ရသည်။ ကျောက်တော်မြို့နယ်ကဲ့သို့ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများမှအပ နေအိမ်တော်တော်များ၌ အိမ်သာသုံးစွဲသည်ကိုမမြင်တွေ့ခဲ့ရချေ။ အဆိုပါရှိစုမဲ့စုအိမ်သာများသည်လည်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိနေပြန်ရာပံပိုးကူညီမှုများများစွာလိုအပ်မည်ဖြစ်သည်။ထို့အပြင်အိမ်သာပံပိုးမှုများနှင့်ပက်သက်ပြီး၊ညောင်ပင်လှကျေးရွာမှရပ်မိရပ်ဖများထံမှ ကြားရသောအချက်အလက်များမှ မှတ်သားဖွယ်ရာဖြစ်သည်။ ယခင်က အဆိုပါရွာသို့ အလှူရှင်အဖွဲ့အစည်းများမှ အိမ်သာပံပိုးကူညီမှုအချို့ရှိခဲ့ဖူးကြောင်း၊ သို့သော် အိမ်သာတွင်းပြုလုပ်မှုစနစ်မကျသောကြောင့် ခြင်ပေါက်ဖွားမှုများရှိခဲ့ရာ၊ ရွာသူရွာသားများအနေဖြင့်ရေလောင်းအိမ်သာပြုလုပ်လျှင်ခြင်ပေါက်ဖွားမှုပိုမိုများပြားလာသည်ဟု ထင်မြင်ကြသောကြောင့် အိမ်သာသုံးစွဲရန် မဝံ့ရဲတော့ကြကြောင်း သိရှိရလေသည်။ ထို့ကြောင့် အိမ်သာထောက်ပံမည်ဆိုပါကသေချာစွာစည်းစနစ်တကျ ထောက်ပံနိုင်ပါမှ တော်ကာကျမည်ဖြစ်ကြောင်း သုံးသပ်နိုင်လေသည်။

### ၄.၂.၂ မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ရေတွင်းရေကန်အခြေအနေများနှင့်ပံ့ပိုးကူညီရန်လိုအပ်ချက် များ

ဆက်လက်၍မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏ရေတွင်းရေကန်အခြေအနေများနှင့်ပက်သက်ပြီးဆက်လက်လေ့လာကြပါအုံးစို့။ နောက်ဆက်တွဲ-ဇယား(၇)၌ ဖော်ပြထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ထုတ်ပြန်ချက်အရ မြောက်ဦးမြို့နယ်အတွင်း ကျေးရွာပေါင်း ( ၂၀၀)ရွာ၌ ရေတွင်းပေါင်း (၁၅)ခု နှင့် ရေကန်ပေါင်း (၃၈၂) ကန်တို့သည် ရေနစ်မြုပ်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်ဟု သိရှိရလေသည်။

ယင်းတို့အနက်နောက်ဆက်တွဲဇယား(၈)တွင်ဖော်ပြထားချက်အရကျေးလက်ဦးစီးဌာနမှဆောင်ရွက်သောရေကန်အရေအတွက် မှာ(၁၁၈)ကန်ဖြစ်ပြီး၊ ကျေးလက်ဦးစီးဌာနနှင့် (တပ်မတော်)ပူးပေါင်းဆောင်ရွက်သည့် ရေတွင်းပေါင်း (၁၅)တွင်းနှင့် ရေကန်ပေါင်း (၁၆၀) ကန်အထိရှိခဲ့ပြီး၊ INGO တို့မှ ဆောင်ရွက်သည့် ရေကန်အရေအတွက်မှာ ရေတွင်းပေါင်း (၅)တွင်းနှင့် ရေကန်ပေါင်း (၈၄)ကန်ရှိကြောင်းသိရှိရသည်။

ထို့နောက်မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာတွေ့ရှိထားသော ကျေးရွာ(၁၀)၏ ရေတွင်းရေကန်နှင့် ပက်သက်သော အခြေအနေများကို အောက်ပါ ဇယား (၄.၇)တွင် ကြည့်ရှုလေ့လာနိုင်လေသည်။

**မြောက်ဦးမြို့နယ်အတွင်း ကျေးရွာ (၁၀)ရွာရှိ ရေတွင်းရေကန်အခြေအနေများ ဇယား (၄.၇)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | သဘာဝဘေးဒဏ်ကြောင့် ရေတွင်း/ရေကန်ထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ ဒုံဘွေ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | ကန် (၃) ကန်ရှိသည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | မိုးရေကိုအဓိက အားထားသောက်သုံး | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br>ရေကန်များအားပြန်လည်ပြုပြင်သွားရန်။<br>(ပိုးသတ်ဆေးဖြန်းရန်၊ ရေသန့်ရန် ထုံးများထည့်ရန်။<br>ရေကန်မှရေ များကိုမှ မစုတ်ထုတ်တော့။) |
| ၂။ ရွှေလွန်းဖြူ (မြရိပ်ကျွန်းအုပ်စု) | လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၁<br>အိမ်ထောင်စု - | သောက်ရေကန် (၁) ရှိ၊ သောက်ရေကန်ထဲကို ရေဝင်၊ ကန်ထဲတွင် ရွှံ့များပြည့်လျှက်ရှိ | ချောင်းမှ ရေများကို ကျောက်ချဉ်ထည့်ပြီး သောက်သုံးနေရ။ သောက်ရေ အခက်အခဲရှိ။ | ကိုယ်ထူကိုယ်ထ စနစ်ဖြင့် လုပ်ကိုင်နေရ<br>မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br>ရေကန်များအားပြန်လည်ပြုပြင်သွားရန်။<br>(ပိုးသတ်ဆေးဖြန်းရန်၊ ရေသန့်ရန် ထုံးများထည့်ရန်။<br>ရေများကိုမှ မစုတ်ထုတ်တော့။) |
| ၃။ ကျွဲတဲ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | ရေကန် (၉)ကန်ရှိ၊ (၄) ကန်ပျက်စီး၊ | သောက်သုံးရေ လုံလောက်သည်။ | နွေတွင်းရောက်လာလျှင် ရေရှားပါးနိုင်။<br><br>ပျက်စီးသွားသော ရေကန်(၄)ကန်ကို ပြန်ပြန်ရန် ရှိ။ |
| ၄။ လက်သန်းချိုရွာကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | ကန် (၃) ကန်ရှိ၊ ၃ ကန်လုံး ရေနစ်မြုပ် | ကန် (၂) လုံးဝ ပျက်စီးသွား။ ကန်(၁) က ပြန်ပြုပြင်ထား၊ သုံး၍ ရ။ သောက်သုံး၍ မရ။ သောက်ရေအနေဖြင့် မိုးရေကိုသာ အသုံးပြုနေရ (ယာယီ) | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။<br>လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br>ရေကန်များကို ပြုပြင်သွားရန်။ မည်သူ့ ဆီကမှ အကူညီမရလျှင် ကိုယ်ထူကိုယ်ထ လုပ်ကြရမည်။ |

| | | | | |
|---|---|---|---|---|
| **၅။ တန်းမြင့်ကြီး (ဘူးတလုံးအုပ်စု)** | လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | ကန် (၇) ကန်ရှိ၊ ၇ ကန်လုံး ရေနစ်မြုပ် | (၂) ကန်ကို ပြန်ပြင်ထား၊ သုံး၍ရ။ သောက်၍ အဆင်မပြေ။<br>မိုးရေကို ယာယီ သောက်သုံးနေရ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br>ရေကန်များကိုနွေရာသီတွင် ပြန် ပြုပြင် တူးဖော်သွားရန်။ မည်သူ့ ဆီကမှ အကူညီမရလျှင် ကိုယ်ထူကိုယ်ထ လုပ်ကြရမည်။ |
| **၆။ ရွှေလန် (ဘူးတလုံးအုပ်စု)** | လူဦးရေ - ၂၄၀<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | ကန် (၂) ကန်ရှိ၊ ၂ ကန်လုံး ရေနစ်မြုပ် | စစ်တပ် နှင့် ကျေးလက်ဒေသက (၁) ကန် ပြင်ပြီး။<br>မိုးရေကို ယာယီ အားကိုး သောက်သုံးနေရ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>ရေကန်များကိုနွေရာသီတွင် ပြန် ပြုပြင် တူးဖော်သွားရန်။ မည်သူ့ ဆီကမှ အကူညီမရလျှင် ကိုယ်ထူကိုယ်ထ လုပ်ကြရမည်။ |
| **၇။ ကလက ကျေးရွာ (ကလကအုပ်စု)** | လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | ရေကန် (၃) ကန်ရှိ။ (၁) ကန် ပျက်စီး။ (၂) ကန်က ကျွဲနွားများကြောင့် ညစ်ပတ်။ | သောက်သုံးရေ အနေဖြင့် မိုးရေကိုသာ ယာယီ အားကိုးနေရ။<br>သောက်ရေ အခက်အခဲရှိ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>ရေကန်များ မပြုပြင်ရသေး။ သောက်ရေကန် ရေကြည်မည့်အချိန်ကို စောင့်။ ရေကန်များ ပြန်လည်တူးဖော်ဖို့ အစီအစဉ် မရှိ။ |
| **၈။ ဆင်ကဲ (ဆင်ကဲအုပ်စု)** | လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | သောက်ရေကန် မရှိ | လေးမြို့ မြစ်ရေကို သောက်သုံး။ | မိုးရာသီ စမ်းရေ၊ နွေရာသီ ချောင်းရေ(လေးမြို့ ချောင်းရေ) ကို သောက်သုံးရ။<br><br>စမ်းရေများကို သိုလှောင်ထားနိုင်ပါက နွေရာသီတွင်လည်း ပိုအဆင်ပြေနိုင်။ |
| **၉။ စဘော်ကိုင်းရွာ (မော်ရာအုပ်စု)** | လူဦးရေ - ၁၀၃၃<br>အိမ်ခြေ -<br>အိမ်ထောင်စု - | သောက်ရေကန် မရှိ။ ယခင်က ၁၈ ပေအနက် အဝီစိရေတွင်းရှိ။ သို့ သော် ရေ မထွက် (ဆက်မလုပ်ဖြစ်) | ချောင်းရေကိုသာ (၃) ရက်ခန့် အနည်ထိုင်အောင် ထားပြီး သောက်သုံး။ | မိုးရာသီ စမ်းရေ၊ နွေရာသီ ချောင်းရေ(လေးမြို့ ချောင်းရေ) ကို သောက်သုံးရ။<br><br>စမ်းရေများကို သိုလှောင်ထားနိုင်ပါက နွေရာသီတွင်လည်း ပိုအဆင်ပြေနိုင်။ |
| **၁၀။ ညောင်ပင်လှ (ပြုတ်ချောင်းအုပ်စု)** | လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆<br>အိမ်ထောင်စု - | သောက်ရေကန် (၂)ကန်ရှိရာ နှစ်ကန်လုံးနစ်မြုပ်။<br><br>(၁)ကန်ကိုပြုပြင်ပြီးဖြစ်။ | မိုးရေကိုသောက်သုံး။ ချောင်းရေကိုသာ (၃) ရက်ခန့် အနည်ထိုင်အောင် ထားပြီး သောက်သုံး။<br><br>သို့သော် ယခုအခါ ကျောက်စရစ်ထုတ်လုပ်မှု များကြောင့် ချောင်းရေနောက်ကျို။ | ရွာနှင့် မနီးမဝေးရှိ စမ်းရေအိုင်မှ ရေများကို ရေပိုက်များဖြင့် သွယ်ယူနိုင်ပါက နွေရာသီတွင်လည်း ပိုအဆင်ပြေနိုင်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ် (၅.၇) ကိုလေ့လာကြည့်ပါက မိမိတို့လေ့လာခဲ့သော ရွာ (၁၀)ရွာ၌ သောက်ရေကန်မရှိသော စဘော်ကိုင်းရွာနှင့် ဆင်ကဲရွာမှအပ ကျန်ရွာများအားလုံးရှိ ရေတွင်းရေကန်တော်တော်များများသည် သဘာဝဘေးဒဏ်ကြောင့်ပျက်စီးမှုများရှိခဲ့သည်ကိုတွေ့ရှိရသည်။ ပျက်စီးမှုပုံစံမှာကျောက်တော်မြို့နယ်၌ဖြစ်ပွားခဲ့သကဲ့သို့ရွှံ့နွံများ၊ချောင်းရေ၊ မြစ်ရေစသည်တို့ဝင်ရောက်သွားကြခြင်းကြောင့်လည်းကောင်း၊သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်းကျွဲနွား တိရစ္ဆာန်များသည် ကုန်းမြေမြင့်ရာဆီသို့မှီခိုလိုသဖြင့် အဆိုပါရေတွင်းရေကန်များ၏ ကန်ဘောင်များပေါ်၌ အစုလိုက်အပြုံ

လိုက်စတည်းချကြသည်ဖြစ်ရာ၊ ယင်းကျွဲနွားတိရစ္ဆာန်များ၏ မစင်အညစ်အကြေးများကြောင့်လည်းကောင်း၊ ရေတွင်း ရေကန်တို့ သည် ညစ်ညမ်းခြင်းအဖြစ်သို့ရောက် ရခြင်းဖြစ်၏။

စဘော်ကိုင်းနှင့် ဆင်ကဲရွာတို့မှာ လေးမြို့မြစ်ဖျားပိုင်းရှိကျေးရွာများဖြစ်ကြရာ ယင်းရွာအချို့၌ ရေတွင်းရေကန်ဟူ၍ မတွေ့ရှိရဘဲ၊မိုးရာသီအချိန်အခါ၌(လေးမြို့ချောင်းရေနောက်ကျိချိန်၌)မနီးမဝေးရှိစမ်းရေအိုင်များမှစမ်းရေကိုလည်းကောင်း၊ နွေရာအချိန်အခါ၌(လေးမြို့ချောင်းရေကြည်လင်ပြီး၊စမ်းရေအိုင်များခမ်းခြောက်ချိန်) လေးမြို့ချောင်းရေကို သော်လည်းကောင်း သောက်သုံးသော အလေ့အထရှိကြသည်။ မည်သို့ပင်ဆိုစေ အဆိုပါလေးမြို့ချောင်းရှိကျေးရွာများတွင်လည်း ရေအခက်အခဲရှိကြသည်ပင်ဖြစ်သည်။

ကျောက်တော်မြို့နယ်မှကျေးရွာများကဲ့သို့ပင်၊ ဤကျေးရွာအများစု၌ လတ်တလောအနေဖြင့် အရေးပေါ်ကယ်ဆယ်ရေး အလှူရှင်များမှလှူဒါန်းထားသောရေသန့်များဖြင့်သော်လည်းကောင်း၊မိုးရေများကိုခံယူသောက်သုံး၍သော်လည်းကောင်း၊ ချောင်းရေများကိုအနည်ခံ၍သော်လည်းကောင်း ရေအခက်အခဲနှင့်ပက်သက်ပြီး ယာယီဖြေရှင်းထားရှိမှုများရှိကြသည်ကို တွေ့ရှိရသည်။ တချို့ကျေးရွာများတွင်ကား ရေမြုပ်ပျက်စီးသွားသည့်ရေကန်များအနက်မှ တချို့ရေကန်များကိုလည်း မတူးဖော်ဘဲ ယင်းကန်များရှိရေကို ပိုးသတ်ဆေးများ၊ ထုံးများထည့်ကာ ပြုပြင်လျက်သောက်သုံးရန်စိတ်ကူးကြသည်။ အကယ်၍ပြုပြင်တူးဖော်လိုက်ပြီးမှမိုးမရွာပါကရေရရှိရန်အခက်ကြုံမည်စိုးရိမ်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ ရေတွင်းရေကန်များမှရေများကိုသုံးစွဲရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိမှာမေးခွန်းထုတ်စရာဖြစ်နေသည်။ လေးမြို့ချောင်းအနီးတဝိုက်မှ ကျေးရွာများရှိ ရပ်မိရပ်ဖများ၏ သဘောထားအရမူ စိမ့်စမ်းရေများကို ရေပိုက်များဖြင့် သွယ်ယူကာ ရေလှောင်ကန်များပြုလုပ်၍သောက်ရေများသိုလှောင်ထားနိုင်ပါကနွေရာသီ၌ရေအတွက်စိုးရိမ်သောကရောက်ရမည်မဟုတ်ကြောင်း ကြားသိရလေသည်။

ထို့ကြောင့် ကျောက်တော်မြို့နယ်အတွင်းရေတွင်းရေကန်များနှင့်ပက်သက်ပြီး ထောက်ပံ့ကူညီမှုများပြုလုပ်မည်ဆိုပါက ညစ်ညမ်းသွားသည့်ရေကန်အချို့ကို ပြန်လည်တူးပြုပြင်တူးဖော်မှုများပြုလုပ်ရုံသာမက၊ ကျန်ရစ်ခဲ့သည့် ရေတွင်းရေကန်များအားသုံးစွဲရန်သင့်မသင့်ကျန်းမာရေးဆိုင်ရာ စစ်ဆေးချက်များပြုလုပ်ခြင်း၊ လာမည့်နွေရာသီ၌ ရေမရှားပါးစေရန်အတွက် အဝီစိရေတွင်းတူးဖော်နိုင်သောနေရာများ၌အဝီစိရေတွင်းတူးဖော်ပေးခြင်း၊စိမ့်စမ်းရေ(သို့) မြစ်ရေချောင်းရေစသည်တို့အား ရေတွင်းရေကန်များသို့ရေစုတ်စက်များဖြင့်ရေဖြည့်နိုင်ရန်ရေစုပ်စက်များနှင့်ရေပိုက်များပံ့ပိုးပေးခြင်းစသည်တို့ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သကဲ့သို့ ရေသန့်စက်များပံ့ပိုးကူညီနိုင်ပါကလည်း များစွာအထောက်အကူဖြစ်မည်ဖြစ်သည်။

(မှတ်ချက်။ ။ရေသန့်ဆေးပြားများကိုကားအနည်းစုကသာသောက်သုံးကြ၍၊အများစုမှာအနံ့အသက်ကြောင့် မသောက်သုံးလိုကြဟု ကြားသိရလေသည်။)

**၄.၂.၃မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများ၏နေအိမ်အဆောက်အအုံနှင့်လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံပိုးကူညီရန်လိုအပ်ချက်များ**

ဆက်လက်၍မြောက်ဦး မြို့နယ်အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် လမ်းတံတားအခြေအနေများနှင့် ပက်သက်ပြီး လေ့လာကြပါစို့။အခန်း(၁)ရှိ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ၌ ဖော်ပြထားသကဲ့သို့ မြောက်ဦး မြို့နယ်အတွင်း

နေအိမ်ပေါင်း (၁၈၁၄)အိမ်တို့ပျက်စီးမှုများရှိခဲ့ပြီး၊ ယင်းတို့အနက် (၅၂၆) အိမ်မှာ အမိုးအကာများပျက်စီးခြင်းဖြစ်ကြပြီး၊ (၁၂၈၈)အိမ်တို့မှာ တစ်ခုလုံးပျက်စီးခဲ့ကြောင်းဖော်ပြထားရှိလေသည်။ ထို့အပြင်လမ်းတံတားအနေဖြင့် ကတ္တရာလမ်း(မိုင်) ပေါင်း(၂၄.၀၄)မိုင်၊(၄၀)အောက်တံတား (၂) စင်းနှင့် ပေ(၄၀)အထွက် တံတား (၇) စင်း တို့ဖြစ်ကြောင်းတွေ့ရှိရလေသည်။

မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာခဲ့ကြသောမြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက် အအုံများနှင့်လမ်းပမ်းဆက်သွယ်ရေးအခြေအနေများကို အောက်ပါဇယားအမှတ်(၄.၈)တွင်ဆက်လက်လေ့လာ ကြပါအုံးစို့။

မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက်အအုံများနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ဇယား(၄.၈)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ/ အိမ်ထောင်စု | သဘာဝဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးထိခိုက်မှုအခြေအနေ (ရွာတွင်းရှိလမ်း၊တံတားများအခြေအနေ/အခြားဒေသများနှင့်ဆက်သွယ်ထားသောလမ်း၊တံတားများအခြေအနေ) | အဆောက်အဦး ပျက်စီးမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ ဒုံဘွေ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၇၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၈၃ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ တံတားငယ် (၄)ခု ပျက်စီး။<br>ရွာတွင်းရှိ ချောင်းတစ်ချောင်း ရွှံ့နွံများဖုံးလွှမ်းခြင်းကြောင့် ရေစီးရေလာ မကောင်း။ | အနည်းငယ်ပျက်စီး - နေအိမ် (၆၀) ဆောင်<br>လုံးဝပျက်စီး - နေအိမ် (၁၀)ဆောင် | လမ်းတံတားများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br>ရွာတွင်းရှိချောင်းတိမ်ကောမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းထိခိုက်၊ ရေစီးရေလာမကောင်း။<br>ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၂။ ရွှေလွန်းဖြူ (မြရိပ်ကျွန်းအုပ်စု) | လူဦးရေ - ၄၈၁<br>အိမ်ခြေ - ၁၀၁<br>အိမ်ထောင်စု - | မြောက်ဦးမြို့ကို ဆက်သွယ်ထားသော မြေသားလမ်းများ ပျက်စီး။ ရွာလမ်းများလည်း မြေပြိုကျ၊ | အနည်းငယ်ပျက်စီး - နေအိမ် (၈) ဆောင်<br>လုံးဝပျက်စီး - (၁၇) ဆောင်<br>သစ်ခုတ်စက် (၉) လုံး ပျက်စီး<br>ဘုန်းကြီးကျောင်းလည်း ချောင်းနှင့် ပြိုကျလုနီးပါး | လမ်းများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>ယာယီတဲများတွင် နေကြရ |
| ၃။ ကျွဲတဲ (ဘူးတလုံးအုပ်စု) | လူဦးရေ - ၁၅၀၀<br>အိမ်ခြေ - ၄၀၀ ကျော်<br>အိမ်ထောင်စု - | တံတားအနည်းငယ် ပျက်စီး၊ လမ်းများပျက်စီး၊ ကုန်းလမ်းများ သွားလာလို့ ရသေး၊ အဝေးပြေးလမ်းနှင့် ဆက်ထား | နေအိမ်(၆) ဆောင် လုံးဝ ပျက်စီး<br>နေအိမ် (၂၀)လောက် အနည်းငယ် ပျက်စီး | လမ်းတံတားများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>ယာယီတဲများဖြင့်နေထိုင်နေရ၊ ဆွေမျိုးများ အိမ်တွင်လည်း သွားရောက်နေထိုင်နေကြ။ |
| ၄။ လက်သန်းချီရွာကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၃၆၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၇၆ | ရွာတွင်းရှိ လမ်းများ ပျက်စီး၊ တံတား (၄) စင်းပျက်စီး၊ တချို့ ရွာလမ်းများ ချောင်းဖြစ်သွား။ | လုံးဝပျက်စီး - နေအိမ်(၇) ဆောင်<br>အနည်းငယ်ပျက်စီး - နေအိမ် (၃၆) ဆောင် | လမ်းတံတားများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br>အနည်းငယ်းပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ |
| ၅။ တန်းမြင့်ကြီး (ဘူးတလုံးအုပ်စု) | လူဦးရေ - ၂၆၂<br>အိမ်ခြေ - ၂၄၀<br>အိမ်ထောင်စု - ၂၆၂ | လမ်းတံတားများ ပျက်စီး၊ လမ်းကို ကန့်လန့်ဖြတ်ထားသည့် ရေထွက်ပေါက်ပျက်စီး၊ ကုန်းလမ်းများ အနည်းငယ် ပျက်စီး၊ ကျွဲတဲ - ခမောင်းတော မြေသားလမ်း သွားလာရန် အခက်အခဲ ရှိနေ။ ကျောင်းသားများ ကျောင်းတက်ရန် အခက်အခဲ ရှိနေကြ။ | နေအိမ် (၈၀) ခန့် လုံးဝ ပျက်စီး၊ နေအိမ် (၁၀၉) ဆောင် ပျက်စီး<br>ဘုန်းကြီးကျောင်း မီးစက်ရုံ ပျက်စီး၊ | အနည်းငယ်းပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ |
| ၆။ ရွှေလန် (ဘူးတလုံးအုပ်စု) | လူဦးရေ - ၂၄၀<br>အိမ်ခြေ - ၇၀<br>အိမ်ထောင်စု - ၇၀ | တံတားငယ် (၁) ခု ပျက်စီး၊ လမ်းများ နွံများ ဖုံးလွှမ်းလျှက် ပျက်စီး၊ | နေအိမ် (၂) ဆောင် လုံးဝပျက်စီး၊ နေအိမ် (၂၄) တော် အနည်းငယ် ပျက်စီး။<br>ဘုန်းကြီးကျောင်းများတွင် သံဖြူများ | လမ်းတံတားများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။ |

| | | | | |
|---|---|---|---|---|
| | | | လေနဲ့ လွင့်ပါ။ | အနည်းငယ်ပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရသည်။ |
| **၇။ ကလက ကျေးရွာ (ကလကအုပ်စု)** | လူဦးရေ - ၉၀၀<br>အိမ်ခြေ - ၇၀၀<br>အိမ်ထောင်စု - ၇၂၀ | ရွာတွင်းရှိ တံတားများ ပျက်စီးမှုရှိ ။ တံတား (၆) ခု ရှိ။ တချို့ က ရေတွင်မျှောပါ။ ကျောက်ခင်းလမ်းများ ရေကြီးမှုကြောင့် ရွံ့နွံ့များဖုံး။ | နေအိမ် (၂) ဆောင် လုံးဝ ပျက်စီး၊ (၃) ဆောင် အနည်းငယ်ပျက်စီး။ | လမ်းတံတားများပျက်စီးမှုကြောင့် ကူးသန်းသွားလာရေးခက်ခဲ။<br><br>အနည်းငယ်ပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ |
| **၈။ ဆင်ကဲ (ဆင်ကဲအုပ်စု)** | လူဦးရေ - ၅၇၆<br>အိမ်ခြေ - ၁၀၇<br>အိမ်ထောင်စု - | လမ်း၊ တံတား ဆက်သွယ်ရေး မရှိ။ လေးမြို့ ချောင်းကိုသာ အသုံးပြု။ လေးမြို့ ချောင်း ရေစီးပြင်း သောကြောင့် ဆက်သွယ်ရေး အခက်အခဲရှိ။ | နေအိမ် (၂၇) ဆောင် ပျက်စီး၊ (တောင်ရင်း၊ ရွာထဲ) | ရေလမ်းကိုသာအဓိကအားထားရသည်။<br><br>အနည်းငယ်ပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ။ ရွာဘုန်းကြီးကျောင်း ကောင်းဆဲ။ |
| **၉။ စဘော်ကိုင်းရွာ (မော်ရာအုပ်စု)** | လူဦးရေ - ၁၀၃၃<br>အိမ်ခြေ -<br>အိမ်ထောင်စု - | လမ်းများ နွံဖုံးပျက်စီး။ အဓိက ရေလမ်းကိုသာ အသုံးပြုကြ။ နွံ (၃) ပေကျော်တက်၊ ကမ်းပါးပြို၍ ဆိပ်ကမ်းပျက်စီး။ | နေအိမ် (၂၀) ကျော် ကမ်းပါးပြိုကျ ပျက်စီး မျောပါ။ သစ်ပင်များ ကျိုးပဲ့ ပျက်စီးမှုများ။ | ရေလမ်းကိုသာအဓိကအားထားရသည်။ ကမ်းပါးပြို၍ဆိပ်ကမ်းပျက်စီးကာ သွားရေးလာရေးအခက်အခဲဖြစ်လျက်ရှိ။<br><br>အနည်းငယ်ပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ။ |
| **၁၀။ ညောင်ပင်လှ (ပြတ်ချောင်းအုပ်စု)** | လူဦးရေ - ၁၆၂၀<br>အိမ်ခြေ - ၂၇၆<br>အိမ်ထောင်စု - | ရွာတွင်းရှိလမ်းများ နွံဖုံးပျက်စီး | အိမ် (၈)ဆောင် လုံးဝပျက်စီး<br>အိမ်(၇) ဆောင် တစ်ဝက်တစ်ပျက် ပျက်စီး | လမ်းများပျက်စီး၍ သွားလာရေးခက်ခဲ။<br><br>အနည်းငယ်ပျက်စီးသော အိမ်များ ပြန်ပြုပြင်ပြီးနေထိုင်၊ လုံးဝပျက်စီးသွားသော မိသားစုများ သူများအိမ်တွင် ကပ်နေရ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ် (၄.၈) အရ မိမိတို့လေ့လာခဲ့သော ကျေးရွာ (၁၀)ရွာ၌ နေအိမ်ပျက်စီးမှုအခြေအနေများမှာ အနည်းဆုံး (၂)အိမ်မှ အများဆုံး (၈၀)အိမ်အထိ လုံးဝပျက်စီးခဲ့ကြပြီး၊ တဝက်တပျက် ပျက်စီးသွားခဲ့သော နေအိမ်အရေအတွက်မှာ အနည်းဆုံး (၃) အိမ်မှ အများဆုံး အိမ်ပေါင်း (၆၀)အထိ ပျက်စီးမှုရှိခဲ့ကြောင်းတွေ့ရှိရသည်။ အဆိုပါနေအိမ်ပျက်စီးမှုများရှိခဲ့သူများသည် နေရေးထိုင်ရေးအခက်အခဲအား လတ်တလောဖြေရှင်းချက်အနေဖြင့် ယခု အချိန်၌ ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏အိမ်၌နေထိုင်၍သော်လည်းကောင်း၊ ဖြေရှင်းနေကြရကြောင်းသိရှိ ရသည်။ နေအိမ်အဆောက်အအုံများနှင့် ပက်သက်ပြီးပံ့ပိုးကူညီမှုများ ထင်ထင်ရှားရှားမတွေ့ရှိခဲ့ရချေ။

ဤသို့နေအိမ်များပျက်စီးကြရာဝယ် အထူးသဖြင့် လေးမြို့မြစ်ကမ်းနဖူးမှ ကျေးရွာများ ( ရွှေထွန်းဖြူ၊ ညောင်ပင်လှ၊ စင်္ဘောကိုင်း၊ ဆင်ကဲကျေးရွာ စသည့်) ၌ နေအိမ်အဆောက်အဦးသာမက၊ မြစ်ကမ်းပါးများပြိုပျက်မှုကြောင့် မြေနေရာပါ ပျက်စီးကြခြင်းဖြစ်လေသည်။ မြောက်ဦးအရေးပေါ်ကော်မတီမှ ရရှိသော သတင်းအချက်အလက်ရ ဤမြို့နယ်မှ ရဲပန်ဇင်း ကျေးရွာဆိုလျှင်ထိုသို့မြေပြိုမှုများဖြစ်ပွားမှုကြောင့်တစ်ရွာလုံးတခြားတစ်နေရာသို့မဖြစ်မနေ ရွှေ့ပြောင်းရမည့်အခြေအနေ၌ ရှိနေကြသည်ဟု ကြားသိရလေသည်။

အချို့ကျေးရွားများတွင်သာသနိက အဆောက်အအုံများဖြစ်သော ဘုန်းကြီးကျောင်းများ၌လည်းကောင်းခေါင်မိုးများပျက်စီး ခြင်းစသည့်ထိခိုက်မှုအချို့ရှိခဲ့ကြသည်ကိုတွေ့ရသည်။လေးမြို့ချောင်းကမ်းနဖူးမှ ရွာတစ်ရွာဖြစ်သော ရွှေထွန်းဖြူရွာ၌ကား ရွာဦးဘုန်းကြီးကျောင်းမှာ (သဘာဝဘေးဒဏ်နှင့်လေးမြို့မြစ်ကမ်းပါးများပြိုကျပျက်စီးမှုကြောင့်) ပြိုကျလုနီးနီး၊ အခြေအနေ တွင်ရှိနေ၏။ မူလကဘုန်းကြီးကျောင်းမှာလေးမြို့မြစ်ကမ်းပါးနှင့်အတန်ငယ်ဝေးကွာသောနေရာ၌ တည်ဆောက်ထားခြင်း ဖြစ်သော်လည်း၊သဘာဝဘေးဒဏ်ကြောင့်မြစ်ကမ်းပါးများတဖြည်းဖြည်းပြိုကျခဲ့ရာ၊ယခုအချိန်တွင်မြစ်ကမ်းပါးနှင့်ဘုန်းကြီး ကျောင်းမှာ တစ်ပေ (သို့) နှစ်ပေအကွာအဝေးမျှသာ ရှိနေပြီဖြစ်ကြောင့် နေထိုင်၍မရတော့ချေ။

ထို့ကြောင့် ဤမြို့နယ်ရှိ တချို့ကျေးရွာများ၏ နေအိမ်အဆောက်အအုံများနှင့် ပက်သက်ပြီး ပံပိုးကူညီမည်ဆိုပါက အဆောက်အဦးသက်သက်မျှသာမကဘဲ၊ မြေနေရာပါ ပံ့ပိုးကူညီရမည့်အနေအထား၌ရှိနေကြောင်း တွေ့ရှိရလေသည်။

လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ၌လည်းကျေးရွာအများစု၏ရွာတွင်းလမ်းများအားလုံးနီးပါးမှာသဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ပိုင်း ရွှံ့နွံများဖြင့် ဖုံးလွှမ်းကျန်ရစ်ခဲ့လေသည်။ ထို့အပြင် ရွာတွင်းရှိ ခေါင်းကူးမြောင်းကူး တံတားငယ်များလည်း ပျက်စီးယိုယွင်းမှုများရှိကြလေသည်။ ဆိပ်ကမ်းအချို့လည်း ပျက်စီးမှုများရှိသည်ကိုလည်း တွေ့ရှိရပြီးတခြားရွာများနှင့် ဆက်သွယ်ထားသော လမ်းတံတားအချို့လည်းပျက်စီးကြလေသည်။ ထို့အပြင် လမ်းများကိုကန့်လန့်ဖြတ်လျက် ဖောက်လုပ်ထားသောရေပိုက်ခေါင်း(သို့)ရေထွက်ပေါက်များပျက်စီးသည်ကိုတွေ့ရသည်။ထိုသို့ရေထွက်ပေါက်များပြိုပျက် သွားသောကြောင့် လမ်းများမှာ အပိုင်းပိုင်းပြတ်လျက် ကောင်းမွန်စွာအသုံးမပြုနိုင်တော့ပေ။

ထိုသို့ပျက်စီးထိခိုက်မှုများကြောင့်ကူးသန်းသွားလာရေးအတွက်များစွာထိခိုက်ရကြရလေသည်။ကူးသန်းသွားလာရေးထိခိုက် သဖြင့် တခြားကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့်ကဏ္ဍ အသီးသီးသည်လည်းထိခိုက်မှု ရှိမည်ပင်ဖြစ်လေသည်။

ထို့ကြောင့် ဤဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေ ရန်ဆောင် ရွက်ချက်များသည်လည်း အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေလေသည်။ ဤမြို့နယ်နှင့် တခြားမြို့နယ်များသို့ဆက်သွယ်ထားသော လမ်းတံတားအပျက်အစီးများနှင့် ပက်သက်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော စာရင်းဇယားများကို နောက်ဆက်တွဲ -ဇယား (၁၀ ) နှင့် (၁၂)တို့ ၌ အသေးစိတ်ရှုပါ။

**၄.၃ မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေ၊ ရေတွင်းရေကန်၊ နေအိမ်အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

**၄.၃.၁ မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊ အိမ်သာသုံးစွဲမှုအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားခဲ့ရသော မြောက်ဦးမြို့နယ်အတွင်း၌ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၏ ပျက်စီးမှုအခြေအနေများကို အခန်း(၁)တွင် ဖော်ပြထားသော မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပြန်သောမြောက်ဦးမြို့နယ်ရှိကျန်းမာရေးအဆောက်အဦးများပျက်စီးမှုစာရင်းအရ ဆေးရုံ(၂)ရုံနှင့် ဆေးခန်း(၁၁)ခုတို့တွင် အောက်ပါအတိုင်း ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရှိရသည်။

မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍပျက်စီးမှုစာရင်း ဇယား (၄.၉)

| ကျန်းမာရေးဌာနအမည် | ပျက်စီးသည့်အခြေအနေ | ဆုံးရှုံးသည့်ခန့်မှန်းတန်ဖိုး |
|---|---|---|
| ပြားချောင်းကျန်းမာရေးဌာန | အဆောက်အဦး ပျက်စီးမှု<br>ဆေးနှင့်ဆေးပစ္စည်းပျက်စီးမှု | ၄၀ သိန်း<br>၂ သိန်း |
| မင်းရွာကျန်းမာရေးဌာန | အဆောက်အဦးပျက်စီးမှု(ခြံစည်းရိုး)<br>ဆေးနှင့်ဆေးပစ္စည်းပျက်စီးမှု | ၄၀ သိန်း<br>၂ သိန်း |
| ပန်းမြောင်းကျန်းမာရေးဌာန | အဆောက်အဦးနှင့်ခြံစည်းရိုး<br>ဆေးနှင့်ဆေးပစ္စည်း | ၅၀ သိန်း<br>၅ သိန်း |
| မေလွန်းကျန်းမာရေးဌာန | အဆောက်အဦးကြမ်းခင်းပျက်စီးမှု | ၄၀ သိန်း |
| ရွှေကျန်းမာရေးဌာနခွဲ | အဆောက်အဦးပျက်စီးမှု<br>ဆေးနှင့်ဆေးပစ္စည်းပျက်စီးမှု | ၄၀ သိန်း<br>၃ သိန်း |
| မင်းဖူးကျန်းမာရေးဌာနခွဲ | အဆောက်အဦးပျက်စီးမှု<br>ဆေးနှင့်ဆေးပစ္စည်းပျက်စီးမှု | ၄၀ သိန်း<br>၃ သိန်း |
| ကိုင်းကြီးကျန်းမာရေးဌာနခွဲ | အဆောက်အဦးပျက်စီးမှု | ၄၀ သိန်း |
| ကျောက်မော်ကျန်းမာရေးဌာနခွဲ | အလံတိုင် (ခြံစည်းရိုးပျက်စီးဆိုင်းဘိုး) | ၁၅ သိန်း |
| မြို့နယ်ဆေးရုံမင်းပြား | ပင်မဆောင်တံခါးမကြီးအထပ်သားများရေနစ်ခံရ၍ပျက်စီး(တံခါးမကြီး(၁၀) ခု<br>ပင်မဆောင်ပြူတင်းများလေတိုက်ပျက်စီး(ပြူတင်းပေါက်(၁၅)ခု) | ၁၅ - သိန်းကျပ်<br>၁၅ - သိန်းကျပ်<br>၁၅ - သိန်းကျပ် |

| | | |
|---|---|---|
| | ပင်မဆောင်ရုံတာကြမ်းခြင်းရေတိုက်စားပျက်စီး(ပေ-၅၀၀)×အနံ၆' | ၅ - သိန်းကျပ် |
| | ကျားလူနာအဆောင်ပြုတင်းပေါက်ပျက်စီး(ပြုတင်း၈-ခု) | ၅ - သိန်းကျပ် |
| | အမျိုးသမီးလူနာဆောင်ပြုတင်းပေါက်(ပြုတင်းပေါက်၄-ခု) | |
| | သယ်ဘာဆောင်ဟောင်းပြုတင်းပေါက်ပျက်စီး(ပြုတင်း၄-ခု) | ၅ - သိန်းကျပ် |
| တိုက်နယ်ဆေးရုံ(ပန်းမြောင်း) | ကြမ်းခင်းနှင့်နံရံပျက်စီး | ၅၀ - သိန်းကျပ် |
| မြို့နယ်ဆေးရုံ(မင်းပြား) | ခြံစည်းရိုး(၃)ဘက်ပျက်စီး | ၂၀ - သိန်းကျပ် |
| | စုစုပေါင်း | ၄၅၀ သိန်းကျပ် |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဌာန

အထက်ပါဇယား အမှတ် (၄.၉)အရ ပြားချောင်း၊ မင်းရွာ၊ ပန်းမြောင်း၊ ရွှေကျန်၊ မင်းဖူးစသည့် ကျန်းမာရေးဌာနများတွင် အဆောက်အဦးပျက်စီးမှုသာမက၊ ဆေးနှင့် ဆေးပစ္စည်းပျက်စီးမှုများလည်း ရှိကြောင်းသိရှိရသည်။ တခြားသော ဒေသများ တွင်ကား အဆောက်အဦးပျက်စီးမှု တခုတည်းသာရှိသည်ကို တွေ့ရှိရသည်။ အဆိုပါ အဆောက်အဦးများ၊ ဆေးနှင့် ဆေးပစ္စည်းများအားလုံး အပျက်အစီးများ၏ စုစုပေါင်းခန့်မှန်းတန်ဖိုးကုန်ကျငွေမှာ သိန်းပေါင်း (၄၅၀) ခန့်ရှိကြောင်း သိရှိရလေသည်။

မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော (အခန်း(၁)ရှိ စာရင်းအရ) ဤမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုစာရင်းမှာ စုစုပေါင်း (၁၆) ဦးရှိခဲ့ကြောင်း သိရှိရလေသည်။ နောက်ဆက်တွဲ ဇယား(၁)တွင်ဖော်ပြထားသော စာရင်းဇယားများအရ ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးဒဏ်သင့်မြို့နယ်အားလုံး၌ ဘူးသီး တောင်ပြီးလျှင်ဒုတိယလူသေဆုံးမှုအများဆုံးမြို့နယ်တစ်ခုဖြစ်ကြောင်းသိရှိရလေသည်။ မိမိတို့လေ့လာနေသောဤမြို့နယ် (၄)မြို့နယ်အတွင်း၌ကား လူသေဆုံးမှု အများဆုံးမြို့နယ်ဖြစ်လေသည်။

ဆက်လက်၍မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏ ကျန်းမာရေးကဏ္ဍတွင် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့ လာတွေ့ရှိချက်များကိုဖော်ပြပါမည်။ ကျန်းမာရေးဆိုင်ရာအဆောက်အဦးနှင့်ပက်သက်၍ကား မိမိတို့လေ့လာခဲ့သော မင်းပြား မြို့နယ်အတွင်းရှိကျေးရွာများ၌မှု (ပြင်ယောင်း ကျေးရွာတစ်ခုမှအပ) ဆေးပန်းခန်း၊ကျေးလက်ကျန်းမာရေးဌာန စသည့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများမရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ အပျက်အစီးအခြေအနေနှင့် ပက် သက်ပြီးမည်သည့်တင်ပြချက်ကိုမျှမပြုလုပ်နိုင်ပေ။အဆိုပါ ပြင်ယောင်းကျေးရွာဆေးပေးခန်း၏ အဆောက်အဦးသည်ကား ပျက်စီးယိုယွင်းမှုများရှိသည်ဟုမကြားသိခဲ့ရချေ။ အဆိုပါဒေသများရှိကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေ အနေများနှင့်ပက်သက်ပြီး အောက်ပါ ဇယားအမှတ် (၄.၁၀) တွင် ယှဉ်တွဲလေ့လာနိုင်ပေသည်။

မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေအနေများ ဇယား (၄.၁၀)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | ဆေးပေးခန်း/ ကျန်းမာရေးဌာန အခြေအနေ | သဘာဝဘေးအန္တရာယ်ကျရောက်ပြီး၊ ကျန်းမာရေးနှင့်ပက်သက်သော ကူညီထောက်ပံ့မှုများရရှိမှုအခြေအနေ | သဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ဆက်တွဲ အခြေအနေ | အိမ်သာသုံးစွဲမှုအခြေအနေ |
|---|---|---|---|---|---|
| ၁။ အိုးပျဉ်ထောင် (အိုးပျဉ်ထောင် အုပ်စု) | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | ဆေးပေးခန်း မရှိ။<br><br>အရံသားဖွားဆရာမတစ်ဦး ရှိ။ | အရပ်ဖက် ကျန်းမာရေးအဖွဲ့အစည်းများမှ ပံ့ပိုးကူညီရန်ရောက်ရှိခဲ့။ (မေတ္တာရှင်းမြစ်၊ မိုးကောင်း၊ MRA) အစိုးရစစ်တပ်မှနယ်လှည့်ကျန်းမာရေး အဖွဲ့မှလည်းရောက်ရှိခဲ့။ | လူကြီး/လူငယ်များ၌ အရေပြားရောဂါဖြစ်ပွားလျက်ရှိ။ (အရေပြားပေါ်၌အနက်ရောင်အစက်အပြောက်များ ဖြစ်ပေါ်) ကလေးငယ်အချို့ ဝမ်းလျှောရောဂါဖြစ်ပွားလျက်ရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br><br>(အိမ်သာများပျက်စီးမှုများရှိ။) |
| ၂။ ပြင်ယောင်း (ပြင်ယောင်း အုပ်စု) | လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | ဆေးပေးခန်း တစ်ခု ရှိ။ အရန်သားဖွားဆရာမတစ် ဦးရှိ။ | အစိုးရစစ်တပ်မှနယ်လှည့်ကျန်းမာရေးအဖွဲ့မှ လည်းရောက်ရှိခဲ့။ | အယောက်(၆၀)ခန့်ကိုယ်လက်ထုံ ကျင်ကိုက်ခဲများကို ခံစားနေရ။<br><br>အယောက်(၁၀)၊(၂၀)ခန့်အရေပြားရောဂါ ဖြစ်ပွား လျက်ရှိ။ (အရေပြားပေါ်၌အနက်ရောင်အစက်အပြောက် များ ဖြစ်ပေါ်) ကလေးငယ်အယောက် (၃၀)ခန့် ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ (၂၀ ခန့်သာရှိ။) |
| ၃။ ချင်းဆိပ် (သတိုး အုပ်စု) | လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | ဆေးပေးခန်း မရှိ။ (ကျန်းမာရေးအတွက် ဒုံးသားရွာသို့ သွားရောက်သည်။) | | ဝမ်းရောဂါဖြစ်ပွားသူများ အနည်းငယ်ရှိ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| ၄။ မြင်းတင်မ (တပ်ရာ အုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ဆေးပေးခန်း မရှိ။<br><br>(ကျန်းမာရေးအတွက် မင်းပြားမြို့သို့ သွားရောက်သည်။) | | ဌက်ဖျားရောဂါဖြစ်ပွားသူ အနည်းငယ်ရှိ။ အရေပြားရောဂါဖြစ်ပွားသူ (၃) ဦးရှိ။ (အရေပြားပေါ်၌အနက်ရောင်အစက်အပြောက် များ ဖြစ်ပေါ်) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု မရှိသလောက် အခြေအနေ။ |
| ၅။ တောင်ပုတ္တေ (ဖုံသာအုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ဆေးပေးခန်း မရှိ။ (ကျန်းမာရေးအတွက် ကျောက်မော် ဆေးပေးခန်းသို့သွားရော က်ရသည်။) | အရပ်ဖက် ကျန်းမာရေးအဖွဲ့အစည်းများမှ ပံ့ပိုးကူညီရန်ရောက်ရှိခဲ့။ (ဝေသန္တရာနှင့် ရေဘေးကယ်ဆယ်ရေးပရဟိတလူငယ် များ ကျန်းမာရေးစောင့်ရှောက်မှု) | အရေပြားရောဂါဖြစ်ပွားသူ အချို့ရှိ။ (အရေပြားပေါ်၌အနက်ရောင်အစက်အပြောက် များ ဖြစ်ပေါ်)<br><br>နာဖျားမှုများဖြစ်ပွားလျက်ရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု မရှိသလောက် အခြေအနေ။ |

| | | | | | |
|---|---|---|---|---|---|
| | | သားဖွားဆရာမတစ်ဦးရှိ။ | အစိုးရစစ်တပ်မှနယ်လှည့်ကျန်းမာရေး အဖွဲ့မှလည်းရောက်ရှိခဲ့။ | | |
| **၆။ တံခွန်တိုင် (သတိုးအုပ်စု)** | လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | ဆေးပေးခန်း မရှိ။<br>(ကျန်းမာရေးအတွက် ဒုံးသာဆေးပေးခန်းသို့သွား ရောက်ရသည်။)<br><br>သားဖွားဆရာမတစ်ဦးရှိ။ | အစိုးရစစ်တပ်မှနယ်လှည့်ကျန်းမာရေး အဖွဲ့မှရောက်ရှိခဲ့။ | အဖေးမိဝမ်းလျှော၊ဝမ်းပျက်ရောဂါဖြစ်ပွားသူ အချို့ရှိ။ (အထူးသဖြင့် လူငယ်များ။)<br><br>အရေပြားရောဂါဖြစ်ပွားသူ (၄) ဦး (၅)ဦးခန့်ရှိ။ (အရေပြားပေါ်၌အနက်ရောင်အစက်အပြောက် များ ဖြစ်ပေါ်) | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၇။ သလူချောင်း (ဖုံသာအုပ်စု)** | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | ဆေးပေးခန်း မရှိ။<br><br>(ကျန်းမာရေးအတွက် ကျောက်မော်ဆေးပေးခန်း (သို့) မင်းပြားမြို့ပေါ်သို့သွား ရောက်ရသည်။) | | ဌက်ဖျားရောဂါ အဖြစ်များသည်။ ဖျားနာ၊ ချောင်းဆိုး၊ အသဲရောင်အသားဝါရောဂါများ အဖြစ်များ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု မရှိသလောက် အခြေအနေ။ |
| **၈။ ခေါင်းလောင်း (ရွာဟောင်း) (ရွာပြင်အုပ်စု)** | လူဦးရေ - ၅၅၈<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - | ဆေးပေးခန်း မရှိ။<br>(ကျန်းမာရေးအတွက် မင်းပြားမြို့ပေါ်သို့သွား ရောက်ရသည်။) | ပုဂ္ဂလိက ကျန်းမာရေးအဖွဲ့များမှ လာရောက်ကုသပေးခဲ့။ | ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ကိုယ်လက် ထုံကျင် ကိုက်ခဲသည့် ရောဂါများဖြစ်ပေါ်လျက်ရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၉။ နရမ်းရွာကြီး (နရမ်းအုပ်စု)** | လူဦးရေ - ၅၅<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | ဆေးပေးခန်း မရှိ။<br>(ကျန်းမာရေးအတွက် မင်းပြားမြို့ပေါ်သို့သွား ရောက်ရသည်။) | | ဖျားနာ၊ ဝမ်းပျက် ဝမ်းလျှောရောဂါများဖြစ်ပွားမှုရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။ |
| **၁၀။ နရမ်းဇီဂို (နရမ်းအုပ်စု)** | လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | ဆေးပေးခန်း မရှိ။<br>(ကျန်းမာရေးအတွက် မင်းပြားမြို့ပေါ်သို့သွား ရောက်ရသည်။) | | ကလေးငယ်များ နာဖျားမှုများဖြစ်ပွားလျက်ရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br><br>အိမ်သာအပျက်အစီးများရှိ။ အိမ်သာတွင်းများပျက်စီး။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ်(၄.၁၀)အရ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ပိုင်း မင်းပြားမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးအခြေအနေများကိုလေ့လာကြည့်ပါကလူကြီးလူငယ်များ၌အရေပြားရောဂါများဖြစ်ပွားခြင်း(အရေပြားပေါ်၌အနက်ရောင် အစက်အပြောက်များ ဖြစ်ပေါ်ခြင်း) ကလေးငယ်အချို့ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခြင်းနှင့်အတူ တခြားသောရောဂါများဖြစ်သည့် ဌက်ဖျားရောဂါများဖြစ်ပွားခြင်း၊ အသဲရောင်အသားဝါရောဂါများဖြစ်ပွားခြင်းနှင့် ဖျားနာခြင်း၊ အအေးမိနှာစေးချောင်းဆိုးရောဂါများဖြစ်ပွားခြင်း၊ ကိုယ်လက်ထုံကျင်ကိုက်ခဲခြင်းများ ဖြစ်ပေါ်ခြင်း၊စသည့်တို့ကို တွေ့ရှိရသည်။

ဤမြို့နယ်၌လည်း တချို့ကျေးရွာများသို့ နယ်လှည့်ဆရာဝန်အဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှူရှင်အဖွဲ့အစည်းများ၏ ဆေးဝါးထောက်ပံ့မှုများစသည်ဖြင့်ပံ့ပိုးကူညီမှုများရှိခဲ့သော်လည်း၊ တချို့ကျေးရွာများတွင်ကားကျန်းမာရေးဆိုင်ရာအထောက်အပံ့ များနှင့်ဝေးကွာလျက်ပင်ရှိသည်ကို တွေ့ရှိရသည်။

မင်းပြားမြို့နယ်အတွင်းမိမိတို့လေ့လာခဲ့သော ကျေးရွာ(၁၀)ရွာအနက် ပြင်ယောင်းကျေးရွာတခုတည်း၌သာဆေးပေးခန်းရှိလေသည်။ယင်းဆေးခန်းတွင် သူနာပြုဆရာမ(၁)ဦးတည်းသာရှိလေသည်။ အခန်း(၁)တွင် ဖော်ပြထားသော မင်းပြားမြို့နယ်၏ ဒေသန္တရအချက်အလက်များအရ မင်းပြားမြို့နယ်တစ်ခုလုံး၌ ကျေးရွာအုပ်စုပေါင်း (၆၂) အုပ်စုရှိကာ၊ ကျေးရွာ စုစုပေါင်း ၂၄၆ ရွာရှိသည့်အနက် ကျန်းမာရေးကဏ္ဍနှင့်ပက်သက်ပြီး ကုတင်(၂၅)ဆံ့ဆေးရုံ(၁)ရုံ၊ ကုတင်(၁၆)ဆံ့ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာ ရေးဌာန(၆)ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၇)ရုံ၊ တိုင်းရင်းဆေးဌာန(၁)ရုံ၊ မိခင်နှင့်ကလေးဌာန(၁)ခု၊ တီဘီတိုက်ဖျက်ရေးဌာန(၁)ခုတို့အသီးသီးရှိကြသည်။ ထို့ကြောင့် ကျေးရွာအများစုမှာမိမိတို့ရပ်ရွာအတွင်း၌ ဆေးပေးခန်းများ (သို့) ကျေးလက်ကျန်းမာရေးဌာနများ ဖြစ်ပေါ်လာရေးကိုလိုလားမှုများစွာရှိကြကြောင်းတွေ့ရှိရသည်။

ထို့ကြောင့် ယခင်မြို့နယ်များနည်းတူ ဤမြို့နယ်တွင်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးကဏ္ဍ၌ ပံ့ပိုးမည်ဆိုပါကပျက်စီးသွားသောကျန်းမာရေးဆိုင်ရာအဆောက်အအုံများကိုပြန်လည်ပြုပြင်မွမ်းမံရမည်ဖြစ်ရုံသာမက၊ကျန်းမာရေးဆေးပေးခန်းများမရှိသေးသောနေရာများ၌လည်း ဆေးပေးခန်းများဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီမှုများ လိုအပ်မည်ပင်ဖြစ်သည်။ ၄င်းအပြင် ဆေးရုံဆေးခန်းများသို့ အချိန်မှီရောက်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်း မြှင့်တင်ရန်လိုအပ်မည်ဖြစ် သည်။

၄င်းအပြင် ဇယားအမှတ်(၄.၁၀)၌ပင် ရပ်ရွာများအတွင်း အိမ်သာသုံးစွဲမှုအခြေအနေများကို ဖော်ပြထားသည်ဖြစ်ရာ၊ မိမိတို့လေ့လာခဲ့သောကျေးရွာများတွင်အိမ်ခြေအရေအတွက်အားဖြင့် အနည်းဆုံး(၆၄)မှ အများဆုံး(၂၁၉)အိမ်အထိရှိကြမည်ဖြစ်သော်လည်း အိမ်သာအရေအတွက်မှာမူ လက်ချိုးရေတွက်၍ရလောက်အောင် အလွန်နည်းပါး သည်ကိုတွေ့ရှိခဲ့ရသည်။ ယခင်ဖော်ပြခဲ့ပြီးမြို့နယ်များကဲ့သို့ ဘုန်းကြီးကျောင်းများနှင့်စာသင်ကျောင်းများမှအပ နေအိမ်တော်တော်များ၌အိမ်သာသုံးစွဲသည်ကိုမမြင်တွေ့ခဲ့ရချေ။ အဆိုပါရှိစုမဲ့စုအိမ်သာများသည်လည်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိနေပြန်ရာပံ့ပိုးကူညီမှုများများစွာလိုအပ်မည်ဖြစ်သည်။

### ၄.၃.၂ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်အခြေအနေများနှင့် ပံပိုးကူညီရန် လိုအပ်ချက်များ

ဆက်လက်၍ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေတွင်းရေကန်အခြေအနများနှင့်ပက်သက်ပြီး ဆက်လက်လေ့လာကြပါအုံးစို့။ နောက်ဆက်တွဲဇယား(၇)၌ ဖော်ပြထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ထုတ်ပြန်ချက်အရကျောက်တော်မြို့နယ်အတွင်း ကျေးရွာပေါင်း(၁၆၃)ရွာ၌ ရေတွင်းပေါင်း(၅)ခုနှင့် ရေကန်ပေါင်း(၂၅၂)ကန်တို့သည် ရေနစ်မြုပ်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်ဟုသိရှိရလေသည်။ ယင်းတို့အနက် နောက်ဆက်တွဲဇယား(၈)တွင် ဖော်ပြထားချက်အရ ကျေးလက်ဦးစီးဌာနမှ ဆောက်ရွက်ကန်အရေအတွက်မှာ(၉၆)ကန်ဖြစ်ပြီး၊ ကျေးလက်ဦးစီးဌာနနှင့် (တပ်မတော်)ပူးပေါင်းဆောင်ရွက်သည့်ရေကန်မှာ(၁၀၁)ကန်အထိရှိခဲ့ပြီး၊INGOတို့မှဆောင်ရွက်သည့်ရေကန်အရေအတွက်မှာ(၄၄)ကန်ရှိကြောင်းသိရှိရသည်။ ထို့နောက် မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာတွေ့ရှိ ထားသောကျေးရွာ(၁၀)၏ ရေတွင်းရေကန်နှင့် ပက်သက် သော အခြေအနေများကို အောက်ပါ ဇယား (၄.၁၁) တွင် ကြည့်ရှုလေ့လာနိုင်လေသည်။

**မင်းပြားမြို့နယ်အတွင်း ကျေးရွာ (၁၀) ရွာရှိ ရေတွင်းရေကန်အခြေအနေများ ဇယား (၄.၁၁)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | သဘာဝဘေးဒဏ်ကြောင့် ရေတွင်း/ရေကန်ထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ အိုးပျဉ်ထောင် (အိုးပျဉ်ထောင်အုပ်စု) | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | ကန် (၃) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် | (၂) ကန်ကို သန့်ရှင်းရေးလုပ်ထားပြီးဖြစ်။ မိုးရေကိုအဓိက အားထားသောက်သုံး။ ရွာအနီးအနားရှိ တောတောင်များမှ စိမ့်စမ်းရေများကို သောက်သုံး။ | မိုးရွာသွန်းမှုနည်းပါးလျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| ၂။ ပြင်ယောင်း (ပြင်ယောင်း အုပ်စု) | လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | ကန် (၄) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် | (၁) ကန်ကို သန့်ရှင်းရေးလုပ်ထားပြီးဖြစ်။ လက်ယက်တွင်းများ တူး၍ သောက်သုံး။ မိုးရေကို အားထားသောက်သုံး။ | လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| ၃။ ချင်းဆိပ် (သတိုး အုပ်စု) | လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | ကန် (၃) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် | ပျက်စီးသွားသော ရေကန်(၂) ကန်ကို ပြုပြင်မွမ်းပြီး။ မြစ်ရေကို သုံးရေအဖြစ်သုံး မိုးရေကို သောက်သုံး။ | မိုးရွာသွန်းမှုနည်းပါးလျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| ၄။ မြင်းတင်မ (တပ်ရာ အုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ကန် (၃) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် | ပျက်စီးသွားသော ရေကန်များ ကို ပြုပြင်မွမ်းပြီး။ ယင်းကန်များမှပင် သုံးယူသောက်သုံး။ | မိုးရွာသွန်းမှုနည်းပါးပါက လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ အဝိစိရေတွင်းတူးဖော်လို။ |
| ၅။ တောင်ပုတ္တော (ဖုံသာအုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ရေကန် (၂) ကန်၊ ရေတွင်း (၂)တွင်းရှိသည့် အားလုံး ပျက်စီး | ကျေးလက်မှ ရေကန် (၁) ကန်ကိုပြုပြင်ပြီးဖြစ်။ မိုးရေကို အားထားသောက်သုံး။ | မိုးရွာသွန်းမှုနည်းပါးလျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| ၆။ တံခွန်တိုင် (သတိုးအုပ်စု) | လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | ကန် (၃) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် | ရေကန် (၁) ကန်ကိုပြုပြင်ပြီးဖြစ်။<br><br>ရွာအနီးအပတ်ဝန်းကျင်ရှိ တောတောင်များမှ စိမ့်စမ်းရေများကို သွားရောက် | မိုးရွာသွန်းမှုနည်းပါးပါက လာမည့် နွေရာသီ၌သောက်သုံးရေ အခက်အခဲရှိနိုင်။ |

| | | | | |
|---|---|---|---|---|
| | | | ခပ်ယူ သောက်သုံး။ | |
| **၇။ သလူချောင်း (ဖုံသာအုပ်စု)** | လူဦးရေ - ၆၀၁<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | ကန် (၃)ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ်ပျက်စီး | ရေကန် (၂) ကန်ကိုပြုပြင်ပြီးဖြစ်။ ရွာအနီးအပတ်ဝန်းကျင်ရှိ တောတောင်များမှ စမ်းရေများကိုသောက်သုံး | မိုးရွာသွန်းမှုနည်းပါးပါက လာမည့် နွေရာသီ၌သောက်သုံးရေ အခက်အခဲရှိနိုင်။ |
| **၈။ ခေါင်းလောင်း (ရွာဟောင်း)**<br><br>**(ရွာပြင်အုပ်စု)** | လူဦးရေ - ၅၅၈<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - | ကန် (၄)ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ်ပျက်စီး။ | ကျေးလက်မှ (၂) ကန်ကို ပြုပြင်ထား။ ကျန် (၂) ကန်ကို ဆေးဖြန်း၍ သုံးစွဲ။ (၂) မိုင်ခန့်ဝေးသော တခြားရွာမှ သွားရောက်ခပ်ယူသောက်သုံးရသည်။ | မိုးရွာသွန်းမှုနည်းပါးပါက လာမည့် နွေရာသီ၌သောက်သုံးရေ အခက်အခဲရှိနိုင်။ |
| **၉။ နရမ်းရွာကြီး (နရမ်းအုပ်စု)** | လူဦးရေ - ၅၅<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | ကန် (၆)ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ်ပျက်စီး။ | ကျေးလက်မှ (၁) ကန်ကို ပြုပြင်ထား။ မိုးရေကို အားထားသောက်သုံး။ | လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| **၁၀။ နရမ်းဇီဝါ (နရမ်းအုပ်စု)** | လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | ကန် (၄)ကန်ရှိ သည့်အနက် ကန် (၃)ကန်အား ချောင်းရေ/နွံများဖြင့်နစ် မြုပ်ပျက်စီး။ | ကျေးလက်မှ (၁)ကန်ကို ပြုပြင်ပြီး။ ကိုယ်ထူကိုယ်ထ (၂)ကန်ကို ပြုပြင်ပြီး။ မိုးရေကို သောက်သုံး။ အနီးအနားရွာများမှ သွားရောက်ခပ်ယူသောက်သုံး။ | မိုးရွာသွန်းမှုနည်းပါးပါက လာမည့် နွေရာသီ၌သောက်သုံးရေ အခက်အခဲရှိနိုင်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ်(၄.၁၁)ကို လေ့လာကြည့်ပါက မိမိတို့လေ့လာခဲ့သော ရွာ (၁၀)ရွာ၌ ရွာများအားလုံးရှိ ရေတွင်း ရေကန်အားလုံးနီးပါးမှာသဘာဝဘေးဒဏ်ကြောင့်ပျက်စီးမှုများရှိခဲ့သည်ကိုတွေ့ရှိရသည်။ ပျက်စီးမှုပုံစံမှာ ယခင်မြို့နယ်များ ၌ ဖြစ်ပွားခဲ့သကဲ့သို့ ရွှံ့နွံများ၊ ချောင်းရေ၊မြစ်ရေစသည်တို့ ဝင်ရောက်သွားကြခြင်းကြောင့် လည်းကောင်း၊ သဘာဝဘေး အန္တရာယ်ကျရောက်စဉ်ကာလအတွင်း ကျွဲနွားတိရစ္ဆာန်များသည် ကုန်းမြေမြင့်ရာဆီသို့မှီခိုလိုသဖြင့် အဆိုပါရေတွင်းရေကန် များ၏ကန်ဘောင်များပေါ်၌ အစုလိုက်အပြုံလိုက်စတည်းချကြသည်ဖြစ်ရာ၊ ယင်းကျွဲနွားတိရစ္ဆာန်များ၏မစင်အညစ်အကြေး များ ကြောင့်လည်းကောင်း ရေတွင်းရေကန်တို့ သည် ညစ်ညမ်းခြင်းအဖြစ်သို့ရောက် ရခြင်းဖြစ်၏။

ယခုအခါအဆိုပါနစ်မြုပ်ပျက်စီးသွားသော ရေတွင်းရေကန်အချို့ကို ကျေးလက်ဖွံ့ဖြိုးရေးဌာနမှအကူအညီဖြင့် သော်လည်း ကောင်း၊တခြားသော ပုဂ္ဂလိကအဖွဲ့အစည်းအလှူရှင်များမှပံ့ပိုးမှုဖြင့်သော်လည်းကောင်း၊ ရပ်ရွာလူထု၏ကိုယ်ထူကိုယ်ထ စနစ်ဖြင့်သော်လည်းကောင်း ပြုပြင်မွမ်းမံမှုများပြုလုပ်လျက်ရှိသကဲ့သို့၊ အချို့မှာ မွမ်းမံပြီးဖြစ်သည်။ ပြုပြင်မွမ်းမံရသည့်လုပ် ငန်းစဉ်မှာစင်စစ်မလွယ်ကူလှချေ၊ရေတွင်းရေကန်များမှရေကိုရေစုပ်စက်ဖြင့်ထုတ်ယူဖယ်ရှားရသည့်အပြင်ကျန်ရစ်ခဲ့သော သဲများ၊ရွှံ့နွံများကိုလည်းတူးဖော်ရသေးသည်။ အဆိုပါတူးဖော်ပြီးသော ရေတွင်းရေကန်များ၌ ရေသန့်ရေကြည်များပြန်လည် ရရှိရေးမှာကား မိုးကိုသာအားကိုးနေကြရသည်။ အကယ်၍ မိုးနှောင်း၌ မိုးရေချိန်နည်းပါးပါက ရေရှားပါးမည့်အခြေအနေကို မုချကြုံတွေ့ကြရမည်ဖြစ်သည်။

သောက်သုံးရေနှင့်ပက်သက်သောအခက်အခဲကိုယခုလတ်တလောယာယီအနေဖြင့်အရေးပေါ်ကယ်ဆယ်ရေးအလှူရှင်များမှလှူဒါန်းထားသောရေသန့်များဖြင့်သော်လည်းကောင်း၊ အလှူရှင်များထံမှရရှိသော တာလပတ်များဖြင့်မိုးရေများကိုခံယူသောက်သုံး၍သော်လည်းကောင်း၊ရေအခက်အခဲနှင့်ပက်သက်ပြီးယာယီဖြေရှင်းထားရှိမှုများရှိကြသည်ကိုတွေ့ရှိရသည်။ တချို့ကျေးရွာများတွင်ကားရေမြုပ်ပျက်စီးသွားသည့်ရေကန်များအနက်မှတချို့ရေကန်များကိုလည်းမပြုပြင်ဘဲသည်အတိုင်းထားကာယင်းရေကိုပင်သောက်သုံးရန်စိတ်ကူးကြ၏။ယင်းကြောင့်တချို့ကျေးရွာများတွင်ရေမြုပ်ပျက်စီးသွားသည့်ရေကန်အားလုံးကိုမပြုပြင်လိုဘဲ၊ တချို့တဝက်ကိုသာပြုပြင်ကြ၏။ ထို့ကြောင့် အဆိုပါရေတွင်းရေကန်များမှရေများကို သုံးစွဲရန်အတွက်ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိမှာမေးခွန်းထုတ်စရာဖြစ်နေသည်။ တချို့ကျေးရွာများတွင်မြစ်ရေကိုသုံးရေအဖြစ် သုံးစွဲကြပြီး၊ သောက်သုံးရေအတွက်မူ အနီးအနားကျေးရွာများမှ ရေတွင်းရေကန်များကို အားထားကြရသည်။ ပန်းမြောင်းကြီးချောင်းနှင့် ဖုံသာချောင်းအနီးတဝိုက်ရှိ ကျေးရွာများရှိအချို့ကျေးရွာများ(အိုးပျဉ်ထောင်း၊တံခွန်တိုင်၊သလူချောင်း)သည် ရွာနှင့်မနီးမဝေးရှိတောတောင်များမှစမ်းချောင်းရေများကိုခပ်ယူသောက်သုံး၍ရေပြဿနာကိုဖြေရှင်းကြရသည်။

ထို့ကြောင့်ယခင်မြို့နယ်များသကဲ့သို့ မင်းပြားမြို့နယ်အတွင်း ရေတွင်းရေကန်များနှင့်ပက်သက်ပြီး ထောက်ပံ့ကူညီမှုများပြုလုပ်မည်ဆိုပါက ညစ်ညမ်းသွားသည့် ရေကန်အချို့ကို ပြန်လည်ပြုပြင် တူးဖော်မှုများပြုလုပ်ရုံသာမက၊ ကျန်ရစ်ခဲ့သည့်ရေတွင်းရေကန်များအား သုံးစွဲရန်သင့်မသင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးချက်များပြုလုပ်ခြင်း၊ လာမည့်နွေရာသီ၌ ရေမရှားပါးစေရန်အတွက်အဝီစိရေတွင်းတူးဖော်နိုင်သောနေရာများ၌ အဝီစိရေတွင်း တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေစသည်တို့အားရေတွင်းရေကန်များသို့ရေစုတ်စက်များဖြင့် ရေဖြည့်နိုင်ရန်အတွက်ရေစုပ်စက်များနှင့်ရေပိုက်များပံ့ပိုးပေးခြင်းစသည်တို့ ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သကဲ့သို့ ရေသန့်စက်များပံ့ပိုးကူညီနိုင်ပါကလည်း များစွာအထောက်အကူဖြစ်မည် ဖြစ်လေသည်။

(မှတ်ချက် ။ ။ဤဒေသတွင် ကျောက်တော်နှင့်မြောက်ဦးမြို့နယ်ရှိ တချို့ကျေးရွာများကဲ့သို့ မြစ်ချောင်းများမှရေကိုသောက်သုံးသောအလေ့အထမရှိကြချေ။ သုံးရေအဖြစ်သာအသုံးပြုကြသည်။ရေသန့်ဆေးပြားများကိုကားအနည်းစုကသာသောက်သုံးကြ၍၊ အများစုမှာ အနံ့အသက်ကြောင့် မသောက်သုံးလိုကြဟု ကြားသိရလေသည်။)

ထို့အပြင်ရေကန်အချို့ကို ပြန်လည်တူးဖော်ပြုပြင်ရာ၌လည်း စနစ်တကျဖြင့်ထိထိရောက်ရောက်လုပ်ဆောင်ရန်လိုအပ်လေသည်။ ဖုံသာချောင်းထဲမှ ကျေးရွာတရွာဖြစ်သော တံခွန်တိုင်ကျေးရွာ၌ အဖွဲ့အစည်းတခုမှ ရေကန်များရှိရေများကိုစုပ်ထုတ်ရန် ရေစုပ်စက်ဖြင့် ပံပိုးကူညီရာတွင်၊ ကျေးရွာမှ ရေစုတ်စက်မောင်းရန် ဓါတ်ဆီစရိတ်များကျခံခဲ့ရပြီး၊ ရေကန်ထဲမှရေများအားလုံးကို မစုပ်ထုတ်နိုင်ခဲ့ဘဲ တဝက်တပျက်ဖြင့် ရပ်တန့်ထားခဲ့ကြောင်းသိရှိရသည်။ အဆိုပါအဖွဲ့အစည်းမှာတစ်ရွာပြီးမှ တစ်ရွာဇောက်ချမလုပ်ဘဲ၊ သည်ရွာ၌နည်းနည်းထိုရွာ၌နည်းနည်းလုပ်နေသဖြင့် အမှန်တကယ် ထိထိရောက်ရောက်မရှိခဲ့ကြောင်း တံခွန်တိုင်ကျေးရွာမှ ရပ်မိရပ်ဖများ၏ ပြောစကားအရကြားသိရသည်။ ထို့ကြောင့်ရေတွင်းရေကန်အရေအတွက်မည်မျှကိုပံပိုးကူညီခဲ့သည်ထက်၊ အရေအသွေးမည်ရွေ့မည်မျှထိထိရောက်ရောက်ဖြင့် ပံ့ပိုးကူညီနိုင်ခဲ့သနည်းမှာ ပိုမို၍ အရေးပါမည်ဖြစ်လေသည်။

**၄.၃.၃ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၏ နေအိမ်အဆောက်အအုံနှင့် လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ အခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

ဆက်လက်၍မင်းပြားမြို့နယ်အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် လမ်းတံတားအခြေအနေများနှင့် ပက်သက်ပြီးလေ့လာကြပါစို့။အခန်း(၁)ရှိ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ၌ ဖော်ပြထားသကဲ့သို့ မင်းပြားမြို့နယ်အတွင်း

နေအိမ်ပေါင်း (၁၂၀၀)အိမ်တို့ပျက်စီးမှုများရှိခဲ့ပြီး၊ ယင်းတို့အနက် (၄၄၈) အိမ်မှာ အမိုးအကာများပျက်စီးခြင်းဖြစ်ကြပြီး၊ (၇၅၂)အိမ်တို့မှာ တစ်အိမ်လုံးပျက်စီးခဲ့ကြောင်းဖော်ပြထားရှိလေသည်။ ထို့အပြင် လမ်းတံတားအနေဖြင့် ကျောက်/မြေသား လမ်း(မိုင်)ပေါင်း(၁၈.၅)မိုင်၊(၂၀)ပေအောက်တံတား(၁၂)စင်း၊ ပေ(၄၀)အောက်တံတား(၂)စင်းနှင့် ပေ(၄၀)အထက်တံတား (၂)စင်းတို့ဖြစ်ကြောင်းတွေ့ရှိရလေသည်။

မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခဲ့ကြသော မင်းပြား မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက် အအုံများနှင့်လမ်းပမ်းဆက်သွယ်ရေးအခြေအနေများကိုအောက်ပါဇယားအမှတ်(၄.၁၂)တွင်ဆက်လက်လေ့လာကြပါအံ့းစို့။

ဇယားအမှတ် (၄.၁၂) အရ မိမိတို့လေ့လာခဲ့သော ကျေးရွာ (၁၀)ရွာ၌ နေအိမ်ပျက်စီးမှုအခြေအနေများမှာ အနည်းဆုံး (၂)အိမ်မှ အများဆုံး (၃၂)အိမ်အထိ လုံးဝပျက်စီးခဲ့ကြပြီး၊ တဝက်တပျက် ပျက်စီးသွားခဲ့သော နေအိမ်အရေအတွက်မှာ အနည်းဆုံး(၅)အိမ်မှအများဆုံးအိမ်ပေါင်း(၂၆)အထိပျက်စီးမှုရှိခဲ့ကြောင်းတွေ့ရှိရသည်။ အဆိုပါနေအိမ်ပျက်စီးမှုများ ရှိခဲ့သူ

မင်းပြားမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက်အအုံများနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ဇယား(၄.၁၂)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ/ အိမ်ထောင်စု | သဘာဝဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးထိခိုက်မှုအခြေအနေ ( ရွာတွင်းရှိလမ်း၊တံတားများအခြေအနေ/ အခြားဒေသများနှင့်ဆက်သွယ်ထားသောလမ်း၊တံတားများအခြေအနေ) | အဆောက်အဦး ပျက်စီးမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ အိုးပျဉ်ထောင် (အိုးပျဉ်ထောင်အုပ်စု) | လူဦးရေ - ၁၁၇၆<br>အိမ်ခြေ - ၂၁၉<br>အိမ်ထောင်စု - ၁၃၇ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br><br>ရွာဆက်လမ်း များပျက်စီး။ ( လက်မ၊ ပြင်ယောင်း စသည့် ရွာများနှင့် ဆက်သွယ်ထားသော ရွာဆက်လမ်းအချို့ ပျက်စီး။ | လုံးဝပျက်စီး - နေအိမ် (၅)ဆောင် ဘုန်းကြီးကျောင်း သိမ် အမိုးပျက်စီး။ | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၂။ ပြင်ယောင်း (ပြင်ယောင်း အုပ်စု) | လူဦးရေ - ၈၂၇<br>အိမ်ခြေ -<br>အိမ်ထောင်စု - | ရွာဆက်လမ်း များပျက်စီး။ ( ပြင်ယောင်း - ပန်းမြောင်း - မင်းဖူး စသည့် ရွာဆက်လမ်းအချို့ ပျက်စီး။ အထူးသဖြင့် အဆိုပါလမ်းများကို ဖြတ်သန်း စီးဆင်းသွားသော ချောင်းပြန်ခေါင်း(သို့)ရေထွက်ပေါက်(၅)ခုမှာ အရွယ်အစားသေးငယ်မှုကြောင့် ရေစီးအရှိန်ဖြင့် လမ်းများပျက်စီးသွားခြင်းဖြစ်။) | လုံးဝပျက်စီး - နေအိမ် (၃၂)ဆောင် | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၃။ ချင်းဆိပ် (သတိုး အုပ်စု) | လူဦးရေ - ၅၂၈<br>အိမ်ခြေ - ၁၂၆<br>အိမ်ထောင်စု -၁၂၁ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။ | လုံးဝပျက်စီး - နေအိမ် (၃)ဆောင် | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၄။ မြင်းတင်မ (တပ်ရာ အုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br><br>ရွာတွင်းရှိ တံတား (၂) ခုပျက်စီး။<br>( ၁ - ခုမှာ ရေနှင့်မျောပါ၊ နောက် (၁)ခုမှာ ပျက်စီး။ အဆိုပါတံတားများမှာ ရပ်ရွာအတွက်အလွန်အရေးပါသော တံတားများဖြစ်။ ပြုပြင်ရန်အကူအညီလိုအပ်။) | အနည်းငယ်ပျက်စီး - နေ အိမ် (၂၆) ဆောင် | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ယာယီ ပြုပြင်ပြီးနေထိုင်ကြသည်။ |
| ၅။ တောင်ပုတ္တေ (ဖုံသာအုပ်စု) | လူဦးရေ - ၇၃၀<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု -၁၈၅ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။ | ခေါင်မိုးများပျက်စီး - နေ အိမ် (၅) ဆောင် | ယာယီ ပြုပြင်ပြီးနေထိုင်ကြသည်။ |
| ၆။ တံခွန်တိုင် (သတိုးအုပ်စု) | လူဦးရေ - ၅၅၆<br>အိမ်ခြေ - ၁၃၀<br>အိမ်ထောင်စု -၁၃၀ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br>ရွာတွင်းရှိ တံတား (၂) စင်းပျက်စီး။ (ကိုယ်ထူကိုယ်ထ ယာယီပြုပြင်ထားရှိ။)<br>ရွာဆက်လမ်းများပျက်စီး။ ( တံခွန်တိုင် - ဒုံးသား - ရွှေကျန်သို့ ဆက်သွယ်ထားသော ရွာဆက်မြေသားလမ်းမကြီး ပေ ၈၀ ခန့်ပျက်စီး။)<br>ရွာရှိ ဆိပ်ကမ်းပျက်စီး။ | လုံးဝပျက်စီး - နေအိမ် (၁)ဆောင် | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |

| | | | | |
|---|---|---|---|---|
| **၇။ သလူချောင်း (ဖုံသာအုပ်စု)** | လူဦးရေ - ၆၀၀<br>အိမ်ခြေ - ၁၂၀<br>အိမ်ထောင်စု -၁၃၀ | ရွာတွင်းရှိ တံတားငယ် တစ်စင်းပျက်စီး။ | | |
| **၈။ ခေါင်းလောင်း (ရွာဟောင်း)**<br><br>**(ရွာပြင်အုပ်စု)** | လူဦးရေ - ၅၅၈<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - | ရွာတွင်းရှိ တံတားငယ် (၄) စင်းပျက်စီး။ (ရွာတွင်းရှိ လမ်းများ ရွှံ့နွံများထူထပ်စွာဖုံးလွှမ်း နေမှုကြောင့် အဆိုပါ တံတားများအားပြုပြင်ရန် အတွက် အုတ်၊ကျောက်များ သယ်ယူရန်ခက်ခဲ။)<br><br>( ရာမောင်မှ ခွဆုံရွာအထိ ကားလမ်းဖောက်လုပ်ရန် အစိုးရမှ အစီအစဉ်ချမှတ်ထားပြီးဖြစ်။ သို့သော် ယင်းလမ်းဖောက်လုပ်ရန် မြေနေရာကို ဒေသခံများမှ အကုန်အကျခံရမည်။ ခန့်မှန်းခြေ ၁၂၈ သိန်းခန့်။) | အနည်းငယ်ပျက်စီး - နေ အိမ် (၂၆) ဆောင် | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ယာယီ ပြုပြင်ပြီးနေထိုင်ကြသည်။ |
| **၉။ နရမ်းရွာကြီး (နရမ်းအုပ်စု)** | လူဦးရေ - ၅၅<br>အိမ်ခြေ - ၁၆၅<br>အိမ်ထောင်စု - | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br>ရွာတွင်းရှိ တံတားငယ် (၅) စင်းပျက်စီး။<br><br>ရေမြောင်းများ ရွှံ့နွံ့ အမှိုက်များဖုံးလွှမ်းနေ၍ ရေစီးရေလာအဆင်မပြေ။ စက်ကိရိယာများဖြင့် ရေမြောင်းများ ဖောက်လုပ်ရန်လိုအပ်။ | လုံးဝပျက်စီး - နေအိမ် (၁၀)ဆောင်<br>အိမ်နံရံများပျက်စီး - နေအိမ် (၁၀)ဆောင် | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| **၁၀။ နရမ်းဇီဝါ (နရမ်းအုပ်စု)** | လူဦးရေ - ၂၉၄<br>အိမ်ခြေ - ၆၄<br>အိမ်ထောင်စု - | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br><br>ချောင်းငယ်၊ မြောင်းငယ်၊ ရေမြောင်းများ ရွှံ့နွံ့ အမှိုက်များဖုံးလွှမ်းနေ၍ ရေစီးရေလာအဆင်မပြေ။ စက်ကိရိယာများဖြင့် ရေမြောင်းများ ဖောက်လုပ်ရန်လိုအပ်။ | လုံးဝပျက်စီး - နေအိမ် (၄)ဆောင် | ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

များသည် နေရေးထိုင်ရေးအခက်အခဲအား လတ်တလောဖြေရှင်းချက်အနေဖြင့် ယခုအချိန်၌ ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏အိမ်၌နေထိုင်၍သော်လည်းကောင်း၊ ဖြေရှင်းနေကြရကြောင်းသိရှိရသည်။ နေအိမ်အဆောက်အအုံများနှင့်ပက်သက်ပြီး ဤမြို့နယ်၌ ယခင်မြို့နယ်များကဲ့သို့ပင်ပုံပိုးကူညီမှုများထင်ထင်ရှား ရှားမတွေ့ရှိခဲ့ရချေ။

အချို့ကျေးရွာများတွင်သာသနိက အဆောက်အအုံများဖြစ်သော ဘုန်းကြီးကျောင်းများ၌လည်းကောင်းခေါင်မိုးများပျက်စီးခြင်းစသည့်ထိခိုက်မှုအချို့ရှိခဲ့ကြသည်ကိုတွေ့ရသည်။

လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ၌လည်း ကျေးရွာအများစု၏ ရွာတွင်းလမ်းများအားလုံးနီးပါးမှာ သဘာဝဘေးဒဏ်ကျရောက်ပြီးနောက်ပိုင်းရွှံ့နွံများဖြင့်ဖုံးလွှမ်းကျန်ရစ်ခဲ့လေသည်။ထို့အပြင်ရွာတွင်းရှိချောင်းကူးမြောင်းကူးတံတားငယ်များလည်းပျက်စီးယိုယွင်းမှုများရှိကြလေသည်။ ဆိပ်ကမ်းအချို့ ပျက်စီးမှုများရှိသည်ကိုလည်း တွေ့ရှိရပြီး တခြားရွာများနှင့်ဆက်သွယ်ထားသော လမ်းတံတားအချို့လည်းပျက်စီးကြလေသည်။

ထိုသို့ပျက်စီးထိခိုက်မှုများကြောင့်ကူးသန်းသွားလာရေးအတွက်များစွာထိခိုက်ကြရလေသည်။ကူးသန်းသွားလာရေးထိခိုက်သဖြင့် တခြားကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့်ကဏ္ဍ အသီးသီးသည်လည်းထိခိုက်မှု ရှိမည်ပင်ဖြစ်လေသည်။

ထို့အပြင်လမ်းများကိုကန့်လန့်ဖြတ်လျက်ဖောက်လုပ်ထားသောရေမြှုန်ခေါင်း(သို့) ရေထွက်ပေါက်များပျက်စီးသည်ကို တွေ့ရသည်။ ထိုသို့ရေထွက်ပေါက်များပြိုပျက်သွားသောကြောင့် လမ်းများမှာ အပိုင်းပိုင်းပြတ်လျက် ကောင်းမွန်စွာအသုံးမပြုနိုင်တော့ပေ။ အထူးသဖြင့် ပြင်ယောင်းကျေးရွာမှ ရပ်မိရပ်များ၏ ပြောကြားချက်အရ ရေမြှုန်ခေါင်း(သို့) ရေထွက်ပေါက်များပျက်စီး မှုကြောင့် ပြင်ယောင်း - ပန်းမြောင်း - မင်းဖုး စသည့် ရွာဆက်လမ်းအချို့ ဆိုးရွာစွာ ပျက်စီးသွားကြောင်း သိရှိရသည်။ ၎င်းတို့၏ပြောကြားအရယင်းလမ်းကိုဖောက်လုပ်ခဲ့စဉ်ကတည်းက ရေမြှုန်ခေါင်း(သို့)ရေထွက်ပေါက်၏ အရွယ်အစားမှာသေးငယ်လွန်းသောကြောင့် ရေစီးရေလာဒဏ်ကို ကောင်းမွန်စွာမခံနိုင်ဘဲ သဘာဝဘေးဒဏ်ကျရောက်သောအခါ အလွယ်တကူပြိုပျက်သွားခြင်းဖြစ်ကြောင်း သိရ၏။ ထို့ကြောင့် လမ်းများဖောက်လုပ်ရာတွင် ဒေသခံရပ်မိရပ်ဖများနှင့်နှီးညှိုင်းတိုင်ပင်ပြီးအကြံဉာဏ်များရယူသင့်ကြောင်းသုံးသပ်ရပေသည်။

ထို့ကြောင့် ဤဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်ဆောင် ရွက်ချက်များသည်လည်း အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေလေသည်။ ဤမြို့နယ်အတွင်း လမ်းတံတားအပျက်အစီးစာရင်းများနှင့် ပက်သက်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော စာရင်းဇယာများကို နောက်ဆက်တွဲ ဇယား( ၁၀ ) (၁၂) ( ၁၃) ( ၁၄) ( ၁၅ )တို့ ၌ အသေးစိတ်ရှုပါ။

**၄.၄ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေ၊ရေတွင်းရေကန်၊နေအိမ်အဆောက်အအုံနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

**၄.၄.၁ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၏ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့်ကျန်းမာရေးအခြေအနေ၊အိမ်သာသုံးစွဲမှုအခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

အခန်း(၁)တွင် ဖော်ပြထားသော ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနမှထုတ်ပြန်သော ပုဏ္ဏားကျွန်းမြို့နယ်၏ ကျန်းမာရေးနှင့် သက်ဆိုင်သောကဏ္ဍတွင် လူ(၃)ဦးသေဆုံးသည်မှအပ တခြားသော ကျန်းမာရေးဆိုင်ရာ အဆောက်အဦး ပျက်စီးမှုကိုကားမမြင်တွေ့ရချေ။

ဆက်လက်၍ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာ၏ ကျန်းမာရေးကဏ္ဍတွင် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခဲ့သောယိုးချောင်းတလျှောက်ရှိကျေးရွာများနှင့် ကျွဲလမ်းချောင်းတလျှောက်ရှိ ကျေးရွာများ၏ ကျန်းမာရေးဆိုင်ရာအဆောက်အဦးနှင့် ပတ်သက်၍ကား မိမိတို့ လေ့လာခဲ့သောပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၌မှ (ပြင်ယောင်းကျေးရွာတစ်ခုမှအပ) ဆေးပေးခန်း၊ကျေးလက်ကျန်းမာရေးဌာန စသည့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများမရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ အပျက်အစီးအခြေအနေနှင့်ပက်သက်ပြီးမည်သည့်တင်ပြချက်ကိုမျှ မပြုလုပ်နိုင်ပေ။ အဆိုပါ ပြင်ယောင်း ကျေးရွာဆေးပေးခန်း၏ အဆောက်အဦးသည်ကား ပျက်စီးယိုယွင်းမှုများရှိသည်ဟု မကြားသိခဲ့ရချေ။ အဆိုပါ ဒေသများရှိကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေ အနေများနှင့်ပက်သက်ပြီး အောက်ပါ ဇယားအမှတ် (၄.၁၃) တွင် ယှဉ်တွဲလေ့လာနိုင်ပေသည်။

ဇယားအမှတ်(၄.၁၃)အရ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ပိုင်း ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာ များ၏ ကျန်းမာရေးအခြေအနေများကို လေ့လာကြည့်ပါက ၊ကလေးငယ်အချို့ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားခြင်းနှင့်အတူ တခြားသောရောဂါများဖြစ်သည့်ဌက်ဖျားရောဂါများဖြစ်ပွားခြင်းနှင့် ဖျားနာခြင်း၊အအေးမိနာစေးချောင်းဆိုးရောဂါများဖြစ်ပွားခြင်းစသည့်တို့ကို တွေ့ရှိရ သည်။

ဤမြို့နယ်၌လည်းတချို့ကျေးရွာများသို့နယ်လှည့်ဆရာဝန်အဖွဲ့များ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့်အလှူရှင်အဖွဲ့အစည်းများ၏ဆေးဝါးထောက်ပံ့မှုများစသည်ဖြင့် ပံ့ပိုးကူညီမှုများရှိခဲ့သော်လည်း၊ တချို့ကျေးရွာများတွင်ကား ကျန်းမာရေးဆိုင်ရာအထောက်အပံ့ များနှင့်ဝေးကွာလျက်ပင်ရှိသည်ကို တွေ့ရှိရသည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမိမိတို့လေ့လာခဲ့သော ကျေးရွာ(၁၀)ရွာအနက် ပြင်လျှားရှည်နှင့် မာန်အောင်သား ကျေးရွာ(၂)ရွာ၌သာဆေးပေးခန်း(သို့)ကျေးလက်ကျန်းမာရေးဌာနရှိပြီးကျန်ကျေးရွာများ၌ဆေးပေးခန်းမရှိကြချေ။ယင်းဆေးပေးခန်းရှိသော ကျေးရွာများတွင် ကျန်းမာရေးအဆောက်အအုံများနှင့် ပက်သက်ပြီးပျက်စီးမှုကိုကား မကြားသိခဲ့ရချေ။

အခန်း(၁)တွင် ဖော်ပြထားသော ပုဏ္ဏားကျွန်းမြို့ နယ်၏ ဒေသန္တရအချက်အလက်များအရ ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး၌ ကျေးရွာပေါင်း(၁၉၃)ရွာရှိကြောင်းကျန်းမာရေးကဏ္ဍနှင့်ပက်သက်ပြီး ကုတင် (၂၅)လုံးဆံ့ ဆေးရုံ (၁)ရုံ၊ ကုတင် (၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံ (၂)ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန (၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန ခွဲ (၂၃)ခု၊ တိုင်းရင်းဆေးရုံ (၁)ရုံ၊

မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁)ခု နှင့် ဌက်ဖျားရောဂါတိုက်ဖျက်ရေး ဌာန (၁) ခု စသည့်ဖြင့်ရှိကြသည်။ ထို့ကြောင့်ကျေးရွာအများစုမှာမိမိတို့ရပ်ရွာအတွင်း၌ဆေးပေးခန်းများ(သို့)ကျေးလက်ကျန်းမာရေးဌာနများဖြစ်ပေါ်လာရေး ကိုလိုလား မှုများစွာရှိကြကြောင်းတွေ့ရှိရသည်။

ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာ၏ ကျန်းမာရေးအခြေအနေများနှင့် အိမ်သာသုံးစွဲမှုအခြေအနေများ ဇယား (၄.၁၃)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | ဆေးပေးခန်း/ ကျန်းမာရေးဌာန အခြေအနေ | သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ၊ ကျန်းမာရေးနှင့်ပက်သက်သော ကူညီထောက်ပံ့မှုများရရှိမှုအခြေအနေ | သဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ဆက်တွဲ အခြေအနေ | အိမ်သာသုံးစွဲမှုအခြေအနေ |
| --- | --- | --- | --- | --- | --- |
| ၁။ ဘဲခိုး (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၁၀ | ဆေးပေးခန်းမရှိ<br><br>(ကြိမ်ချောင်းကျေးရွာရှိ ဆေးပေးခန်းကို အားကိုးရသည်။) | | အအေးမိ ဖျားနာမှုများရှိ။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် (၁၀) လုံးခန့်သာ ရှိသည်။<br>(အိမ်သာများပျက်စီးမှုများရှိ။) |
| ၂။ ကြိမ်ချောင်း (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၁၁၅၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၉၈ | ဆေးပေးခန်းမရှိ | | အအေးမိဖျားနာခြင်း၊<br>ဝမ်းပျက်ဝမ်းလျော ဖြစ်ပွားခြင်း။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် (၂) လုံးခန့်သာ ရှိသည်။<br>(အိမ်သာများပျက်စီးမှုများရှိ။) |
| ၃။ မာန်အောင်သား (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၄၀၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၉၄ | ဆေးပေးခန်း (၁) ခုရှိ။<br>သူနာပြု(၁) ဦး နှင့် ကြီးကြပ် (၁) ဦးရှိ | | အအေးမိဖျားနာခြင်း၊<br>ဝမ်းပျက်ဝမ်းလျော ဖြစ်ပွားခြင်း။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် (၂၀) (သို့) (၃၀) လုံးခန့်သာ ရှိသည်။<br>(အိမ်သာများပျက်စီးမှုများရှိ။) |
| ၄။ ကောင်းမွန် (မှုဟင်းတောအုပ်စု) | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ဆေးပေးခန်းမရှိ<br><br>(ယိုးတရုတ်ကျေးရွာရှိ ကျန်းမာရေးဌာနကို အားကိုးရသည်။) | | အအေးမိဖျားနာ၊<br>ချောင်းဆိုးဖြစ်ပွားခြင်း။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် (၄) လုံးခန့်သာ ရှိသည်။ |
| ၅။ ခွဆုံ (ခွဆုံအုပ်စု) | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ဆေးပေးခန်းမရှိ<br><br>(ယိုးတရုတ်ကျေးရွာရှိ ကျန်းမာရေးဌာနကို အားကိုးရသည်။) | ကျန်းမာရေးဌာနမှ ရေသန့်ဆေးပြားများပံ့ပိုးကူညီမှုများရရှိ။ | အအေးမိဖျားနာ၊<br>ဌက်ဖျားရောဂါဖြစ်ပွားခြင်း။ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် (၄) လုံးခန့်သာ ရှိသည်။ |
| ၆။ မြင်းကတ္တော (မြင်းကတ္တောအုပ်စု | လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | ဆေးပေးခန်းမရှိ။ သဲတက် ကျန်းမာရေး ဌာနမှ တလတခါ လာကြည့်။<br>(အရေးအကြောင်းကျလျှင် ယိုးတရုတ်မှာ သွားပြရ) | | နာစေး၊ ချောင်းဆိုး၊ ဖျားနာ ဖြစ်ကြ | ရပ်ရွာများတွင် အိမ်သာသုံးစွဲမှု နည်းပါးနေသေး။<br>တရွာလုံးတွင် အိမ်သာ အလုံး(၃၀) လောက်သာရှိ။<br><br>အိမ်သာများ ပျက်စီးမှုများ ရှိ။ |
| ၇။ ပေါက်တူးပေါက် (မင်းကန်တောအုပ်စု | လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | ဆေးပေးခန်းမရှိ။ သဲတက် ကျန်းမာရေး ဌာနမှ တလတခါ လာကြည့်။<br>(အရေးအကြောင်းကျလျှင် ယိုးတရုတ်မှာ သွားပြရ) | | နာစေး၊ ချောင်းဆိုး၊ ဖျားနာ ဖြစ်ကြ | တရွာလုံးတွင် အိမ်သာ (၄) လုံးသာ ရှိ။<br>အိမ်သာသုံးစွဲမှုများ နည်း။<br><br>အိမ်သာများ ဆောက်လုပ်ရန် စီစဉ်လျှက်ရှိ။ |
| ၈။ ပြင်လျားရှည် | လူဦးရေ-၁၆၀၃ | ကျေးလက်ကျန်းမာရေး | အစိုးရမဟုတ်သော | ကလေးငယ်များ | ရပ်ရွာအတွင်း၌ အိမ်သာအားလုံးနီးပါးသုံးစွဲ။ |

| | | | | | |
|---|---|---|---|---|---|
| (ပြင်လျားရှည်အုပ်စု) | အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | ဌာနတစ်ခုရှိသည်။ | ပုဂ္ဂလိကအလှူရှင် အဖွဲ့အစည်းမှ ဆေးဝါးထောက်ပံ့မှု အနည်းငယ်ရှိ | အအေးမိဖျားနာမှုများရှိ။ | (အိမ်သာများပျက်စီးမှုများရှိ။) |
| ၉။ ပြင်လှ<br>(မြင်းကတွေ့အုပ်စု) | လူဦးရေ-၂၉၃<br>အိမ်ခြေ-၅၅<br>အိမ်ထောင်စု-၆၇ | ဆေးပေးခန်းမရှိ<br>(ပြင်လျားရှည် ကျေးရွာနှင့်အဆက်အသွယ် ရှိ၍ နေမကောင်းဖြစ်လျှင် ပြင်လျားရှည်မှာပြသရသည်။) | | ဖျားနာ ၊ နာစီး | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br>အိမ်သာ အလုံး (၁၀) ကျော်လောက်ရှိ။<br><br>(အိမ်သာ(၁)လုံးပျက်စီးမှုရှိ။) |
| ၁၀။ လက်ဝဲမြန်<br>(လက်ဝဲမြန်အုပ်စု) | လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင်<br>အိမ်ထောင်စု - ၂၂၆ စု | ဆေးပေးခန်းမရှိ။ သဲတက်ကျန်းမာရေး ဌာနမှ တလတခါ လာကြည့်။<br>(အရေးအကြောင်းကျလျှင် ယိုးတရုတ်မှာ သွားပြရ) | | ရေတက်ပြီး ဝက်ပျက် ဝမ်းလျှော အဖြစ်များ | ရပ်ရွာအတွင်း၌ အိမ်သာသုံးစွဲမှု အရေအတွက်အားဖြင့် နည်းပါး။<br>အိမ်သာ အလုံး (၁၀) ကျော်လောက်ရှိ။<br>အိမ်သာများ ပိုသုံးစွဲရန် စိတ်ဉ်လျှက်ရှိ။ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထူးသဖြင့်လမ်းပမ်းဆက်သွယ်ရေးအလွန်ခက်ခဲသောပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ လက်ဝဲမြန်ရွာကဲ့သို့သော ရွာမျိုးတွင် ဆေးပေးခန်းများမရှိဘဲ၊ (၄)မိုင်ခန့်ဝေးသော ယိုးတရုတ်ရွာမှ ကျေးလက်ကျန်းမာရေးဌာနကိုသာ အားထားရ သည်။ အဆိုပါလက်ဝဲမြန်ရွာ၏ လမ်းပမ်းဆက်သွယ်ရေးမှာ လူတူးမြောင်းငယ်လေးမှတဆင့် ယိုးချောင်းနှင့်ဆက် သွယ်ထားသော ရေလမ်းခရီးကိုသာ အဓိကအားထားကြရသည်။ အဆိုပါလူတူးမြောင်းငယ်လေး၌ ရေကျချိန်ဆိုလျှင် ရေတစ်စက်မျှမရှိဘဲ ရွှံ့နွံများသာကျန်ရစ်ခဲ့သည်ဖြစ်ရာ၊ ကျန်းမာရေးအတွက် အရေးပေါ်လိုအပ်သောကာလများတွင် များစွာအခက်အခဲရောက် ကြရလေသည်။ ကိုယ်ဝန်သည်မိခင်များသည် မွေးဖွားရန်ဆေးရုံသို့အချိန်မီမရောက်နိုင်ခဲ့သဖြင့် အသက်ဆုံးရှုံးရသည့် အဖြစ်အပျက်များစွာတို့ရှိလေသည်။

ထို့ကြောင့်ယခင်မြို့နယ်များနည်းတူ ဤမြို့နယ်တွင်လည်းမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျန်းမာရေးကဏ္ဍ၌ပံ့ပိုးမည်ဆို ပါက ပျက်စီးသွားသော ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကိုပြန်လည်ပြုပြင်မွမ်းမံရမည်ဖြစ်ရုံသာမက၊ ကျန်းမာရေး ဆေးပေးခန်းများမရှိသေးသောနေရာများ၌လည်း ဆေးပေးခန်းများဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီမှုများ လိုအပ်မည်ပင်ဖြစ် သည်။ ၎င်းအပြင် ဆေးရုံဆေးခန်းများသို့ အချိန်မီရောက်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်းမြှင့်တင် ရန်လိုအပ်မည်ဖြစ် သည်။

၎င်းအပြင် ဇယားအမှတ်(၄.၁၃)၌ပင် ရပ်ရွာများအတွင်း အိမ်သာသုံးစွဲမှုအခြေအနေများကို ဖော်ပြထားသည်ဖြစ်ရာ၊ မိမိတို့ လေ့လာခဲ့သောကျေးရွာများတွင် အိမ်ခြေအရေအတွက်အားဖြင့် အနည်းဆုံး(၅၅)မှ အများဆုံး(၃၀၅)အိမ်အထိရှိကြမည် ဖြစ်သော်လည်း အိမ်သာအရေအတွက်မှာမူ လက်ချိုးရေတွက်၍ရလောက်အောင် အလွန်နည်းပါး သည်ကိုတွေ့ရှိခဲ့ရသည်။ ယခင်ဖော်ပြခဲ့ပြီးမြို့နယ်များကဲ့သို့ဘုန်းကြီးကျောင်းများနှင့်စာသင်ကျောင်းများမှအပနေအိမ်တော်တော်များ၌ အိမ်သာသုံးစွဲ သည်ကိုမမြင်တွေ့ခဲ့ရချေ။ အဆိုပါရှိစုမဲ့စုအိမ်သာများသည်လည်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိနေပြန်ရာပံ့ပိုး ကူညီမှုများများစွာလိုအပ်မည်ဖြစ်သည်။

### ၄.၄.၂ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၏ရေတွင်းရေကန်အခြေအနေများနှင့် ပံ့ပိုးကူညီရန်လိုအပ်ချက်များ

ဆက်လက်၍ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၏ ရေတွင်းရေကန်အခြေအနများနှင့် ပက်သက်ပြီး ဆက်လက် လေ့လာကြပါအုံးစို့။ နောက်ဆက်တွဲ (၇)၌ ဖော်ပြထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ထုတ်ပြန်ချက်အရကျောက်တော်မြို့နယ်အတွင်း ကျေးရွာပေါင်း(၅၁)ရွာ၌ရေကန်ပေါင်း(၆၀)ကန်တို့သည် ရေနစ်မြုပ်ပျက်စီး ခြင်းများဖြစ်ပေါ်ခဲ့သည်ဟုသိရှိရလေသည်။

**ပုဏ္ဏားကျွန်းမြို့နယ်အတွင်းများ ကျေးရွာများ၏ ရေတွင်းရေကန် ပျက်စီးဆုံးရှုံးမှု ဇယား (၄.၁၄)**

| စဉ် | ခရိုင် | မြို့နယ် | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | ရေကန် |
|---|---|---|---|---|---|---|
| | စစ်တွေ | ပုဏ္ဏားကျွန်း | | မိုးဟင်းတော | မိုးဟင်းတော | ၄ |
| | | | | ကဏန်းတောင် | ကဏန်းတောင် | ၄ |
| | | | | ကျွဲလမ်းချောင်း | ကျွဲလမ်းချောင်း | ၂ |
| | | | | လက်ဝဲမြန် | လက်ဝဲမြန် | ၂ |
| | | | | သဲတက် | သဲတက် | ၂ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | ပြင်လျားရှည် | ပြင်လျားရှည် | ၄ |
| | | | | အောင်ဆိပ် | အောင်ဆိပ် | ၇ |
| | | | | မြင်းကတ္တော | မြင်းကတ္တော | ၂ |
| | | | | ခွဆုံ | ခွဆုံ | ၂ |
| | | | | ဘဲခိုး ကြိမ်ချောင်း | ကြိမ်ချောင်း | ၆ |
| | | | | မင်းဇီချောင်း | မင်းဇီချောင်း | ၃ |
| | | | | ရင်းချင်း | ရင်းချင်း | ၃ |
| | | | | ညောင်ခြုံ | ညောင်ခြုံ | ၂ |
| | | | | သားပုန် | သားပုန် | ၃ |
| | | | | ဆင်ထိန်းကြီး | ဆင်ထိန်းကြီး | ၃ |
| | | | | ခြသေ့် | ခြသေ့် | ၂ |
| | | | | မြက်သောက် | မြက်သောက် | ၆ |
| | | | | ပဲစိနန်း | ပဲစိနန်း | ၂ |
| | | | | ကုလားချောင်း | ကုလားချောင်း | ၃ |
| | | | | မဏ္ဍလာကျ | မဏ္ဍလာကျ | ၃ |
| | | | | ကျွဲထိုး | ကျွဲထိုး | ၁ |
| | | | | စပါးထား | စပါးထား | ၃ |
| | | | | အောင်ဇေယျ | အောင်ဇေယျ | ၃ |
| | | | | ခမောင်းတော | ခမောင်းတော | ၄ |
| စုစုပေါင်း | | | ၃ | ၈၆ | ၈၆ | ၇၈ |

ရည်ညွှန်း- စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

ယင်းတို့အနက် နောက်ဆက်တွဲဇယား(၈)တွင်ဖော်ပြထားချက်အရ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော ကန်အရေအတွက်မှာ(၃၇)ကန်ဖြစ်ပြီး၊ ကျေးလက်ဦးစီးဌာနနှင့် (တပ်မတော်)ပူးပေါင်းဆောင်ရွက်သည့် ရေကန်မှာ(၅)ကန်အထိရှိခဲ့ပြီး၊ INGOတို့မှ ဆောင်ရွက်သည့် ရေကန်အရေအတွက်မှာ (၅)ကန်ရှိ ကြောင်းသိရှိရသည်။

ထို့နောက် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်း လေ့လာတွေ့ရှိထားသော ကျေးရွာ(၁၀)၏ ရေတွင်းရေကန်နှင့် ပက်သက်သော အခြေအနေများကို အောက်ပါ ဇယား (၄.၁၅) တွင် ကြည့်ရှုလေ့လာနိုင်လေသည်။

**ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာ (၁၀) ရွာရှိ ရေတွင်းရေကန်အခြေအနေများ ဇယား (၄.၁၅)**

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ | သဘာဝဘေးဒဏ်ကြောင့် ရေတွင်း/ရေကန်ထိခိုက်မှုအခြေအနေ | ယခုလက်ရှိအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ ဘဲခိုး (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၁၀ | ကန် (၂) ကန်ရှိ သည့်အနက် (၁)ကန် မှာချောင်းရေ/နွံများဖြင့်နစ်မြုပ် | ရေကန် ကို ပြုပြင်ထားပြီးဖြစ်။<br><br>မိုးရေကိုအဓိက အားထားသောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ အဝီစိရေတွင်းတူး၍မရနိုင်။ |
| ၂။ ကြိမ်ချောင်း (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၁၁၅၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၉၈ | ကန် (၂) ကန်ရှိ သည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | ရေကန်များကို ပြုပြင်ထားပြီးဖြစ်။<br><br>မိုးရေကို အဓိက အားထားသောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |

| | | | | |
|---|---|---|---|---|
| | | | (အဝီစိရေတွင်းတူး၍မရနိုင်။) | |
| **၃။ မာန်အောင်သား (ကြိမ်ချောင်းအုပ်စု)** | လူဦးရေ - ၄၀၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၉၄ | ကန် (၃) ကန်ရှိ သည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | ရေကန် (၁) ကန် ကို ပြုပြင်ထားပြီးဖြစ်။<br><br>မိုးရေကို အဓိက အားထားသောက်သုံး။ ( ပေ ၆၀ တိုင်အောင် အဝီစိရေတွင်းတူးခဲ့။ ရေမထွက်။) | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| **၄။ ကောင်းမွန် (မှိုပင်းတောအုပ်စု)** | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ကန် (၂) ကန်ရှိ သည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | ရေကန် (၁) ကန် ကို ပြုပြင်ထားပြီးဖြစ်။<br><br>မိုးရေကို အဓိက အားထားသောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ |
| **၅။ ခွဆုံ (ခွဆုံအုပ်စု)** | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ကန် (၃) ကန်ရှိ သည့်အနက် အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် | ရေကန် (၂) ကန် ကို ပြုပြင်ထားပြီးဖြစ်။<br><br>မိုးရေကို အဓိက အားထားသောက်သုံး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ နွေရာသီတွင် ချောင်းမှ ရေတင်၍ သောက်သုံးရန် စိတ်ကူးထားရှိ။ |
| **၆။ မြင်းကတ္တော (မြင်းကတ္တောအုပ်စု** | လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | ကန် (၄) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ် မြုပ် ပျက်စီး။ | (၃) ကန်ကို ရေသန့်ဆေးခတ်ပြီး ပြန်လည် သုံးစွဲလို့ရအောင် ကြိုးစားနေကြ။ (၁) ကန်က ရေစုပ်ထား။ လက်ရှိ မိုးရေကိုသာ အားကိုးနေရ။ အဝီစိတွင်းတူးသောအခါ ရေက ဆားငံနေ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။ ရေကန်များအားပြန်လည်ပြုပြင်သွားရန်။<br><br>ပိုးသတ်ဆေးဖြန်းရန်၊ ရေသန့်ရန် ထုံးများထည့်ရန်။ |
| **၇။ ပေါက်တူးပေါက် (မင်းကန်တောအုပ် စု** | လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | ကန် (၄) ကန်ရှိ သည့်အနက်အားလုံး ချောင်းရေ/နွံများဖြင့်နစ်မြုပ် ပျက်စီး။ | (၂) ကို ပြန်ပြုပြင်ထား။ ရေသန့်ဆေးများဖြင့် သုံးစွဲနေ။ သောက်ရေ အဖြစ် မိုးရေကိုသာ အားကိုးနေရ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ရေရှားပါးနိုင်။<br><br>ရေကန်များအားပြန်လည်ပြုပြင်သွားရန်။<br><br>(ပိုးသတ်ဆေးဖြန်းရန်၊ ရေသန့်ရန် ထုံးများထည့်ရန်။ ) |
| **၈။ ပင်လျှားရှည် (ပြင်လျှားရှည်အုပ်စု )** | လူဦးရေ-၁၆၀၃<br>အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | သောက်ရေကန်(၁) ကန် သုံးရေကန် (၄) ကန် ပျက်စီး | ကျေးလက်က (၁) ကန်ပြုပြင်ထားပေး | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ ရေအခက်အခဲရှိနိုင်။ အဝီစိတွင်းတူးရန် အစီအစဉ်ရှိနေပါသည်။ (အဝီစိတွင် ပေ(၆၀)ခန့် တူး၍ မရပါ။ |
| **၉။ ပြင်လှ (မြင်းကတ္တောအုပ်စု )** | လူဦးရေ-၂၉၃<br>အိမ်ခြေ-၅၅<br>အိမ်ထောင်စု-၆၇ | သောက်ရေကန်(၁) ကန် သုံးရေကန် (၁) ကန် သုံးရေကန် ပျက်စီး | ကန်ကိုပြုပြင်ထားပေး။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ လာမည့်နွေရာသီ၌ ရေအခက်အခဲရှိနိုင်။ ရေကန်များအားပြန်လည်ပြုပြင်သွားရန်။ (ပိုးသတ်ဆေးဖြန်းရန်၊ ရေသန့်ရန် ထုံးများထည့်ရန်။ ) |
| **၁၀။ လက်ဝဲမြန် (လက်ဝဲမြန်အုပ်စု)** | လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင် | ရေကန် ၃ ကန် ရှိသည့် အထဲ ၃ ကန် စလုံးပျက်စီး၊ ၂ နစ်ကန်ကို ပြန် လည် | သောက်သုံးရေ အခက်အခဲရှိ။ | မိုးရာသီကုန်လျှင် သောက်သုံးရေအခက်အခဲရှိနိုင်။ |
| | အိမ်ထောင်စု - ၂၂၆ စု | ပြုပြင်ပေး | | လာမည့်နွေရာသီ၌ ရေအခက်အခဲရှိနိုင်။ အဝီစိတွင်းများ တူးရန် အစီအစဉ်ရှိ |

ရည်ညွှန်း- ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါဇယားအမှတ်(၄.၁၅)ကိုလေ့လာကြည့်ခြင်းအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ်ယိုးချောင်းတလျှောက်ရှိကျေးရွာ များနှင့် ကျွဲလမ်းချောင်း အနီးတဝိုက်မှကျေးရွာများ စုစုပေါင်းကျေးရွာ(၁၀)ရွာ၏ ရေတွင်းရေကန်များအားလုံးသည် သဘာဝဘေး ဒဏ်ကြောင့်ဆိုးရွားစွာပျက်စီးဆုံးရှုံးကြရကြောင်းတွေ့ရှိရသည်။ပျက်စီးမှုပုံစံမှာယခင်မြို့နယ်များ၌ဖြစ်ပွားခဲ့သကဲ့သို့ရွှံ့နွံများ၊ ချောင်းရေ၊မြစ်ရေစသည်တို့ ဝင်ရောက်သွားကြခြင်းကြောင့် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကာလ အတွင်း ကျွဲနွားတိရစ္ဆာန်များသည် ကုန်းမြေမြင့်ရာဆီသို့မှီခိုလိုသဖြင့် အဆိုပါရေတွင်းရေကန်များ၏ ကန်ဘောင်များပေါ်၌ အစုလိုက်အပြုံလိုက်စတည်းချကြသည်ဖြစ်ရာ၊ ယင်းကျွဲနွားတိရစ္ဆာန်များ၏ မစင်အညစ် အကြေးများ ကြောင့်လည်းကောင်း ရေတွင်းရေကန်တို့ သည် ညစ်ညမ်းခြင်းအဖြစ်သို့ရောက် ရခြင်းဖြစ်၏။

ယခင်မြို့နယ်များကဲ့သို့ပင် သောက်သုံးရေနှင့်ပက်သက်သောအခက်အခဲကို ယခုလတ်တလောယာယီအနေဖြင့် အရေး ပေါ်ကယ်ဆယ်ရေးအလှူရှင်များမှ လှူဒါန်းထားသော ရေသန့်များဖြင့်သော်လည်းကောင်း၊ အလှူရှင်များထံမှ ရရှိသော တာလပတ်များဖြင့် မိုးရေများကိုခံယူသောက်သုံး၍သော်လည်းကောင်း၊ ရေအခက်အခဲနှင့်ပက်သက်ပြီး ယာယီဖြေရှင်းထား ရှိမှုများရှိကြသည်ကိုတွေ့ရှိရသည်။

တချို့ကျေးရွာများ၌အလှူရှင်များမှဖြန့်ဖြူးထားရှိသော ရေသန့်ဆေးပြားများအား ထိရောက်မှန်ကန်စွာသုံးစွဲနိုင်မှု အခြေအ နေနည်းပါးပုံရပါသည်။ ရေသန့်ဆေးပြားများကိုကား အနည်းစုကသာသောက်သုံးကြ၍၊ အများစုမှာ အနံ့အသက်ကြောင့်မ သောက်သုံးလိုကြဟုကြားသိရလေသည်။ ၎င်းအပြင် လက်ဝဲမြန်ကျေးရွာမှရွာသူရွာသားများသည် အဆိုပါရေသန့်ဆေးပြား များကို ရေအိုးရေခွက်များဖြင့်ဖျော်၍သောက်သုံးရမည့်အစား ရေတွင်းရေကန်များမှရေများ သန့်စင်စေရန်ဟူ၍အချို့သော ရေသန့်ဆေးပြားများကို ကန်ထဲသို့ပစ်ချခဲ့ကြကြောင်း ၎င်းတို့၏ပြန်လည်ပြောကြားချက်အရ ကြားသိရသည်။ အဆိုပါ ရေတွင်းရေကန်များမှရေများကို သုံးစွဲရန်အတွက်ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိမှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

ထို့ကြောင့်ရေသန့်ဆေးပြားများထောက်ပံ့မည်ဆိုပါကရေသန့်ဆေးပြားများကိုမည်သို့မည်ပုံသုံးစွဲရမည်ဖြစ်ကြောင်း အသိ ပညာပေးသင်တန်းများလည်း ထိထိရောက်ရောက်ပေးရန် လိုအပ်မည်ဖြစ်သကဲ့သို့၊ ရွာသူရွာသားများ၏ လုပ်ဆောင် ချက်များကို ကြီးကြပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။ တနည်းအားဖြင့် ဖွံ့ဖြိုးရေးလုပ်ဆောင်သော အဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေးဆောင်ရွက်သူများသည် ယင်းရွာများ၌ အချိန်အတိုင်းအတာတခုအထိ နေထိုင်ပြီးကြီးကြပ်နိုင်ရန် အထိလိုအပ်မည် ဖြစ်သည်။

ယခင်မြို့နယ်များရှိ ကျေးရွာများကဲ့သို့ မိုးရေမရရှိမည်ကိုစိုးရိမ်ကြသောကြောင့် တချို့ကျေးရွာများတွင်ကား ရေမြုပ်ပျက်စီး သွားသည့်ရေကန်များအနက်မှ တချို့ရေကန်များကိုလည်းမပြုပြင်ဘဲ သည်အတိုင်းထားကာ ယင်းရေကိုပင်သောက်သုံးရန် စိတ်ကူးကြ၏။

ယင်းကြောင့် တချို့ကျေးရွာများတွင် ရေမြုပ်ပျက်စီးသွားသည့်ရေကန်အားလုံးကို မပြုပြင်လိုဘဲ၊ တချို့တဝက်ကိုသာပြုပြင်ကြ၏။ အဆိုပါ ရေတွင်းရေကန်များမှရေများကိုသုံးစွဲရန်အတွက် ကျန်းမာရေးနှင့်ညီညွှတ်မှုရှိမရှိမှာမေးခွန်းထုတ်စရာဖြစ်နေသည်။

ထို့ကြောင့် ယခင်မြို့နယ်များသကဲ့သို့ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရေတွင်းရေကန်များနှင့်ပက်သက်ပြီးထောက်ပံ့ကူညီမှုများပြုလုပ်မည်ဆိုပါကညစ်ညမ်းသွားသည့်ရေကန်အချို့ကိုပြန်လည်ပြုပြင်တူးဖော်များပြုလုပ်ရုံသာမက၊ကျန်ရစ်ခဲ့သည့်ရေတွင်းရေကန်များအား သုံးစွဲရန်သင့်မသင့်ကျန်းမာရေးဆိုင်ရာစစ်ဆေးချက်များပြုလုပ်ခြင်း၊ လာမည့်နွေရာသီ၌ရေမရှားပါးစေရန်အတွက်အဝီစိရေတွင်းတူးဖော်နိုင်သောနေရာများ၌ အဝီစိရေတွင်းတူးဖော်ပေးခြင်းစသည်ဖြင့် လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သကဲ့သို့ ရေသန့်စက်များပံ့ပိုးကူညီနိုင်ပါကလည်း များစွာအထောက်အကူဖြစ်မည် ဖြစ်လေသည်။

(မှတ်ချက် ။ ။ ဤမြို့နယ်ရှိ ကျေးရွာများ၏ အနီးပတ်ဝန်းကျင်၌တောတောင်များမရှိသဖြင့် စိမ့်စမ်းရေကိုအားကိုး၍မရသကဲ့သို့၊ ပင်လယ်အဝနှင့် နီးကပ်လာသောကြောင့် ဆားအနည်းငယ်ငန်လာသည်ဖြစ်ရာ မြစ်ချောင်းများမှရေကို ( ကျောက်တော်၊ မြောက်ဦးမြို့နယ်တို့မှ တချို့ကျေးရွာများကဲ့သို့) သောက်သုံးရန်လည်း အဆင်မသင့်ချေ။ )

**၄.၄.၃ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာများ၏နေအိမ်အဆောက်အအုံများနှင့်လမ်းတံတားအခြေအနေ များနှင့်ပံ့ပိုးကူညီရန်လိုအပ်ချက်များ**

ဆက်လက်၍ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် လမ်းတံတားအခြေအနေများနှင့် ပက်သက်ပြီးလေ့လာကြပါစို့။ အခန်း(၂)ရှိ ယေဘုယျပျက်စီးဆုံးရှုံးမှုအခြေအနေများ၌ ဖော်ပြထားသကဲ့သို့ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းနေအိမ်ပေါင်း (၂၂၂၃)အိမ်တို့ပျက်စီးမှုများရှိခဲ့ကြောင်းဖော်ပြထားရှိလေသည်။ ထို့အပြင် လမ်းတံတားအနေဖြင့် တံတား (၄) စင်းပျက်စီးမှုများရှိခဲ့ကြောင်းသိရှိရလေသည်။

မိမိတို့ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာခဲ့ကြသောပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက်အအုံများနှင့်လမ်းပမ်းဆက်သွယ်ရေးအခြေအနေများကိုအောက်ပါဇယားအမှတ်(၄.၁၆)တွင်ဆက်လက်လေ့လာကြပါအုံးစို့။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိကျေးရွာ(၁၀)ရွာ၏နေအိမ်အဆောက်အအုံများနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ဇယား(၄.၁၆)

| ကျေးရွာအမည် | လူဦးရေ / အိမ်ခြေ/ အိမ်ထောင်စု | သဘာဝဘေးအကျိုးသက်ရောက်မှုကြောင့် လမ်းပမ်းဆက်သွယ်ရေးထိခိုက်မှုအခြေအနေ ( ရွာတွင်းရှိလမ်း၊တံတားများအခြေအနေ/ အခြားဒေသများနှင့်ဆက်သွယ်ထားသောလမ်း၊တံတား များအခြေအနေ) | အဆောက်အဦး ပျက်စီးမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ ဘဲခိုး (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၄၈၃<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၁၀ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။ ရွာတွင်းရှိ တံတားငယ် (၂)ခု ပျက်စီး။<br>ရွာရှိ ဆိပ်ကမ်းပျက်စီး။ | အနည်းငယ်ပျက်စီး - နေအိမ် (၄) ဆောင်<br>လုံးဝပျက်စီး - နေအိမ် (၄)ဆောင်<br>ဘုန်းကြီးကျောင်း သိမ်<br>ခေါင်မိုးများပျက်စီး<br>(အစိုးရထံမှ ကယ်ဆယ်ရေးနေအိမ် (၁) ဆောင်လက်ခံရရှိ။) | ယာယီတဲများပြုလုပ်၍လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၂။ ကြိမ်ချောင်း (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၁၁၅၀<br>အိမ်ခြေ - ၈၀<br>အိမ်ထောင်စု - ၉၈ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။ | လုံးဝပျက်စီး - နေအိမ် (၈)ဆောင်<br>(အစိုးရထံမှ ကယ်ဆယ်ရေး အိမ် (၁) ဆောင်လက်ခံရရှိ။) | ယာယီတဲများပြုလုပ်၍လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၃။ မာန်အောင်သား (ကြိမ်ချောင်းအုပ်စု) | လူဦးရေ - ၄၀၅<br>အိမ်ခြေ - ၈၂<br>အိမ်ထောင်စု - ၉၄ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br>မိမိတို့ရွာနှင့် ဝက်အုပင်ရွာသို့ဆက်သွယ်ထားသော ပေ(၃၀)အရှည် တံတားငယ် (၁)ခု ပျက်စီး။<br>ရွာရှိ ဆိပ်ကမ်းပျက်စီး။ | လုံးဝပျက်စီး - နေအိမ် (၁၄)ဆောင် | ယာယီတဲများပြုလုပ်၍လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၄။ ကောင်းမွန် (မှိုဟင်းတောအုပ်စု) | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br>ရွာတွင်းရှိ ပေ(၂၀)အရှည် တံတားငယ် (၁)ခု ပျက်စီး။ | လုံးဝပျက်စီး - နေအိမ် (၁၂)ဆောင်<br>(အစိုးရထံမှ ကယ်ဆယ်ရေး အိမ် (၁) ဆောင်လက်ခံရရှိ။)<br>ဘုန်းကြီးကျောင်းခေါင်မိုးများပျက်စီး | ယာယီတဲများပြုလုပ်၍လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |
| ၅။ ခွဆုံ (ခွဆုံအုပ်စု) | လူဦးရေ - ၂၅၀<br>အိမ်ခြေ - ၄၈<br>အိမ်ထောင်စု - ၄၈ | ရွာတွင်းရှိ လမ်းများ ရွှံ့နွံများဖုံးလွှမ်း။<br>ရွာတွင်းရှိ ပေ(၁၀)ပေအရှည် တံတားငယ် (၁)ခု ပျက်စီး။<br>ပေ (၈) ပေအရှည် တံတားငယ် (၃) | လုံးဝပျက်စီး - နေအိမ် (၁၀)ကျော်<br>အနည်းငယ်ပျက်စီး - နေအိမ် (၁၇) ဆောင်<br>ဘုန်းကြီးကျောင်း သခ်ိန်းပျက်စီး | ယာယီတဲများပြုလုပ်၍လည်းကောင်း၊ ဆွေမျိုးများ၏ အိမ်များတွင်လည်းကောင်း နေထိုင်ကြသည်။ |

| | | | | |
|---|---|---|---|---|
| | | ခုပျက်စီး။ ပေ (၁၂၀) ပေအရှည် တံတားငယ် (၁) ခုပျက်စီး။ | | |
| **၆။ မြင်းကတ္တော (မြင်းကတ္တောအုပ်စု** | လူဦးရေ - ၇၇၆<br>အိမ်ခြေ - ၁၅၀<br>အိမ်ထောင်စု - ၁၇၀ | ရွာလမ်းများ ရွံ့ နွံ့ များဖုံးလွှမ်း။ တံတားတချို့ လည်း ပျက်စီး။ | အနည်းငယ် ပျက်စီး - နေအိမ် (၉) ဆောင်<br>လုံး၀ ပျက်စီး နေအိမ် (၃) ဆောင် | အစိုးရမှ နေအိမ် (၂၀) လုံးအတွက် ပလတ်စတစ် တဲတလုံး ကူညီထောက်ပံ့ပေး။ |
| **၇။ ပေါက်တူးပေါက် (မင်းကန်တောအုပ်စု** | လူဦးရေ - ၄၃၅<br>အိမ်ခြေ - ၉၀<br>အိမ်ထောင်စု - ၁၀၁ | ရွာလမ်းများ ရွံ့ နွံ့ များဖုံး၊ တံတားတချို့ လည်း ပျက်စီး။ တခြားရွာများနဲ့ ဆက်သွယ်ရန် ရေလမ်းများရှိ။ | အနည်းငယ်ပျက်စီး - နေအိမ် (၁၇) ဆောင်<br>လုံး၀ပျက်စီး - နေအိမ် (၁၀) ဆောင်<br>ဘုန်းကြီးကျောင်းလည်း အနည်းငယ် ပျက်စီး။ | ဆွေးမျိုးများ အိမ်တွင်လည်းကောင်း၊ ကိုယ်ထူကိုယ်ထ တဲငယ်များထိုး၍ လည်းကောင်းနေထိုင်ရ၊ အစိုးထံမှ မည်သည့်အထောက်အပံ့မျှ မရ |
| **၈။ ပြင်လျားရှည် (ပြင်လျားရှည်အုပ်စု)** | လူဦးရေ-၁၆၀၃<br>အိမ်ခြေ-၃၀၅<br>အိမ်ထောင်စု-၃၇၀ | ရွာတွင်တံတားတခုရှိ အနည်းငယ်ပျက်စီး။ | အနည်းငယ်ပျက်စီး - နေအိမ်(၃၈) ဆောင်<br>လုံး၀ပျက်စီး - နေအိမ် (၁၁)ဆောင် | ဆွေးမျိုးများ အိမ်တွင်လည်းကောင်း၊ ကိုယ်ထူကိုယ်ထ တဲငယ်များထိုး၍ လည်းကောင်းနေထိုင်ရ၊ အစိုးထံမှ မည်သည့်အထောက်အပံ့မျှ မရ |
| **၉။ ပြင်လှ (မြင်းကတ္တောအုပ်စု)** | လူဦးရေ-၂၉၃<br>အိမ်ခြေ-၅၅<br>အိမ်ထောင်စု-၆၇ | ရွာတွင် တံတားတစ်ခုရှိပြီး<br><br>ရွာတွင်လမ်းများ အနည်းငယ်ပျက်စီး။ | အနည်းငယ်ပျက်စီး - နေအိမ်(၈) ဆောင်<br>လုံး၀ပျက်စီး - နေအိမ် (၂)ဆောင် | ဆွေးမျိုးများ အိမ်တွင်လည်းကောင်း၊ ကိုယ်ထူကိုယ်ထ တဲငယ်များထိုး၍ လည်းကောင်းနေထိုင်ရ၊ အစိုးထံမှ မည်သည့်အထောက်အပံ့မျှ မရ |
| **၁၀။ လက်ဝဲမြန် (လက်ဝဲမြန်အုပ်စု)** | လူဦးရေ - ၁၂၂၆<br>အိမ်ခြေ - ၂၁၈ ဆောင်<br>အိမ်ထောင်စု - ၂၂၆ စု | အခြားရွာများနဲ့ ဆက်သွယ်ထားသော တံတား ၃ စင်းရှိ။ ရွာထဲတွင် တံတား ၁၃ စင်းရှိ။ အနည်းငယ်သာ ပျက်စီး။ ရွာလမ်းက ရွံ့ နစ်များနှင့် ဖုန်းလွှမ်း။ | အနည်းငယ်ပျက်စီး - (၃၀) ဆောင်<br>လုံး၀ပျက်စီး - (၁၈) ဆောင်<br>ဘုန်းကြီးကျောင်းတွင် သံဖြူခေါင်မိုးများ လွင့်ပါ | ဆွေးမျိုးများ အိမ်တွင်လည်းကောင်း၊ ကိုယ်ထူကိုယ်ထ တဲငယ်များထိုး၍ လည်းကောင်းနေထိုင်ရ၊ အစိုးထံမှ မည်သည့်အထောက်အပံ့မျှ မရ |

ရည်ညွှန်း-ကွင်းဆင်းလေ့လာတွေ့ရှိချက်များ

အထက်ပါ ဇယားအမှတ် (၅.၁၆) အရ မိမိတို့လေ့လာခဲ့သော ကျေးရွာ (၁၀)ရွာ၌ နေအိမ်ပျက်စီးမှုအခြေအနေများမှာ အနည်းဆုံး(၂)အိမ်မှ အများဆုံး(၁၈) အိမ်အထိ လုံးဝပျက်စီးခဲ့ကြပြီး၊တဝက်တပျက်ပျက်စီးသွားခဲ့သော နေအိမ်အရေအတွက်မှာ အနည်းဆုံး(၈)အိမ်မှ အများဆုံးအိမ်ပေါင်း(၆၀)အထိ ပျက်စီးမှုရှိခဲ့ကြောင်း တွေ့ရှိရသည်။

နေအိမ်ပျက်စီးသူများသည် နေရေးထိုင်ရေးအခက်အခဲအား လတ်တလောဖြေရှင်းချက်အနေဖြင့် ယခုအချိန်၌ ယာယီတဲထိုး၍သော်လည်းကောင်း၊ ဆွေမျိုးများ၏အိမ်၌နေထိုင်၍သော်လည်းကောင်း၊ ဖြေရှင်းနေကြရကြောင်းသိရှိရသည်။ နေအိမ်အဆောက်အအုံများနှင့် ပက်သက်ပြီး ဤမြို့နယ်၌ယခင်မြို့နယ်များကဲ့သို့ပင် ပံပိုးကူညီမှုများထင်ထင်ရှားရှားမတွေ့ရှိခဲ့ရချေ။ တချို့ကျေးရွာများတွင် အစိုးရဌာနများမှ ထောက်ပံ့ပေးသော အရေးပေါ်ယာယီတဲများကို တစ်ရွာလျှင် တစ်လုံးမျှ တွေ့ရှိရသည်။ သို့သော် အဆိုပါယာယီတဲများကို မည်သို့တပ်ဆင်ရမည်မသိသဖြင့် အသုံးမပြုနိုင်ဘဲ ရှိကြ၏။

အချို့ကျေးရွားများတွင် သာသနိကအဆောက်အအုံများဖြစ်သော ဘုန်းကြီးကျောင်းများတွင် ကျောင်းခေါင်မိုးများ၊ ကျောင်းအဆောက်အအုံများနှင့်အတူ ကျောင်းဝင်းအတွင်းရှိ သစ်ပင်များပျက်စီးခြင်းစသည့် ထိခိုက်မှုအချို့ ရှိခဲ့ကြသည်ကို တွေ့ရသည်။

လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ၌လည်း ကျေးရွာအများစု၏ရွာတွင်းလမ်းများအားလုံးနီးပါးမှာ သဘာဝဘေးဒဏ်ကျ ရောက်ပြီးနောက်ပိုင်းရွံ့နွံများဖြင့် ဖုံးလွှမ်းကျန်ရစ်ခဲ့လေသည်။ ထို့အပြင် ရွာတွင်းရှိ ချောင်းကူးမြောင်းကူး တံတားငယ်များလည်း ပျက်စီးယိုယွင်းမှုများရှိကြလေသည်။ ဆိပ်ကမ်းအချို့လည်း ပျက်စီးမှုများရှိသည်ကိုလည်း တွေ့ရှိရပြီးတခြားရွာများနှင့် ဆက်သွယ်ထားသော လမ်းတံတားအချို့လည်းပျက်စီးကြလေသည်။

ထိုသို့ပျက်စီးထိခိုက်မှုများကြောင့်ကူးသန်းသွားလာရေအတွက်များစွာထိခိုက်ရကြရလေသည်။ကူးသန်းသွားလာရေးထိခိုက်သဖြင့် တခြားကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့်ကဏ္ဍ အသီးသီးသည်လည်း ထိခိုက်မှု ရှိမည်ပင်ဖြစ်လေသည်။

ငှင်းအပြင်တချို့ကျေးရွာများရှိ ချောင်းငယ်အချို့မှာ သဘာဝဘေးဒဏ်ကြောင့်ရွှံ့နွံများနှင့်သဲများဖုံးလွှမ်းပြီး တိမ်ကောသွားကြသည်ဖြစ်ရာ ရေလမ်းခရီးကို အားထားရသော ဤဒေသအဖို့ လမ်းပမ်းဆက်သွယ်ရေးနှင့် ပက်သက်ပြီး အခက်အခဲဖြစ်ရသကဲ့သို့၊ ယင်းချောင်းငယ်များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကကျသော သဘာဝရေပိုက်လိုင်းကြီးများ ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းသည်လည်း ထိခိုက်ရ လေသည်။

ထို့အပြင် ဒေသခံရပ်မိရပ်ဖများ၏ ပြောကြားချက်အရဤဒေသများ၏ လမ်းပမ်းဆက်သွယ်ရေးကဏ္ဍအတွက် ရွာဆက်လမ်းများပေါ်ပေါက်ရန်မှာလည်း အလွန်အခရာကျလှပေသည်။ အထူးသဖြင့် ဘဲခိုး - ကြိမ်ချောင်း- ရင်းချောင်း - မင်းဇီချောင်း စသည့်ရွာဆက်လမ်းသည်လည်းကောင်း၊ လက်မဆိပ် - သဲတက် - ကာဒီ - ကျွဲလမ်းချောင်း - လက်ဝဲမြန် - ပြင်လျားရှည် - အောက်ဆိပ်စသည့်ရွာဆက်လမ်းသည်လည်းကောင်း၊ မြင်းကတ္တာ-ပေါက်တူးပေါက်-ခွဆုံစသည့် ရွာဆက်လမ်းသည်လည်းကောင်းပေါက်ပေါက်လာမည်ဆိုပါကဒေသဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူဖြစ်မည်ဖြစ် ကြောင်း သိရှိရလေသည်။

ထို့ကြောင့်ဤဒေသများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်စေရန်ဆောင်ရွက်ချက်များသည်လည်းအဓိကအရေးပါသောအခန်းကဏ္ဍမှပါဝင်နေလေသည်။

# အခန်း(၅)

## နိဂုံး

ဤအစီရင်ခံစာ၌ ဖော်ပြထားခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အချက်အလက်များ ၊စိုက်ပျိုးရေးဦးစီးဌာနမှအချက်အလက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အချက်အလက်များ၊ ဂံလက်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း(ရခိုင်ပြည်)မှရရှိသော အချက်အလက်များနှင့် မိမိတို့ကိုယ်တိုင်ကွင်းဆင်းလေ့လာတွေ့ရှိထားသောအချက်အလက်များအားလုံးကို ထောက်ရှုခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း ဇွန်နှင့် ဇူလိုင်လအတွင်းကျရောက်ခဲ့သည့် သဘာဝဘေးဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသော ဒေသများ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ ကဏ္ဍပေါင်းစုံမှလွန်စွာများပြားလှသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ၎င်းအပြင် နောက်ဆက်တွဲအကျိုးသက်ရောက်မှုဆိုးကျိုးများစွာတို့ရှိနိုင်သည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အတွက်လိုအပ်ချက်များမှာ ကဏ္ဍပေါင်းစုံ၌ လွန်စွာကြီးမားလျက်ရှိလေသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၌ဆင်းရဲမွဲတေမှုဒုတိယအများဆုံးပြည်နယ်တစ်ခုဖြစ်သည့်အားလျော်စွာ၊ ယခင်ကဖွံ့ဖြိုးတိုးတက်မှုအမှတ်သုညအခြေအနေမှဤသဘာဝဘေးဒဏ်ကြောင့်ယခုအခါအနုတ်လက္ခဏာဆောင်သောအခြေအနေသို့ပင်ရောက်ရှိလျက်ရှိနေပြီဟုယူဆနိုင်ပေသည်။

ပညာရေးကဏ္ဍကိုကြည့်ပါကလည်းအခန်း(၂)တွင်ဖော်ပြထားသကဲ့သို့အဆောက်အဦးပျက်စီးမှုသက်သက်သာမကကျောင်းပရိဘောဂပျက်စီးမှု၊သင်ထောက်ကူပစ္စည်းပျက်စီးမှု၊အခြားပျက်စီးဆုံးရှုံးမှုများနှင့်အခက်အခဲများစသည်ဖြင့်လိုအပ်ချက်များမြောက်များစွာတို့ကိုတွေ့ရှိရမည်ဖြစ်သည်။ အခန်း(၃)တွင် ဖော်ပြထားသည့်အတိုင်း မိုးစပါးဧကပေါင်းများစွာပျက်စီးခဲ့ကြသကဲ့သို့၊ ပြန်လည်စိုက်ပျိုးရာ၌လည်းအခက်အခဲပေါင်းများစွာတို့ကြုံတွေ့ခဲ့ကြရသည့်နည်းတူ၊ တခြားသော သက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာတို့လည်း ထိခိုက်ခဲ့ကြပြီး၊ ဝမ်းစာအဖြစ်သိုလှောင်ထားသောစပါးတင်းပေါင်းများစွာ ပျက်စီးခဲ့ရကာ၊ ဆောင်းသီးနှံစိုက်ပျိုးရန်လည်းအခက်အခဲများစွာတို့ဖြင့်ရင်ဆိုင်ကြုံတွေ့နေကြရလေသည်။အခန်း(၄)တွင်ဖော်ပြထားသကဲ့သို့ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများစွာတို့ ထိခိုက်ပျက်စီးခဲ့ရုံသာမက၊ လူပေါင်းများစွာတို့ သေကြေပျက်စီးခြင်းနှင့် နာမကျန်းဖြစ်ကြရသည့်နည်းတူ၊ သောက်ရေသုံးရေအခက်အခဲများနှင့် နေအိမ်အဆောက်အအုံ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍအသီးသီးတို့တွင်လည်း ထိခိုက်ပျက်စီးမှုများစွာတို့ကြုံတွေ့ခဲ့ကြရလေသည်။ ထို့အပြင် ယင်းသို့ပျက်စီးဆုံးရှုံးမှုများကို အချိန်မှီပြန်လည်ထူထောင်ရေးမလုပ်နိုင်ပါကလည်း ထိုထက်မကပိုမိုသော ပျက်စီးဆုံးရှုံးမှုတို့ကို နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ကြောက်မက်ဖွယ်ကောင်းစွာဖြစ်ပေါ်လာ နိုင်ပေသည်။

အထူးသဖြင့်အဆိုပါသဘာဝဘေးဒဏ်ကိုခံစားခဲ့ရသောရခိုင်ပြည်နယ်ရှိကျေးလက်ဒေသများ၏စားနပ်ရိက္ခာအခြေအနေနှင့်ပက်သက်ပြီးလေ့လာကြည့်ပါက (အခန်း(၃)၌ဖော်ပြထားသကဲ့သို့) ကျေးလက်ဒေသများတွင် တောင်သူလယ်သမားများသည် နှစ်စဉ်နှစ်တိုင်း ၎င်းတို့ စိုက်ပျိုးရိတ် သိမ်းရရှိသောစပါးများမှအချို့ကိုမျိုးစပါးအဖြစ် သီးသန့်ထား၍လည်းကောင်း၊ ဝမ်းစာစပါးများအဖြစ် ထားရှိ၍လည်းကောင်းစုဆောင်းသိုမှီးထားလေ့ရှိကြရာ၊ ယခုနှစ်တွင်ကား ၎င်းတို့ သီးသန့်ထားရှိပြီးသောမျိုးစပါးများမှာ စိုက်ပျိုးပြီးသောအခါမှသဘာဝဘေးဒဏ်ကြောင့် ပျက်စီးရသကဲ့သို့၊ စားနပ်ရိက္ခာအဖြစ် စုဆောင်းသိုမှီးထားသောဝမ်းစာစပါးများမှာလည်း သဘာဝဘေးဒဏ်ကြောင့်ပျက်စီးမှုများရှိခဲ့လေသည်။ ထိုကြောင့် လယ်ယာစိုက်ပျိုးရေးအတွက်သာမကစားနပ်ရိက္ခာနှင့်ပက်သက်၍လည်းအခက်အခဲများစွာတို့ဖြင့် ကြုံတွေ့နေရလေသည်။ လက်ရှိစိုက်ပျိုးထားသောစပါးများသည်လည်း စပါးအမျိုးအစားရောနှောသော အခက်အခဲ၊ မိုးရေချိန်မလုံလောက်သော အခက်အခဲ၊ ပိုးမွှားအ

နရာယ်နှင့် မြေဆီသြဇာလိုအပ်ချက်များစသည အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့၊ အဆိုပါ စပါးများ ရင့်မှည့်လာပြီး၊ရိတ်သိမ်းနိုင်သည့်ကာလမရောက်ခင်စပ်ကြား၌စားသောက်ရန်စားနပ်ရိက္ခာလိုအပ်ချက်သည်များစွာကြီးမား လျက်ရှိ၏။ ယခုအချိန်တွင်အရေးပေါ်ကာလအချိန်မှရရှိသော စားနပ်ရိက္ခာများသည် တဖြည်းဖြည်းနည်းပါးလျက်ရှိနေပြီ ဖြစ်သကဲ့သို့၊ အလှူရှင်ပုဂ္ဂိုလ်များရောက်ရှိမှုလည်းနည်းပါးလျက်ရှိနေရာ၊ အဆိုပါရိက္ခာများကုန်ခမ်းသွားပါက ကျေးရွာသူ၊ ရွာသားများအဖို့ ဆက်လက်၍ ရပ်တည်မှုရရန်အလွန်တရာမှ ခက်ခဲလျက်ရှိလေသည်။ မရှိလျှင် ရှိသည်ကို ချေးငှားပေါင်နှံ၊ ရောင်းချစားသောက်ရမည့် အခြေအနေသို့ ရောက်သွားနိုင်သည်ဟုအချို့သော ရပ်မိရပ်ဖများကပြောဆိုကြသကဲ့သို့၊ တချို့ သောဒေသခံအဖွဲ့အစည်းများမှအဓိကရေးပါသောပုဂ္ဂိုလ်များ၏အဆိုအရ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု ဒုဗ္ဘိက္ခ န္တရာယ် ဆိုက်ရောက်လာပါက ဆူပူသောင်းကျန်း ခိုးဂုက်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်မကင်းဖြစ်နေကြလေသည်။

၁၉၈၆ခုနှစ် မေလ (၁၀) ရက်နေ့တွင် တိုက်ခိုက်ခဲ့သော မုန်တိုင်းအပြီး၌ စစ်တွေမြို့တွင် ပေါ်ပေါက်ခဲ့သော လူပေါင်းများစွာ သေဆုံးခဲ့ရသည့် ဆန်ပြဿနာအဓိကရုဏ်းဖြစ်စဉ်ကြီးသည်လည်း သဘာဝဘေးဒဏ်ကျရောက်ပြီး နောက်ဆက်တွဲစားနပ် ရိက္ခာမဖူလုံမှုနှင့်ဆက်စပ်လျက်ရှိရာ၊ ယင်းအဖြစ်အပျက်ကဲ့သို့သောအခြေအနေမျိုး နောက်တကြိမ်မဖြစ်ပေါ်စေရေးမှာ ပြန် လည်ထူထောင်ရေးလုပ်ငန်းများကို နည်းမှန်လမ်းမှန်ဖြင့်ထိရောက်လျှင်မြန်စွာ လုပ်ဆောင်နိုင်ရေးမှာလွန်စွာမှအရေးပါမည် ဖြစ်လေသည်။

ယင်းသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်ရန်မှာ ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံမှ အဖွဲ့အ စည်းပေါင်းစုံတို့၏ အင်တိုက်အားတိုက်လုပ်ဆောင်ချက်များဖြင့် အကောင်အထည်ဖော်ကြမှသာ လိုအပ်ချက်များကြီးမားစွာ ဖြစ်ပေါ်နေသော၍ဒေသများ၏ လူမှုစီးပွားအခြေအနေ ကွက်လပ်များစွာတို့အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ၊ ထို့သို့လုပ် ဆောင်နိုင်ရန်ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံမှအဖွဲ့အစည်းများစွာတို့ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရန် ကြိုးပမ်းထားသော ပရိုဂျက်ဒီဇိုင်းတစ်ခုအား နမူနာယူသင့်ပေသည်။ ၎င်းနေရာ၌မေတ္တာဖောင်ဒေးရှင်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ပြုလုပ်ခဲ့သောThe Post-Cyclone Nargis Initiative ပရောဂျက်နှင့် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ခဲ့သော တက်လမ်းပရိုဂျက်ဒီဇိုင်းအား နမူနာအနေ ဖြင့် ဖော်ပြလိုက်ပါသည်။

၂၀၀၈ခုနှစ် မေလ (၂) ရက်နေ့တွင် တိုက်ခိုက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးဒဏ် ဆိုးဝါးစွာခံစားခဲ့သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင် ခဲ့သော မေတ္တာဖောင်ဒေးရှင်း၏(၃)နှစ်တာ ပရောဂျက်ကြီး(၂၀၀၈မှ၂၀၁၁အထိ)သည် ၎င်းကဲ့သို့သော သဘာဝဘေးဒဏ် ကို ခံစားရသည့်ဒေသများအားပြန်လည်ဖွံ့ဖြိုးရေးအတွက်နမူနာယူစရာဖြစ်လေသည်။အဆိုပါပရောဂျက်ကြီးသည်ရေရှည်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ဦးတည် လျက် အထောက်အပံ့များစွာတို့ဖြင့် ပံပိုးကူညီခြင်းနှင့်အတူ မြို့နယ်ပေါင်း (၉)မြို့နယ်ရှိ ကျေးရွာပေါင်း (၂၀၅)ခုတို့တွင် ဒေသခံများ၏ ဘဝပေါင်းများစွာတို့ကို ရှင်သန်စေခဲ့လေသည်။

ယင်း ပရောဂျက်၌ ဆောင်ရွက်ခဲ့သော ကဏ္ဍ(၆)ခုပါဝင်ပြီး ၎င်းတို့မှာ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးဒဏ်ဖြစ်ပွားမှုနှုန်းကို လျော့ချရေးနှင့် ကြိုတင်ကာကွယ်ရေး၊လူမှုဘဝဖွံ့ဖြိုးရေးအတွက်မရှိမဖြစ် မှီခိုအားထားရ သောလမ်းပန်းဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေးနှင့်ရပ်ရွာလူထုအားအသိဉာဏ်ပြည့်ဝစေရေးအတွက်စွမ်းရည်မြှင့် တင်ရေးသင်တန်းများပေးရေးစသည်ဖြင့်ပါဝင်လေသည်။(အဆိုပါစွမ်းရည်မြှင့်သင်တန်းများတွင်ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးရုံ သာမကရေရှည်ဖွံ့ဖြိုးရေးလမ်းကြောင်းဆီသို့ ရှေးရှုသည့် အမြော်အမြင်ကြီးမားသော လူမှုအသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အတွက်ရည်ရွယ်ထားသည်ကိုတွေ့ရ သည်။)

မေတ္တာဖောင်ဒေးရှင်းမှ ဆောင်ရွက်ခဲ့သော ထိုပရောဂျက်တွင် အဆိုပါကဏ္ဍ(၆)ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်းမြင်တွေ့ရလေသည်။ နေအိမ်ပေါင်းထောင်နှင့်ချီ၍ ပြန်လည်တည်ဆောက်ပေးခြင်း၊စွမ်းရည်မြှင့်သင်တန်းပေါင်းရာနှင့်ချီ၍ပို့ချခြင်း၊လယ်သမားများစွာတို့အတွက်စိုက်ပျိုးရေးသင်တန်းများ ပို့ချခြင်းနှင့်အတူ ၎င်းတို့အတွက် ကျွဲနွားတိရစ္ဆာန်များစွာတို့နှင့်အတူ စိုက်ပျိုးရေးကိရိယာများ၊မျိုးစေ့များပံ့ပိုးပေးနိုင်ခဲ့ပြီး၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း လှေနှင့်ငါးဖမ်းပိုက်များစွာတို့ကို ပံ့ပိုးခြင်းတို့ပါဝင်လေသည်။ ၎င်းအပြင် ပညာရေးကဏ္ဍ တွင်လည်း ECCD (EarlyChildhoodCareandDevelopment)စင်တာများ ဖွင့်လှစ်ပေးခြင်းနှင့်အတူ စာသင်ကျောင်းပေါင်းများစွာကိုလည်း တည်ဆောက်ပေးခဲ့ပြီး၊ ယင်းစာသင်ကျောင်းများ၌ ရေလှောင်ကန်များနှင့် ယင်လုံအိမ်သာများကိုလည်းတည်ဆောက် ပေးခြင်းစသည်တို့ပါဝင်လေသည်။

ထို့အပြင် ကျန်းမာရေးကဏ္ဍတွင်လည်း ရေတွင်း၊ရေကန်အမြောက်အများတို့ကိုပြန်လည်ပြုပြင်ခြင်း၊ အသစ်တူးဖော်ပေးခြင်းတို့အပြင်ရေထည့်ထားရန်ရေအိုးကြီးများစွာတို့ကိုဖြန့်ဖြူးခြင်းနှင့်ယင်လုံအိမ်သာပေါင်းများစွာတို့ကိုတည်ဆောက်ခြင်းတို့ပါဝင်၏။ ယင်းသို့ အဆောက်အအုံများ တည်ဆောက်ခဲ့ရုံ သာမက ကျန်းမာရေးအသိပညာပေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများစွာတို့ကိုလည်း ရပ်ရွာလူထုပေါင်းမြောက်များစွာတို့ထံသို့ ပျံ့နှံ့သိရှိစေရန်ဆောင်ရွက်ခြင်းတို့လည်း ပါဝင်လေသည်။

ထိုမျှသာမက သဘာဝဘေးဒဏ်ဖြစ်ပွားမှုနှုန်းကို လျော့ချရေးနှင့်ကြိုတင်ကာကွယ်ရေးကဏ္ဍတွင် ဒီရေတောကေပေါင်းများစွာကို ကမ်းရိုးတန်းတလျှောက်ပြန်လည်စိုက်ပျိုးခြင်းနှင့်အတူ၊ ငါးဖမ်းလုပ်ငန်း၊သစ်တောလုပ်ငန်းနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများပါဝင်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကြိုတင်အသိပေးခြင်းစနစ်များလည်း ပါဝင်လေသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လမ်းတံတားများ၊ ဆိပ်ခံတံတားများအားပြန်လည် ပြုပြင်ခြင်းလုပ်ငန်းစဉ်များပါဝင်ပြီး၊ လာလတ္တံ့သော မုန်တိုင်းများမှ လွတ်မြောက်နိုင်ရန်ရည်ရွယ်လျက် ဖောက်လုပ်ထားသော လမ်းများလည်းပါဝင်လေသည်။ ထို့အပြင် မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွာပျက်လုနီးပါးရှိနေသော ကျေးရွာအား ပြန်လည်ရွှေ့ပြောင်းပေးခြင်းတို့လည်းပါဝင်လေသည်။

၂၀၁၀ ခုနှစ်တွင် တိုက်ခိုက်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးဒဏ် ဆိုးဝါးစွာခံစားခဲ့သော ရခိုင်ပြည်နယ်ရှိ မြို့နယ်(၄)မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန်ရေးဆွဲထားသော ပရောဂျက်ကြီးတစ်ခု ဖြစ်သည့် တက်လမ်းပရောဂျက်ကြီး၏ ပရောဂျက်ဒီဇိုင်းသည်လည်း ဤကဲ့သို့သော သဘာဝဘေးဒဏ်ကိုခံစားရသည့်ဒေသများအား ပြန်လည်ဖွံ့ဖြိုးရေးအတွက်နမူနာယူစရာဖြစ်လေသည်။

(မှတ်ချက်။ ။ အဆိုပါတက်လမ်းပရိုဂျက်မှာ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော the International Rescue Committee ( IRC), Save the Children UK (SC), Oxfam, နှင့် အတူ Better Life Organization (BLO) စသည့် local အဖွဲ့အစည်းများစွာတို့ ပူးပေါင်းလျက် ရခိုင်ပြည်နယ်အတွင်း ဂီရိဆိုင်ကလုန်းမုန်တိုင်းခံစားခဲ့ရသော မြို့နယ်(၄)မြို့နယ်တွင်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်လျက် ဒီဇိုင်းဆွဲထားသော ပရောဂျက်တစ်ခုဖြစ်သည်။ ဤနေရာ၌ အဆိုပါ ပရောဂျက်၏ဒီဇိုင်းနှင့်ပက်သက်ပြီး နမူနာယူသင့်ကြောင်းဖော်ပြလိုခြင်းသာဖြစ်ပြီး၊

အကောင်အထည်ဖော်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ထွက်ပေါ်ခဲ့သောရလဒ်များနှင့်ပက်သက်၍ကား မည်သို့မျှမဖော်ပြလိုပါ။)

တက်လမ်းပရိုဂျက်ဒီးဇိုင်းအား အကျဉ်းချုပ်လေ့လာကြည့်ပါက လုပ်ငန်းကြီး(၄)ခု ပါဝင်သည်ကို တွေ့ရမည်။ ၎င်းတို့မှာ ၁။အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၂။ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ခြင်း ၃။စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း ၄။ငွေရေးကြေးရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ခြင်းစသည်တို့ပါဝင်ကြသည်။

လုပ်ငန်းစဉ်အမှတ် (၁)ဖြစ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းတွင် နေအိမ်အဆောက်အအုံများ၊ အိမ်သာများ၊လမ်းတံတားများစသည့် ဒေသတွင်းမရှိမဖြစ် အရေးပါသော အခြေခံအဆောက်အအုံများအပြင် ရေတွင်း၊ ရေကန်များတည်ဆောက်ပေးခြင်းစသည်တို့ပါဝင်လေသည်။ ထိုသို့တည်ဆောက်နိုင်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပံပိုးကူညီ မှုများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဒီဇိုင်းဆွဲထားလေသည်။

လုပ်ငန်းစဉ် အမှတ်(၂)ဖြစ်သော ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာ၌ ကျေးရွာအဆင့် ငါးဖမ်းလုပ်ငန်းများ ကိုမြှင့်တင်ပေးခြင်း၊ ၎င်းတို့၏ ငါးဖမ်းလုပ်ငန်းစွမ်းရည်များကို ပံ့ပိုးပေးခြင်း၊ စီးပွားရေးပိုင်းဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာတို့တွင် ရေရှည်တည်တံ့ခိုင်မြဲရေးစွာဖြင့် ငါးလုပ်ငန်းတွင်ပါဝင်ပက်သက်သူများအားလုံး (ယောကျ်ားရောမိန်းမပါ) ဝင်ငွေတိုး လာစေရန်နှင့် အကျိုးကျေးဇူးခံစားနိုင်စေရန် စသည်ဖြင့် ဒီဇိုင်းဆွဲထားလေသည်။

လုပ်ငန်းစဉ်အမှတ်(၃)ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ရန်ဆောင်ရွက်ရာတွင် ၎င်းလုပ်ငန်းများ လျှင်မြန်စွာလည်ပတ်နိုင်စေရန်နှင့် ဆန်စပါးအပါအဝင် တခြားသောကောက်ပဲသီးနှံများအားလုံး အထွက်တိုးအောင် ဆောင်ရွက်ခြင်း၊ မျိုးစေ့များ၊ မြေသြဇာများ၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်း စသည်ဖြင့်ပါဝင်လေသည်။

လုပ်ငန်းစဉ် အမှတ်(၄)ဖြစ်သော ငွေရေးကြေးရေးဆိုင်ရာပံပိုးမှုများဆောင်ရွက်ရာတွင် ကျေးရွာများရှိ လယ်သမားများ၊ ငါးဖမ်းသမားများ စသည်တို့ကို ချေးငွေများထောက်ပံပေးခြင်းဖြင့် ဒေသတွင်း လုပ်ငန်းငယ်များ ရှင်သန်ကြီးထွားလာစေရန် ရည်ရွယ်ထားသည်ကိုတွေ့ရသည်။

အဆိုပါ လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အသုံးပြုသော နည်းဗျူဟာများအနေဖြင့် (၁) ဘက်စုံဒေါင့်စုံကဏ္ဍ ပေါင်းစုံမှပံပိုးခြင်း၊ (၂)လူထုအခြေပြုနည်းလမ်းများဖြင့် အစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ (၃)နည်းပညာအသစ်အဆန်းများ (သို့)နည်းစနစ်သစ်များကိုအသုံးပြုခြင်း၊ (၄)အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ (၅)လူတန်းစားအလွှာ အသီးသီးတို့(လူငယ်၊အခြေခံလူတန်းစား၊အမျိုးသမီးစသည့်)အားလုံးအကျိုးကျေးဇူးရရှိစေခြင်းစသည်တို့ပါဝင် လေသည်။

ထို့ကြောင့်အထက်တွင်ဖော်ပြထားသောမေတ္တာဖောင်ဒေးရှင်းမှဆောင်ရွက်သောပရောဂျက်နှင့် ဤတက်လမ်းပရောဂျက်၏ ဒီဇိုင်းကိုလေ့လာကြည့်ပါက ကြီးမားသောလုပ်ငန်းစဉ်များစွာတို့ကိုချမှတ်လျက် ထိရောက်မှန်ကန်မည့် နည်းဗျူဟာများသုံးကာ၊ လိုအပ်ချက်များစွာတို့ကို လိုအပ်နေ သောနေရာများ၌ဖြည့်ဆည်းနိုင်ရန်အတွက် အဖွဲ့အစည်းများစွာတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ဘက်ပေါင်းစုံ၊ ဒေါင့်ပေါင်း စုံ၊ကဏ္ဍပေါင်းစုံတို့ မှ ဆောင်ရွက်နိုင်ရန် အားထုတ် ထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသောဒေသများအတွက် မေတ္တာဖောင်ဒေးရှင်း၏ ပရောဂျက်ကြီးနှင့်ဤတက်လမ်းပရောဂျက်ကဲ့သို့သောပရောဂျက်ကြီးတစ်ခုရေးဆွဲချမှတ်လျက်အဖွဲ့အစည်းပေါင်းများစွာတို့

၏ပူးပေါင်းဆောင်ရွက်မှုဖြင့်ထိထိရောက်ရောက်မှန်မှန်ကန်ကန်လုပ်ဆောင်မှသာဤဒေသများ၏ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ပေသည်။

.

## နောက်ဆက်တွဲ ဇယားအမှတ် (၁)

## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ (၂၀.၉.၂၀၁၅)

| မြို့နယ် | သေဆုံး | | ပျောက်ဆုံး | | ရေဘေးသင့်အိမ်ထောင်စု | ရေဘေးသင့်ဦးရေ | ရေမြုပ် / ရေဝင် | | | | | ပြိုကျ / ပျက်စီး | | | | | | | | ပျက်စီးဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လူ | ကျွဲ / နွား | လူ | ကျွဲ / နွား | | | အိမ် | ကျောင်း | ဘုန်းကြီးကျောင်း | အစိုးရအဆောက်အအုံ/အခြား | လယ်ယာ (ဧက) | အိမ် | ကျောင်း | ဘုန်းကြီးကျောင်း | အစိုးရအဆောက်အအုံ/အခြား | ဆည် | တံတား | လမ်း | လယ်ယာ (ဧက) | |
| စစ်တွေ | | | | | | | | | | | ၁၅၃၀ | ၈၀၆ | ၁၆ | ၅ | ၅၆ | ၁ | | ၆ | ၁၅၃၀ | ၁၅၈၅.၄၇ |
| ပုဏ္ဏားကျွန်း | ၃ | ၃၃၈ | | | ၃၀၂၄ | ၁၃၀၈၃ | ၁၃၃၄ | | | ၃၇၃၅ | ၂၃၀၀၄ | ၂၀၆၅ | ၄၆ | ၅ | ၁၄ | ၃ | | ၄ | ၉၀၄၅ | ၄၂၉၇.၅၄၇ |
| ရသေ့တောင် | ၃ | ၁၄၂ | | | ၁၀၆၆ | ၅၃၅၀ | | | | | ၄၁၅၁ | ၂၂၁၆ | ၈၃ | ၁ | ၁၅ | ၃ | ၂၅ | ၂ | ၁၅၁၀ | ၅၇.၂၇၅ |
| ပေါက်တော | | ၆၀၆ | | | ၁၄၆၁ | ၆၉၄၉ | ၂၅၆ | | | | ၁၈၈၄၂ | ၁၄၆၂ | ၅ | | ၁၅ | ၆ | | | ၈၉၄၆ | ၁၀၃၈.၉၉၄ |
| မြောက်ဦး | ၁၃ | ၁၈၀ | | | ၁၀၂၉ | ၁၉၁၇၆ | ၄၁၁၅၅ | ၅၈ | ၁ | | ၈၄၇၄၅ | ၁၂၉၅ | ၁၀ | ၂ | ၄၆ | | ၇ | ၁၄ | ၇၄၈၂၉ | ၆၀၃၈.၆၁၉ |
| ကျောက်တော် | ၁ | ၁၄၀၄ | | | ၂၅၆၆ | ၁၁၃၄၂ | ၂၅၂၅ | ၁၀၁ | ၄၀ | | ၅၁၃၅၆ | ၁၀၃၆ | ၂၇ | ၁၅ | ၁၉ | ၂ | ၁ | ၆ | ၄၁၂၁၉ | ၃၂၆၃.၂၃၀ |
| မင်းပြား | ၁၆ | ၁၁၄၇ | | | ၉၀၇ | ၆၀၄၉ | ၁၂၀၀ | ၂၀၄ | ၁၀ | ၂ | ၅၀၀၀၀ | ၁၂၀၃ | ၄၇ | ၅၀ | ၁၇ | ၉ | ၁၉ | ၃၄ | ၃၆၀၇၉ | ၆၁၅၅.၈၉၉၆ |
| မြေပုံ | | | | | ၆၁ | ၂၄၄ | ၅၉ | ၂ | | | ၈၅၅၀ | ၅၉ | ၁ | | ၁၀ | ၁၇ | | ၆ | ၅၆၂၃ | ၁၃၀.၇၁၁ |
| မောင်တော | ၁ | | | | ၈၁၁ | ၂၅၇၉ | ၂၉၃၇၆ | ၇၉ | ၁၈ | ၂၃၈ | ၁၂၈၁၉ | ၅၅၉ | ၃၂ | ၁၂ | ၃၂ | ၁ | ၈ | ၅ | ၂၇၄ | ၄၉၂.၂၈၅၅ |
| ဘူးသီးတောင် | ၁၈ | ၇၂၅ | | | ၂၈၄၂ | ၁၈၆၅၆ | ၃၆၁၉၂ | ၁၁၇ | ၄၁ | ၂၄၃၂ | ၃၉၁၈၈ | ၂၃၄၄ | ၁၉ | ၃၂ | ၃၈ | | ၃ | ၆ | ၂၉၁၈၉ | ၁၂၁၃.၂၆ |
| ကျောက်ဖြူ | | | | | | | | | | | ၆၅၀၅ | ၁၂ | ၂ | | ၅ | ၅၆ | | ၂ | ၁၈၂၃ | ၂၂၃၅.၃ |
| ရမ်းဗြဲ | | | | | | | | | | | | | ၁ | | | | | ၁ | | |
| မာန်အောင် | | | | | | | | | | | | ၁၃ | ၁ | | | | | | | ၁.၄၃ |
| အမ်း | ၁ | ၁၄၄ | | | ၂၅၆၉ | ၁၂၇၃၇ | ၂၅၆၉ | ၇ | ၂ | ၂ | ၁၂၇၁၉ | ၆၁၂ | ၂ | ၁ | ၂၅ | ၁၀ | ၆ | ၁၉ | ၅၇၃၉ | ၁၈၄၂၇.၇၈၆၆ |
| သံတွဲ | | | | | | | | | | | ၁၂၈.၁ | ၁၉ | | | | | ၂ | ၇ | ၄၁၅ | ၁၉.၆၅၂ |
| တောင်ကုတ် | | | | | | | | | | | | ၁၁ | | | | ၂ | ၁ | ၇ | ၈၄၁ | ၁၈.၁၁၇ |
| ဂွ | | | | | | | | | | | ၂၀ | ၂၉ | | | | ၁ | | | ၁၈၄ | ၅.၇၁၈ |
| စုစုပေါင်း | ၅၆ | ၄၆၈၆ | | | ၁၆၃၃၆ | ၉၆၁၆၅ | ၁၁၄၆၆၆ | ၅၆၈ | ၁၁၂ | ၆၄၀၉ | ၃၁၃၅၅၇.၁ | ၁၃၇၄၁ | ၂၉၂ | ၁၂၃ | ၂၉၂ | ၁၁၁ | ၇၂ | ၁၁၉ | ၂၁၇၂၄၆ | ၄၄၉၈၁.၂၉၆ |

ရည်ညွှန်း - ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## နောက်ဆက်တွဲ - ဇယားအမှတ် (၂)

## မိုးစပါး ပျက်စီးဧကများအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှုအခြေအနေ

| စဉ် | မြို့နယ် | ပျက်စီး (ဧက) | ပြန်လည်စိုက်ပျိုးပြီး (ဧက) | မစိုက်ပျိုးနိုင် (ဧက) | | |
|---|---|---|---|---|---|---|
| | | | | တာတမံမဆည်ဖို့နိုင်၍ | သဲ၊ သစ်ပင်ကြီးများဖုံး၍ | စုစုပေါင်း |
| ၁ | စစ်တွေ | ၁၆၃၇ | ၁၆၃၇ | - | - | - |
| ၂ | ရသေ့တောင် | ၁၇၆၅ | ၁၇၆၅ | - | - | - |
| ၃ | ပုဏ္ဏားကျွန်း | ၁၀၀၉၄ | ၉၈၈၆ | ၂၀၈ | - | ၂၀၈ |
| ၄ | ပေါက်တော | ၈၉၄၆ | ၇၄၂၄ | - | - | - |
| ၅ | မြောက်ဦး | ၇၅၂၄၂ | ၇၅၁၉၅ | - | ၄၇ | ၄၇ |
| ၆ | ကျောက်တော် | ၄၁၂၈၁ | ၄၁၂၇၆ | - | ၅ | ၅ |
| ၇ | မင်းပြား | ၃၆၀၇၉ | ၃၆၀၀၈ | - | ၇၁ | ၇၁ |
| ၈ | မြေပုံ | ၈၅၅၀ | ၈၄၉၃ | ၅၇ | - | ၅၇ |
| ၉ | မောင်တော | ၈၁၉ | ၇၉၂ | - | ၂၇ | ၂၇ |
| ၁၀ | ဘူးသီးတောင် | ၁၈၁၂၉ | ၁၆၆၀၉ | - | ၅၅ | ၅၅ |
| ၁၁ | ကျောက်ဖြူ | ၁၈၆၇ | ၄၁၁၅ | ၇၃၉ | - | ၇၃၉ |
| ၁၂ | အမ်း | ၁၁၃၉၇ | ၁၁၁၅၂ | ၂၃၉ | ၆ | ၂၄၅ |
| ၁၃ | သံတွဲ | ၄၁၅ | ၄၁၅ | - | - | - |
| ၁၄ | တောင်ကုတ် | ၈၄၁ | ၈၄၁ | - | - | - |
| ၁၅ | ဂွ | ၁၈၄ | ၁၈၄ | - | - | - |
| | ပြည်နယ်ချုပ် | ၂၁၇၂၄၆ | ၂၁၅၇၉၂ | ၁၂၄၃ | ၂၁၁ | ၁၄၅၄ |

ရည်ညွှန်း - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်)

## နောက်ဆက်တွဲ - ဇယားအမှတ် (၃)

## ကျောက်တော်မြို့နယ်ရှိ ကျေးရွာများ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ထိခိုက်ပျက်စီးမှုအခြေအနေများ

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာ အုပ်စု | ပျက်စီးဆုံးရှုံးမှု (စိုက်ပျိုးရေး၊ မွေးမြူရေး) | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | စိုက်ပျိုးမြေ (ဧက) | ကြက် | ဘဲ | ဝက် | ကျွဲ | နွား | ဆိတ် |
| ၁ | ကျောက်တော် | သံမျှာ | ၁၃၁ | | | | | | |
| ၂ | | စပါးဆိပ်(ပီ) | ၃၅၀ | | | | | | |
| ၃ | | ကျင်းကြီး | ၂၈၁ | | | | | | |
| ၄ | | တောင်မှုဇီ | ၉၄၀ | | | | | | |
| ၅ | | သပေါက္ကံ | ၁၈၀ | | | | | | |
| ၆ | | အောင်ယျ | ၉၈၅ | | | | | | |
| ၇ | | သံထောင် | ၆၉၃ | | | | | | |
| ၈ | | နဂဂျ | ၅၆၄ | | | | | | |
| ၉ | | တောင်ဘွေ | ၁၁၁ | | | | | | |
| ၁၀ | | မတင်မိုင်းချောင်း | ၂၈၂ | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁၁ | | ရတနာပုံ | ၁၇၃ | | | | | | |
| ၁၂ | | မီးဝ | ၃၅ | | | | | | |
| ၁၃ | | မွန်ထောင့် | ၁၀၄ | | | | | | |
| ၁၄ | | လောင်းရှည် | ၁၁၉ | | | | | | |
| ၁၅ | | တင်းမ | ၂၅၀ | | | | | | |
| ၁၆ | | မာလာ | ၁၃၈ | | | | | | |
| ၁၇ | | မျောက်တောင် | ၁၁၀ | | | | | | |
| ၁၈ | | မြို့မ | ၈၀၁ | | | | | | |
| ၁၉ | | ဝကင်း | ၃၈၀ | | | | | | |
| ၂၀ | | အောင်ပိုက်သည် | ၃၇၀ | | | | | | |
| ၂၁ | | လက်ဆောင်ကောက် | ၅၂၀ | | | | | | |
| ၂၂ | | ဘုရားပေါင်း | ၁၁၀၃ | ၂၅၈၀ | ၁၈၈ | ၃၄၂ | ၄၀ | ၅၀ | ၇၈ |
| ၂၃ | ကျောက်တော် | ရှောက်ချောင်း | ၃၂၆ | | | | | | |
| ၂၄ | | င/တပေါင်း | ၆၃၁ | ၁၈၄၀ | ၁၂၀ | ၂၀၂ | ၂၈ | ၄၂ | ၅၆ |
| ၂၅ | | ကွမ်းအုံချောင်း | ၃၇၅ | ၁၀၂၂ | ၄၆ | ၁၆၈ | ၂၀ | ၂၂ | ၂၄ |
| ၂၆ | | သင်္ဂနက် | ၃၂၂ | ၁၁၂၀ | ၄၀ | ၁၄၈ | ၁၄ | ၂၀ | ၂၆ |
| ၂၇ | | တောင်ထောင် | ၇၅၀ | | | | | | |
| ၂၈ | | တယား | ၆၀၃ | | | | | | |
| ၂၉ | | ပီထု | ၂၅၀ | | | | | | |
| ၃၀ | | ဝဲကြီးထောင့် | ၂၉၀ | | | | | | |
| ၃၁ | | ရှင်ကြမ်း | ၆၈၀ | | | | | | |
| ၃၂ | | ငါးဆောင်းဘက် | ၇၂၀ | | | | | | |
| ၃၃ | | ထောက်လေမင်တန် | ၃၅၀ | | | | | | |
| ၃၄ | | သာစည် | ၂၅၅ | | | | | | |
| ၃၅ | | အလယ်ကျွန်း | ၁၈၅ | | | | | | |
| ၃၆ | | မင်းသားတောင် | ၁၅၅ | | | | | | |
| ၃၇ | | ပေါက်တောသရီ | ၂၀ | | | | | | |
| ၃၈ | | စပါးဆိပ်သရီ | ၃၄၀ | ၈၈၀ | ၃၀ | ၁၂၂ | ၁၆ | ၂၄ | ၃၆ |
| ၃၉ | | သစ်တပုံ | ၂၀၀ | | | | | | |
| ၄၀ | | ခေါင်းတုတ် | ၄၂ | | | | | | |
| ၄၁ | | လမ္ဘတော် | ၁၇၇ | ၃၉၈၀ | ၂၂ | ၃၀ | ၀ | ၁၈ | ၂၂ |
| ၄၂ | | ကျောက်တလုံး | ၃၀ | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၄၃ | | သရက်တပင် | ၄၀၅ | ၂၇၃၄ | ၁၂၂ | ၂၉၀ | ၃၈ | ၇၄ | ၇၄ |
| ၄၄ | | ညောင်ချောင်း | ၂၂၀ | ၈၄၀ | ၂၀ | ၉၈ | ၁၈ | ၃၂ | ၃၀ |
| ၄၅ | ကျောက်တော် | ရွာမပြင် | ၆၄၄ | ၃၇၀၀ | ၁၂၀ | ၂၄၄ | ၄၂ | ၁၆၈ | ၁၂၂ |
| ၄၆ | | ကျားနင်းကန် | ၆၈၅ | ၂၄၃၀ | ၁၁၆ | ၂၁၆ | ၅၂ | ၁၃၀ | ၁၁၈ |
| ၄၇ | | သဝင်ကိုင်း | ၈၇၅ | | | | | | |
| ၄၈ | | ဆင်အိုးချိုင် | ၁၃၇၈ | | | | | | |
| ၄၉ | | ပေါက်တောပလောင် | ၃၉၀ | | | | | | |
| ၅၀ | | ကသစ်တော | ၃၅၀ | | | | | | |
| ၅၁ | | ရွာသစ်ကေ | ၂၃၀ | | | | | | |
| ၅၂ | | ကျောက်ဖြူ | ၆၆၀ | | | | | | |
| ၅၃ | | စိန်ခြံ | ၆၂၁ | ၁၇၄၀ | ၂၈ | ၁၄၈ | ၄၂ | ၇၆ | ၈၆ |
| ၅၄ | | စဖိုသား | ၅၉၇ | ၈၄၀ | ၄၀ | ၁၀၂ | ၂၄ | ၅၀ | ၃၆ |
| ၅၅ | | ယွန်းချောင်း | ၉၁၈ | | | | | | |
| ၅၆ | | လမုတပင် | ၁၃၅၈ | | | | | | |
| ၅၇ | | ရပ္ပီထောင့် | ၅၆၃ | | | | | | |
| ၅၈ | | အခစား | ၆၅၀ | | | | | | |
| ၅၉ | | နဂူမေ | ၈၈၁ | | | | | | |
| ၆၀ | | ဇင်းခါရှည် | ၄၅၉ | | | | | | |
| ၆၁ | | လက်ခုပ်ပင်ရင်း | ၁၃၁၈ | | | | | | |
| ၆၂ | | ဂေါရောမဏီ | ၃၆၅ | | | | | | |
| ၆၃ | | ကြောင်စွယ်ဖြူ | ၁၅၁၃ | | | | | | |
| ၆၄ | | ကာဒီ | ၄၂၂ | ၈၄၈ | ၃၂ | ၁၀၂ | ၁၆ | ၁၈ | ၂၂ |
| ၆၅ | | အပေါက်ဝ | ၉၃၀ | ၂၈၄၄ | ၁၆၀ | ၃၄၂ | ၃၄ | ၄၆ | ၆၂ |
| ၆၆ | | ပြိန်းချောင်း | ၆၇၇ | ၈၅၀ | ၂၂ | ၉၆ | ၁၂ | ၁၆ | ၂၄ |
| ၆၇ | ကျောက်တော် | ဒုတ္တံချောင်း | ၁၁၀၈ | ၁၂၈၀ | ၃၄ | ၁၁၀ | ၂၀ | ၃၂ | ၄၈ |
| ၆၈ | | ဗိုလ်မင်း | ၆၉၁ | ၁၆၀၈ | ၁၆ | ၁၁၂ | ၂၆ | ၃၆ | ၄၂ |
| ၆၉ | | ပြောင်းဆိပ် | ၁၂၇၇ | | | | | | |
| ၇၀ | | ခွဆုံ | ၆၇၄ | | | | | | |
| ၇၁ | | ဘာရဝါ | ၆၃၂ | ၉၀၂ | ၂၀ | ၉၄ | ၁၄ | ၂၂ | ၃၂ |
| ၇၂ | | အောင်ဇေယျ | ၁၃၅၀ | ၁၆၀၆ | ၃၂ | ၁၈၀ | ၂၈ | ၄၄ | ၅၀ |
| ၇၃ | | အုံးပတီး | ၆၈၂ | | | | | | |
| ၇၄ | | အောက်လာ | ၇၉၆ | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၇၅ | | ကန်စောက် | ၄၈၀ | | | | | | |
| ၇၆ | | ပန်းဖဲချောင်း | ၄၅၀ | | | | | | |
| ၇၇ | | သလူချောင်း | ၇ | | | | | | |
| ၇၈ | | တောင်မင်းကုလား | ၂၅၀ | | | | | | |
| ၇၉ | | ခမောင်းတော | ၂၈၅ | | | | | | |
| ၈၀ | | ချောင်းတူ | ၁၆၉ | | | | | | |
| | | စုစုပေါင်း | ၄၁၂၈၁ | ၃၂၉၄၄ | ၁၂၀၈ | ၃၁၄၆ | ၄၈၄ | ၉၂၀ | ၉၈၈ |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## နောက်ဆက်တွဲ - ဇယားအမှတ် (၄)

## ၂၀၁၅ ခုနှစ် ဇူလိုင်လ (၂၅) ရက် နေ့မှဩဂုတ်လ(၇)ရက်နေ့အထိမြောက်ဦးမြို့နယ်အတွင်းရေကြီးနှစ်မြုပ်မှု ကြောင့် မိုးစပါးပျက်စီးမှုစာရင်း

| ကျေးရွာအုပ်စု အမည် | ကွင်းပေါင်း | တောင်သူ ပေါင်း | ရေလွှမ်း ဧက | ရေပြန်ကျဧက | ပျက်စီးဧက | ကျန်ဧက |
|---|---|---|---|---|---|---|
| ၁။ တန်းတင် | ၅ | ၉၀ | ၉၈၁ | ၉၈၁ | ၈၀၀ | ၁၈၁ |
| ၂။ မောင်နမ | ၂ | ၄၈ | ၇၅၀ | ၇၅၀ | ၇၅၀ | - |
| ၃။ ညောင်ပင်လယ်(ပပ) | ၄ | ၉၅ | ၈၂၀ | ၈၂၀ | ၃၆၀ | ၄၆၀ |
| ၄။ ပြောင်းပေါ် | ၅ | ၁၂၃ | ၆၀၀ | ၆၀၀ | ၄၁၀ | ၁၉၀ |
| ၅။ အကြီးတော်မ | ၄ | ၆၄ | ၄၉၀ | ၄၉၀ | ၄၁၀ | ၈၀ |
| ၆။ အက်သား | ၆ | ၉၆ | ၁၂၀၀ | ၁၂၀၀ | ၉၄၃ | ၂၅၇ |
| ၇။ အလယ်ချောင်း | ၉ | ၁၁၇ | ၁၃၂၅ | ၁၃၂၅ | ၁၁၅၂ | ၁၇၃ |
| ၈။ ဗီးပင်ကြီး | ၄ | ၉၃ | ၈၀၆ | ၈၀၆ | ၆၉၈ | ၁၀၈ |
| ၉။ ညောင်ပင်လယ်(ကလပ) | ၅ | ၈၅ | ၁၅၂၀ | ၁၅၂၀ | ၁၂၂၉ | ၂၉၁ |
| ၁၀။ ဇက်ချောင်း | ၇ | ၁၅၃ | ၈၆၀ | ၈၆၀ | ၈၃၀ | ၃၀ |
| ၁၁။ သာယာကုန်း | ၇ | ၇၈ | ၆၂၅ | ၆၂၅ | ၅၁၆ | ၁၀၉ |
| ၁၂။ အငယ်တော် | ၉ | ၇၅ | ၇၈၁ | ၇၈၁ | ၄၈၅ | ၂၉၆ |
| ၁၃။ ဗီးပင်ရင်း | ၃ | ၉၅ | ၁၀၄၀ | ၁၀၄၀ | ၈၂၀ | ၂၂၀ |
| ၁၄။ ကုန်ဘောင်(ရှမ်းတောင်) | ၂ | ၈၆ | ၅၁၀ | ၅၁၀ | ၄၃၀ | ၈၀ |
| ၁၅။ အဲပြင် | ၃ | ၆၃ | ၄၃၅ | ၄၃၅ | ၃၁၀ | ၁၂၅ |
| ၁၆။ နန်းတက်(ပါးတော်) | ၃ | ၈၅ | ၃၈၀ | ၃၈၀ | ၁၉၀ | ၁၉၀ |
| ၁၇။ ကန့်သရီ | ၃ | ၆၄ | ၅၄၀ | ၅၄၀ | ၂၇၀ | ၂၇၀ |
| ၁၈။ အဘော | ၂ | ၃၉ | ၆၉၀ | ၆၉၀ | ၆၈၀ | ၁၀ |
| ၁၉။ ပောာထီး | ၂ | ၃၉ | ၈၀ | ၈၀ | ၈၀ | - |
| ၂၀။ ယိုင်သည် | ၃ | ၃၂၇ | ၁၁၀၀ | ၁၁၀၀ | ၉၅၀ | ၁၅၀ |
| ၂၁။ နန်းကျား | ၁ | ၁၈၆ | ၅၃၀ | ၅၃၀ | ၅၂၈ | ၂ |
| ၂၂။ ဥက္ကာကျော် | ၄ | ၁၃၆ | ၄၂၀ | ၄၂၀ | ၃၁၀ | ၁၁၀ |
| ၂၃။ ဗီးဇာ | ၁ | ၅၀ | ၁၂၀ | ၁၂၀ | ၁၁၀ | ၁၀ |
| ၂၄။ မြောင်းဘွေ | ၂ | ၁၆၉ | ၆၇၅ | ၆၇၅ | ၆၇၅ | - |
| ၂၅။ မြက်ရိတ်ကျွန်း | ၄ | ၂၁၆ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | - |
| ၂၆။ တောင်မြင့် | ၂ | ၉၀ | ၁၂၀၀ | ၁၂၀၀ | ၉၂၀ | ၂၈၀ |
| ၂၇။ ပေါင်းတုတ် | ၄ | ၂၁၂ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | - |
| ၂၈။ ပုရိန် | ၂ | ၁၆၀ | ၄၆၀ | ၄၆၀ | ၄၅၀ | ၁၀ |
| ၂၉။ လက်ပံတော | ၂ | ၆၀ | ၂၀၂ | ၂၀၂ | ၁၈၈ | ၁၄ |

| | | | | | | |
|---|---|---|---|---|---|---|
| ၃၀။ ရဲဖျား | ၃ | ၂၀၈ | ၁၇၂၀ | ၁၇၂၀ | ၁၅၀၀ | ၂၂၀ |
| ၃၁။ ကြာကန် | ၇ | ၄၃၀ | ၂၄၁၃ | ၂၄၁၃ | ၂၀၁၂ | ၄၀၁ |
| ၃၂။ မကျားဆည် | ၅ | ၄၅ | ၃၀၉ | ၃၀၉ | ၇၉ | ၂၃၀ |
| ၃၃။ သပြေကန် | ၂ | ၈၂ | ၅၅၃ | ၅၅၃ | ၅၀၉ | ၄၄ |
| ၃၄။ တောင်တိုက် | ၃ | ၈၂ | ၈၃၅ | ၈၃၅ | ၇၇၉ | ၅၆ |
| ၃၅။ သံချောင်း | ၃ | ၁၅၂ | ၇၆၆ | ၇၆၆ | ၆၆၁ | ၁၀၅ |
| ၃၆။ ဝေသာလီ | ၄ | ၇၈ | ၃၆၁ | ၃၆၁ | ၃၁၃ | ၄၈ |
| ၃၇။ ဘူးရွက်မညို | ၄ | ၈၃ | ၁၀၀၄ | ၁၀၀၄ | ၉၇၄ | ၃၀ |
| ၃၈။ မော်ရွာ | ၂ | ၃၅ | ၁၀၅ | ၁၀၅ | ၈၀ | ၂၅ |
| ၃၉။ မြိတ်ချောင်း | ၃ | ၃၈ | ၁၅၀ | ၁၅၀ | ၉၅ | ၅၅ |
| ၄၀။ ကျေးပင်လယ် | ၃ | ၄၄ | ၂၃၀ | ၂၃၀ | ၁၂၀ | ၁၁၀ |
| ၄၁။ ရှောက်ပုံကျွန်း | ၁ | ၂ | ၃ | ၃ | ၃ | - |
| ၄၂။ ပြလှ | ၃ | ၇၀ | ၅၈၁ | ၅၈၁ | ၄၃၂ | ၁၄၉ |
| ၄၃။ သင်းပန်းကိုင်း | ၅ | ၁၄၈ | ၁၁၃၄ | ၁၁၃၄ | ၁၀၀၀ | ၁၃၄ |
| ၄၄။ ပျားတဲ | ၅ | ၉၅ | ၇၈၂ | ၇၈၂ | ၅၃၅ | ၂၄၇ |
| ၄၅။ နောင်မင်း | ၃ | ၉၈ | ၈၅၄ | ၈၅၄ | ၇၅၀ | ၁၀၄ |
| ၄၆။ ပေါက်ပင်ကွင်း | ၃ | ၁၀၃ | ၉၅၀ | ၉၅၀ | ၆၁၅ | ၃၃၅ |
| ၄၇။ တောင်ဦး | ၂ | ၉၀ | ၅၁၀ | ၅၁၀ | ၃၄၁ | ၁၆၉ |
| ၄၈။ ရှင်ရှည် | ၅ | ၁၂၀ | ၁၆၀၅ | ၁၆၀၅ | ၁၅၃၀ | ၇၅ |
| ၄၉။ ဘူးတလုံး | ၄ | ၂၀၃ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | - |
| ၅၀။ တိန်ညို | ၄ | ၁၆၁ | ၁၈၀၀ | ၁၈၀၀ | ၁၇၀၀ | ၁၀၀ |
| ၅၁။ ဥက္ကံ | ၂ | ၁၀၄ | ၆၉၉ | ၆၉၉ | ၆၆၆ | ၃၃ |
| ၅၂။ ကျီရာပြင် | ၂ | ၁၂၀ | ၆၀၀ | ၆၀၀ | ၆၀၀ | - |
| ၅၃။ ရွှေကျင်ပြင် | ၂ | ၁၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၀၀ | ၅၀ |
| ၅၄။ သံသရာ | ၃ | ၁၃၄ | ၂၇၀ | ၂၇၀ | ၂၂၀ | ၅၀ |
| ၅၅။ ကင်းဆိပ် | ၂ | ၁၄၀ | ၁၁၄၈ | ၁၁၄၈ | ၁၁၄၆ | ၂ |
| ၅၆။ ပုဇွန်ဖေ | ၄ | ၁၂၅ | ၈၈၉ | ၈၈၉ | ၈၇၁ | ၁၈ |
| ၅၇။ ကဒဝ | ၃ | ၁၄၀ | ၉၃၅ | ၉၃၅ | ၉၀၀ | ၃၅ |
| ၅၈။ နကန် | ၄ | ၁၁၀ | ၁၉၀၀ | ၁၉၀၀ | ၁၈၅၅ | ၄၅ |
| ၅၉။ ဘုရားများ | ၆ | ၁၁၀ | ၁၁၀၀ | ၁၁၀၀ | ၁၀၅၀ | ၅၀ |
| ၆၀။ ထမ္မရာဇ် | ၁ | ၂၆ | ၉၀ | ၉၀ | ၇၀ | ၂၀ |
| ၆၁။ ကုန်ဘောင်(ရခိုင်) | ၂ | ၈၅ | ၃၂၀ | ၃၂၀ | ၃၀၀ | ၂၀ |
| ၆၂။ ပြိုင်းချ | ၂ | ၉၃ | ၅၈၈ | ၅၈၈ | ၃၈၄ | ၂၀၄ |
| ၆၃။ လေညှင်းသာ | ၃ | ၄၅ | ၁၄၅၆ | ၁၄၅၆ | ၁၄၀၁ | ၅၅ |
| ၆၄။ အိုးထိမ်း | ၃ | ၁၅၆ | ၈၈၉ | ၈၈၉ | ၈၇၃ | ၁၆ |
| ၆၅။ ထိပ်ဝပြင် | ၄ | ၄၉ | ၅၇၃ | ၅၇၃ | ၃၄၃ | ၂၃၀ |
| ၆၆။ ဝက်ကျွန်း | ၈ | ၁၇၂ | ၈၉၉ | ၈၉၉ | ၈၆၅ | ၃၄ |
| ၆၇။ ပြုတ်ချောင်း | ၆ | ၁၅၃ | ၈၁၁ | ၈၁၁ | ၇၇၈ | ၃၃ |
| ၆၈။ ကန်စောက် | ၂ | ၁၃၅ | ၈၁၃ | ၈၁၃ | ၅၀၀ | ၃၁၃ |
| ၆၉။ ဝက်လှ | ၃ | ၁၈၀ | ၁၃၀၁ | ၁၃၀၁ | ၁၂၇၂ | ၂၉ |
| ၇၀။ ရန်အောင်ပြင် | ၄ | ၇၅ | ၂၄၀ | ၂၄၀ | ၂၃၀ | ၁၀ |
| ၇၁။ ရှာရှည်ပြင် | ၂ | ၁၅၃ | ၆၈၀ | ၆၈၀ | ၆၅၀ | ၃၀ |
| ၇၂။ လော်ကမူ | ၂ | ၁၉ | ၇၀ | ၇၀ | ၆၀ | ၁၀ |
| ၇၃။ လက်ကောက်ဈေး | ၁ | ၃ | ၁၀ | ၁၀ | ၅ | ၅ |
| ၇၄။ ညောင်ပင်ဈေး | ၁ | ၁၀ | ၃၆ | ၃၆ | ၃၀ | ၆ |
| ၇၅။ ကလက | ၈ | ၁၅၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၀၀ | ၃၅ |
| ၇၆။ အောင်တပ် | ၃ | ၆၅ | ၅၁၂ | ၅၁၂ | ၄၅၀ | ၆၂ |
| ၇၇။ ဘောင်းဒွတ် | ၄ | ၁၁၂ | ၈၅၅ | ၈၅၅ | ၈၀၀ | ၅၅ |
| ၇၈။ ကုတိုး | ၄ | ၁၃၄ | ၁၃၀၂ | ၁၃၀၂ | ၁၂၅၀ | ၅၂ |

| | | | | | | |
|---|---|---|---|---|---|---|
| ၇၉။ ဘာညို | ၂ | ၉၅ | ၁၀၉၀ | ၁၀၉၀ | ၁၀၆၀ | ၃၀ |
| ၈၀။ တောဘွေ | ၃ | ၁၁၀ | ၁၂၂၀ | ၁၂၂၀ | ၁၂၀၀ | ၂၀ |
| ၈၁။ ဆူးရာဇ်ချောင်း | ၄ | ၁၁၀ | ၁၈၀၀ | ၁၈၀၀ | ၁၅၉၈ | ၂၀၂ |
| ၈၂။ အရက်သေမ | ၄ | ၂၀၈ | ၁၉၂၀ | ၁၉၂၀ | ၁၉၂၀ | - |
| ၈၃။ ကင်းချောင်း | ၅ | ၃၆၃ | ၂၂၀၀ | ၂၂၀၀ | ၁၉၅၀ | ၂၅၀ |
| ၈၄။ မောင်ရှိကန် | ၄ | ၈၅ | ၁၀၁၈ | ၁၀၁၈ | ၉၆၁ | ၅၇ |
| ၈၅။ ချရား | ၃ | ၂၆၀ | ၁၃၂၁ | ၁၃၂၁ | ၁၂၉၉ | ၂၂ |
| ၈၆။ တင်းထိန်ကန် | ၄ | ၂၁၀ | ၂၁၈၈ | ၂၁၈၈ | ၂၁၀၀ | ၈၈ |
| ၈၇။ လေညှင်းတောင် | ၃ | ၅၉ | ၂၁၉ | ၂၁၉ | ၂၁၅ | ၄ |
| ၈၈။ ရွာဟောင်းတော | ၂ | ၃၀၀ | ၁၃၅၀ | ၁၃၅၀ | ၁၂၀၀ | ၁၅၀ |
| ၈၉။ လက်သန်းချီ | ၂ | ၇၅ | ၃၀၁ | ၃၀၁ | ၂၉၀ | ၁၁ |
| ၉၀။ ဘုရားကြီး | ၅ | ၇၂ | ၈၅၀ | ၈၅၀ | ၃၀၆ | ၅၄၄ |
| ၉၁။ သံရှင်ပြင် | ၄ | ၈၅ | ၁၅၈၆ | ၁၅၈၆ | ၁၅၄၄ | ၄၂ |
| ၉၂။ ကျွဲတဲ | ၂ | ၁၁၀ | ၄၃၅ | ၄၃၅ | ၄၂၀ | ၁၅ |
| ၉၃။ ကြိမ်ချောင်း | ၃ | ၅၃ | ၄၀၁ | ၄၀၁ | ၃၉၈ | ၃ |
| ၉၄။ ကုက္ကရာဇ်ထောင့် | ၈ | ၆၂ | ၁၁၉၀ | ၁၁၉၀ | ၁၁၇၀ | ၂၀ |
| ၉၅။ ကျောက်ကျပ် | ၅ | ၁၂၀ | ၁၁၀၀ | ၁၁၀၀ | ၉၂၀ | ၁၈၀ |
| ၉၆။ ခွဆုံ | ၂ | ၁၀၅ | ၉၆၀ | ၉၆၀ | ၉၀၀ | ၆၀ |
| ၉၇။ ဆင်အိုး | ၆ | ၂၆၀ | ၁၅၂၀ | ၁၅၂၀ | ၁၅၀၀ | ၂၀ |
| မြို့နယ်ချုပ် | ၃၄၆ | ၁၁၂၅၆ | ၈၄၇၄၅ | ၈၄၇၄၅ | ၇၅၂၄၂ | ၉၅၀၃ |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဌာန

## နောက်ဆက်တွဲ - ဇယားအမှတ် (၅)

## မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ကျွဲ၊နွားတိရစ္ဆာန်သေဆုံးမှုစာရင်း

| ရပ်ကွက်/ ကျေးရွာအုပ်စု | ကျေး ရွာ | တိရစ္ဆာန်သေဆုံးမှု (ကောင်ရေ) | | | | | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျွဲ | နွား | ဆိတ် | ကြက် | ဝက် | ဘဲ | သိုး | မြင်း | |
| သမ္မရာဇ် | သမ္မရာဇ် | - | ၄၇ | ၉ | ၁၇၀၀ | ၇ | ၅၇ | | | |
| သံတရာ | သံတရာ | ၈ | - | ၁၅ | ၁၀၀ | ၁၂ | ၁၇၀ | | | |
| | ဒွာရ | ၁၂ | - | ၂၀ | ၂၀၀ | ၃၀ | ၂၀၀ | | | |
| ဆင်အိုး | ဆင်အိုးချေ | ၂ | ၁၅ | - | - | - | - | | | |
| | ချောင်းသစ် | ၁ | ၃၀ | - | - | ၅ | - | | | |
| | ရော်မနီ | - | ၉၀ | - | - | - | - | | | |
| ကင်းဆိပ် | ကင်းဆိပ် | ၂၀ | ၁၅ | - | ၅၀၀ | - | ၁၀၀ | | | |
| ရွာဟောင်းတော | ရွာဟောင်းတော | - | ၂ | ၆ | ၃၆၀ | ၃ | ၁၈ | | | |
| | ကြာချေ | - | - | ၇ | ၂၇ | ၂ | ၁၆ | | | |
| | ပီပင်ကုန်း | - | ၁ | - | ၃၀၇ | ၁ | ၂၇ | | | |
| | မောင်သာကုန်း | - | ၁ | ၈ | ၂၂၈ | ၂ | ၉ | | | |
| | သရက်အုတ် | - | ၂ | ၅ | ၁၃၀ | ၃ | ၆ | | | |
| | ချင်းရွာ | ၂ | - | - | ၈၃ | ၄၁ | ၄၅ | | | |
| ပုဏ္ဏဖေ | ပုဏ္ဏဖေ | ၂၀ | ၁၅ | ၁၀ | ၁၀၀ | ၁၅ | - | | | |
| ကဒဝ | ကဒဝ | ၂၀ | ၅ | - | ၇၀ | ၁၆ | ၂၀၀ | | | |
| နကန် | နကန် | ၁၅ | ၁၀ | - | - | - | - | | | |
| မောင်နမ | မောင်နမ | ၈ | - | - | - | - | - | | | |
| | ကပိုင်ချောင်း | ၁၅ | - | - | - | - | - | | | |
| ဘုရားများ | ဘုရားများ | ၂၆ | ၁ | | ၂၀ | ၆ | ၃၈ | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | - | | | | | | |
| | မင်းညာ | ၆ | ၂ | | ၁၀ | - | ၂၀ | | | |
| **အရက်သေမ** | အရက်သေမ | ၆ | ၁၂ | ၉ | ၂၉ | ၃ | ၉ | | | |
| | ရမ်းဝ | ၃ | ၂ | ၃ | ၂၀ | - | ၁၀ | | | |
| | သာစည်ဟောင်း | ၄ | ၃ | - | - | - | - | | | |
| | သာစည်သစ် | ၂ | ၅ | - | - | - | - | | | |
| **ဆင်ကဲ** | ပန်းပေါင် | ၂ | ၂ | ၅ | ၁၀ | ၃ | - | | | |
| | ချော်မေ | - | ၃ | ၂ | ၈ | ၂ | - | | | |
| | စိုင်းတင် | - | -- | - | ၂ | - | - | | | |
| | ကုန်းချောင်း | - | ၃ | ၅ | ၁၀ | ၁ | - | | | |
| | ကျီးချောင်း | - | ၂ | - | - | - | - | | | |
| | ဆင်ကဲ | ၅ | ၈ | ၂၇ | ၅၀ | ၁၅ | - | | | |
| | မဒီကိုင်း | - | - | ၅ | ၅ | ၃ | - | | | |
| | လက်ပန်တော | ၂ | ၃ | ၅ | ၁၀ | ၂ | - | | | |
| | ပတ်ချောင်း | - | - | ၃ | ၁၀ | ၃ | - | | | |
| **ကုန်ဘောင်** | ကုန်ဘောင် | - | ၄ | - | - | - | - | | | |
| | ရှမ်းတောင် | - | ၄ | - | - | - | - | | | |
| **ပြိုင်းချ** | ပြိုင်းချ | ၁ | ၃ | ၂၀၀ | - | - | | | | |
| **ရှင်ရှည်** | ရှင်ရှည် | ၄ | - | - | ၁ | ၁ | - | | | |
| | သရက်ပင်ကြီး | ၁ | - | ၂ | ၁၀ | ၁ | - | | | |
| | မင်းဂံ | ၄ | - | - | ၁၅ | ၂ | - | | | |
| | ငရုတောင် | - | ၂ | ၅ | ၂၀ | ၂ | - | | | |
| **ရှောက်ပုံကျွန်း** | ရှောက်ပုံကျွန်း | - | ၂၀ | - | ၁၀၀ | ၅ | ၃၀ | | | |
| **ဘူးတလုံး** | တန်းပျင်းကြီး | - | ၆၅ | ၁၀၀ | ၃၅၀ | ၁၅၀ | - | | | |
| | မြောင်းဘွေချေ | - | ၅ | ၂၀၀ | ၂၀၀၀ | ၅၀ | - | | | |
| | ဒုံဘွေ | - | ၁၃၅ | ၂၀ | ၂၄၀၀ | ၄၀ | - | | | |
| | ရွှေလံ | - | ၅ | ၅၀ | ၁၃၀၀ | ၂၀ | - | | | |
| | ဘူးတလုံး | - | ၂၅ | ၃ | ၃၀၀ | - | - | | | |
| | အမြောက်ထောင် | - | ၆ | ၂၀ | ၅၀၀ | - | - | | | |
| **တိန်ညို** | တိန်ညိုသစ် | ၂ | ၁၉ | - | - | - | - | | | |
| | တိန်ညိုဟောင်း | ၁ | ၁၁ | - | - | - | - | | | |
| | ပညာသည် | ၁ | ၆ | - | - | - | - | | | |
| **ကျီရာပြင်** | ကျီရာပြင် | - | ၂၃ | - | - | - | - | | | |
| **ကန့်သရီ** | ကန့်သရီ | - | ၁၁ | - | ၃၂၀ | ၅ | - | | | |
| | သရက်တော | ၃ | ၁၅၃ | - | ၅၉၈ | ၆၀ | ၂၀ | | | |
| | မုချာ | ၁၀ | ၂၈ | - | ၃၀၀ | - | ၁၀ | | | |
| **ရွှေကျင်ပြင်** | ရွှေကျင်ပြင် | - | ၅၀ | ၁၀ | ၅၃၈ | ၃၀ | ၅၀ | | | |
| **ဂုဏ်ကျွန်း** | ဂုဏ်ကျွန်း | ၄ | ၂ | - | - | - | - | | | |
| | ကျောင်းတောင် | ၆ | ၈ | - | - | - | - | | | |
| | မယ်ဇလီကုန်း | ၂ | ၁ | ၄ | ၁၆ | - | - | | | |
| | အင်းရှည် | ၄ | ၅ | - | - | - | - | | | |
| **ပြုတ်ချောင်း** | ပြုတ်ချောင်း | - | ၅၄ | ၇ | - | - | - | | | |
| | ညောင်ပင်လှ | ၄၅ | ၁၂၀ | ၅ | - | - | - | | | |
| | ခဲမောင်းဆိတ် | - | ၂၃ | - | - | - | - | | | |
| **ကန်စောက်** | ကန်စောက် | ၃ | ၇ | - | - | - | - | | | |
| **အိုးထိမ်း** | အိုးထိမ်း | ၇ | ၁၄ | ၆ | - | ၄ | - | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဝက်လှ | ဝက်လှ | ၁၈ | ၂၉ | - | - | - | - | | | |
| | သျှင်ကျော် | ၁ | ၈ | - | - | - | - | | | |
| ရန်အောင်ပြင် | ရန်အောင်ပြင် | ၂ | ၂ | - | - | - | - | | | |
| | သာကျော် | - | ၂ | - | - | - | - | | | |
| | နားလိပ် | ၃ | ၁ | - | - | - | - | | | |
| | ဆင်အိုး | - | ၂ | - | - | - | - | | | |
| တင်းထိန်ကန် | ရွာသစ်ကေ | - | ၅၅ | - | ၈၅၀ | ၂ | - | | | |
| | တင်းထိန်ကန် | - | ၉၀ | - | ၁၀၀၀ | ၁ | | | | |
| | အောက်လေညင်းတောင် | - | ၃ | - | - | - | - | | | |
| | အထက်လေညင်းတောင် | - | ၁ | - | - | - | - | | | |
| | မဟာထီး | - | ၅ | - | - | - | - | | | |
| လက်သန်းချီ | လက်သန်းချီ | - | ၃ | - | ၁၀၅ | ၅ | ၇၀ | | | |
| | လက်သန်းချီ | - | ၈ | - | ၁၂၀ | ၄ | ၅၀ | | | |
| ကင်းချောင်း | ကင်းချောင်း | ၄ | ၁၀ | - | - | - | - | | | |
| | မြွန်ခေါင် | ၃ | - | - | - | - | - | | | |
| | ခွေးတောက် | ၂ | - | - | - | - | - | | | |
| | ဆာသေမ | ၁ | - | - | - | - | - | | | |
| လက်ပန်တော | အထက်သေမ | - | ၁၅ | - | - | - | - | | | |
| | လက်ပန်တော | - | ၆ | - | - | - | - | | | |
| | ခြောက်ဆယ် | - | ၉ | - | - | - | - | | | |
| ဘညို | ဘညို | ၄ | - | - | - | - | - | | | |
| | မညာချောင်း | - | ၁ | - | - | - | - | | | |
| ဥက္ကန် | ဥက္ကန် | ၇ | ၁၉ | - | - | - | - | | | |
| ပြည်လုံးကြီး | ပြည်လုံးကြီး | ၁၁ | ၄၀ | ၁၀၀ | ၅၀၀ | ၄၅ | - | | | |
| ထိပ်ဝပြင် | ထိပ်ဝပြင် | - | ၂ | - | - | - | - | | | |
| | ရုပ်ရှင်း | - | ၃ | - | - | - | - | | | |
| အကြီးတော်မ | အကြီးတော်မ | ၄၉ | - | - | - | - | - | | | |
| ပုရိန် | | | ၂၀ | ၅၀ | ၅၆ | ၁၅ | - | | | |
| ဘူးရှက်မညိုး | ဘူးရှက်မညိုး | ၁၀ | ၄၁ | - | - | - | - | | | |
| မကျားဆည် | မကျားဆည် | ၃၅ | ၃၆ | - | - | - | - | | | |
| မောင်ရှိကန် | မောင်ရှိကန် | ၂၁ | ၁၀ | - | - | - | - | | | |
| သဘော | သဘော | ၆၀ | - | - | - | - | - | | | |
| သင်းပန်းကိုင်း | သင်းပန်းကိုင်း | ၂၅ | ၈၀ | - | - | - | - | | | |
| နတ်ချောင်း | နတ်ချောင်း | ၄၅ | - | - | - | - | - | | | |
| ကျောက်ဆည်ပြင် | ကျောက်ဆည်ပြင် | ၅၆ | ၃၅ | ၅ | ၂၅ | ၁၈ | ၂၂ | | | |
| စုစုပေါင်း | | **၁၀၃၆** | **၂၄၆၂** | **၉၅၈** | **၂၇၁၃၃** | **၁၄၀** | **၁၇၆၄** | | | |

**ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နောက်ဆက်တွဲ - ဇယားအမှတ် (၆)

## ပုဏ္ဏားကျွန်းမြို့နယ်အတွင်း စိုးစပါးပျက်စီးမှုအခြေအနေများ

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | လယ်(ဧက) |
|---|---|---|---|---|---|
| ၁ | စစ်တွေ | ပုဏ္ဏားကျွန်း | သြရမ | သြရမ | ၂၁ |
| ၂ | | | ဆင်သီ | ဆင်သီ | ၅၁ |

| | | | | | |
|---|---|---|---|---|---|
| | | | ပိတ္တဲတော | ပိတ္တဲတော | |
| ၃ | | | ပိုးရှိပြင် | ပိုးရှိပြင် | ၃၂ |
| ၄ | | | ကံဘူး | ကံဘူး | ၃၅ |
| ၅ | | | ဖောင်ဆိပ် | ဖောင်ဆိပ် | ၃၉ |
| ၆ | | | မှိုဟင်းတော | မှိုဟင်းတော | ၂၁၀ |
| ၇ | | | သဲတော် | သဲတော် | ၅၁ |
| ၈ | | | ကဏကာန်းတောင် | ကဏကာန်းတောင် | ၈၁ |
| ၉ | | | အထက် မြတ်လှဲ | အထက် မြတ်လှဲ | ၂၃ |
| ၁၀ | | | ပက်ခွက်ဆိပ် | ပက်ခွက်ဆိပ် | ၃၆၂ |
| ၁၁ | | | င/ပြောက်ဆည် | င/ပြောက်ဆည် | ၃၂၀ |
| ၁၂ | | | ကျွဲလမ်းချောင်း | ကျွဲလမ်းချောင်း | ၁၇၄ |
| ၁၃ | | | လက်ဝဲမြန် | လက်ဝဲမြန် | ၃၄၆ |
| ၁၄ | | | သဲတက် | သဲတက် | ၂၃၆ |
| ၁၅ | | | ပြင်လျားရှည် | ပြင်လျားရှည် | ၁၉၄ |
| ၁၆ | | | ကာဒီ | ကာဒီ | ၁၂၁ |
| ၁၇ | | | အောင်ဆိပ် | အောင်ဆိပ် | ၁၉၈ |
| ၁၈ | | | မြင်းကတ္တော | မြင်းကတ္တော | ၇၉ |
| ၁၉ | | | ခွဆုံ | ခွဆုံ | ၄၉၇ |
| ၂၀ | | | ဘဲခိုး ကြိမ်ချောင်း | ကြိမ်ချောင်း | ၃၅၇ |
| ၂၁ | | | မင်းဇီချောင်း | မင်းဇီချောင်း | ၂၀၇ |
| ၂၂ | | | ရင်းချင်း | ရင်းချင်း | ၂၁၀ |
| ၂၃ | | | ညောင်ခြုံ | ညောင်ခြုံ | ၂၁၆ |
| ၂၄ | | | သားပုန် | သားပုန် | ၅၈၀ |
| ၂၅ | | | ဆားငံကန် | ဆားငန်ကန် | ၂၅၄ |
| ၂၆ | | | တောက်ဆုံ | တောက်ဆုံ | ၂၇၈ |
| ၂၇ | | | ကြံခင်း | ကြံခင်း | ၁၂၄ |
| ၂၈ | | | ပန်းနီလာ | ပန်းနီလာ | ၁၈၇ |
| ၂၉ | | | ဘုရားကြီး | ဘုရားကြီး | ၃၂၀ |
| ၃၀ | | | ခြသေ့် | ခြသေ့် | ၂၁၀ |
| ၃၁ | | | မြက်သောက် | မြက်သောက် | ၃၁၀ |
| ၃၂ | | | အောင်ဖြူပြင် | အောင်ဖြူပြင် | ၂၂၈ |
| ၃၃ | | | ပဲစိနန်း | ပဲစိနန်း | ၁၈၄ |
| ၃၄ | | | ယိုးငူ | ယိုးငူ | ၁၀၈ |
| ၃၅ | | | သာစည် | သာစည် | ၁ |
| ၃၆ | | | မိုးတိမ်ပြင် | မိုးတိမ်ပြင် | ၁၁၈ |
| ၃၇ | | | တံဘက်လမ်း | တံဘက်လမ်း | ၈၇ |
| ၃၈ | | | ကြိမ်ကျွန်း | ကြိမ်ကျွန်း | ၈၂ |
| ၃၉ | | | မန်ကျည်းချောင်း | မန်ကျည်းချောင်း | ၂၄၆ |
| ၄၀ | | | သင်းပုန်းတန်း | သင်းပုန်းတန်း | ၂၁၈ |
| ၄၁ | | | ကံပြင် | ကံပြင် | ၉၃ |
| ၄၂ | | | ကုလားချောင်း | ကုလားချောင်း | ၈၃ |
| ၄၃ | | | မက္ကလာကျ | မက္ကလာကျ | ၂၃၆ |
| ၄၄ | | | ကုန်တန်း ကြိမ်ချောင်း | ကုန်တန်း ကြိမ်ချောင်း | ၃၀၂ |
| ၄၅ | | | ကွန်းတောင် | ကွန်းတောင် | ၉၈ |
| ၄၆ | | | ငှက်ကြီးကျွန်း | ငှက်ကြီးကျွန်း | ၆၃ |

| | | | | | |
|---|---|---|---|---|---|
| ၄၇ | | | တန်ခိုးရွာ | တန်ခိုးရွာ | ၅၆ |
| ၄၈ | | | ကျွဲထိုး | ကျွဲထိုး | ၂၁၄ |
| ၄၉ | | | ကံချောင်း | ကံချောင်း | ၂၇၄ |
| ၅၀ | | | စပါးထား | စပါးထား | ၂၆၃ |
| ၅၁ | စစ်တွေ | ပုဏ္ဏားကျွန်း | အောင်ဇေယျ | အောင်ဇေယျ | ၁၅၃ |
| ၅၂ | | | ခမောင်းတော | ခမောင်းတော | ၁၈၂ |
| ၅၃ | | | နတ်ဆိပ် | နတ်ဆိပ် | ၂၇ |
| ၅၄ | | | အလယ်ကျွန်း | အလယ်ကျွန်း | ၂၇ |
| စုစုပေါင်း | | | ၈၆ | ၈၆ | ၉၆၅၇ |

ရည်ညွှန်း-စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## နောက်ဆက်တွဲ - ဇယားအမှတ် (၇)

## ရေနစ်မြုပ်ပျက်စီးသွားသော ရေတွင်းရေကန်များစာရင်းချုပ်

| စဉ် | မြို့နယ် | ရေနစ်မြုပ်သောရပ်ကွက်/ကျေးရွာ | ရေနစ်မြုပ်ပျက်စီးသော | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ရေတွင်း | ရေကန် | ပေါင်း | |
| ၁ | စစ်တွေ | ၃ | | ၃ | ၃ | |
| ၂ | ပေါက်တော | ၄၄ | ၇ | ၆၁ | ၆၈ | |
| ၃ | ရသေ့တောင် | ၂၂ | | ၃၇ | ၃၇ | |
| ၄ | ပုဏ္ဏားကျွန်း | ၅၁ | | ၆၀ | ၆၀ | |
| ၅ | ဘူးသီးတောင် | ၄၁ | | ၆၈ | ၆၈ | |
| ၆ | ကျောက်တော် | ၂၁၄ | | ၂၇၁ | ၂၇၁ | |
| ၇ | မြောက်ဦး | ၂၀၀ | ၁၅ | ၃၈၂ | ၃၉၇ | |
| ၈ | မင်းပြား | ၁၆၃ | ၅ | ၂၅၂ | ၂၅၇ | |
| ၉ | မြေပုံ | ၁၃ | ၅၅ | ၈ | ၆၃ | |
| ၁၀ | မောင်တော | ၂၁ | | ၃၅ | ၃၅ | |
| ၁၁ | သံတွဲ | ၂ | | ၂ | ၂ | |
| | စုစုပေါင်း | ၇၇၄ | ၈၂ | ၁၁၇၉ | ၁၂၆၁ | |

ရည်ညွှန်း - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရခိုင်ပြည်နယ်)

# နောက်ဆက်တွဲ - ဇယားအမှတ် (၈)

## ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| | မြို့နယ် | ရပ်ကွက်/ကျေးရွာအရေအတွက် | ရေတွင်း/ရေကန်ပြုပြင်မှု | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော ရေကန် | ကျေးလက်ဦးစီးဌာနနှင့် (တပ်မတော်)ပူးပေါင်းဆောင်ရွက်သည့် ရေကန် | | INGO တို့မှ ဆောင်ရွက်သည့် ရေကန် | | |
| | | | | ရေတွင်း | ရေကန် | ရေတွင်း | ရေကန် | |
| ၁ | စစ်တွေ | ၃ | ၃ | | | | | ဆက် လက် ဆောင်ရွက်မည့် ရေကန်များအား UNICEF သို့အဆိုပြုထားပါသည်။ |
| ၂ | ပေါက်တော | ၄၄ | ၂၄ | ၇ | ၃ | | ၁၅ | |
| ၃ | ရသေ့တောင် | ၂၂ | ၇ | | ၂၄ | | | |
| ၄ | ပုဏ္ဏားကျွန်း | ၅၁ | ၃၇ | | ၅ | | ၅ | |
| ၅ | ဘူးသီး တောင် | ၄၁ | ၁၉ | | ၄၉ | | | |
| ၆ | ကျောက် တော် | ၂၁၄ | ၂၀၁ | | ၄၄ | | ၁၇ | |
| ၇ | မြောက်ဦး | ၂၀၀ | ၁၁၈ | ၁၅ | ၁၆၀ | ၅ | ၈၄ | |
| ၈ | မင်းပြား | ၁၆၃ | ၉၆ | | ၁၀၁ | | ၄၄ | |
| ၉ | မြေပုံ | ၁၃ | | ၅၅ | ၂ | | ၆ | |
| ၁၀ | မောင်တော | ၂၁ | | | ၁၃ | ၅ | ၂၂ | |
| ၁၁ | သံတွဲ | ၂ | ၂ | | | | | |
| | စုစုပေါင်း | ၇၇၄ | ၅၀၇ | ၇၇ | ၄၀၁ | ၁၀ | ၁၉၃ | |

ရည်ညွှန်း - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရခိုင်ပြည်နယ်)

# နောက်ဆက်တွဲ (၉)

## ပုဏ္ဏားကျွန်းမြို့နယ်အတွင်းနေအိမ်အဆောက်အဦးများပျက်စီးမှုအခြေအနေ

| စဉ်။ | ခရိုင် | မြို့နယ် | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | ဘုန်းကြီးကျောင်း | နေအိမ် |
|---|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ပုဏ္ဏားကျွန်း | စံပြ | - | - | ၁ | ၅၅ |
| ၂ | | | | အထက်သင်ပုန်းတန်း | အထက်သင်ပုန်းတန်း | ၂ | ၁၅၄ |
| ၃ | | | | ပါဖွေ | ပါဖွေ | - | ၃၃ |
| ၄ | | | | ပြိုင်းတောင် | ပြိုင်းတောင် | - | ၁၂ |
| ၅ | | | | ပိုးရှိပြင် | ပိုးရှိပြင် | - | ၁၇ |
| ၆ | | | | ရဟတ်တောင် | ရဟတ်တောင် | - | ၁ |
| ၇ | | | | ဂန့်ဂါ(ရခိုင်) | ဂန့်ဂါ | - | ၄၁ |
| ၈ | | | | ကြက်စင် တလင်း | ကြက်စင် တလင်း | - | ၇ |
| ၉ | | | | စေတီပြင် | စေတီပြင် | - | ၂ |
| ၁၀ | | | | တောဖျား ကန်ချောင်း | တောဖျား ကန်ချောင်း | - | ၂၁ |
| ၁၁ | | | | ဒိုးတန်း | ဒိုးတန်း | - | ၂ |
| ၁၂ | | | | ပေါက်တောပြင် | ပေါက်တောပြင် | - | ၈ |
| ၁၃ | | | | နတ်တောင် | နတ်တောင် | ၂ | ၃၀ |
| ၁၄ | | | | ခမီး ကြိမ်ချောင်း | ခမီး ကြိမ်ချောင်း | - | ၈ |
| ၁၅ | | | | ဂန့်ဂါ(ခမီး) | ဂန့်ဂါကြီး | - | ၁ |
| ၁၆ | | | | ထောင်လောင်ပွန်း | ထောင်လောင်ပွန်း | ၂ | ၁၆ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၇ | | | | ဖောင်ဆိပ် | ဖောင်ဆိပ် | ၁ | ၁၀၀ |
| ၁၈ | | | | မြို့ရွာ | မြို့ရွာ | - | ၂၂ |
| ၁၉ | | | | မိုဟင်းတော | မိုဟင်းတော | - | ၃၆ |
| ၂၀ | | | | ယိုးတရုတ် | ယိုးတရုတ် | - | ၂၅ |
| ၂၁ | | | | ရှင်တော် | ရှင်တော် | - | ၃၀ |
| ၂၂ | | | | သဲတော် | သဲတော် | - | ၁၁ |
| ၂၃ | | | | ကဏကန်းတောင် | ကဏကန်းတောင် | - | ၃၃ |
| ၂၄ | | | | အထက် မြတ်လဲ့ | အထက် မြတ်လဲ့ | - | - |
| ၂၅ | | | | ပက်ခွက်ဆိပ် | ပက်ခွက်ဆိပ် | - | ၄ |
| ၂၆ | | | | င/ပြောက်ဆည် | င/ပြောက်ဆည် | - | ၆၁ |
| ၂၇ | | | | ကျွဲလမ်းချောင်း | ကျွဲလမ်းချောင်း | - | ၂၅ |
| ၂၈ | | | | လက်ဝဲမြန် | လက်ဝဲမြန် | - | ၄၇ |
| ၂၉ | | | | သဲတက် | သဲတက် | - | ၁၀၀ |
| ၃၀ | | | | ပြင်လျားရည် | ပြင်လျားရည် | - | ၃၇ |
| ၃၁ | | | | ကာဒီ | ကာဒီ | - | ၆၆ |
| ၃၁ | | | | အောင်ဆိပ် | အောင်ဆိပ် | - | ၁၃ |
| ၃၂ | | | | မြင်းကတ္တော | မြင်းကတ္တော | - | ၂၂ |
| ၃၃ | | | | ခွဆုံ | ခွဆုံ | - | ၇၈ |
| ၃၄ | | | | ဘဲခိုး ကြိမ်ချောင်း | ကြိမ်ချောင်း | ၂ | ၇၀ |
| ၃၅ | | | | မင်းဇီချောင်း | မင်းဇီချောင်း | - | ၃၅ |
| ၃၆ | | | | ရင်းချင်း | ရင်းချင်း | - | ၁၂ |
| ၃၇ | | | | ညောင်ခြံ | ညောင်ခြံ | - | ၄ |
| ၃၈ | | | | သားပုန် | သားပုန် | - | ၅ |
| ၃၉ | | | | ဆားငံကန် | ဆားငန်ကန် | - | ၂၅ |
| ၄၀ | | | | တောက်ဆုံ | တောက်ဆုံ | - | ၆ |
| ၄၁ | | | | ကြံခင်း | ကြံခင်း | - | ၂၁ |
| ၄၂ | | | | ပန်းနီလာ | ပန်းနီလာ | - | ၇ |
| ၄၃ | | | | ဘုရားကြီး | ဘုရားကြီး | - | ၇ |
| ၄၄ | | | | ခြသေ့် | ခြသေ့် | - | ၇ |
| ၄၅ | | | | မြက်သောက် | မြက်သောက် | - | ၈ |
| ၄၆ | | | | အောင်ဖြူပြင် | အောင်ဖြူပြင် | - | ၁၁ |
| ၄၇ | | | | ပဲစိနန်း | ပဲစိနန်း | ၁ | ၉ |
| ၄၈ | | | | ကျောက်ဆိပ် | ကျောက်ဆိပ် | - | ၇၉ |
| ၄၉ | | | | သဲဖြူချောင်း | သဲဖြူချောင်း | - | ၁၀ |
| ၅၀ | | | | သာစည် | သာစည် | - | ၂၈ |
| ၅၁ | | | | လက်ဝဲ စာတိုက် | လက်ဝဲ စာတိုက် | ၁ | ၆ |
| ၅၂ | | | | တံဘက်လမ်း | တံဘက်လမ်း | - | ၃၄ |
| ၅၃ | | | | ကြိမ်ကျွန်း | ကြိမ်ကျွန်း | - | ၄၉ |
| ၅၄ | | | | မန်ကျည်းချောင်း | မန်ကျည်းချောင်း | - | ၇ |
| ၅၅ | | | | သင်းပုန်းတန်း | သင်းပုန်းတန်း | - | ၁၀ |
| ၅၆ | | | | ကံပြင် | ကံပြင် | - | ၁၅ |
| ၅၇ | | | | ကုလားချောင်း | ကုလားချောင်း | - | ၈၄ |
| ၅၈ | | | | မတ္တလာကျ | မတ္တလာကျ | - | ၂၇ |
| ၅၉ | | | | ကုန်တန်း ကြိမ်ချောင်း | ကုန်တန်း ကြိမ်ချောင်း | - | ၃၀ |
| ၆၀ | | | | ကွန်းတောင် | ကွန်းတောင် | - | ၁၄ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆၀ | | | | အိုင်တင် | အိုင်တင် | - | ၁၆ |
| ၆၂ | | | | ငှက်ကြီးကျွန်း | ငှက်ကြီးကျွန်း | - | ၁၂ |
| ၆၃ | | | | ကျွဲထိုး | ကျွဲထိုး | ၁ | ၅၀ |
| ၆၄ | | | | ကံချောင်း | ကံချောင်း | - | ၃၅ |
| ၆၅ | | | | စပါးထား | စပါးထား | - | ၄၂ |
| ၆၆ | | | | အောင်ဇေယျ | အောင်ဇေယျ | ၁ | ၁၁ |
| ၆၇ | | | | ခမောင်းတော | ခမောင်းတော | - | ၃၁ |
| ၆၈ | | | | အမဲခင် | အမဲခင် | - | ၄ |
| ၆၉ | | | | ဒီပါရုံ | ဒီပါရုံ | - | ၂၅ |
| ၇၀ | | | | ဝက်နတ်သီး | ဝက်နတ်သီး | - | ၃၈ |
| ၇၁ | | | | ယာချောင်း | ယာချောင်း | - | ၄ |
| ၇၂ | | | | ရေပေါက်ချောင်း | ရေပေါက်ချောင်း | - | ၁၈ |
| ၇၃ | | | | နတ်ဆိပ် | နတ်ဆိပ် | - | ၆၈ |
| ၇၄ | | | | တန်းစွယ် | တန်းစွယ် | - | ၇၀ |
| ၇၅ | | | | ကျော်ဇံ | ကျော်ဇံ | - | ၅ |
| ၇၆ | | | | အလယ်ကျွန်း | အလယ်ကျွန်း | - | ၃၂ |
| ၇၇ | | | | ပဒေသာ | ပဒေသာ | - | ၂၂ |
| ၇၈ | | | | အထုတ်သည် | အထုတ်သည် | - | ၂ |
| စုစုပေါင်း | | | | | | ၁၄ | ၂၂၃ |

ရည်ညွှန်းချက် - စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၀)

## မင်းပြားမြို့နယ်အတွင်း လမ်းတံတားများ ပျက်စီးဆုံးရှုံးမှုအခြေအနေများ

| စဉ် | ခရိုင် | မြို့နယ် | လမ်းအမည် | လုပ်ငန်းအမည် | ခန့်မှန်းတန်ဖိုး(ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | မြောက်ဦး | မင်းပြား | ပေါက်တော-မင်းပြား | မိုင် ၆/၃-၂၀/၀ အတွင်း ၂ မိုင် ၇ ဖာလုံအားမြေသားတာဘောင်ပြတ်ကျသော အပိုင်းများအားတာဘောင်တင်ခြင်း။၂"-၄"ခွဲကျောက်၆"ထုနှင့်ဖြုန်းကျောက်စရစ်၁/၂"ထူဖြင့်ပျက်စီးသွားသောလမ်းပိုင်းများအားဖာထေးခြင်း(၁၁၂၂၀)ပေ(၃၀%) | ၈၅.၀၀ | |
| ၂။ | မြောက်ဦး | မင်းပြား | မြေပုံ-မင်းပြားလမ်း | မိုင် ၁၂/၄-၁၄/၇ အတွင်းရှိ တံတားအမှတ် ၁/၂၃ သစ်သားတံတား(၃၀)ပေ၏ချဉ်းကပ်လမ်းနစ်ဖက်ပြိုကျပျက်စီးမှုများပြန်လည်ဆောင်ရွက်ခြင်း (၅၅၀) | ၆.၀၀ | |
| ၃။ | မြောက်ဦး | မင်းပြား | ကျောက်တော်-မြောက်ဦး-မင်းပြားလမ်း | မိုင် ၄၆/၇ ရှိတံတားအမှတ် ၂/၄၇ ကင်းဆိပ်ဘေလီတံတား(၈၀)ပေ၏ချဉ်းကပ်လမ်းနစ်ဖက်အားရေတားပြေတိန်းရံတည်ဆောက်ခြင်း (၈၀) | ၂.၀၀ | |
| | | | | စုစုပေါင်း | ၉၃.၀၀ | |

ရည်ညွှန်း -မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၁)

## မင်းပြားမြို့နယ်အတွင်း လမ်းတံတားများပျက်စီးဆုံးရှုံးမှုအခြေအနေ

| ပျက်စီးဆုံးရှုံးမှု | လုပ်ငန်းဆောင်ရွက်ထားရှိမှု | ယာယီပြင်ဆင်စရိတ်ကုန်ကျမှု | ဆက်လက်ဆောင်ရွက်မည့်အစီအမံ | ကုန်ကျစရိတ်(ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|
| တေန်ပျင်းတံတားကမ်းကပ်ခုံ | လတ်တလောသွားလာရအဆင်ပြေစေရန် လမ်းသီးစီးဌာနမယာယီအနေဖြင့်ဆောင်ရွက်ထားရှိဟသည် | ၁.၀ သန်း | တေန်ပျင်းတံတားအား ဗရုရှည်ခိုင်ခန့်စေရန် သစ်သားတံတား(၁၂၀)ပေအစား၊ ပေ(၁၆၀)ရှိ ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ခြင်း | ၄၈၀.၀၀၀ | တံတားအထူးအဖွဲ့(၈) |
| ပန်းမြောင်း-ရွှေကျန်-ပြင်ယောင်း-မင်းဖူးလမ်း(မြေသားလမ်း)အပိုင်းအလိုက်ကျိုးပေါက်မှုအရှည်(၀.၅)မိုင် | လတ်တလောပြုပြင်ထားရှိမှုမရှိသေးပါ။ | | အဆိုပါမြေသားလမ်းအား မိုးကုန်သည်နှင့် ဆက်လက်ဆည်ဖို့သွားဟမည်။ | ၈.၇၅ | ကျေးလက် |
| ပန်းမြောင်း-ပြင်ယောင်းလမ်းရေပြွန်(၂)ခု | လတ်တလောပြုပြင်ထားရှိမှုမရှိသေးပါ။ | | R C ရေပြွန်များအဖြစ်ပြောင်းလဲဆောင်ရွက်ခြင်း။ | ၄.၀ | ကျေးလက် |
| ရွှေတမာကျေးရွာအုပ်စု၊လက်မ(ရခိုင်)ကျေးရွာ၊လေးမြို့မြစ်ကမ်းထိန်းကျောက်စီနံရံ | လတ်တလောပြုပြင်ထားရှိမှုမရှိသေးပါ။ | | ကျောက်စီမြေထိန်းနံရံများပြုလုပ်ခြင်း။ | ၄၀.၀၀ | |
| စုစုပေါင်း | | ၁.၀၀ | | ၅၃၂.၇၅ | |

ရည်ညွှန်း - မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၂)

## မြောက်ဦးမြို့နယ်အတွင်းလမ်းတံတားပျက်စီးဆုံးရှုံးမှုအခြေအနေများ

| စဉ် | ပျက်စီးဆုံးရှုံးမှု | လုပ်ငန်းဆောင်ရွက်ရှိမှုအခြေအနေ | ဆက်လက်ဆောင်ရွက်မည့်အစီအမံများ | ပျက်စီးဆုံးရှုံးမှုတန်ဖိုး | ပြင်ဆင်စရိတ် (ကျပ်သန်း) | |
|---|---|---|---|---|---|---|
| | | | | | ယာယီ | အမြဲ |
| ၁။ | မြေပုံ-မင်းပြားလမ်း (၂၉.၇.၂၀၁၅)မှ(၁.၈.၂၀၁၅) ရက်နေ့ထိရွာသွန်းမှုကြောင့် မိုင်၂ ၃/၄ - ၂ ၄/၇ အတွင်းမြေသားတာဘောင်ပြိုကျပျက်စီး၍တံတားအမှတ်(၁/၂၃) ချဉ်းကပ်လမ်းတို့ပျက်စီးခဲ့ပါသည်။ | လမ်းပေါ်တင်ကျန်နေသောသစ်ပင်ကြီးများဖယ်ရှားခြင်းနှင့်တံတားအမှတ် ၁/၂၃ ချဉ်းကမ်းလမ်းပြိုကျပျက်စီးမှုတို့အား မြေသားပြန်လည်ပြည့်တင်းခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ | မိုင် ၂ ၃/၄ - ၂ ၄/၇ အတွင်းရှိတံတားအမှတ်(၁/၂၃) သစ်သားတံတား(၃၀)ပေ၏ချဉ်းကပ်လမ်းနစ်ဖက်ပြိုကျပျက်စီးမှုများပြန်လည်ဆောင်ရွက်ခြင်းနှင့်မြေသားတာဘောင်ပြိုကျပျက်စီးသွားသောအပိုင်းများအားမြေသားတာဘောင်တင်ခြင်း | ၁၅.၀ | ၆.၀ | ၆.၀ |

| | | | | | | |
|---|---|---|---|---|---|---|
| ၂။ | ကျောက်တော်-မြောက်ဦး-မင်းပြားလမ်း<br>မိုင် ၄ ၆/ ရှိတံတားအမှတ် ၂/၄၇ ကင်းဆိပ်ဘေလီတံတား(၈၀) ၏ ကမ်းကပ်ခုံ နစ်ဖက်လုံးတိုက်စား၍ပြိုကျပျက်စီးခဲ့ပါသည်။ | တံတားအားကူတိုင်ဝင်များစိုက်ထူနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ | မိုင် ၄ ၆/ ရှိ တံတားအမှတ် ၂/၄၇ ကင်းဆိပ်ဘေလီတံတား(၈၀)ပေ၏ ကမ်းကပ်ခုံ နစ်ဖက်အားရေတားမြေထိန်းနံရံတည်ဆောက်ခြင်း | ၃.၅ | ၂.၀၀ | ၂.၀ |

ရည်ညွှန်း -မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၃)

## မြောက်ဦးခရိုင်အတွင်း လမ်းတံတားပျက်စီးဆုံးရှုံးမှုအခြေအနေများ

| စဉ် | ပျက်စီးဆုံးရှုံးမှု | လုပ်ငန်းဆောင်ရွက်ရှိမှုအခြေအနေ | ဆက်လက်ဆောင်ရွက်မည့်အစီအမံများ | ပျက်စီးဆုံးရှုံးမှုတန်ဖိုး | ပြင်ဆင်စရိတ် (ကျပ်သန်း) | |
|---|---|---|---|---|---|---|
| | | | | | ယာယီ | အမြဲ |
| ၁။ | ပေါက်တော-မင်းပြားလမ်း<br>(၂၉.၇.၂၀၁၅)မှ(၁.၈.၂၀၁၅)ရက်နေ့ထိမိုးသည်းထန်စွာရွာသွန်းမှုကြောင့်မိုင်(၁၆/၀-၁၇/၀)အတွင်း၁မိုင်ကျောက်လမ်းမျက်နှာပြင်ပျက်စီးကာလမ်းတာဘောင်ပြိုကျပျက်စီးသွားခဲ့ပါသည်။ | လမ်းတာဘောင်ပြိုကျပျက်စီးသွားသောအပိုင်းများတွင်မြေသားပြန်လည်ဖြည့်ခြင်းနှင့်လမ်းပေါ်တင်ကျန်လျက်ရှိသောသစ်ပင်ကြီးများဖယ်ရှားခြင်းများဆောင်ရွက်လျက်ရှိပါသည်။ | မိုင် ၁၆/၀-၁၇/၀ တအွင်း ၁မိုင်အားလမ်းမျက်နှာပြင်၏၄၀%အား ၂"-၄" ခွဲကျောက်၆'ထုခင်းကြိတ်၍ ဖြုန်းကျောက်စရစ် ၁ ၁/၂" ထု၁၂'အကျယ်ခင်းကြိတ်ခြင်းနှင့်မြေသားတာဘောင်ပဲ့ကျသောအပိုင်းများအားမြေသားတာဘောင်တင်ခြင်း | ၄၀.၀၀ | ၂၅.၀၀ | ၆၀.၀ |
| ၂။ | ပေါက်တော-မင်းပြားလမ်း<br>(၂၉.၇.၂၀၁၅)မှ(၁.၈.၂၀၁၅)ရက်နေ့ထိမိုးသည်းထန်စွာရွာသွန်းမှုကြောင့်မိုင်(၁၅/၀-၁၆/၀)အတွင်း၁ဖာလုံကျောက်လမ်းမျက်နှာပြင်ပျက်စီးကာလမ်းတာဘောင်ပြိုကျပျက်စီးခဲ့ပါသည်။ | လမ်းတာဘောင်ပြိုကျပျက်စီးသွားသောအပိုင်းများတွင်မြေသားပြန်လည်ဖြည့်ခြင်းနှင့်လမ်းပေါ်တွင်ကျန်လျက်ရှိသောသစ်ပင်ကြီးများဖယ်ရှားရှင်းလင်းခြင်းများဆောင်ရွက်လျက်ရှိပါသည်။ | မိုင် ၁၅/၀-၁၆/၀ အတွင်း ၁ ဖာလုံအား ၂"-၄" ခွဲကျောက် ၆"ထု ၁၂' အကျယ်ခင်းကြိတ်ခြင်းနှင့် မြေသားတာဘောင်ပဲ့ကျသောအပိုင်းများအား မြေသားတာဘောင်တင်ခြင်း | ၂၀.၀၀ | ၆.၀၀ | ၅၀.၀ |

ရည်ညွှန်း - မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၄)

## သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်မည့် လမ်း၊တံတားရေကန်လုပ်ငန်းစာရင်း

| စဉ် | ခရိုင် | မြို့နယ် | တံတားအမည် | လုပ်ငန်းအမည် | ခန့်မှန်းတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မြောက်ဦး | မင်းပြား | ကမ်းနီအဝင်တံတား<br>ကြောင်ရှည်ချောင်းရွာကူးချောင်းတံတား<br>နရမ်းကျေးရွာအဝင်တံတား<br>တောင်ပိုကြီး-တွေမဆုတ်ကျေးရွာချင်းဆက်တံတား<br>ဆင်ကြီးပြင်ကျေးရွာလမ်းပေါ်ရှိတံတား (၂)စင်း<br>ဖျားမြို့ကျေးရွာအွင်တံတား<br>ပန်းမြောင်း-ရွှေကျန်လမ်းပေါ်ရှိရေပြွန်(၃)စင်း<br>မင်းဖူးပြင်ယောင်းလမ်းပေါ်ရှိရေပြွန်(၂) စင်း | အုတ်ခုံခံသစ်သားတံတား (၁၀ပေ)<br>သစ်သားတံတား (၁၀ပေ)<br>ကွန်ကရစ်တံတား (၁၀ပေ)<br>သစ်သားတံတား (၁၀ပေ)<br>သစ်သားတံတား (၁၀ပေ)<br>အုတ်ခုံခံသစ်သားတံတား (၁၀ပေ)<br>ရေပြွန် (၅ပေ)<br>ရေပြွန် (၅ပေ) | ၅.၀၀<br>၃.၅၀<br>၁၀.၀၀<br>၃.၅၀<br>၇.၀၀<br>၅.၀၀<br>၆.၀၀<br>၄.၀၀ |

ရည်ညွှန်း-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## နောက်ဆက်တွဲ - ဇယားအမှတ် (၁၅)

### သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်မည့် လမ်း၊တံတားရေကာန်လုပ်ငန်းစာရင်း

| စဉ် | ခရိုင် | မြို့နယ် | တံတားအမည် | လုပ်ငန်းအမည် | ခန့်မှန်းတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မြောက်ဦး | မင်းပြား | ဖလောင်းပြင်ကျေးရွာတောင်ပိုင်းအဝင်လမ်း<br>ဖလောင်းပင်ကျေးရွာမြောက်ပိုင်းအဝင်လမ်း<br>ချောင်းနက်ကျေးရွာအဝင်လမ်း<br>ကြောင်ရှည်ချောင်းကျေးရွာအဝင်လမ်း<br>သင်းပေါင်းချောင်းကျေးရွာအဝင်လမ်း<br>ဇီးပင်ကြီးကျေးရွာအဝင်လမ်း<br>ခွဆုံကျေးရွာအဝင်လမ်း<br>မင်းရွာကျေးရွာအဝင်လမ်း<br>အာဘူးတောင်-တေန်းပျင်းကျေးရွာသွားလမ်း<br>ရွှေကျန်-ပန်းမြောင်းကျေးရွာသွားလမ်း<br>မင်းဖူး-ပြင်ယောင်းကျေးရွာသွားလမ်း<br>ကေသလာပြွန်ဝကျေးရွာသွားလမ်း | ကျောက်ချောလမ်း (၀/၇) မိုင်<br>ကျောက်ချောလမ်း (၀/၆) မိုင်<br>ကျောက်ချောလမ်း (၀/၂.၂) မိုင်<br>ကျောက်ချောလမ်း (၀/၃) မိုင်<br>ကျောက်ချောလမ်း (၀/၃.၃) မိုင်<br>ကျောက်ချောလမ်း (၁/၀) မိုင်<br>ကျောက်ချောလမ်း (၀/၇.၃) မိုင်<br>ကျောက်ချောလမ်း (၀/၁.၄) မိုင်<br>မြေသားလမ်း (၂၄ ဖေ)<br>မြေသားလမ်း (၁/၂) မိုင်<br>မြေသားလမ်း (၀/၇) မိုင်<br>မြေသားလမ်း (၂၀ဖေ) | ၅၆.၈၇၂<br>၄၈.၇၄၈<br>၁၈.၄၆၅<br>၂၄.၆၂<br>၂၇.၀၈၂<br>၆၄.၉၉၇<br>၅၉.၀၉<br>၁၁.၀၇၉<br>၄.၀၉၁<br>၂၄.၉၄၈<br>၁၇.၄၆၄ |
| စုစုပေါင်း | | | | | ၃၅၃.၅၃၀ |

ရည်ညွှန်း-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၆)

## သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်မည့် လမ်း၊တံတားရေကန်လုပ်ငန်းစာရင်း

| စဉ် | ခရိုင် | မြို့နယ် | တံတားအမည် | လုပ်ငန်းအမည် | ခန့်မှန်းတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မြောက်ဦး | မင်းပြား | ကင်းအိပ်ရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | ခေါင်းလောင်းရွာသစ်ရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | လက်မ(ရခိုင်)ရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | အပြင်ဒုံးချောင်းရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | ကျွဲတက်ရေကန်(၂)ကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၉၀ |
| | | | ဖလောင်းပြင်ရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | ရွှေကျန်ရေကန်(၂)ကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၉၀ |
| | | | ခေါင်းလောင်းချောင်းရေကန်(၃)ကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၁.၃၅ |
| | | | မင်းရွာရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | ဖလောင်းပြင်ရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| | | | အိုင်ရွာရေကန် | မြေသားရေကန်ပြန်လည်ပြုပြင်ခြင်း | ၀.၄၅ |
| စုစုပေါင်း | | | | | ၆.၇၅ |

ရည်ညွှန်း-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# နောက်ဆက်တွဲ - ဇယားအမှတ် (၁၇)

## သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်မည့် လမ်း၊တံတားရေကန်လုပ်ငန်းစာရင်း

| စဉ် | ခရိုင် | မြို့နယ် | တံတားအမည် | လုပ်ငန်းအမည် | ခန့်မှန်းတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မြောက်ဦး | မင်းပြား | ကမ်းနီအဝင်တံတား | အုတ်ခုံခံသစ်သားတံတား (၁၀ပေ) | ၅.၀၀ |
| | | | ကြောင်ရှည်ချောင်းရွာကူးချောင်းတံတား | သစ်သားတံတား (၁၀ပေ) | ၃.၅၀ |
| | | | နရမ်းကျေးရွာအဝင်တံတား | ကွန်ကရစ်တံတား (၁၀ပေ) | ၁၀.၀၀ |
| | | | တောင်ပိုကြီး-တွေမဆုတ်ကျေးရွာချင်းဆက်တံတား | သစ်သားတံတား (၁၀ပေ) | ၃.၅၀ |
| | | | | သစ်သားတံတား (၁၀ပေ) | ၇.၀၀ |
| | | | ဆင်ကြီးပြင်ကျေးရွာလမ်းပေါ်ရှိတံတား(၂)စင်း | အုတ်ခုံခံသစ်သားတံတား (၁၀ပေ) | ၅.၀၀ |
| | | | ဟူးမြို့ကျေးရွာအဝင်တံတား | ရေပြွန် (၅ပေ) | ၆.၀၀ |
| | | | ပန်းမြောင်း-ရွှေကျုန်လမ်းပေါ်ရှိရေပြွန်(၃)စင်း | ရေပြွန် (၅ပေ) | ၄.၀၀ |
| | | | မင်းဖူးပြင်ယောင်းလမ်းပေါ်ရှိရေပြွန်(၂)စင်း | | |
| စုစုပေါင်း | | | | | ၄၄.၀၀ |

ရည်ညွှန်း-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျမ်းကိုးစာရင်း

၁။ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်။ ၂၀၁၅ခုနှစ် ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်း။ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်။ ( အချက်အလက်များအား လက်ခံရရှိချိန် စက်တင်ဘာလ ၂၀၁၅ ခုနှစ်)

၂။ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့။ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်များ၏အချက်အလက်များ။စက်တင်ဘာလ၊၂၀၁၅ခုနှစ်။
( အချက်အလက်များအား လက်ခံရရှိချိန် စက်တင်ဘာလ ၂၀၁၅ ခုနှစ်)

၃။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်။ ကျေးလက်ဒေသတွင်ရေဘေးဒဏ်ကြောင့်ပျက်စီးသွားသောရေရရှိရေးလုပ်ငန်းနှင့်ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ။ စက်တင်ဘာလ၊ ၂၀၁၅။
( အချက်အလက်များအား လက်ခံရရှိချိန် စက်တင်ဘာလ ၂၀၁၅ ခုနှစ်)

၄။ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ ရခိုင်ပြည်နယ်။ ဇွန်လနှင့်ဇူလိုင်လအတွင်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးပျက်စီးဧကများအပေါ်အချိန်မှီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက်ဆောင်ရွက်ထားရှိမှုအခြေအနေတင်ပြချက်၊ စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်။ ( အချက်အလက်များအား လက်ခံရရှိချိန် စက်တင်ဘာလ ၂၀၁၅ ခုနှစ်)

၅။ ဝံလက်ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(ရခိုင်ပြည်)။ ၂၀၁၅ခုနှစ်ဇွန်နှင့် ဇူလိုင်လအတွင်း "သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်းသဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက်အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်အချက်အလက်ကောက်ယူမှုပုံစံ" ဖြင့်ကောက်ယူထားရှိသော အချက်အလက်များ။ ( အချက်အလက်များအား လက်ခံရရှိချိန် စက်တင်ဘာလ ၂၀၁၅ ခုနှစ်)


၆။ တက်လမ်းပရိုဂရမ်နှင့်ပက်သက်ပြီး ဖော်ပြချက်များ။ http://www.tatlan.org/
( အချက်အလက်များအား လက်ခံရရှိချိန် နိုဝင်ဘာလ ၂၀၁၅ ခုနှစ်)


၇။ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း။ Rehabilitation, Reconstruction & Development, A Post Cyclone Nargis Initiative (01 August 2008 – 31 July 2011), 2011.


၈။ အောင်လှသိန်း၊ ဦး။ ရခိုင်သုတအဘိဓာန်။ ဒုတိယအကြိမ်၊ မေလ၊ ၂၀၁၅ ခုနှစ်။


၉။ Jointly led by the Ministry of Agriculture and Irrigation; Ministry of Livestock, Fisheries & Rural Development; FAO and WFP under the framework of the Food Security Sector in partnership with UN Women, World Vision, CESVI, CARE, JICA and LIFT. Agriculture and Livelihood Impact Assessment in Myanmar. October 2015.

၁၀။ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ထုတ်ပြန်သောသဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေငြာချက်။ http://www.president-office.gov.mm/
( အချက်အလက်များအား လက်ခံရရှိချိန် နိုဝင်ဘာလ ၂၀၁၅ ခုနှစ်)


ကျောက်တော်မြို့နယ်မြေပုံ
N
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
ကျောက်တော်မြို့နယ်
စစ်တွေခရိုင်
ရခိုင်ပြည်နယ်
ပလက်ဝမြို့နယ်
ဘူးသီးတောင်
မြို့နယ်
မြောက်ဦးမြို့နယ်
ပုဏ္ဏားကျွန်းမြို့နယ်
ကျောက်တော်မြို့
ရည်ညွှန်းချက်
ကျောက်ချောလမ်း
မြေသားလမ်း
ရန်ကုန်-စစ်တွေ ကားလမ်း
မြစ်/ချောင်း


မြောက်ဦးမြို့နယ်ကျေးရွာအုပ်စု ကျေးရွာအညွှန်းပြမြေပုံ
N
E
S
မြို့နယ်အညွှန်းပြမြေပုံ
မြောက်ဦးမြို့နယ်
စစ်တွေခရိုင်
ရခိုင်ပြည်နယ်
စကေး ၁ လက်မ - (၅) မိုင်
ချင်းပြည်နယ်
ကျောက်တော်မြို့နယ်
ပုဏ္ဏားကျွန်းမြို့နယ်
မင်းပြားမြို့နယ်
မင်းပြားသို့
ပေါက်တောမြို့နယ်
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကားလမ်း
မြစ်ချောင်း
မြို့
ကျေးရွာအုပ်စု
ကျေးရွာ


ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာအုပ်စု၊ ကျေးရွာအညွှန်းပြမြေပုံ
တောင်တန်းဒေသ
N
E
S
ပုဏ္ဏားကျွန်းမြို့နယ်
စစ်တွေခရိုင်
ရခိုင်ပြည်နယ်
စကေး - ၁ လက်မ (၀.၅) မိုင်
ဘူးသီးတောင်မြို့နယ်
ကျောက်တော်မြို့နယ်
ရသေ့တောင်မြို့နယ်
မြောက်ဦးမြို့နယ်
ပုဏ္ဏားကျွန်းမြို့
ပေါက်တောမြို့နယ်
စစ်တွေမြို့နယ်
ရည်ညွှန်းချက်
၁။ မြို့နယ် နယ်နိမိတ်
၂။ ကျေးရွာအုပ်စု နယ်နိမိတ်
၃။ ကားလမ်း
၄။ မီးရထားလမ်း
၅။ မြစ်/ချောင်း
၆။ မြို့
၇။ ကျေးရွာအုပ်စု
၈။ ကျေးရွာ


မင်းပြားမြို့နယ်
N
W
E
S
စကေး ၁ လက်မ • ၁ မိုင်
၂၀၁၀ ခုနှစ်
ချင်းပြည်နယ်
မြောက်ဦးမြို့နယ်
မကွေးတိုင်း
ကျောက်ဖြူခရိုင်
ပေါက်တောမြို့နယ်
မြေပုံမြို့နယ်
ရည်ညွှန်းချက်
၁။ မြို့နယ်နယ်နိမိတ်
၂။ ကျေးရွာအုပ်စုနယ်နိမိတ်
၃။ မြို့တည်နေရာ
၄။ ကျေးရွာအုပ်စု
၅။ ကျေးရွာ
၆။ ကားလမ်း
၇။ မြစ်/ချောင်း

" ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၌ ဆင်ရဲမွဲတေမှု ဒုတိယအများဆုံး
ပြည်နယ်တစ်ခုဖြစ်သည့်အားလျော်စွာ ယခင်က ဖွံ့ဖြိုးတိုးတက်မှု
အမှတ် သုညအခြေအနေမှ ဤသဘာဝဘေးဒဏ်ကြောင့် အနုတ်လက္ခဏာ
ဆောင်သော အခြေအနေသို့ပင် ရောက်ရှိလျက်ရှိနေပြီဟု ယူဆနိုင်ပေသည်။ "